

စီးပွားဖြစ် ဟင်းသီးဟင်းရွက်နှင့်
စီးပွားဖြစ် ကွင်းသီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်း

# နည်းစနစ်လမ်းညွှန်ချက်များ

ရခိုင်ဆောင်းသီးနှံစီမံကိန်း
လယ်သမား ကွင်း သင်တန်းကျောင်း
ဇွန်လ၊ ၂၀၂၀ ခုနှစ်။

RAKHINE WINTER
CROPS PROJECT

NEW ZEALAND
FOREIGN AFFAIRS & TRADE
Aid Programme

# မိတ်ဆက်အမှာစကား

ရခိုင်ဆောင်းသီးနှံစီမံကိန်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး တောင်သူများ၏ အထွက်နှုန်းနှင့် ဝင်ငွေ တိုးစေရန်အတွက် ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍတို့မှ လုပ်ဆောင်လျက်ရှိသည့် စိုက်ပျိုးရေးဆိုင်ရာ ပညာပေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်သည့် စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

ဤစာအုပ်ပါ သီးနှံစိုက်ပျိုးနည်းစနစ်များသည် ဟင်းသီးဟင်းရွက်နှင့် ကွင်းသီးနှံများကို စီးပွားဖြစ် စိုက်ပျိုးသည့်တောင်သူများ၏ စိုက်ပျိုးရေးအဆင့် အတန်းကို GAP စနစ်ဖြင့် စီးပွားဖြစ်ပုံစံချဉ်းကပ်စိုက်ပျိုးပြီး အဆင့်အတန်းမြှင့်တင်ရန် ရည်ရွယ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးပစ္စည်း အရောင်းကိုယ်စားလှယ်များကိုလည်း ရေရှည်တည်တန့်သော စိုက်ပျိုးရေး လုပ်ငန်းအတွက် သွင်းအားစုများကို မှန်ကန်စွာ အသုံးပြုရေး အကြံပေးရာတွင် အကူအညီပေးနိုင်ရန် ဤစာအုပ်ပေးထားပြီးဖြစ်သည်။

ဤစာအုပ်၏ အစပိုင်းတွင်ပါသော အချက်အလက်များသည် စာဖတ်သူကို (၁)သီးလှည့်စိုက်ပျိုးရာတွင် သီးနှံအုပ်စုအမျိုးမျိုးကို ရွေးချယ်ပုံကို လမ်းညွှန်ပေးသည်၊ (၂) သီးနှံတစ်ခုချင်း၏ အကောင်းဆုံး စိုက်ပျိုးချိန်ကိုလည်း စိုက်ပျိုးချိန်ပြ ပြက္ခဒိန်နှင့်ပြသည်၊ (၃) သီးနှံတစ်ခုချင်း၏ မျှော်မှန်း အမြတ်မည်မျှ ရနိုင်သည်ကို အကြံဉာဏ်ပေးသည်။

နောက်ပိုင်းတွင် တဆက်တည်း ပါလာသည့်စနစ်များက ရခိုင်ပြည်နယ်တွင် စိုက်ပျိုးမည့် သီးနှံတစ်ခုခြင်းစီ၏ စိုက်နည်းပျိုးနည်းတို့ကို လမ်းညွှန် ပေးသည်။ အခြားပြည်နယ်နှင့်တိုင်းများတွင် စိုက်ပျိုးမည့် တောင်သူများအနေဖြင့် မိမိတို့၏ ရေ၊ မြေ၊ ရာသီဥတုအခြေအနေ အမျိုးမျိုးပေါ်မူတည်ပြီး စိုက်နည်းစနစ် ညွှန်ကြားချက်များကို ချိန်ဆလုပ်ကိုင်သင့်ပါသည်။

တောင်သူများ၏ အနာဂတ်စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်အောင်မြင်ပါစေကြောင်း ရခိုင်ဆောင်းသီးနှံစီမံကိန်းမှ ဆုတောင်းဆန္ဒပြုလိုက်ပါသည်။

# မာတိကာ


၁။ သီးလှည့်စိုက်ပျိုးခြင်း ..... ၄

၂။ သီးနှံအမျိုးမျိုး၏ စိုက်ပျိုးချိန်ပြ ပြက္ခဒိန် ..... ၅

၃။ စီးပွားဖြစ်ဟင်းသီးဟင်းရွက်နှင့် ကွင်းသီးနှံ စိုက်ပျိုးခြင်းမှရနိုင်သော မျှော်မှန်းအမြတ်ပြဇယား ..... ၆

၄။ စိုက်ပျိုးနည်းစနစ်လမ်းညွှန်ချက်များ ..... ၇

၄.၁။ ပဲတောင့်ရှည်စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ ..... ၇

၄.၂။ ရုံးပတီစိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ ..... ၁၁

၄.၃။ ကြက်သွန်နီစိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ ..... ၁၅

၄.၄။ ခါကြက်ဥစိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ ..... ၁၉

၄.၅။ ငရုတ်စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ ..... ၂၃

၄.၆။ ခရမ်းချဉ်စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ ..... ၂၇

၄.၇။ ခရမ်းစိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ ..... ၃၁

၄.၈။ ခရမ်းကြွပ်စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ ..... ၃၅

၄.၉။ နံနံစိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ ..... ၃၉

၄.၁၀။ ဂေါ်ဖီထုတ်စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ ..... ၄၃

၄.၁၁။ ပန်းမုံလာစိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ ..... ၄၇

၄.၁၂။ ဘရိုကိုလီ (ပန်းဂေါ်ဖီစိမ်း) စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ ..... ၅၁

၄.၁၃။ ဖူးစားပြောင်းစိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ ..... ၅၅

၄.၁၄။ မုံလာဥစိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ ..... ၅၈

၄.၁၅။ ကန်ဇွန်းစိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ ..... ၆၁

၄.၁၆။ မုံညှင်းစိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ ..... ၆၄

၄.၁၇။ ဘူးစိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ ..... ၆၈

၄.၁၈။ ပဲလင်းမြွေ (ဗုံလုံသီး) စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ ..... ၇၂

၄.၁၉။ ခဝဲစိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ ..... ၇၆

၄.၂၀။ ကြက်ဟင်းခါး စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ ..... ၈၀

၄.၂၁။ သခွားစိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ ..... ၈၄

၄.၂၂။ ဖရဲစိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ ..... ၈၈

၄.၂၃။ ရွှေဖရုံစိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ ..... ၉၅

၄.၂၄။ မြေပဲ (ကွင်းသီးနှံ) စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ ..... ၉၉

၄.၂၅။ ဖူးစားပြောင်း (ကွင်းသီးနှံ) စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ ..... ၁၀၃

၄.၂၆။ ငရုတ်စို (ကွင်းသီးနှံ) က်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ ..... ၁၀၇

၄.၂၇။ ကြက်သွန်နီ (ကွင်းသီးနှံ) စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ ..... ၁၁၂

၄.၂၈။ ဖရဲ (ကွင်းသီးနှံ) စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ ..... ၁၁၆

၅။ နောက်ဆက်တွဲ ..... ၁၂၄

၅.၁။ မြေအစိုဓာတ် စမ်းသပ်နည်း ..... ၁၂၄

၅.၂။ ပျိုးမြေပြုလုပ်နည်း ..... ၁၂၅

၅.၃။ ငါးအမိုင်နီ ရွက်ဖြန်းအားဆေးပြုလုပ်နည်း ..... ၁၂၆

၅.၄။ အီးအမ်ဘိုကာရှီမြေဆွေး ပြုလုပ်နည်း ..... ၁၂၇

၅.၅။ အထွေထွေပိုးနှင့် ရောဂါကာကွယ်ရန်အတွက် အီးအမ် ၅ ပိုးနှင်ဆေးပြုလုပ်နည်း ..... ၁၂၈

၅.၆။ သဘာဝပိုးသတ်ဆေးပြုလုပ်နည်း ..... ၁၂၉

၅.၇။ စုပ်စားပိုးအတွက် သဘာဝ ပိုးနှင်ဆေးပြုလုပ်နည်း ..... ၁၃၀

၅.၈။ ဖားဥမှိုနှင့် ဒေါင်းနီးမှိုရောဂါများကို ကာကွယ်ဆေး ပြုလုပ်နည်း ..... ၁၃၁

## ၁။ သီးလှည့်စိုက်ပျိုးခြင်း

သီးလှည့်စိုက်ပျိုးခြင်းဆိုသည်မှာ ပိုးမွှားရောဂါကျရောက်မှုမှကာကွယ်ရန်၊ မြေဆီလွှာနှင့် အပင်အဟာရ ပိုမိုကောင်းမွန်စေရန်နှင့် သီးနှံပျက်စီးဆုံးရှုံးနိုင်ခြေ အခြေအနေများ လျော့ပါးစေရန်အတွက် အုပ်စုတူသီးနှံများကို တစ်နေရာမှ တစ်နေရာသို့ နှစ်စဉ်ရွှေ့ပြောင်းစိုက်ပျိုးခြင်းကို ဆိုလိုသည်။

### သီးနှံအုပ်စုများပြပုံ

| အုပ်စု (၁) | အုပ်စု (၂) |
|---|---|
| ၁။ ပဲတောင့်ရှည်<br>၂။ ရုံးပတီ<br>၃။ ကြက်သွန်နီ<br>၄။ ခါကြက်ဥ | ၁။ ငရုတ်<br>၂။ ခရမ်းချဉ်<br>၃။ ခရမ်း<br>၄။ ခရမ်းကြွပ် |
| **အုပ်စု (၃)** | **အုပ်စု (၄)** |
| ၁။ ဘူး<br>၂။ ပဲလင်းမြွေ<br>၃။ ခဝဲ<br>၄။ ကြက်ဟင်ခါး<br>၅။ သခွား<br>၆။ ဖရဲ<br>၇။ ဖရုံ | ၁။ ဂေါ်ဖီထုတ်<br>၂။ ပန်းမုံလာ<br>၃။ ဘရိုကိုလီ<br>၄။ မုံလာဥ<br>၅။ ကန်ဇွန်း<br>၆။ ဖူးစားပြောင်း<br>၇။ မုံညှင်း |

## ၂။ စိုက်ပျိုးချိန်မှန်ကန်စွာ ရွေးချယ်နိုင်ရန်အတွက် သီးနှံအမျိုးမျိုး၏ စိုက်ပျိုးချိန်ပြပြက္ခဒိန်

| သီးနှံ | Oct | Nov | Dec | Jan | Feb | Mar | Apr | May | Jun | Jul | Aug | Sept |
|---|---|---|---|---|---|---|---|---|---|---|---|---|
| အုပ်စု - ၁ | | | | | | | | | | | | |
| ပဲတောင့်ရှည် | | ░ | ░ | ░ | ░ | ░ | | | | | | |
| ရုံးပတီ | ░ | ░ | ░ | ░ | ░ | | | | | | | |
| ကြက်သွန်နီ | | ░ | ░ | ░ | ░ | | | | | | | |
| မုန်လာဥ | ░ | ░ | ░ | ░ | ░ | | | | | | | |
| အုပ်စု - ၂ | | | | | | | | | | | | |
| ငရုတ် | ░ | ░ | ░ | ░ | ░ | ░ | | | | | | |
| ခရမ်းချဉ် | ░ | ░ | ░ | ░ | ░ | ░ | | | | | | ░ |
| ခရမ်း | ░ | ░ | ░ | ░ | ░ | | | | | | | |
| ခရမ်းကြွပ် | ░ | ░ | ░ | ░ | | | | | | | | ░ |
| နံနံ | ░ | ░ | ░ | ░ | ░ | ░ | ░ | ░ | | | | |
| အုပ်စု - ၃ | | | | | | | | | | | | |
| ဂေါ်ဖီထုပ် | | ░ | ░ | ░ | ░ | | | | | | | |
| ပန်းမုံလာ | ░ | ░ | ░ | ░ | ░ | | | | | | | |
| ဘရိုကိုလီ | ░ | ░ | ░ | ░ | | | | | | | | |
| မုံလာဥ | | ░ | ░ | ░ | ░ | | | | | | | |
| ကန်စွန်း | ░ | ░ | ░ | ░ | ░ | | ░ | ░ | ░ | | | |
| မုံညှင်း | ░ | ░ | ░ | ░ | ░ | ░ | ░ | ░ | | | | |
| ပြောင်း | ░ | ░ | ░ | ░ | ░ | | | | | | | ░ |
| အုပ်စု - ၄ | | | | | | | | | | | | |
| ဘူး | ░ | ░ | ░ | ░ | ░ | | ░ | ░ | ░ | | | |
| ပဲလင်းမြွေ | | ░ | ░ | ░ | ░ | ░ | | | | | | |
| ခဝဲ | ░ | ░ | ░ | ░ | ░ | ░ | | ░ | ░ | ░ | ░ | |
| ကြက်ဟင်းခါး | ░ | ░ | ░ | ░ | ░ | ░ | | ░ | ░ | ░ | ░ | |
| သခွား | ░ | ░ | ░ | ░ | ░ | ░ | | ░ | ░ | | | |
| ဖရဲ | | ░ | ░ | ░ | ░ | ░ | | | | | | |
| ဖရုံ | ░ | ░ | ░ | ░ | ░ | | | | | | | |
| အခြားသီးနှံများ | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |

░ စိုက်ပျိုးရန်လွယ်ကူသောကာလ

(blank) စိုက်ပျိုးရန်ခက်ခဲသောကာလ

၃။ စီးပွားဖြစ်ဟင်းသီးဟင်းရွက်နှင့် ကွင်းသီးနံ စိုက်ပျိုးခြင်းမှ ရနိုင်သော မျှော်မှန်းအမြတ်ပြဇယား

| သီးနှံ အုပ်စုများ | ဝင်ငွေ | အသုံးစရိတ် | အမြတ် | ဝင်ငွေ၊ ထွက်ငွေ အချိုး | အမြတ် အုပ်စု |
|---|---|---|---|---|---|
| **အုပ်စု (၁)** | | | | | |
| ၁။ ပဲတောင့်ရှည် | ၁၅၃၀၀၀ | ၅၉၂၀၀ | ၉၃၈၀၀ | ၂.၅၈ | ၄ |
| ၂။ ရုံးပတီ | ၁၄၅၂၀၀ | ၅၅၇၀၀ | ၈၉၅၀၀ | ၂.၆၁ | ၃ |
| ၃။ ကြက်သွန်နီ | ၂၄၅၀၀၀ | ၈၂၄၄၉ | ၁၆၂၅၅၂ | ၂.၉၇ | ၂ |
| ၄။ မုန်လာဥနီ (ခါကျက်ဥ) | ၁၆၅၀၀၀ | ၅၀၂၀၀ | ၁၁၄၈၀၀ | ၃.၂၉ | ၁ |
| **အုပ်စု (၂)** | | | | | |
| ၅။ ငရုတ် | ၁၈၉၉၀၀ | ၅၀၇၀၀ | ၁၃၉၂၀၀ | ၃.၇၅ | ၃ |
| ၆။ ခရမ်းချဉ် | ၂၅၄၀၀၀ | ၅၅၂၀၀ | ၁၉၈၈၀၀ | ၄.၆၀ | ၁ |
| ၇။ ခရမ်းသီး | ၁၅၈၄၀၀ | ၄၈၂၀၀ | ၁၁၀၂၀၀ | ၃.၂၉ | ၄ |
| ၈။ ခရမ်းကြွပ်သီး | ၁၄၀၈၀၀ | ၄၉၂၀၀ | ၉၁၆၀၀ | ၂.၈၆ | ၅ |
| ၉။ နံနံပင် | ၂၂၀၀၀၀ | ၅၂၀၀၀ | ၁၆၈၀၀၀ | ၄.၂၃ | ၂ |
| **အုပ်စု (၃)** | | | | | |
| ၁၀။ ဂေါ်ဖီထုပ် | ၁၇၄၀၀၀ | ၄၃၄၅၀ | ၁၃၀၅၅၀ | ၄.၀၀ | ၂ |
| ၁၁။ ပန်းဂေါ်ဖီ | ၁၇၄၀၀၀ | ၄၈၉၂၅ | ၁၂၅၀၇၅ | ၃.၅၆ | ၄ |
| ၁၂။ ပန်းဂေါ်ဖီစိမ်း | ၂၀၃၀၀၀ | ၅၃၉၂၅ | ၁၄၉၀၇၅ | ၃.၇၆ | ၃ |
| ၁၃။ မုန်လာဥဖြူ | ၁၃၂၀၀၀ | ၄၅၇၇၅ | ၈၆၂၂၅ | ၂.၈၈ | ၅ |
| ၁၄။ ကန်စွန်း | ၁၇၆၀၀၀ | ၃၆၃၀၀ | ၁၃၉၇၀၀ | ၄.၈၅ | ၁ |
| ၁၅။ ပြောင်းဖူး | ၁၅၉၅၀၀ | ၆၃၆၀၀ | ၉၅၉၀၀ | ၂.၅၁ | ၆ |
| ၁၆။ မုန်ညင်း | ၁၀၅၆၀၀ | ၄၂၂၀၀ | ၆၃၄၀၀ | ၂.၅၀ | ၇ |
| **အုပ်စု (၄)** | | | | | |
| ၁၇။ ဘူးသီး | ၁၈၇၀၀၀ | ၄၀၉၂၅ | ၁၄၆၀၇၅ | ၄.၅၇ | ၂ |
| ၁၈။ ဗုံလုံ (ပဲလင်းမြွေ) | ၁၅၃၀၀၀ | ၄၂၆၂၅ | ၁၁၀၃၇၅ | ၃.၅၉ | ၄ |
| ၁၉။ ခဝဲ | ၁၆၂၀၀၀ | ၄၄၉၂၅ | ၁၁၇၀၇၅ | ၃.၆၁ | ၃ |
| ၂၀။ ကြက်ဟင်းခါး | ၁၃၀၀၅၀ | ၄၇၆၂၅ | ၈၂၄၂၅ | ၂.၇၃ | ၇ |
| ၂၁။ သခွား | ၂၃၂၃၂၀ | ၅၀၅၀၀ | ၁၈၁၈၂၀ | ၄.၆၀ | ၁ |
| ၂၂။ ဖရဲ | ၁၅၀၀၀၀ | ၅၃၈၇၅ | ၉၆၁၂၅ | ၂.၇၈ | ၆ |
| ၂၃။ ဖရုံ | ၂၀၄၈၀၀ | ၅၉၀၅၀ | ၁၄၅၇၅၀ | ၃.၄၇ | ၅ |
| **ကွင်းသီးနှံ အုပ်စု** | | | | | |
| ၂၄။ ပြောင်းဖူး (ကွင်းသီးနှံ) | ၁၃၉၃၉၂၀ | ၅၀၆၄၀၀ | ၈၈၇၅၂၀ | ၂.၇၅ | ၄ |
| ၂၅။ မြေပဲ (ကွင်းသီးနှံ) | ၆၀၀၀၀၀ | ၂၉၅၉၁၃ | ၃၀၄၀၈၇ | ၂.၀၃ | ၅ |
| ၂၆။ ငရုတ် (ကွင်းသီးနှံ) | ၂၄၃၉၅၀၀ | ၄၈၈၇၀၀ | ၁၉၅၀၈၀၀ | ၄.၉၉ | ၁ |
| ၂၇။ ကြက်သွန်နီ (ကွင်းသီးနှံ) | ၂၄၅၀၀၀၀ | ၅၃၈၁၇၀ | ၁၉၁၁၈၃၀ | ၄.၅၅ | ၂ |
| ၂၈။ ဖရဲ (ကွင်းသီးနှံ) | ၂၆၁၃၆၀၀ | ၆၄၉၇၀၀ | ၁၉၆၃၉၀၀ | ၄.၀၂ | ၃ |

## ပဲတောင့်ရှည် စိုက်ပျိုးနည်း လမ်းညွှန်ချက်များ




| | |
|---|---|
| မျိုးရွေးချယ်ခြင်း | ဈေးကွက်ဝင်ပြီးအထွက်ကောင်းသောမျိုးများ၊ မိုဇေ့ နှင့် သံချေးရောဂါဒဏ် ခံနိုင်ရည်ရှိသော မျိုးများ၊ ဥပမာ (AKARI 11, Fola, 844) အစရှိ သောမျိုးများရွေးပါ။ |
| ကြိုက်နှစ်သက်သော ရာသီဥတု | နွေ၊မိုး၊ဆောင်းရာသီမရွေးစိုက်နိုင်သည်။ |
| သီးနှံသက်တမ်း | စစိုက်သည့်ရက်မှ ၄၅- ၅၀ ရက်တွင်စတင်ခူးဆွတ်နိုင်သည်။ စတင်ခူးဆွတ်သည့် အချိန်မှ ရက်ပေါင်း ၇၀ အထိ ခူးဆွတ်နိုင်သည်။ |
| အထွက်နှုန်း (ခန့်မှန်း) | ပျမ်းမျှအထွက်နှုန်း ၁၈၀၀ အစည်း / ၀.၀၆ ဧက (တစ်စည်း=၁၀တောင့်) |
| မျိုးစေ့နှင့် အပင် ဦးရေ | ၂ဘူး(၈၀၀ စေ့/ ၂ ဘူး) (သို့) ၂ ထုပ် ( ၇၀၀ စေ့/ ထုပ်)/ ၀.၀၆ ဧက။ အပင်ဦးရေ ၇၂၆ ပင် / ၀.၀၆ ဧက |
| နေရာရွေးချယ်ခြင်း | သဲဆန်၍ နိုက်ထရိုဂျင် မများလွန်းသောမြေကို ပိုနှစ်သက်သည်။ |
| မြေချဉ်/ငန်ကိန်း | ၆- ၇ ရှိသောမြေကိုပိုနှစ်သက်သည်။ |
| ရေသွင်းခြင်း | ပဲတောင့်ရှည် ရေပေးရာတွင် အစက်ချစနစ် နှင့် ရေပန်းကရားစနစ် တို့အသုံးပြုနိုင်သည်။ သို့သော် ပဲတောင့်ရှည် စိုက်ခင်းအားရေသွင်းရာတွင် အပင်ပေါ်မှ ရေဖျန်းခြင်း (Sprinkler) ကို ရှောင်ရှားပါ။ ထို့အပြင် လက်ဖြင့်လည်းရေလောင်းနိုင်သလို ရေသွင်းမြောင်း (furrow) ဖြင့် ရေသွင်း၍လည်း အသ အသုံးပြုနိုင်သည်။<br><br>(၁) အပင်ငယ်များသည်အပင်ကြီးများထက် ရေလိုအပ်မှုနည်းသည်။ (၂) စိုက်ဘောင်ရှိ စိုက်တန်းကြား များကို အစက်ချစနစ် (သို့) ရေပန်းစနစ် အသုံးပြုခြင်းဖြင့် လုပ်အား နှင့် စိုက်ပျိုးရေချွေတာနိုင်သည်။<br><br>(၃) စိုက်ဘောင်တန်းကြား ရေသွင်းစိုက်ပျိုးခြင်းသည် စိုက်ပျိုးရေလေလွင့် ဆုံးရှုံးစေသည်။ ပေါင်းများစွာ ပေါက်ရောက်နိုင်ပြီး အရွက်များလည်း ရောဂါကျရောက်စေသည်။<br><br>**အာဟာရရည်ကျွေးခြင်း** - အစက်ချစနစ်သုံးလျှင် အာဟာရရည်ကျွေးခြင်း ပြုလုပ်နိုင်သည်။ |

| လုပ်ငန်းဆောင်ရွက်ရမည့် အချိန်များ | **လုပ်ဆောင်ရမည့်လုပ်ငန်းများ** -<br>မိမိ၏ ရေမြေ၊ ရာသီဥတု လိုအပ်ချက်နှင့် အညီ ချင့်ချိန် လုပ်ဆောင်ရန် ဖြစ်သည်။ | **ရေပေးခြင်း** |
|---|---|---|
| မစိုက်မီ ၁လ | **မြေပြင်ခြင်း** - မြေကို ထယ်ရေးနက်နက် (၉-၁၂) လက်မ နှင့် ထွန်ရေး (၂-၃) ကြိမ် ထိုးပါ။ | |
| မစိုက်မီ ၃ ပတ် | **ထုံးထည့်ခြင်း** - ၀.၀၆ ဧက အတွက်ထုံးကို တစ်နှစ်လျှင် ၁၃ ပိဿာ နှုန်း ဖြင့် သုံးနှစ်ဆက်တိုက် ထည့်ပါ။ | |
| | **ဘိုကာရှီမြေဆွေးပြုလုပ်ခြင်း၊ ငါးအမိုင်နိုအက်ဆစ် အပင်အားဆေးရည် ပြုလုပ်ခြင်း နှင့် အီးအမ်-၅**<br>ကောင်းစွာဆွေးမြေ့စေရန် အပင်မစိုက်မီ ၃ပတ်အလိုတွင် ဘိုကာရှီမြေဆွေး၊ ငါးအမိုင်နိုအက်ဆစ်၊ အီးအမ်-၅ တို့ကို ပြင်ဆင်ပါ။ (နောက်ဆက်တွဲတွင်ကြည့်ပါ) | ဘိုကာရှီမြေဆွေးကို အစိုဓာတ်ရှိအောင် ထိန်းထားပါ ပါ။ |
| | **ပျိုးထောင်ခြင်း** - ပဲတောင့်ရှည်တွင်ပျိုးထောင်ရန်မလိုပါ။ တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးချစိုက်ပျိုးနိုင်သည်။ | |

| | | |
|---|---|---|
| မစိုက်မီ ၂ ပတ် | **စိုက်ဘောင်ပြင်ဆင်ခြင်း -** တစ်ဘောင်နှင့်တစ်ဘောင် ၁.၅ ပေခြားပြီး ဘောင် အကျယ် ၃ပေ၊ အမြင့် ၉-၁၂ လက်မ ဘောင်များ ပြုလုပ်ပါ။<br><br>ဘောင်တင်ခြင်း၏အကျိုးကျေးဇူးများ - (၁) ရေထုတ်ရန်၊(၂) မြေတွင်း လေဝင်လေထွက် ကောင်းရန်၊ (၃) အမြစ်များ မြေတွင်း ထိုးဖောက်မှု လွယ်ကူစေရန်၊ (၄) ဘောင်ကြား ရေသွင်းနိုင်ရန်၊ (၅) မြေမှ အငွေ့ပျံ ခြင်းကို လျော့ကျနိုင်စေရန်၊ (၆) မြေတွင်သဘာဝမြေသြဇာများတိုးပွား လာစေရန်။ | အစိုဓာတ်ရှိသော မြေသည် ပြုပြင်ရလွယ်ကူ ကူသည်။ နံနက်တိုင်း အပင်များကို ရေလောင်းပါ။ |
| | **ပင်ကြားတန်းကြားစိုက်တန်းသတ်မှတ်ခြင်း -** ပင်ကြား ၁.၅ပေ× တန်းကြား ၁.၅ ပေ စိုက်ပါ။ အစွန်းနှစ်ဖက်ကို ၆လက်မ ချန်ပြီး စိုက်ပါ။ စိုက်တန်းတစ်လျှောက် ၁.၅ ပေ အကွာ (ဖိုခနောက်ဆိုင်) စိုက်ပါ။ | |
| မစိုက်မီ ၁ ပတ် | **မြေခံမြေသြဇာထည့်ခြင်း -** ၀.၀၆ ဧက အတွက် ၁၅း၁၅း၁၅ ကွန်ပေါင်း ၆ ပိဿာ နှင့် ဘိုကာရှီမြေဆွေး ၃၇ - ၇၄ ပိဿာကို စိုက်ဘောင်များ ပြင်ချိန်တွင် သမအောင်ထည့်ပါ။ | |
| | **စိုက်ကျင်းတူးခြင်း -** ၆လက်မ ပတ်လည်အကျယ် ၆လက်မ အနက် ရအောင် ကျင်းတူးပါ။ စိုက်ကျင်းတစ်ကျင်းလျှင် လက်တစ်ဆုပ်စာ ဘိုကာရှီမြေဆွေးထည့်ပါ။ မစိုက်မီ ၂ ရက်အလိုတွင် ထရိုင်ကိုဒါးမား ဖျော်ရည် (၇ ဂရမ် နှင့် ရေ ၁၀လီတာ) ကိုတစ်ပင်လျှင် နို့ဆီဘူးဝက်ခန့် လောင်းထည့်ပါ။ | မစိုက်မီ ၂ ရက် အလိုတွင် ကျင်းတူးရလွယ်ကူစေရန်နှင့် အပင်ငယ်များရွှေ့ပြောင်း စိုက်ပျိုးရ လွယ်ကူစေရန် လိုအပ်လျှင် ဘောင်ကို အစိုဓာတ် ရရှိအောင် ပြုလုပ်ပါ။ |
| | **မြေဖုံးပေးခြင်း -** ပေါင်း၊ ရောဂါပျံ့နှံ့မှုနှင့် မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ရန်၊ မြေတွင်းအပူချိန်လျော့ကျစေရန်၊ ပေါင်းကာကွယ်စေ ရန် ကောက်ရိုးကို ၆လက်မအထူ(သို့) ပလပ်စတစ်စဖြင့် ဘောင်ပေါ်တွင် ဖုံးပါ။ ကောက်ရိုးများကို အပင်ခြေနှင့် မထိစေရ။ | |
| စိုက်နည်းစနစ် | **တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း -** စိုက်ပျိုးရာတွင် မျိုးစေ့အရွယ်၏ နှစ်ဆ အနက်စိုက်ပါ။ တစ်ကျင်းလျင် တစ်စေ့နှုန်းဖြင့် စိုက်ပါ။ မျိုးစေ့ကို မ မစိုက်မီ ၁ ရက်အလိုတွင်ရေစိမ်ပါ။ မျိုးစေ့ကို ရိုင်ဇိုဘီယမ် လူးနယ်စိုက်ပါက အမှောင်တွင်ထားပါ။ | ပြောင်းရွှေ့စိုက်ပြီးပြီးချင်း အပင်များကို ရေလောင်းပါ။ |
| ရွှေ့စိုက်ပြီး ၁ ပတ် | **အပင်မှန်းခြင်း နှင့် အပင်ဖာခြင်း -** တစ်ကျင်းတွင် သန်မာသောအပင် တစ်ပင်သာ ရှိစေရန် အပင်မှန်းခြင်းနှင့် အပင်ဖာခြင်းအား ပြုလုပ်ရန်လိုအပ်ပါသည်။<br>**တိုင်ထောင်ခြင်း -** အပင် ၁၂ လက်မ အမြင့် ရောက်ပါက ၆ ပေ အရှည် ဝါးလုံးကို အသုံးပြုပြီး တစ်ပင်တစ်ချောင်း စိုက်ပါ။ အပင်ထောင်မတ်စေရန် ၆ ပေ အမြင့်ရှိသော ဝါးတိုင်ထောင် (သို့) နိုင်လွန်စင်တင်ပိုက်ကို အသုံးပြုပါ။ (အောက်ဖော်ပြပါ ပုံတွင် ကြည့်ပါ) | **တစ်ရက်ခြား တစ်ကြိမ်** တစ်ပင်လျှင် ရေ (၁) လီတာ ခန့်လောင်းပါ။ |
| ရွှေ့စိုက်ပြီး ၂ -၄ ပတ် | **ဘေးတက်ဖဲ့ခြင်း၊ခေါင်နိမ်ခြင်း - FOR A (EV) မျိုးမှာ** အပင်မြင့် ၂-၃ ပေခန့်တွင် ခေါင်နိမ်ပေးပါ။ 844 မျိုးမှာ ခေါင်နိမ်ရန်မလိုအပ်ပါ။ ဘေးတက်ဖဲ့ပေးရန်မလိုပါ။ | **တစ်ရက်ခြား တစ်ကြိမ်** တစ်ပင်လျှင် ရေ (၂) လီတာခန့် လောင်းပါ။ |
| | **ပေါင်းရှင်းခြင်း -** အစာအာဟာရ လုစားခြင်း၊ ပိုးနှင့်ရောဂါများ ခိုအောင်းခြင်း တို့မှ ကာကွယ်စေရန် ပေါင်းကို လိုအပ်သလို ရှင်းပါ။ ပေါင်းပင်သည် ပိုးမွှားရောဂါ များ ခိုအောင်းရာ ဖြစ်စေသောကြောင့် ဖြစ်သည်။ အပင်ငယ်စဉ်တွင် ပေါင်းကင်းစင်စေရန် လိုအပ်သည်။ | |

| | | |
|---|---|---|
| | **ပိုးနှင့်ရောဂါနှိမ်နင်းခြင်း -** ပိုးနှင့်ရောဂါမှ ကြိုတင်ကာကွယ်ရန် အီးအမ် ၅ နှင့် တမာပိုးသတ်ဆေးကို အပတ်စဉ်တိုင်းဖျန်းပါ။ အကယ်၍ မနိုင်ပါက နောက်ဆုံးအနေဖြင့် ဓာတုနည်းကိုသုံးပြီး နှိမ်နင်းပါ။ (အောက်ဖော်ပြပါပုံတွင်ကြည့်ပါ။) | |
| | **ဖြည့်စွက်မြေသြဇာကျွေးခြင်း -** ပိုတက်ဆီယမ်နိုက်ထရိတ်ကို ရေ ၄ ဂါလံဂင် ဆေးဖျန်း ပုံးတစ်ပုံးတွင် ၁၇ကျပ်သားနှုန်းဖြင့် ဖျော်စပ်ပြီး နံနက်ပိုင်းတွင် အရွက်များ ပေါ်သို့ ရွဲရွဲဖျန်းပါ။ ပန်းစတင်ပွင့်ချိန်မှ အသီးစတင် ခူးချိန်အထိ ၂-၄ ကြိမ်အထိ ဖျန်းပေးပါ။ | |
| ရွှေ့စိုက်ပြီး ၅ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>**ဖြည့်စွက်မြေသြဇာကျွေးခြင်း** - စိုက်ဘောင်ရှိ စိုက်တန်းများအခြေမှ ၆လက်မအကွာ ၂"x၂" ပတ်လည် မြောင်းငယ် တူးဖော်ပါ။ တစ်ပင်လျှင်ဆားခါး လက်ဖက်စားဇွန်း တစ်ဇွန်းကျွေးပါ။ (၀.၀၆ဧက အတွက် ၂ပိဿာ)။ ပလပ်စတစ်ဖုံးအုပ်ထားသော ဘောင်အတွက် တစ်ပင်နှင့် တစ်ပင်ကြား ကျင်းတူးပြီး ကျွေးပါ။ ကွန်ပေါင်း ၁၅း၁၅း၁၅ ကို တစ်ပင်လျှင် ထမင်းစားဇွန်း ၁ဇွန်းနှုန်းဖြင့် အပင်ခြေမှ အနည်းဆုံး ၆ လက်မခွာပြီး ကျွေးပါ ( ၆ပိဿာ/ ၀.၀၆ဧက)။<br>ပလပ်စတစ်ဖုံးအုပ် ထားသော ဘောင်အတွက် တစ်ပင်နှင့် တစ်ပင်ကြား ကျင်းတူးပြီး ကျွေးပါ။ | **တစ်ရက်ခြားတစ်ကြိမ်**<br>တစ်ပင်လျှင် ရေ (၂-၃ ) လီတာခန့် လောင်းပါ။ |
| ရွှေ့စိုက်ပြီး ၆- ၉ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>**ဖြည့်စွက်မြေသြဇာကျွေးခြင်း** - ကွန်ပေါင်း ၉း၂၅း၂၅ ကို တစ်ပင်လျှင် ထမင်းစားဇွန်း ၁ ဇွန်းနှုန်းဖြင့် အပင်ခြေမှ အနည်းဆုံး ၁ပေ ခွာပြီး ကျွေးပါ။ ၀.၀၆ ဧက အတွက် ၆ ပိဿာ ကုန်ကျမည်ဖြစ်သည်။ အ အဘယ်ကြောင့်ဆိုသောအမြစ်များသည် အရင်ထက်ပို၍ ကြီးမား လာသောကြောင့်ဖြစ်သည်။ | မြေသြဇာကျွေးပြီးပြီးချင်း တစ်ပင်လျှင် ရေ( ၄-၆) လီတာခန့်လောင်းပါ။ |
| သီးနှံ ၉ ပတ် မှ ရိတ်သိမ်းချိန်အထိ | | ရေမြေရာသီဥတုပေါ် မူတည်ပြီး ရေပေးသွင်းပါ။ |
| ဂါးတိုင်ထောင် နှင့် နိုင်လွန်စင်တင်ပိုက် | <br>**ဂါးတိုင်ထောင်** | <br>**နိုင်လွန်စင်တင်ပိုက်** |
| ပိုးမွှားနှင့်ရောဂါ များ ကာကွယ်နှိမ်နင်းခြင်း | ဓာတုဆေး နှင့် အော်ဂဲနစ်ဆေး ရွေးချယ်ခြင်း<br>ပိုးနှင့်ရောဂါလက္ခဏာများကို မှန်မှန်စစ်ဆေးပါ။ အရွက်မျက်နှာပြင်၂ ခုလုံးနှင့် ပင်စည်တစ်လျှောက် ကြည့်ပါ။ သဘာဝဆေးများနှင့် မနိုင်လျှင် အောက်တွင်ဖော်ပြထားသော ဓာတုဆေးများကို အသုံးပြုပါ။ | |

| ပိုးမွှား၊ ရောဂါနှင့်လက္ခဏာများ | ကာကွယ်နှိမ်နင်းနည်း |
|---|---|
| • အရွက်၏အထက်၊ အောက်မျက်နှာတွင် အဝါရောင် (သို့) သံချေးရောင် အမှုန်များ။ (ပုံ-၁) | • မန်ကိုဇက် ကို ၁၀ ရက်ခြား ပုံမှန်ဖျန်းပေးပါ။ |
| • ပိုးလောက်ကောင်အဆင့်တွင် အရွက်၊ အဖူး၊ အပွင့်ကျရောက်ပြီး နောက်ဆုံးတွင် သီးတောင့်၊ အစေ့ကို ကျရောက်။ (ပုံ-၂) | • ပင်လုံးပြန့် ပိုးသတ်ဆေးကို ဖျန်းပါ။ (အင်မီတာကလိုပရစ်) |
| • အဝါရောင်မိုဇေ့ရောဂါကိုအရွက်တွင်တွေ့နိုင်ပြီး စုပ်စားပိုးများမှတစ်ဆင့်  ကူးစက် နိုင်သည်။ (ပုံ-၃) | • မုန်ညင်းဆီ နှင့် ဆပ်ပြာရည် ဖျန်းပါ။ |
| • ပြောက်ကြားအစိမ်းရောင်ဖျော့ ဧရိယာ၊ ကြီးထွားမှုရပ်တန့်၊ ပျ သည် ဗိုင်းရပ် ရောဂါများကို သယ်ဆောင်သည်။ (ပုံ-၄) | • အဘာမက်တင်ကို အညွှန်းအတိုင်း ဖျန်းပါ။ |
| • မီးခိုးရောင် (သို့) အဖြူရောင်မှိုရောဂါများ အရွက်၊ ရိုးတံ နှင့် အသီးတွင် ဖြစ်ပေါ်သည်။ (ပုံ-၅) | • ဆာလဖာ ၁.၅ ပေါင် ၀.၀၆ ဧက တွင်ဖျန်းပါ။ |



ပုံ-၁။  သံချေးမှိုရောဂါ



ပုံ-၂။   သီးလုံးဖောက်ပိုး



ပုံ-၃။  အဝါရောင်မိုဇေ့ရောဂါ



ပုံ-၄။  ပျအစုအဝေး ကျရောက်နေပုံ




ပုံ-၅။ ဖားဥမှိုရောဂါ


| | |
|---|---|
| ခူးဆွတ်ခြင်း | ပြောင်းရွှေ့စိုက်ပျိုးပြီး ၄၅-၅၀ ရက်တွင် စတင် ဆွတ်ခူး နိုင်ပါသည်။ အသီးတောင့်များကို ၄ - ၅ ရက်ခြား မှန်မှန် ခူးဆွတ် ရမည်။ အပင်ပေါ်တွင် အသီးများ ကြာကြာထားလျှင်  အပင်နှင့် အသီးကြီးထွားမှု နှေးသွားမည်။ အေးသောအချိန်တွင် ခူးဆွတ်ပါ။ အရိပ်ထဲတွင် ထားပါ။ |
| အရည်အသွေး လမ်းညွှန် | ရေ နှင့် အာဟာရ ထိန်းထားပါ။  စင်ထိုးပေးခြင်းဖြင့် အသီးများ စွန်းထင်းခြင်း နှင့် ပုပ်ခြင်းကို ကာကွယ် ပေးသည်။ သိုလှောင်ချိန် တွင် ထိခိုက်မှု မရှိစေရန် ဂရုစိုက်ပါ။ ဈေးကွက်နှင့်ကိုက်ညီမှု ရှိအောင် ခူးဆွတ် ရမည်။  ကောင်းမွန်သော ပဲသီးတောင့် အရှည်မှာ ၁၄-၁၈ လက်မ ဖြစ်သည်။ |

## ရုံးပတီသီး စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ

| | | |
|---|---|---|
| မျိုးရွေးချယ်ခြင်း | ရောဂါခံနိုင်ရည်ရှိသော၊ ဈေးကွက်ဝင်ဒေသမျိုးများ နှင့် စပ်မျိုးများ စိုက်ပျိုးပါက (ဥပမာ- Basanti - 447, Kirti 014, KAY THARI123 F1) ကို ရွေးပါ။ |  |
| ကြိုက်နှစ်သက်သော ရာသီဥတု | နွေ၊မိုး၊ဆောင်း တစ်နှစ်ပတ်လုံး စိုက်နိုင်သည်။ | |
| သီးနှံသက်တမ်း | အစေ့မှစိုက်ပြီး ၅၀-၅၅ ရက်တွင် စတင်ခူးဆွတ်နိုင်ပြီး ဆက်လက်၍ ၂လခန့် ခူးဆွတ်နိုင်သည်။ | |
| အထွက်နှုန်း (ခန့်မှန်း) | ပျမ်းမျှအထွက် ၁၄၅၂၀ တောင့် (၃၆၃၀ စည်း) / ၀.၀၆ ဧက (တစ်စည်း ၄ တောင့်) | |
| မျိုးစေ့ နှင့် အပင် ဦးရေ | ၄ထုပ် ( ၂၅၀စေ့ / ထုပ်)၊ ၇၂၆ပင်/ ၀.၀၆ဧက | |
| နေရာရွေးချယ်ခြင်း | မြေအမျိုးအစားမရွေးစိုက်မျိုးနိုင်သော်လည်းရေမဝပ်ရပါ။ ဖွယ်သောမြေကိုကြိုက်နှစ်သက်သည်။ | |
| မြေချဉ်/ငန်ကိန်း | ၆- ၆.၈ ရှိသောမြေကိုပိုနှစ်သက်သည်။ | |
| ရေသွင်းခြင်း | စိုက်ခင်းကြီးများအတွက်မြောင်းဖြင့်ရေသွင်းခြင်း (furrow) ၊ ရေပန်းဖြင့်ရေပေးခြင်း( shower rose) (သို့) အစက်ချ (drip) ရေပေးစနစ်များ အသုံးပြုနိုင်သည်။ စိုက်ခင်းငယ်များ အတွက် ရေထမ်းလောင်းနိုင်သည်။ ရေဖျန်းစနစ်သည် အရွက်ရောဂါများ ဖြစ်စေသည်။<br>(၁)အပင်ငယ်များသည်အပင်ကြီးများထက် ရေလိုအပ်မှုနည်းသည်။ (၂) စိုက်ဘောင်ရှိ စိုက်တန်းကြားများကို အစက်ချစနစ် (သို့) ရေပန်းစနစ် အသုံးပြုခြင်းဖြင့် လုပ်အားနှင့် စိုက်ပျိုးရေချွေတာနိုင်သည်။ (၃) စိုက်ဘောင်တန်း ကြား ရေသွင်းစိုက်ပျိုးခြင်း(furrow) သည် စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးစေသည်။ ပေါင်းများစွာပေါက်ရောက်နိုင်ပြီး အရွက်များ လည်းရောဂါကျရောက်စေသည်။<br>**အာဟာရရည်ကျွေးခြင်း** - အစက်ချစနစ်သုံးလျှင် အာဟာရရည်ကျွေးခြင်း ပြုလုပ်နိုင်သည်။ | |
| **လုပ်ငန်းဆောင်ရွက် ရမည့် အချိန်များ** | **လုပ်ဆောင်ရမည့်လုပ်ငန်းများ -**<br>မိမိ၏ ရေမြေရာသီဥတု လိုအပ်ချက်နှင့် အညီ ချင့်ချိန် လုပ်ဆောင်ရန် ဖြစ်သည်။ | **ရေပေးခြင်း** |
| မစိုက်မီ ၁လ | **မြေပြင်ခြင်း -** မြေကို ထယ်ရေးနက်နက် (၉-၁၂)လက်မ နှင့် ထွန်ရေး (၂-၃) ကြိမ်ထိုးပါ။ ရုံးပတီတွင် ပင်မရေသောက်မြစ်ရှိသောကြောင့် သန်မာသော အမြစ်ဖွဲ့စည်းပုံ ရှိသည်။<br>**ဘိုကာရှီမြေဆွေးပြုလုပ်ခြင်း၊ ငါးအမိုင်နိုအက်ဆစ် အပင်အားဆေးရည် ပြုလုပ်ခြင်း နှင့် အီးအမ်-၅**<br>။ ကောင်းစွာဆွေးမြေ့စေရန် အပင်မစိုက်မီ ၃ပတ်အလိုတွင် ဘိုကာရှီမြေဆွေး၊ ငါးအမိုင်နိုအက်ဆစ်၊ အီးအမ်-၅ တို့ကို ပြင်ဆင်ပါ။ (နောက်ဆက်တွဲတွင်ကြည့်ပါ) | စိုစွတ်သောမြေသည် ထွန်ယက်ရလွယ်ကူသည်။ |
| မစိုက်မီ ၃ ပတ် | **ထုံးထည့်ခြင်း -** ၀.၀၆ ဧက အတွက်ထုံးကို တစ်နှစ်လျှင် ၁၃ ပိဿာ နှုန်းဖြင့် သုံးနှစ်ဆက်တိုက် ထည့်ပါ။<br>**ပျိုးထောင်ခြင်း** - ရုံးပတီတွင်ပျိုးထောင်ရန်မလိုပါ။ တိုက်ရိုက် မျိုးစေ့ချ စိုက်ပျိုးနိုင်သည်။ | |

| | | |
|---|---|---|
| မစိုက်မီ ၂ ပတ် | **စိုက်ဘောင်ပြင်ဆင်ခြင်း** - တစ်ဘောင်နှင့်တစ်ဘောင် ၁.၅ ပေ ခြားပြီး ဘောင် အကျယ် ၃ပေ ၊ အမြင့် ၉-၁၂ လက်မ ဘောင်များပြုလုပ်ပါ။<br>ဘောင်တင်ခြင်း၏အကျိုးကျေးဇူးများ - (၁) ရေထုတ်ရန်၊ (၂) မြေတွင်း လေဝင်လေထွက် ကောင်းရန်၊ (၃) အမြစ်များ မြေတွင်းထိုးဖောက်မှု လွယ်ကူစေရန်၊ (၄) ဘောင်ကြား ရေသွင်းနိုင်ရန်၊ (၅) မြေမှ အငွေ့ပျံခြင်းကို လျော့ကျနိုင်စေရန်၊ (၆) မြေတွင်သဘာဝမြေသြဇာများတိုးပွားလာစေရန်။<br>**ပင်ကြားတန်းကြားစိုက်တန်းသတ်မှတ်ခြင်း** - ပင်ကြား ၁.၅ပေ× တန်းကြား၂ ပေ စိုက်ပါ။ စိုက်တန်းတစ်လျှောက် ၁.၅ ပေ အကွာ (ဖိုခနောက်ဆိုင်) စိုက်ပါ။ အစွန်နှစ်ဖက်ကို ၆လက်မချန်ပြီး စိုက်ပါ။ | ဘိုကာရှီမြေဆွေးအား အစိုဓာတ် မပျက်အောင် ထားပါ။ အစိုဓါတ်ရှိသောမြေသည် ပြုပြင်ရ လွယ်ကူသည်။ |
| မစိုက်မီ ၁ ပတ် | **မြေခံမြေသြဇာထည့်ခြင်း** - ၀.၀၆ ဧကအတွက် ၁၅း၁၅း၁၅ ကွန်ပေါင်း ၆ ပိဿာ နှင့် ဘိုကာရှီမြေဆွေး ၃၇ - ၇၄ ပိဿာ ကို စိုက်ဘောင်များ ပြင်ချိန်တွင် သမအောင် ထည့်ပါ။<br>**စိုက်ကျင်းတူးခြင်း** - ၆လက်မ ပတ်လည်အကျယ် ၆လက်မ အနက်ရအောင် ကျင်းတူးပါ။ မစိုက်မီ ၂ ရက်အလိုတွင် ထ ထရိုင်ကိုဒါးမားဖျော်ရည် (၇ ဂရမ် (ဟင်းစားဇွန်း ၁ ဇွန်းခန့်) နှင့် ရေ ၁၀ လီတာ) ကို တစ်ပင်လျှင် နို့ဆီဘူးဝက်ခန့် လောင်းထည့်ပါ။<br>**မြေဖုံးပေးခြင်း** - ပေါင်း၊ ရောဂါပျံ့နှံ့မှုနှင့် မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ရန်၊ မြေတွင်းအပူချိန် လျော့ကျစေရန်၊ ပေါင်း ကာကွယ်စေရန် ကောက်ရိုးကို ၆ လက်မအထူ (သို့) ပလပ်စတစ်စဖြင့် ဘောင်ပေါ် တွင်ဖုံးပါ။ ကောက်ရိုးများကို အပင်ခြေနှင့်မထိစေရ။ | |
| စိုက်နည်းစနစ် | **တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း** - စိုက်ပျိုးရာတွင်မျိုးစေ့အရွယ်၏ နှစ်ဆ အနက်စိုက်ပါ။ တစ်ကျင်းလျှင်တစ် စေ့နှုန်းဖြင့်စိုက်ပါ။ | စိုက်ပြီးပြီးချင်း စိုက်ကျင်းများကို ရေလောင်း ပါ။ |
| ရွှေ့စိုက်ပြီး ၁ ပတ် | **အပင်မှန်းခြင်း နှင့် အပင်ဖာခြင်း** - တစ်ကျင်းတွင် သန်မာသောအပင် တစ်ပင်သာရှိစေရန် အပင်မှန်းခြင်း နှင့် အပင်ဖာခြင်းအား ပြုလုပ်ရန်လို အပ်ပါသည်။<br>**တိုင်ထောင်ခြင်း** - မလိုအပ်ပါ။ | တစ်ရက်ခြား တစ်ကြိမ် တစ်ပင်လျှင် ရေ (၂) လီတာခန့် လောင်းပါ။ |
| ရွှေ့စိုက်ပြီး၂-၄ ပတ် | **ဘေးတက်ဖဲ့ခြင်း၊ ခေါင်နှိမ်ခြင်း** -<br>အသီးရူးပြီး အောက်အရွက်ဟောင်းများ ဖယ်ရှားပါ။ (ပုံကြည့်ပါ)<br>**ပေါင်းရှင်းခြင်း** - အစာအာဟာရလုစားခြင်း၊ ပိုးနှင့်ရောဂါများ ခိုအောင်းခြင်းတို့မှ ကာကွယ်စေရန် ပေါင်းကိုလိုအပ်သလို ရှင်းပါ။ ပေါင်းပင်သည် ပိုးမွှားရောဂါများ ခိုအောင်းရာ ဖြစ်စေသောကြောင့်ဖြစ်သည်။<br>အပင်ငယ်စဉ်တွင် ပေါင်းကင်းစင် စေရန်လိုအပ်သည်။<br>**ပိုးနှင့်ရောဂါနှိမ်နင်းခြင်း** - ပိုးနှင့်ရောဂါမှ ကြိုတင်ကာကွယ်ရန် အီးအမ်-၅ နှင့် တမာပိုး သတ်ဆေးကို အပတ်စဉ်တိုင်း ဖျန်းပါ။ အကယ်၍ မနိုင်ပါက နောက်ဆုံး အနေဖြင့် ဓာတုနည်းကိုသုံးပြီး နှိမ်နင်းပါ။ | တစ်ရက်ခြား တစ်ကြိမ် တစ်ပင်လျှင် ရေ (၃) လီတာခွဲမှ (၄) လီတာ လောင်းပါ။ |

<table>
<tr>
<td>ရွှေ့စိုက်ပြီး ၅ ပတ်</td>
<td>ပေါင်းရှင်းခြင်း - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>ဖြည့်စွက်မြေဩဇာကျွေးခြင်း - စိုက်ဘောင်ရှိ စိုက်တန်းများ အခြေမှ ၆လက်မအကွာ ၂"x၂"ပတ်လည် မြောင်းငယ်တူး ဖော်ပါ။ တစ်ပင်လျှင် ဆားခါး လက်ဖက်စားဇွန်းတစ်ဇွန်း ကျွေးပါ။ (၀.၀၆ကေအတွက် ၂ပိသာ)။<br><br>ကွန်ပေါင်း ၁၅း၁၅း၁၅ ကို တစ်ပင်လျှင် ထမင်းစားဇွန်း ၁ဇွန်းနှုန်းဖြင့် အပင်ခြေမှ အနည်းဆုံး ၆ လက်မခွာပြီး ကျွေးပါ ( ၆ ပိသာ / ၀.၀၆ကေ)။ ပလပ်စတစ် ဖုံးအုပ်ထား သောဘောင်အတွက် တစ်ပင်နှင့် တစ်ပင်ကြား ကျင်းတူးပြီးကျွေးပါ။<br><br>ဖြည့်စွက်မြေဩဇာကျွေးခြင်း - ပိုတက်ဆီယမ်နိုက်ထရိတ်ကို ရေ ၄ ဂါလံဂင် ဆေးဖျန်းပုံးတစ်ပုံးတွင် ၁၀ကျပ်သားနှုန်းဖြင့် ဖျော်စပ်ပြီး နံနက်ပိုင်းတွင် အရွက်များ ပေါ်သို့ ရွဲရွဲဖျန်းပါ။ ပန်းစတင်ပွင့်ချိန်မှ အပင်သက်တမ်း တစ်လျောက် ၂-၄ ကြိမ်အထိ ဖျန်းပေးပါ။<br><br>အာဟာရရည်ကျွေးခြင်း -အစက်ချစနစ်သုံးလျှင် အာဟာရရည် ကျွေးခြင်း ပြုလုပ်နိုင်ပါသည်။</td>
<td>တစ်ရက်ခြားတစ်ကြိမ်<br>တစ်ပင်လျှင် ရေ (၃.၅-၄) လီတာခန့် လောင်းပါ။</td>
</tr>
<tr>
<td>ရွှေ့စိုက်ပြီး ၆-၉ ပတ်</td>
<td>ပေါင်းရှင်းခြင်း - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br><br>ဖြည့်စွက်မြေဩဇာကျွေးခြင်း - ကွန်ပေါင်း ၉း၂၅း၂၅ ကို တစ်ပင်လျှင် ထမင်းစားဇွန်း ၁ဇွန်း နှုန်းဖြင့် အပင်နှစ်ပင်ကြား အလယ်တည့်တည့် တွင်ကျွေးပါ။ ၀.၀၆ ကေ အတွက် ၆ ပိသာ ကုန်ကျမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အမြစ်များသည် အရင်ထက်ပို၍ ကျယ်လာသောကြောင့်ဖြစ်သည်။</td>
<td>မြေဩဇာကျွေးပြီးပြီးချင်း တစ်ပင်လျှင်ရေ(၄-၆) လီတာခန့် လောင်းပါ။</td>
</tr>
<tr>
<td>သီးနှံ ၉ ပတ်မှ ရိတ်သိမ်းချိန် အထိ</td>
<td>ဓာတုဆေး နှင့် အော်ဂဲနစ်ဆေးရွေးချယ်ခြင်း<br><br>ပိုးနှင့်ရောဂါလက္ခဏာများမှန်မှန်စစ်ဆေးပါ။ အရွက်မျက်နှာပြင်၂ ခုလုံးနှင့် ပင်စည်တစ်လျှောက်ကြည့်ပါ။ သဘာဝဆေးများနှင့် မနိုင်လျှင် အောက်တွင် ဖော်ပြထားသော ဓာတုဆေးများကို အသုံးပြုပါ။</td>
<td>ရေမြေရာသီဥတုပေါ် မူတည်ပြီး ရေပေးသွင်းပါ။</td>
</tr>
<tr>
<td>ပိုးမွှားနှင့်ရောဂါများ ကာကွယ်နှိမ်နင်းခြင်း</td>
<td colspan="2">ဓာတုဆေး နှင့် အော်ဂဲနစ်ဆေးရွေးချယ်ခြင်း<br><br>ပိုးနှင့်ရောဂါလက္ခဏာများမှန်မှန်စစ်ဆေးပါ။ အရွက်မျက်နှာပြင် ၂ ခုလုံးနှင့် ပင်စည်တစ်လျှောက် ကြည့်ပါ။<br>သဘာဝဆေးများနှင့် မနိုင်လျှင် အောက်တွင်ဖော်ပြထားသော ဓာတုဆေးများကို အသုံးပြုပါ။<br>
<table>
<tr><th>ပိုး၊ ရောဂါနှင့် လက္ခဏာများ</th><th>ကာကွယ်နှိမ်နင်းနည်း</th></tr>
<tr><td>• ပိုးနဂါး ။ (ပုံ-၁)<br>• ဖြုတ်ပိုး။ (ပုံ-၂)</td><td>• လက်ဖြင့် ပိုးကောင်ကိုဖယ်ရှားခြင်း<br>• တမာပိုးသတ်ဆေး(သို့) အဘာမက်တင်ဆေးဖျန်းပါ။</td></tr>
<tr><td>• အဂါရောင်မိုဇေ့ရောဂါ။ (ပုံ-၃)<br><br>• ရွက်ပြောက်ရောဂါ။ (ပုံ- ၄)<br>• ဖားဥမှိုရောဂါ။ (ပုံ-၅)</td><td>• ရောဂါဖြစ်စေသော ဗိုင်းရပ်သယ်ဆောင်သည့် ယင်ဖြူကို နှိမ်နင်းရန်အတွက် အင်မီတာကလိုပစ် အသုံးပြုပါ။<br>• ကလိုရိုသာလိုနေး၊ ကာဘင်ဒါဇင်၊ မက်ကိုဇက် ဖျန်းရန်။ စိုက်ခင်းသန့်ရှင်းရန်၊<br>• သီးလှည့်စိုက်ရန်။</td></tr>
</table>
</td>
</tr>
</table>




ပုံ-၁ ပိုးနဂါး



ပုံ-၂ ဖြုတ်ပိုး



ပုံ-၃ အဝါရောင်ရွက်ကြောဗိုင်းရပ်



ပုံ-၄ ရွက်ပြောက်ရောဂါ



ပုံ-၅ ဖားဥမှိုရောဂါ


| | |
|---|---|
| ခူးဆွတ်ခြင်း | အသီးများလျင် မြန်စွာကြီးထွားသော ကြောင့် ၂ရက်ခြားခူးဆွတ်ရန် အရေးကြီးသည်။ အသီးကင်းဖင်ပြီး ၄-၆ ရက် (သို့) ပန်းပွင့်ပြီး ၁ ပတ်တွင်အသီးစခူးနိုင်သည်။ အသီးများကို ဆက်လက်ပြီး ၂ လ နှင့် အထက် အထိခူးနိုင်သည်။ ရုံးပတီသီး ၃ - ၃.၅လက်မ အရှည်တွင်ခူး သင့်သည်။ ရာသီဥတု အပူချိန် ပြင်းပါက နေ့စဉ်ခူးပေးပါ။ |
| အရည်အသွေး လမ်းညွှန် | ရုံးပတီသီးများရင့်ပါက အမျှင်များလာသည်။ အဝါရောင်မဖြစ်မီ အသီးငယ်စဉ် ခူးရန်လိုသည်။ အသီးထိပ်များကို ဆက်ကနဲ ချိုးကြည့်နိုင်သည်။ |

| ကြက်သွန်နီ စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ | | |
|---|---|---|
| မျိုးရွေးချယ်ခြင်း | ဈေးကွက်ဝင်သောမျိုး၊ ရောဂါဒဏ် ခံနိုင်သောမျိုးကို ရွေးချယ်ပါ။ အရည်အသွေးကောင်းသော ဒေသမျိုးကောင်းများကို စိုက်ပျိုးမှု များသည်။ (ဥပမာ - ရွှေဖလားဒေသမျိုး၊ ဘောင်စောက် ဒေသမျိုး၊ အိန္ဒိယ စပ်မျိုး Nasik red F-1) |  |
| ကြိုက်နှစ်သက်သော ရာသီဥတု | မိုးနှောင်းမှ ဆောင်းဦးရာသီတွင် စိုက်ရန် ကောင်းသည်။ စက်တင်ဘာလမှ ဒီဇင်ဘာလထိ စိုက်နိုင်သည်။ နှုတ်သိမ်းချိန်တွင် ခြောက်သွေ့လျှင် ပိုအဆင်ပြေသည်။ | |
| သီးနှံသက်တမ်း | ရွှေ့ပြောင်းစိုက်ပျိုးပြီး ၉၀ - ၁၅၀ ရက် | |
| အထွက်နှုန်း (ခန့်မှန်း) | ပျမ်းမျှအထွက်၁၆၅ ပိဿာ/ ၀.၀၆ ဧက | |
| မြေချဉ်/ငန်ကိန်း | ၆ - ၇ ရှိသောမြေကိုပိုနှစ်သက်သည်။ | |
| မျိုးစေ့ နှင့် အပင် ဦးရေ | နို့ဆီ ၂ ဗူး/၀.၀၆ ဧက၊ ၉၉၀၀ ပင်/ ၀.၀၆ ဧက | |
| နေရာရွေးချယ်ခြင်း | မြေအမျိုးအစားမရွေးစိုက်ပျိုးနိုင်သော်လည်း၊ ရေမဝပ်ပဲ ရေအစိုဓာတ် ထိန်းနိုင်သော သဲနုန်းမြေတွင် အဖြစ်ထွန်း ဆုံးဖြစ်သည်။ | |
| ရေသွင်းခြင်း | စိုက်ခင်းကျယ်ပါက ရေသွင်းမြောင်း(furrow)ဖြင့်လည်းကောင်း၊ အစက်ချစနစ်နှင့်ရေပန်းကရားစနစ်တို့ လည်းအသုံးပြုနိုင်သည်။ စိုက်ခင်းငယ်ပါက ရေထမ်းလောင်းနိုင်သည်။ ရေဖျန်းခြင်း (Sprinkler) စနစ်သည် အရွက်ရောဂါများကိုဖြစ်စေသည်။<br>ရွှေ့ပြောင်းစိုက်ချိန်မှ ဥကြီးထွားချိန်အထိ ရေတိုးလောင်းပေးရမည်။ ဥများကြီးထွားရန် ရေမှန်မှန်လိုအပ်သည်။<br>(၁) အပင်ငယ်များသည်အပင်ကြီးများထက် ရေလိုအပ်မှုနည်းသည်။ (၂) စိုက်ဘောင်ရှိစိုက်တန်းကြားများကို အစက်ချစနစ် (သို့) ရေပန်းစနစ် အသုံးပြုခြင်းဖြင့် လုပ်အား နှင့် စိုက်ပျိုးရေချွေတာနိုင်သည်။ (၃) စိုက်ဘောင်တန်း ကြား ရေသွင်းစိုက်ပျိုးခြင်းသည် စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးစေသည်။ ပေါင်းများစွာ ပေါက်ရောက်နိုင်ပြီး အရွက်များလည်း ရောဂါကျရောက်စေသည်။<br>ကြက်သွန်နီနှင့် မိတ်စား ကြက်သွန်ပင်သည် အမြစ် သေးငယ်သောကြောင့် ရေမှန်မှန် လောင်းရမည်။ ဥဆင်းချိန်တွင် ရေမခြောက် သွားစေရန်အရေးကြီးသည်။ အမိတ်များ ကျသွားလျှင် ရေဖြတ်ပါ။<br>**အာဟာရရည်ကျွေးခြင်း** -အစက်ချစနစ်သုံးလျှင် အာဟာရရည်ကျွေးခြင်း ပြုလုပ် နိုင်သည်။ | |
| လုပ်ငန်းဆောင်ရွက်ရမည့် အချိန်များ | **လုပ်ဆောင်ရမည့်လုပ်ငန်းများ** -<br>မိမိ၏ ရေမြေ၊ ရာသီဥတု လိုအပ်ချက်နှင့် အညီ ချင့်ချိန် လုပ်ဆောင်ရန် ဖြစ်သည်။ | **ရေလောင်းခြင်း** |
| မစိုက်မီ ၁ လ | **မြေပြင်ခြင်း -** မြေကို ထယ်ရေးနက်နက် ( ၉-၁၂ )လက်မ နှင့် ထွန်ရေး (၂-၃) ကြိမ်ထိုးပါ။ ကြက်သွန်သည် အမြစ် အလွန်တိမ်သောကြောင့် ထယ်ရေး ကောင်းစွာ ညက်ရန် လိုသည်။ | ပျိုးဘောင်ကို တစ်နေ့တစ်ကြိမ် နံနက်ပိုင်းတွင် ရေလောင်းပါ။ လိုအပ်လျှင် ထပ်လောင်းပါ။ |
| | **ထုံးထည့်ခြင်း -** ထုံးကို ၀.၀၆ ဧက အတွက် တစ်နှစ်လျှင် ၁၃ ပိဿာ နှုန်းဖြင့် သုံးနှစ် ဆက်တိုက်ထည့်ပါ။ | |

| | | |
|---|---|---|
| | **ဘိုကာရှိမြေဆွေးပြုလုပ်ခြင်း၊ ငါးအမိုင်နိုအက်ဆစ် အပင်အားဆေးရည် ပြုလုပ်ခြင်း နှင့် အီးအမ်-၅** ကောင်းစွာဆွေးမြေ့စေရန် အပင်မစိုက်မီ ၃ပတ်အလိုတွင် ဘိုကာရှိမြေဆွေး၊ ငါးအမိုင်နိုအက်ဆစ်၊ အီးအမ်-၅ တို့ကို ပြင်ဆင်ပါ။ (နောက်ဆက်တွဲတွင်ကြည့်ပါ) | ဘိုကာရှီအား အစိုဓာတ် ရှိအောင်ထားပါ။ |
| | **ပျိုးထောင်ခြင်း-** ၃၀% အရိပ်ရပျိုးခင်းတွင်ပျိုးဘောင် (၃ပေ၊ ၅၀ ပေ) ပြုလုပ်ပြီး နွားချေးဆွေး၂ - ၄ တင်း ၊ ဖွဲပြာ ၂ - ၄ တင်း ၊ နန်းမြေ ၁ - ၂ တင်း ၊ ၁၅း၁၅း၁၅ ကွန်ပေါင်း ဓာတ်မြေဩဇာ ၅၀ ကျပ်သား တို့ကို ထည့်မွှေ၍ မျက်နှာပြင်ညီရအောင် ဖိသိပ်ပေးပါ။ ဘောင်ပေါ်တွင်ကြက်သွန်မျိုးစေ့များကို ညီညာစွာ ပါးပါးကြဲပြီး၊ သဲ (သို့) ဖွဲပြာ ဖြင့် ပါးပါးအုပ်၍ ရေဝဝ လောင်းပေး ပါ။ ပျိုးသက် ၂၅-၄၅ ရက်ခန့် ရပါက စိုက်ခင်းသို့ ရွှေ့ပြောင်းစိုက်ရန် အဆင့်သင့်ဖြစ်သည်။ တစ်ဘောင်ပျိုးလျှင် ၁၁ ဘောင် x (၃ပေx ပေ၅၀) စိုက်နိုင်သည်။ (ပျိုးခင်း ၀.၀၅ ဧက ( ၃ပေ x ပေ၅၀ ဘောင် ၁၀ဘောင်) ပျိုးလျှင် – တစ်ဧက စိုက်နိုင်သည်)။ | |
| မစိုက်မီ ၁-၂ ပတ် | **စိုက်ဘောင်ပြင်ဆင်ခြင်း -** တစ်ဘောင်နှင့် တစ်ဘောင် ၁.၅ ပေ ခြားပြီး ဘောင်အကျယ် ၃ပေ ၊ အမြင့် ၆ - ၈ လက်မ ဘောင်များပြုလုပ်ပါ။<br>ဘောင်တင်ခြင်း၏အကျိုးကျေးဇူးများ - (၁) ရေထုတ်ရန်၊ (၂) မြေတွင်း လေဝင်လေထွက် ကောင်းရန်၊ (၃) အမြစ်များ မြေတွင်း ထိုးဖောက်မှု လွယ်ကူစေရန်၊ (၄) ဘောင်ကြား ရေသွင်းနိုင်ရန်၊ (၅) မြေမှ အငွေ့ပျံ ခြင်းကို လျော့ကျနိုင်စေရန်၊ (၆) မြေတွင်သဘာဝမြေဩဇာများ တိုးပွား လာစေရန်။<br>**မြေခံမြေဩဇာထည့်ခြင်း** - ၁၅း၁၅း၁၅ ကွန်ပေါင်း ၆ ပိဿာ၊ ဂျစ်ပဆမ် ကျောက်မှုန့် ၈ ပိဿာ နှင့်ဘိုကာရှိ မြေဆွေး ၃၇ - ၇၄ ပိဿာတို့ကို ရောစပ်၍ ၀.၀၆ ဧကတွင် ထည့်ပြီး သမအောင် လုပ်ပါ။<br>**ပင်ကြားတန်းကြားစိုက်တန်းသတ်မှတ်ခြင်း** - ဘောင်ပေါ်တွင် ၆လက်မ အကွာ၊ အနက် ၁ လက်မ အတန်းများရအောင် ပြုလုပ်ထားသော ထွန်ခြစ်ဖြင့် ဆွဲပြီး စိုက်ကြောင်းများ ဖော်ထားပါ။ | ပျိုးဘောင်ကို တစ်နေ့တစ်ကြိမ် နံနက်ပိုင်းတွင် ရေလောင်းပါ။ လိုအပ်လျှင် ထပ်လောင်းပါ။ |
| စိုက်နည်းစနစ် | **ရွှေ့ပြောင်းစိုက်ပျိုးခြင်း** - ၆ လက်မခြား ဆွဲထားသော စိုက်ကြောင်း ထဲတွင်၊ တစ်ပင်နှင့် တစ်ပင် ၄ လက်မခြားပြီး၊ အနက် ၁ လက်မနီးပါး မြှုပ်စိုက်ရမည်။ | အပင်ငယ်များကို ရေပါးပါး လောင်းပါ။ ကျင်းခွက်ဖြင့် စိုက်လျှင် မြေမြုပ်ရုံ၊ ရေလွှမ်းရုံ သွင်းပေးပါ။ |
| ရွှေ့စိုက်ပြီး ၁ ပတ် | **အပင်မှန်းခြင်းနှင့် အပင်ဖာခြင်း** - ကြက်သွန်သည် ရွှေ့ပြောင်းစိုက်သော အပင်ဖြစ်၍ အပင်မှန်းရန် မလိုပါ။ သို့သော် သေပျောက်သော အပင် ရှိခဲ့လျှင် အပင်ဖာရမည်။<br>**မြေဖုံးပေးခြင်း** - ရောဂါပိုးမွှားနှင့်မြေဆီလွှာတိုက်စားခြင်းကို ကာကွယ် ရန်၊ မြေတွင်း အပူချိန်လျော့ကျစေရန်၊ ပေါင်းပေါက်မှု သက်သာစေရန် ကောက်ရိုးကို ခပ်ပါးပါး ဖုံးပေးပါ။ | |

| | | |
|---|---|---|
| ရွှေ့စိုက်ပြီး ၂ - ၄ ပတ် | **ဘေးတက်ဖဲ့ခြင်း၊ ခေါင်နှိမ်ခြင်း** - မလိုပါ။<br>**ပေါင်းရှင်းခြင်း** - အစာအာဟာရလုစားခြင်း၊ ပိုးနှင့်ရောဂါများ ခိုအောင်းခြင်းတို့မှ ကာကွယ်စေရန် ပေါင်းကိုလိုအပ်သလိုရှင်းပါ။<br>**ပိုးနှင့်ရောဂါနှိမ်နင်းခြင်း** - ပိုးနှင့်ရောဂါမှ ကြိုတင်ကာကွယ်ရန် အီးအမ် ၅ နှင့် တမာပိုးသတ်ဆေးကို အပတ်စဉ် ဖျန်းပါ။ | ရာသီဥတု၊ မြေအစိုဓာတ်ပေါ် မူတည်ပြီး ၂ ပတ်တစ်ကြိမ် (သို့) ၁ ပတ်တစ်ကြိမ် ရေသွင်း ပေးပါ။ |
| ရွှေ့စိုက်ပြီး ၅ - ၆ ပတ် | **ပေါင်းရှင်းခြင်း** - ရွှေ့စိုက်ပြီး ၄-၈ ပတ်အတွင်း ပေါင်းကင်းစင်ရန် အထူး အရေးကြီးသည်။<br>**ရွက်ဖြန်းမြေဩဇာကျွေးခြင်း** - ပိုတက်ဆီယမ် နိုက်ထရိတ်ကို ဆေးဖျန်းပုံး တပုံးလျှင် ၁၀ ကျပ်သားနှုန်း ထည့်ပြီး ၂ ပုံး (၀.၀၆ ဧကအတွက် ၂၀ ကျပ်သား) ဖျန်းပါ။<br>**ပိုးနှင့်ရောဂါနှိမ်နင်းခြင်း** - ပိုးနှင့်ရောဂါကျမှုကို ဂရုပြု စောင့်ကြည့်ပါ။ အချိန်မီ နှိမ်နင်းပါ။ | ရာသီဥတု၊ မြေအစိုဓာတ်ပေါ် မူတည်ပြီး ၂ ပတ်တစ်ကြိမ် (သို့) တစ် ပတ်တစ်ကြိမ် ရေသွင်း ပေးပါ။ |
| ရွှေ့စိုက်ပြီး ၇ - ၈ ပတ် | **ပေါင်းရှင်းခြင်း** - ပေါင်းနှိမ်နင်းရန် အရေးကြီး အချိန်ဖြစ်သည်။<br>**ဖြည့်စွက်မြေဩဇာကျွေးခြင်း** - စိုက်ဘောင်ပေါ်ရှိ အတန်းများကြားတွင် အနက် ၂လက်မ x အကျယ် ၂လက်မ ရှိသော မြောင်းငယ်ကို ဖော်ပါ။ မြောင်းထဲသို့ ၉း၂၅း၂၅ ကွန်ပေါင်းဓာတ်မြေဩဇာ ၀.၀၆ ဧက အတွက် ၃.၅ ပိဿာနှုန်း ကျွေးပါ။ ဂျစ်ပဆမ် ကျောက်မှုန့် ၈ ပိဿာ ထပ်ထည့်နိုင်လျှင် ကောင်းသည်။ ပိုတက်ဆီယမ် နိုက်ထရိတ်ကို ဆေးဖျန်းပုံးတပုံးလျှင် ၁၀ ကျပ်သားနှုန်းထည့်ပြီး ၂ ပုံး (၀.၀၆ ဧကအတွက် ၂၀ ကျပ်သား) ဖျန်းပါ။<br>(ကောမက်ဂျီ ၂၁) ပုလဲနှင့် ဆာလ်ဖာ မြေဩဇာ ၀.၀၆ ဧက အတွက် ၈ ပိဿာ ကို ထည့်ပေးပါ။<br>ဥအရည်အသွေးကောင်းစေရန်နှင့် ကြာရှည် သိုလှောင်နိုင်ရန် ပိုတက်ရှ် ဓာတ်မြေဩဇာကို တစ်ဘောင်လျှင် ၃၀ ကျပ်သားနှုန်း (၀.၀၆ ဧက အတွက် ၃.၅ ပိဿာ) ကျွေးပါ။<br>**ပိုးနှင့်ရောဂါနှိမ်နင်းခြင်း** - ပိုးနှင့်ရောဂါ ကျမှုကို ဂရုပြု စောင့်ကြည့်ပါ။ အချိန်မီ နှိမ်နင်းပါ။ | ရာသီဥတု၊ မြေအစိုဓာတ်ပေါ် မူတည်ပြီး ၂ ပတ် ကြိမ် (သို့) ၁ ပတ် ကြိမ် ရေသွင်းပေးပါ။ |
| ရွှေ့စိုက်ပြီး ၉ - ၁၄ ပတ် | **ပေါင်းရှင်းခြင်း** - မြေအောက်ရှိ ကြက်သွန်ဥများကို မထိခိုက်စေရန်အတွက် နောက်ပိုင်းတွင် ပေါင်းမရှင်းသင့်ပါ။<br>**ပိုးနှင့်ရောဂါနှိမ်နင်းခြင်း** - ပိုးနှင့်ရောဂါကျမှုကို ဂရုပြု စောင့်ကြည့်ပါ။ ကျလျှင် အချိန်မီ ထိထိရောက်ရောက် နှိမ်နင်းပါ။ | ရာသီဥတု၊ မြေအစိုဓာတ် ပေါ် မူတည်ပြီး ၂ ပတ် ၁ ကြိမ် (သို့) ၁ ပတ် ၁ ကြိမ် ရေသွင်းပေးပါ။ |
| ရွှေစိုက်ပြီး ၁၅ ပတ် မှ ရိတ်သိမ်းချိန်အထိ | **လိုအပ်သလို ပေါင်းရှင်းပါ။**<br>**လိုအပ်လျှင် ပိုးမွှားရောဂါများကို နှိမ်နင်းပါ။** | ရေမြေရာသီဥတုပေါ် မူတည်ပြီး ရေပေးသွင်းပါ။ |
| ပိုးမွှားနှင့်ရောဂါ များ ကာကွယ်နှိမ်နင်းခြင်း | **ဓာတုဆေး နှင့် အော်ဂဲနစ်ဆေး ရွေးချယ်မှု**<br>ပိုးနှင့်ရောဂါလက္ခဏာများမှန်မှန်စစ်ဆေးပါ။ အရွက်မျက်နှာပြင်၂ ခုလုံးနှင့် ပင်စည်တလျောက်ကြည့်ပါ။ သဘာဝဆေးများ နှင့် မနိုင်လျှင် အောက်တွင်ဖော်ပြထားသော ဓာတုဆေးများကို အသုံးပြုပါ။ | |

| ပိုးမွှား၊ရောဂါနှင့် လက္ခဏာများ | ကာကွယ်နှိမ်နင်းနည်း |
|---|---|
| • သရစ်လေးပိုးနှင့် ဖျက်ဆီးမှု၊ (ပုံ-၁)<br>• ရွက်ထွင်းပိုး ဖျက်ဆီးမှု၊ (ပုံ-၂) | • ကလိုရွမ်ထရမ်နီလီပရိုး (ပရီဗာသွန်)။ ဖျန်းပါ။<br>• အဘာမီတင် (ဒီမွန်)၊ အေမီဒါကလိုပရစ် (ဒိုဇာ) ဖျန်းပါ။ |
| • တောက်တဲ့မြီး မှိုရောဂါကြောင့် ဖြစ်ပေါ်သော ခရမ်းရောင်အကွက် လက္ခဏာ၊ (ပုံ-၃)<br>• ဥပုပ် မှိုရောဂါ လက္ခဏာ၊ (ပုံ-၄) | • ပိုတက်ရှ် ဓာတ်မြေသြဇာကို သုံးရန်၊  မှိုသတ်ဆေး ဖျန်းပါ။ အစ်ပရို ဒီယွန် (ရိုဗရယ်)၊ အဇိုဆီစထရိုဘင် + ဒိုင်ဖီနိုကိုနာဇော (ယူနတီ)<br>• ပုလဲ ဓာတ်မြေသြဇာကို လွန်ကဲစွာကျွေးခြင်း ရှောင်ပါ။ ကလိုရိုသာလိုနေး၊ ယူနတီ  ၁၀ ရက် တစ်ကြိမ် ဖျန်းပါ။<br>(အပင်ရောဂါအားလုံးဖြစ်မှု သက်သာစေရန် ပိုတက်ဆီယမ် ဓာတ်မြေသြဇာ ပိုသုံးပါ။ ရောဂါဒဏ် ခံနိုင်ရည်ရှိသော မျိုးစေ့ သုံးပါ။ ရောဂါရပင်များ ဖယ်ရှားပါ။<br>သီးလှည့်စိုက်ပါ။ ရောဂါကျအပင်ကို ဖယ်ရှားပြီး မီးရှို့ပါ။<br>အပင်ကြား လေဝင်လေထွက် ကောင်းအောင် ဆောင်ရွက်ပါ)။ |



၁။ သရစ်လေးပိုး



၂။ ရွက်ထွင်းပိုး



၃။ တောက်တဲ့မြီး မှိုရောဂါ



၄။ ဥပုပ် မှိုရောဂါ

| | |
|---|---|
| ရိုးဆွတ်ခြင်း | အရွက်များ၏ ၃ ပုံ ၂ ပုံ ခန့် မြေပေါ်သို့ လဲကျလာပါက ကြက်သွန်ဥများကို တူးဖော်နိုင်ပြီ ဖြစ်သည်။ ရေဖြတ်လျှင် အခြောက် မြန်စေသည်။ (ဈေးမကျမီ ရောင်းလို၍ အပင်ရင်းထိ မခြောက်မီ ထွန်ဖြင့် အပင်ကို ဖိလှဲပြီး ခြောက်စေလျှင် ဥ လည်ပင်းများ ပွနေမည်၊ ၎င်းဥမျိုးသည် ကြာရှည်သိုလှောင်မခံပါ)။ |
| အရည်အသွေး အတွက်လမ်းညွှန်များ | သိုလှောင်ချိန်တွင် ဥများကို ထိခိုက်မှုမရှိစေရန် ဂရုစိုက်ပါ။ ရေရှည် သိုလှောင်ရန် လေ လေဝင်လေထွက် ကောင်းသော နေရာတွင် အမိုးမြင့် အဆောက်အဦဆောက်လုပ်ပြီး ဝါးကြမ်းခင်းအကြဲပေါ်၌ ၆ လက်မထက် မထူအောင် ထားသိုပါ။ |

## မုန်လာဥနီ (ခါကျက်ဥ) စိုက်ပျိုးနည်း လမ်းညွှန်ချက်များ

| | | |
|---|---|---|
| မျိုးရွေးချယ်ခြင်း | ပိုးနှင့်ရောဂါခံနိုင်ရည်ရှိသော မျိုးများကိုရွေးချယ်စိုက်ပျိုးပါ။ သီရန် (Thiram) ပိုးသတ်ဆေး လူးနယ်ထားသော မျိုးစေ့ကို သုံးပါ။ ဈေးကွက်ကောင်း သောမျိုးကိုစိုက်ပါ။ (ဥပမာ- EW-Chike F1) |  |
| ကြိုက်နှစ်သက်သော ရာသီဥတု | ဆောင်းရာသီ (စက်တင်ဘာ-နိုဝင်ဘာ) တွင် ဖြစ်ထွန်းသည်။ | |
| သီးနှံသက်တမ်း | ၇၀-၁၀၀ ရက် | |
| အထွက်နှုန်း (ခန့်မှန်း) | ၅၅၀၀ ဥ /၀.၀၆ ဧက။ | |
| မျိုးစေ့ နှင့် အပင် ဦးရေ | ၁ ဗူး (၂၅၀ ဂရမ် ) (၆၆၀၀ ပင်/ ၀.၀၆ ဧက) | |
| နေရာရွေးချယ်ခြင်း | သဲဆန်သော နန်းမြေကို နှစ်သက်သည်။ | |
| မြေချဉ်/ငန်ကိန်း | ၆.၅ – ၇.၅ ရှိသောမြေကိုပိုနှစ်သက်သည်။ | |
| ရေသွင်းခြင်း | စိုက်ခင်းကျယ်ပါက ရေသွင်းမြောင်း(furrow)ဖြင့်လည်းကောင်း၊ အစက်ချစနစ်နှင့်ရေပန်းကရား စနစ်တို့လည်းအသုံးပြုနိုင်သည်။ စိုက်ခင်းငယ်ပါက ရေထမ်းလောင်းနိုင်သည်။ ရေဖျန်းခြင်း (Sprinkler)စနစ်သည် အရွက်ရောဂါများကိုဖြစ်စေသည်။<br>စတင်စိုက်ပျိုးချိန်မှ ဥကြီးထွားချိန်အထိ ရေတိုးလောင်းပေးရမည်။ ဥများကြီးထွားရန် ရေမှန်မှန်လိုအပ်သည်။<br>(၁) အပင်ငယ်များသည်အပင်ကြီးများထက် ရေလိုအပ်မှုနည်းသည်။ (၂ ) စိုက်ဘောင်ရှိစိုက်တန်းကြားများကို အစက်ချစနစ်(သို့) ရေပန်းစနစ် အသုံးပြုခြင်းဖြင့် လုပ်အားနှင့် စိုက်ပျိုးရေချွေတာနိုင်သည်။<br>(၃) စိုက်ဘောင်တန်း ကြား ရေသွင်းစိုက်ပျိုးခြင်းသည် စိုက်ပျိုးရေလေလွင့်ဆုံးရှုံးစေသည်။ ပေါင်းများစွာပေါက်ရောက်နိုင်ပြီး အရွက်များလည်း ရောဂါကျရောက်စေသည်။<br>**အာဟာရရည်ကျွေးခြင်း** -အစက်ချစနစ်သုံးလျှင် အာဟာရရည်ကျွေးခြင်း ပြုလုပ် နိုင်သည်။ | |
| လုပ်ငန်းဆောင်ရွက် ရမည့် အချိန်များ | **လုပ်ဆောင်ရမည့်လုပ်ငန်းများ** -<br>မိမိ၏ ရေမြေ ရာသီဥတု လိုအပ်ချက်နှင့် အညီ ချင့်ချိန် လုပ်ဆောင်ရန် ဖြစ်သည်။ | **ရေလောင်းခြင်း** |
| မစိုက်မီ ၁ လ | **မြေပြင်ခြင်း -** မြေကို ထယ်ရေးနက်နက် ( ၉-၁၂ )လက်မ နှင့် ထွန်ရေး (၂-၃) ကြိမ်ထိုးပါ။ | |
| | **ထုံးထည့်ခြင်း -** ၀.၀၆ဧက အတွက်ထုံးကို တစ်နှစ်လျှင် ၁၃ ပိဿာ နှုန်းဖြင့် သုံးနှစ် ဆက်တိုက် ထည့်ပါ။ | |
| | **ဘိုကာရှီမြေဆွေးပြုလုပ်ခြင်း၊ ငါးအမိုင်နိုအက်ဆစ် အပင်အားဆေးရည် ပြုလုပ်ခြင်း နှင့် အီးအမ်-၅**<br>ကောင်းစွာဆွေးမြေ့စေရန် အပင်မစိုက်မီ ၃ပတ်အလိုတွင် ဘိုကာရှီမြေဆွေး၊ ငါးအမိုင်နိုအက်ဆစ်၊ အီးအမ်-၅ တို့ကို ပြင်ဆင်ပါ။ (နောက်ဆက်တွဲတွင်ကြည့်ပါ) | ဘိုကာရှီအား အစိုဓာတ်ရှိအောင် ထားပါ။ |

| | | |
|---|---|---|
| မစိုက်မီ ၁ ပတ် | **စိုက်ဘောင်ပြင်ဆင်ခြင်း -** တစ်ဘောင်နှင့်တစ်ဘောင် ၁ပေခွဲခြားပြီး ဘောင်အကျယ် ၃ပေ၊ အမြင့် ၉-၁၂ လက်မ ဘောင်များပြုလုပ်ပါ။ မြေသားမွရန် လိုအပ်သည်။<br>ဘောင်တင်ခြင်း၏အကျိုးကျေးဇူးများ - (၁) ရေထုတ်ရန်၊ (၂) မြေတွင်း လေဝင်လေထွက် ကောင်းရန်၊ (၃) အမြစ်များ မြေတွင်း ထိုးဖောက်မှု လွယ်ကူစေရန်၊ (၄) ဘောင်ကြား ရေသွင်းနိုင်ရန်၊ (၅) မြေမှ အငွေ့ပျံခြင်းကို လျော့ကျနိုင်စေရန်၊ (၆) မြေတွင် သဘာဝမြေသြဇာများ တိုးပွားလာစေရန်။<br>**မြေခံမြေသြဇာထည့်ခြင်း -** ၀.၀၆ဧကအတွက် ၉း၂၅း၂၅ကွန်ပေါင်း ၁၂ ပိဿာနှင့်ဘိုကာရှိ မြေဆွေး ၃၇ - ၇၄ ပိဿာကို စိုက်ဘောင်များပြင်ချိန်တွင် သမအောင်ထည့်ပါ။ ကောင်းစွာမဆွေးသော မြေဆွေး မသုံးပါနှင့်။ တတ်နိုင်လျင် မြေဆွေး နှစ်ဆ ထည့်ပါ။ (မုန်လာဥနီတွင် အမွှေးအမျှင်များ ထွက်လာတတ်သောကြောင့် ရောင်းပန်းမလှတတ်ပါ။)<br>**ပင်ကြားတန်းကြားစိုက်တန်းသတ်မှတ်ခြင်း -** ပင်ကြား ၂ လက်မ၊ တန်းကြား ၈ လက်မ။ မစိုက်မီ၂ရက်အလိုတွင် ထရိုင်ကိုဒါးမားဖျော်ရည် (၇ ဂရမ် နှင့် ရေ ၁ဝလီတာ) ကို ဘောင်များကို လောင်းပါ။<br>**ပျိုးထောင်ခြင်း -** ပျိုးထောင်ရန် မလိုအပ်ပါ။<br>**စိုက်ကျင်းတူးခြင်း** - စိုက်ကျင်းတူးရန် မလိုအပ်ပါ။ | အစိုဓါတ်ရှိသော မြေသည် ပြုပြင်ရလွယ်သည်။<br><br>မစိုက်မီ ၂ရက်အလိုတွင် ဘောင်ကို အ အစိုဓာတ်ရရှိ အောင်ပြုလုပ်ပါ။ |
| စိုက်နည်းစနစ် | **ရွှေ့ပြောင်းစိုက်ပျိုးခြင်း -** မုန်လာဥနီကို တိုက်ရိုက်စိုက်ပါ။ ရွှေ့ပြောင်း စိုက်လျှင် ဥနှစ်ခွဖြစ်ပြီး အပင် မသန်ပါ။<br>**တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း** - မျိုးစေ့အရွယ်အစား၏ ၂ဆအနက်ထားပြီး စိုက်ပါ။ ဘောင်အစွန် ၆လက်မ အကွာမှစ၍ တစ်တန်းနှင့်တစ်တန်း ၈ လက်မခြားပြီး ၁ လက်မခန့်အနက်ရှိသော စိုက်ကြောင်းများဆွဲပါ။<br>မျိုးစေ့ကို သဲနှင့်ရောစပ်ပြီးမှ စိုက်ကြောင်းတစ်လျှောက် ခပ်ပါးပါးဖြူးပြီး ခပ်ပါးပါးပြန်ဖုံးပါ။<br>**မြေဖုံးပေးခြင်း -**<br>ပေါင်း၊ ရောဂါပိုးမွှားနှင့် မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ရန်၊ မြေတွင်း အပူချိန်လျော့ကျစေရန်၊ ပေါင်းကာကွယ်စေရန် ကောက်ရိုး ခပ်ပါးပါးဖုံးပါ (သို့) ပလပ်စတစ်စဖြင့် ဘောင်ပေါ်တွင်ဖုံးပါ။ ကောက်ရိုးများကို အပင်ခြေနှင့် မထိစေရ။ | ညနေပိုင်းမစိုက်မီ ဘောင်များကို ရေရွှဲ အောင် လောင်းထား ပါ။ စိုက်ပြီးမှ မရေ မလောင်းပါနှင့် (မျိုးစေ့များ ရေတွင် ပါ ပါသွားတတ်သည်) |
| စိုက်ပြီး ၁-၂ ပတ် | **အပင်မှန်ခြင်းနှင့်အပင်ဖာခြင်း -** တစ်ကျင်းတွင် သန်မာသောအပင်သာ ရှိစေရန် အပင်မှန်ခြင်း ပြုလုပ်ရန် လိုအပ်ပါသည်။ အပင်ပေါက်စုံလျှင် တစ်ပင်နှင့် တစ်ပင်ကြား ၂ လက်မခြားပြီး အပင်မှန်းပါ။<br>**ပေါင်းရှင်းခြင်း** - အစာအာဟာရလုစားခြင်း၊ ပိုးနှင့်ရောဂါများ ခိုအောင်းခြင်းတို့မှ ကာကွယ်စေရန် ပေါင်းကိုလိုအပ်သလိုရှင်းပါ။ အပင်ငယ်စဉ်တွင် ပေါင်းကင်းစင် စေရန်လိုအပ်သည်။<br>**ပိုးနှင့်ရောဂါနှိမ်နင်းခြင်း** - ပိုးနှင့်ရောဂါမှ ကြိုတင်ကာကွယ်ရန် အီးအမ် ၅ နှင့် တမာ ပိုးသတ်ဆေးကို အပတ်စဉ်တိုင်းဖျန်းပါ။ အကယ်၍ မနိုင်ပါက နောက်ဆုံးအနေဖြင့် ဓာတုနည်းဖြင့် နှိမ်နင်းပါ။ | တစ်ရက်ခြားတစ် ကြိမ် ရေ ၈ လီတာ/ ၃ပေ ပတ်လည် ပေးပါ။ |
| စိုက်ပြီး ၃ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက်ခြင်း ပြုလုပ်ပါ။<br>**ဖြည့်စွက်မြေသြဇာကျွေးခြင်း** - ရေတစ်လီတာတွင် ဆားခါးလက်ဖက် | တစ်ရက်ခြား တစ်ကြိမ် ရေ ၁၂ လီတာ/ ၃ပေပတ်လည် ပေးပါ။ |

| | | |
|---|---|---|
| | စားဇွန်း ၁ ဇွန်းနှုန်း ဖြင့် ဖျော်စပ်ပြီး ဘောင်တစ်လျှောက် ၁.၀၆ ဧက အတွက် ၂ ပိဿာခန့် ကုန်မည်ဖြစ်သည်။) | |
| စိုက်ပြီး ၄ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။ | တစ်ရက်ခြား တစ်ကြိမ် ရေ ၁၄ လီတာ/ ၃ပေပတ်လည်ပေးပါ။ |
| စိုက်ပြီး ၅ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>**ဖြည့်စွက်မြေဩဇာကျွေးခြင်း** - ရေတစ်လီတာတွင် ဆားခါး လက်ဖက်စားဇွန်း ၁ ဇွန်းနှုန်းဖြင့် ဖျော်စပ်ပြီး ဘောင်တစ်လျှောက် နှံ့စပ်အောင် ဖျန်းပါ။ (၁.၀၆ ဧက အတွက် ၂ ပိဿာခန့် ကုန်မည် ဖြစ်သည်။) | တစ်ရက်ခြား တစ်ကြိမ် ရေ ၁၆ လီတာ/ ၃ပေ ပတ်လည် ပေးပါ။ |
| စိုက်ပြီး ၆ မှ ၇ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။ | တစ်ရက်ခြား တစ်ကြိမ် ရေ ၁၆ လီတာ/ ၃ပေ ပတ်လည်ပေးပါ။ |

**ပိုးမွှားနှင့်ရောဂါ များ ကာကွယ်နှိမ်နင်းခြင်း**

**ဓာတုဆေး နှင့် အော်ဂဲနစ်ဆေး ရွေးချယ်မှု**

ပိုးနှင့်ရောဂါလက္ခဏာများမှန်မှန်စစ်ဆေးပါ။ အရွက်မျက်နှာပြင်၂ ခုလုံးနှင့် ပင်စည်တစ်လျှောက်ကြည့်ပါ။ သဘာဝဆေးများ ဖြင့် မနိုင်လျှင် အောက်တွင်ဖော်ပြထားသော ဓာတုဆေးများကို အသုံးပြုပါ။

| ပိုးမွှား၊ရောဂါနှင့် လက္ခဏာများ | ကာကွယ်နှိမ်နင်းနည်း |
|---|---|
| • မုန်လာဥနီယင် (ပုံ -၁)<br>• နီမတုတ် (ပုံ -၂) | • သီးလှည့် စိုက်ပါ။ ဆိုက်ပါမက်သရင်း + ကလိုရိုပိုင်ရီဖော့ (ဆိုင်ကလုန်း)ဖျန်းပါ။<br>• သီးလှည့် စိုက်ပါ။ |
| • ဘတ်တီးရီးယားပျော့ပုပ် ရောဂါ (ပုံ-၃)<br>• အော်တာနေးရီးယား ရွက်ပြောက်ရောဂါ (ပုံ -၄) | • ထောက်ခံထားသော မျိုးစေ့ကို သုံးပါ။ သီး သီးလှည့် စိုက်ပါ။ ကော့ပါးပါသောဆေး များသုံးပါ။<br>• သီးလှည့် စိုက်ပါ။ အဇိုဆီ စထရိုဘင် + ဒိုင်ဖီနိုကိုနာဇော (ယူနတီ) ဆေးဖျန်းပါ။ |



၁။ မုန်လာဥယင်



၂။ နီမတုတ်

<table>
<tr><td colspan="2"><br>၃။ ဘက်တီးရီးယားပျော့ပုပ်ရောဂါ<br><br>၄။ အော်တာနေးရီးယား ရွက်ပျောက်ရောဂါ</td></tr>
<tr><td>ရိုးဆွတ်ခြင်း</td><td>မုန်လာဥနီများကို နုတ်ယူပြီး မြေကြီးခြောက်သွားသည်အထိထားပါ။<br>အရွက်များကို အရိုးတံ အနည်းငယ်ချန်ပြီး ဖြတ်ပါ။<br> </td></tr>
<tr><td>အရည်အသွေး<br>အတွက်လမ်းညွှန်များ</td><td>ရေနှင့် အာဟာရထိန်းထားပါ။ (အရသာ ကောင်းစေရန်) မနုတ်မီ ၂ ပတ်<br>အလိုတွင် ရေဖြတ်ထားပါ။ သိုလှောင်ချိန်တွင် ထိခိုက်မှုမရှိစေရန် ဂရုစိုက်ပါ။<br>အရွက်နှင့် ဥပိုင်းဆုံသောနေရာကို မြေပေါ်မပေါ်စေရန် မြေဖြင့်ဖုံးပေးပါ။<br>မြေပဲ၊ ကန်စွန်းဥ နှင့် မုန်လာဥဖြူ စိုက်ပြီးနောက် မုန်လာဥနီ မစိုက်သင့်ပါ။</td></tr>
</table>

| ငရုတ်သီး စိုက်ပျိုးနည်း လမ်းညွှန်ချက်များ | | |
|---|---|---|
| မျိုးရွေးချယ်ခြင်း | ဈေးကွက်ကောင်းပြီး နီမတုတ်နှင့် အသီးမဲ့ပြောက်စွန်း ရောဂါများကို ခံနိုင်ရည်ရှိသော မျိုးများကို ရွေးချယ်ပါ။ (ဥပမာ - Demon, Tongla 692 EW) |  |
| ကြိုက်နှစ်သက်သော ရာသီဥတု | ငရုတ်သည် ခြောက်သွေ့သောရာသီတွင် အသီးကောင်းပြီး ရောဂါဖြစ်မှု နည်းသည်။ | |
| သီးနှံသက်တမ်း | ရွှေ့ပြောင်းစိုက်ပြီးရက် ၅၀-၅၅တွင် စတင်ခူးပြီးနောက်ထပ် ၅-၆ လ အထိခူးနိုင်သည်။ | |
| အထွက်နှုန်း (ခန့်မှန်း) | စပ်မျိုးများအတွက် ၀.၀၆ဧကလျှင် ၃၅၂ ပင် ဝင်ဆန့်ပြီး ၂၁၁ ပိဿာ (အစို) (သို့) ၅၃ ပိဿာ (အခြောက်)/ ထွက်ရှိမည်။ ဒေသမျိုးများအတွက် ၀.၀၆ဧကအတွက်၇၂၆ပင် ဝင်ဆန့်ပြီး အစို ၁၀၈ပိဿာ ထွက်မည်။ | |
| မြေချဉ်/ငန်ကိန်း | ၅ - ၆ ရှိသောမြေကိုပိုနှစ်သက်သည်။ | |
| မျိုးစေ့ နှင့် အပင် ဦးရေ | တွန်ဂလာမျိုး - ၁ ထုပ် (၅ ဂရမ်ထုပ်)၊ ၃၅၂ ပင်/ ၀.၀၆ ဧက<br>ဒေသမျိုး - ၁ကျပ်သား/၀.၀၆ဧက | |
| နေရာရွေးချယ်ခြင်း | ငရုတ်သည်မြေအမျိုးမျိုးမှာ ဖြစ်ထွန်းသော်လည်း ရေမဝပ်ရပါ။ သဲနုန်းမြေသည် အကောင်းဆုံးဖြစ်သည်။ | |
| ရေသွင်းခြင်း | ရေငတ်ဒဏ်မခံနိုင်၍ ရေမပြတ်စေရ။ စိုက်ခင်းကျယ်ပါက ရေသွင်းမြောင်း(furrow)ဖြင့်လည်းကောင်း၊ အစက်ချစနစ်နှင့်ရေပန်းကရားစနစ်တို့ လည်းအသုံးပြုနိုင်သည်။ စိုက်ခင်းငယ်ပါက ရေထမ်းလောင်းနိုင်သည်။ ရေဖျန်းခြင်း (Sprinkler)စနစ်သည် အရွက်ရောဂါများကိုဖြစ်စေသည်။<br>၁) အပင်ငယ်များသည်အပင်ကြီးများထက် ရေလိုအပ်မှုနည်းသည်။ (၂) စိုက်ဘောင်ရှိ စိုက်တန်းကြားများကို အစက်ချစနစ် (သို့) ရေပန်းစနစ် အသုံးပြုခြင်းဖြင့် လုပ်အားနှင့် စိုက်ပျိုးရေချွေတာနိုင်သည်။ (၃) စိုက်ဘောင်တန်းကြား ရေသွင်းစိုက်ပျိုးခြင်းသည် စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးစေသည်။ ပေါင်းများစွာပေါက်ရောက်နိုင်ပြီး အရွက်များလည်း ရောဂါကျရောက်စေသည်။<br>စိုက်ချိန်မှ အသီးကြီးထွားချိန် ထိရေမှန်မှန်လောင်းပေးပါ။<br>**အာဟာရရည်ကျွေးခြင်း** - အစက်ချ စနစ်သုံးလျှင်အာဟာရရည်ကျွေးခြင်း ပြုလုပ်နိုင်သည်။ | |
| လုပ်ငန်းဆောင်ရွက်ရမည့် အချိန်များ | **လုပ်ဆောင်ရမည့်လုပ်ငန်းများ** -<br>မိမိ၏ ရေမြေ၊ ရာသီဥတု လိုအပ်ချက်နှင့် အညီ ချင့်ချိန် လုပ်ဆောင်ရန် ဖြစ်သည်။ | **ရေလောင်းခြင်း** |
| မစိုက်မီ ၁ လ | **မြေပြင်ခြင်း**- အမြစ် နက်နက်ဆင်းသဖြင့် မြေကိုထယ်ရေးနက်နက် (၉-၁၂)လက်မ နှင့် ထွန်ရေး (၂-၃)ကြိမ်ထိုးပါ။<br>**ထုံးထည့်ခြင်း** - မြေချဉ်/ငန်ကိန်း ၆ အောက်ရောက်လျှင် ထုံးကို ၀.၀၆ ဧကအတွက် တစ်နှစ်လျှင် ၁၃ ပိဿာ နှုန်းဖြင့် သုံးနှစ် ဆက်တိုက်ထည့်ပါ။<br>**ဘိုကာရှီမြေဆွေးပြုလုပ်ခြင်း၊ ငါးအမိုင်နိုအက်ဆစ် အပင်အားဆေးရည် ပြုလုပ်ခြင်း နှင့် အီးအမ်-၅**။ ကောင်းစွာဆွေးမြေ့စေရန် အပင်မစိုက်မီ ၃ပတ်အလိုတွင် ဘိုကာရှီမြေဆွေး၊ ငါးအမိုင်နိုအက်ဆစ်၊ အီးအမ်-၅ တို့ကို ပြင်ဆင်ပါ။ (နောက်ဆက်တွဲတွင်ကြည့်ပါ) | အစိုဓါတ်ရှိသောမြေသည် ပြုပြင်ရလွယ် သည်။ |

| | | |
|---|---|---|
| မစိုက်မီ ၃ ပတ် | **ပျိုးထောင်ခြင်း**<br>အပေါက် ၁၀၅ ပေါက်ပါသောပျိုးဗန်းကိုအသုံးပြုပြီး ပျိုးမြေအဖြစ် နွားချေး အဆွေး ၁ ဆ၊ ရိုးရိုးမြေ ၁ ဆ၊ ဖွဲပြာ ၁ ဆ) တို့ကိုရောစပ်အသုံးပြုနိုင်ပါသည်။ တကျင်းကို တစ်စေ့စိုက်ပါ။ ၃-၄ ရက်တွင် ပထမအရွက် ထွက်လာပြီးအပင်များ ၄လက်မ အမြင့်ရှိလျှင် စိုက်ခင်းသို့ ရွှေ့ပြောင်းနိုင်သည်။ | နံနက်တိုင်းအပင်များကို ရေလောင်းပါ။ |
| မစိုက်မီ ၁ ပတ် | **စိုက်ဘောင်ပြင်ဆင်ခြင်း -** ၃ ပေအကျယ်၊ ၁ ၁ ပေအမြင့် ဘောင်များပြုလုပ်ပါ။ တန်းကြား ၂ ပေ၊ ပင်ကြား ၃ ပေ ထားပါ။ သုံးပွင့်ဆိုင် ၈ လက်မအကျယ်၊ ၈ လက်မအနက်ကျင်းများ ပြုလုပ်ပြီး ကျင်းတစ်ကျင်းလျှင် ဘိုကာရှီမြေဆွေး လက်တစ်ဆုပ်စာ ထည့်ပြီး ထရိုင်ကိုဒါးမားရည် ၄ဂစီစီ (၇ ဂရမ်/၁ဂလီတာ)ကို မစိုက်မီ ၂ ရက်အလိုတွင် လောင်းထားပါ။<br>ဘောင်တင်ခြင်း၏အကျိုးကျေးဇူးများ - (၁) ရေထုတ်ရန်၊ (၂) မြေတွင်း လေဝင်လေထွက် ကောင်းရန်၊ (၃) အမြစ်များ မြေတွင်း ထိုးဖောက်မှု လွယ်ကူစေရန်၊ (၄) ဘောင်ကြား ရေသွင်းနိုင်ရန်၊ (၅) မြေမှ အငွေ့ပျံခြင်းကို လျော့ကျနိုင်စေရန် (၆) မြေတွင်သဘာဝ မြေဩဇာများတိုးပွားလာစေရန်။<br>**မြေခံမြေဩဇာကျွေးခြင်း -** ၁၅း၁၅း၁၅ ကွန်ပေါင်းဓာတ်မြေဩဇာ ၆ ပိဿာ ကို ဘောင်ပြုလုပ်ချိန်တွင် ဘောင်ထဲသို့ မြေခံထည့်ပါ။ ဂ.ဂ၆ ဧကအတွက် ဘိုကာရှီ မြေဆွေး ၃၇ - ၇၄ ပိဿာထည့်ပါ။<br>**မြေဖုံးပေးခြင်း** - ပေါင်း၊ ရောဂါပျံ့နှံ့မှုနှင့်မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ရန်၊ မြေတွင်းအပူချိန်လျော့ကျစေရန်၊ ပေါင်းကာကွယ်စေရန် ကောက်ရိုးကို ၆ လက်မအထူ (သို့) ပလပ်စတစ်စဖြင့် ဘောင်ပေါ်တွင် ဖုံးပါ။ ကောက်ရိုးများကိုအပင်ခြေနှင့် မထိစေရ။ | စိုက်ဘောင်များကို ရေအစိုဓာတ် မပြတ်စေရန် ဆောင်ရွက်ပါ။ |
| စိုက်နည်းစနစ် | **ရွှေ့ပြောင်းစိုက်ပျိုးခြင်း -** ကျန်းမာသန်စွမ်းသောပျိုးပင်များကို စိုက်ကျင်း တစ်ကျင်းလျှင် တစ်ပင်နှုန်းဖြင့် စိုက်ပျိုးပါ။<br>**တိုက်ရိုက်စိုက်ပျိုးခြင်း-** ငရုတ်ပင်ကိုတိုက်ရိုက်မစိုက်ပျိုးသင့်ပါ။ | အမြစ်ခြေတွင်မြေသိပ်သွားရန် စိုက်ပြီးရေနဲနဲ လောင်းပါ။ နစ်ရက် တစ်ကြိမ် ရေလောင်းပါ။ |
| ရွှေ့စိုက်ပြီး ၁ ပတ် | **ပေါင်းရှင်းခြင်း-** အစာအာဟာရလုစားခြင်း၊ ပိုးနှင့်ရောဂါများ ခိုအောင်းခြင်း တို့မှ ကာကွယ်စေရန် ပေါင်းကိုလိုအပ်သလိုရှင်းပါ။ အပင်ငယ်စဉ်တွင် ပေါင်းကင်းစင်စေရန် လိုအပ်သည်။<br>**အပင်မှုန်းခြင်းနှင့် အပင်ဖာခြင်း -** တစ်ကျင်းတွင်သန်မာသောအပင်တစ်ပင်သာရှိစေရန် အပင်မှုန်းခြင်းနှင့် အပင်ဖာခြင်းအား ပြုလုပ်ရန် လိုအပ်ပါသည်။ | နစ်ရက်တစ်ကြိမ် ရေလောင်းပါ။ တစ်ပင်လျှင် ရေတစ်လီတာနှုန်း ရအောင် ပေးပါ။ |
| ရွှေစိုက်ပြီး ၂ - ၄ ပတ် | **ဘေးတက်ဖဲ့ခြင်း-** အသီးကောင်းစွာရရန်၊ ပထမဆုံးအသီးသီးသောခွသီးကို အဖူးကတည်းကဖယ်ပါ။ ခွသီးမရောက်မီအထိ အောက်တွင်ရှိသော ဘေးတက်များကိုလည်း အညွန့်ထွက်ကတည်းက ဖဲ့ပါ။<br>**ပေါင်းရှင်းခြင်း** - ပေါင်းများကိုပုံမှန်ရှင်းပေးပါ။<br>**ပိုးနှင့်ရောဂါနှိမ်နင်းခြင်း** - ပိုးနှင့်ရောဂါမှ ကြိုတင်ကာကွယ်ရန် အီးအမ်-၅ နှင့် တမာပိုးသတ်ဆေးကို အပတ်စဉ်တိုင်းဖျန်းပါ။ အကယ်၍ မနိုင်ပါက နောက်ဆုံးအနေဖြင့် ဓာတုနည်းဖြင့် နှိမ်နင်းပါ။ | နစ်ရက်တစ်ကြိမ် ရေလောင်းပါ။<br>တစ်ပင်လျှင် ရေ၂လီတာနှုန်း ရအောင် ပေးပါ။ |

<table>
<tr>
<td>ရွှေ့စိုက်ပြီး ၅ - ၆ ပတ်</td>
<td>ပေါင်းရှင်းခြင်း - ပေါင်းများကိုပုံမှန်ရှင်းပေးပါ။<br><br>ဖြည့်စွက်မြေသြဇာကျွေးခြင်း - စိုက်ဘောင်ပေါ်ရှိ အတန်းများကြားတွင် အနက် ၂လက်မ x အကျယ် ၂လက်မ ရှိသော မြောင်းငယ်ကို ဖော်ပါ။ ဆားခါး လက်ဘက်စားဇွန်းတစ်ဇွန်း (အပင်ကြီးထွားမှု ပေါ်မူတည်ပြီး ရွက်အုပ်နားတစ်လျှောက်) အပင်ငယ်စဉ် အပင်ရင်းမှ ၃ လက်မ ခွာပြီး ထည့်ပေးပါ။ (၂ ပိဿာ/ ၀.၀၆ ဧက)<br><br>၁၅း၁၅း၁၅ ကွန်ပေါင်းဓါတ်မြေသြဇာ ၄.၅ ပိဿာ လက်ဘက်စားဇွန်း ၂ ဇွန်းကို အပင်ရင်းမှ ၃လက်မခွာပြီး ကျွေးပါ။<br><br>ရွက်ဖြန်းမြေသြဇာဖြန်းခြင်း - ပိုတက်ဆီယမ် နိုက်ထရိတ်ကို ဆေးဖျန်းပုံးတပုံးလျှင် ၁၀ ကျပ်သားနှုန်းထည့်ပြီး ၂ ပုံး (၀.၀၆ ဧကအတွက် ၂၀ ကျပ်သား) ဖျန်းပါ။<br><br>ပိုးနှင့်ရောဂါနှိမ်နင်းခြင်း - ပိုးနှင့်ရောဂါ ကျမှုကိုဂရုပြု စောင့်ကြည့်ပါ။ ကျ ကျလျှင် အချိန်မီ ထိထိရောက်ရောက် နှိမ်နင်းပါ။</td>
<td>နစ်ရက်တစ်ကြိမ် ရေလောင်းပါ။<br><br>တစ်ပင်လျှင် ရေ၂လီတာနှုန်းရအောင် ပေးပါ။<br><br>မြေခြောက်ပါက ရေပိုပေးပါ။</td>
</tr>
<tr>
<td>ရွှေ့စိုက်ပြီး ၇ - ၉ ပတ်</td>
<td>ပေါင်းရှင်းခြင်း - ပေါင်းများကိုပုံမှန်ရှင်းပေးပါ။<br>ပိုးနှင့်ရောဂါနှိမ်နင်းခြင်း - ပိုးနှင့်ရောဂါကျမှုကို ဂရုပြု စောင့်ကြည့်ပါ။ ကျလျှင်အချိန်မီ ထိထိရောက်ရောက် နှိမ်နင်းပါ။</td>
<td>နေ့စဉ် တ တစ်ပင်လျှင် ရေ(၁) လီတာနှုန်း လောင်းပါ။</td>
</tr>
<tr>
<td>ရွှေ့စိုက်ပြီး ၁၀ - ၁၆ပတ် (ရိတ်သိမ်းချိန်အထိ)</td>
<td>ပေါင်းရှင်းခြင်း - ပေါင်းများကိုပုံမှန်ရှင်းပေးပါ။<br>ဖြည့်စွက်မြေသြဇာကျွေးခြင်း - အကယ်၍ အသီးဆက်သီးမည်ဆိုပါက - စိုက်ဘောင်ပေါ်ရှိ အတန်းများကြားတွင် အနက် ၂လက်မ x အကျယ် ၂လက်မ ရှိသော မြောင်းငယ်ကို ဖော်ပါ။ ၁၅း၁၅း၁၅ ကွန်ပေါင်း ဓါတ်မြေသြဇာ ၄.၅ ပိဿာ ကိုတစ်ပင်လျှင် ထမင်းစားဇွန်း ၁ ဇွန်း နှုန်း ကျွေးပါ။</td>
<td>နေ့စဉ် တစ်ပင်လျှင် ရေ (၂) လီတာနှုန်း လောင်းပါ။</td>
</tr>
<tr>
<td>ပိုးမွှားနှင့်ရောဂါများ ကာကွယ်နှိမ်နင်းခြင်း</td>
<td colspan="2">ဓါတုဆေးနှင့် အော်ဂဲနစ်ဆေးရွေးချယ်ခြင်း<br><br>ရောဂါနှင့်ပိုးမွှားလက္ခဏာများကိုမှန်မှန်စစ်ဆေးပါ။ ပိုး၊ ရောဂါကျလျှင် လူအားသုံးပြီးဖယ်ခြင်း၊ အော်ဂဲနစ် ဆေးများသုံးခြင်းကိုဦးစွာလုပ်ဆောင်ပြီး၊ မနိုင်မှသာ နောက်ဆုံးအနေဖြင့် ဓာတုနည်းဖြင့် နှိမ်နင်းပါ။<br><br>
<table>
<tr><th>ပိုးမွှား၊ ရောဂါနှင့် လက္ခဏာများ</th><th>ကာကွယ်နှိမ်နင်းနည်း</th></tr>
<tr><td>• သရစ်လေးပိုးဖျက်ဆီးမှု၊ (အရွက်များတွန့်ပြီးအပွင့်ကြွေ) (ပုံ-၁)<br>• ယင်ဖြူပိုး၊ (ပုံ-၂)</td><td>• EM-5 ပိုးနှင်ဆေးနှင့် တမာပိုးသတ်ဆေးကို ရွှေ့ပြောင်းစိုက်ပြီး အပတ်စဉ် ဖျန်းပါ။ အီမီဒါ ကလိုပရစ် (ဒိုဇာ)၊ အဘာမက်တင် (ဒီမွန်)၊ (သရစ်လေးပိုး နှင့် ယင်ဖြူ အတွက်)</td></tr>
<tr><td>• မဲ့ပြောက်စွန်းမှိုရောဂါ၊ (ပုံ-၃)<br>• ရွက်ပြောက် မှိုရောဂါ၊ (ပုံ-၄)<br>• ဗိုင်းရပ် ရွက်တွန့် ရောဂါ၊ (ပုံ-၅)<br>• မိုဇေ့ ဗိုင်းရပ် ရောဂါ၊ (ပုံ-၆)</td><td>• မက်တလက်ဇီ (လောင်)၊ အဇိုဆီစထရိုဘင် + ဒိုင်ဖီနိုကိုနာဇော (ယူနတီ)<br>• ရောဂါသင်္ဘောအင်းဆက်ပိုး ယင်ဖြူ များကို နှိမ်နင်းရန် ပင်လုံးပြန့် ပိုးသတ်ဆေးကို ဖျန်းပါ။ (အင်မီတာကလိုပရစ်၊ အဘာမက်တင်)<br>• (အပင်ရောဂါအားလုံးဖြစ်မှု သက်သာစေရန် ပိုတက်ဆီယမ် ဓာတ်မြေသြဇာ ပိုသုံးပါ။ ဒဏ်ခံနိုင်ရည်ရှိသော မျိုးစေ့ သုံးပါ။ ရောဂါကျအပင်ကို ဖယ်ရှားပြီးမီးရှို့ပါ။ သီးလှည့် စိုက်ပါ။ အပင်ကြား လေဝင်လေထွက် ကောင်းအောင် ဆောင်ရွက်ပါ)။</td></tr>
</table>
</td>
</tr>
</table>




၁။ သရစ်ပိုး ဖျက်ဆီးမှု လက္ခဏာ



၂။ ယင်ဖြူပိုး ဖျက်ဆီးခြင်း



၃။ မှဲ့ပြောက်စွန်းမှိုရောဂါ



၄။ ရွက်ပြောက်မှိုရောဂါ



၅။ ဗိုင်းရပ်ရွက်တွန့်ရောဂါ



၆။ မိုဇေ့ဗိုင်းရပ်ရောဂါ

| | |
|---|---|
| ခူးဆွတ်ခြင်း | ဈေးကွက်လိုအပ်ချက်အရအစိမ်း (သို့) အမှည့်ကိုအပတ်စဉ် ခူးနိုင်သည်။ ငရုတ်သီးစိမ်းကို နံနက်စောစောရာသီဥတုအေးနေချိန်တွင် ခူးဆွတ်သင့်သည်။ မိုးရွာချိန်နှင့် မိုးရွာပြီးစစိုစွတ်ချိန်တွင် ခူးဆွတ်ခြင်းမပြုသင့်ပါ။ ခူးသောအခါ အညှာရင်းပါအောင် ခူးပါ။ |
| အရည်အသွေးအတွက် လမ်းညွှန်များ | ပုလဲဓာတ်မြေဩဇာကို နောက်ကျကျွေးလျှင် အပင်ဟုန်ပြီး အသီးနောက်ကျစေသည်။ ရင့်မှည့်ချိန် ရေများစွာသွင်းလျှင် အသီးများပုပ်စေသည်။ |

| ခရမ်းချဉ် စိုက်ပျိုးနည်းစနစ်လမ်းညွှန်ချက်များ | | |
|---|---|---|
| မျိုးရွေးချယ်ခြင်း | ဈေးကွက်ကောင်းပြီး အထွက်နှုန်းမြင့်သော မျိုးများကို ရွေးပါ။<br>(ဒေသမျိုး၊ စပ်မျိုး F1 Nirvana , Platinum 701 , Glory 289 , LORA 909 ) |  |
| ကြိုက်နှစ်သက်သော ရာသီဥတု | ခရမ်းချဉ်သည် ရောဂါကျရောက်မှုများသော သီးနှံ ဖြစ်သော ကြောင့်အထူးဂရုပြုရမည်။ တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်သော်လည်း မိုးရာသီတွင် ရောဂါ ကျရောက်မှုများသည်။ | |
| သီးနှံသက်တမ်း | ရွှေ့စိုက်ပြီး ရက် ၅၀-၉၅ ကြာတွင် စတင် ခူးဆွတ်နိုင်ပါသည်။ မှတ်ချက်- ခရမ်းချဉ်သီးမျိုး အများစုသည် သက်တမ်းကြာရှည်သည်။ ချယ်ရီခရမ်းချဉ်အသေးမျိုး၌ လျှင်မြန်စွာ ရင့်မှည့်ပြီး သက်တမ်းတိုသည်။ | |
| အထွက်နှုန်း (ခန့်မှန်း) | ပျမ်းမျှအထွက်နှုန်း ၅၀၈ ပိဿာ /၀.၀၆ ဧက | |
| မျိုးစေ့ နှင့် အပင် ဦးရေ | ၅ဂရမ် ၁ထုပ်၊ ၇၂၆ ပင်/၀.၀၆ဧက | |
| နေရာရွေးချယ်ခြင်း | မြေအမျိုးစားမရွေး စိုက်နိုင်သော်လည်း ရေစီးရေလာကောင်းပြီး မြေဆီထက်သန်သောမြေတွင် ပိုမိုဖြစ်ထွန်းသည်။ | |
| မြေချဉ်/ငန်ကိန်း | ၆-၆.၅ ပိုကြိုက်နှစ်သက်သည်။ | |
| ရေသွင်းခြင်း | စိုက်ခင်းကျယ်ပါက<br>ရေသွင်းမြောင်း(furrow)ဖြင့်လည်းကောင်း၊ အစက်ချစနစ်နှင့်ရေပန်းကရားစနစ်တို့ လည်းကောင်း အသုံးပြုနိုင်သည်။ စိုက်ခင်းငယ်ပါက ရေထမ်းလောင်းနိုင်သည်။ ရေဖျန်းခြင်း (Sprinkler)စနစ်သည် အရွက်ရောဂါများကိုဖြစ်စေသည်။<br>(၁) အပင်ငယ်များသည်အပင်ကြီးများထက် ရေလိုအပ်မှုနည်းသည်။<br>(၂) စိုက်ဘောင်ရှိစိုက်တန်းကြားများကို အစက်ချစနစ် (သို့) ရေပန်းစနစ် အသုံးပြုခြင်းဖြင့် လုပ်အား နှင့် စိုက်ပျိုးရေချွေတာနိုင်သည်။<br>(၃)စိုက်ဘောင်တန်းကြားရေသွင်းစိုက်ပျိုးခြင်းသည် စိုက်ပျိုးရေလေလွင့်ဆုံးရှုံးစေသည်။ ပေါင်းများစွာ ပေါက်ရောက်နိုင်ပြီး အရွက်များလည်းရောဂါကျရောက်စေသည်။<br>ပန်းပွင့်ချိန်၊ အသီးတင်ချိန်၊ အသီးကြီးထွားချိန်များတွင် ရေမှန်မှန်ပေးရန် လိုအပ်သည်။ မြေမဖုံးထားသော အပင်အတွက် ရေပိုလိုမည်။ သက်ကြီးမျိုးများ သည် ခူးဆွတ်ချိန်တွင် ရေလိုအပ်မှုနည်းသွားသည်။ အသီးများ ကြီးထွားချိန်တွင် ရေ မှန်မှန်မလောင်းလျှင် အသီးကွဲတတ်သည်။<br>**အာဟာရရည်ကျွေးခြင်း** - အစက်ချစနစ်သုံးလျှင်အာဟာရရည်ကျွေးခြင်း ပြုလုပ်နိုင်သည်။ | |
| လုပ်ငန်းဆောင်ရွက်ရမည့် အချိန်များ | **လုပ်ဆောင်ရမည့်လုပ်ငန်းများ** -<br>မိမိ၏ ရေမြေ၊ ရာသီဥတု လိုအပ်ချက်နှင့် အညီ ချင့်ချိန် လုပ်ဆောင်ရန် ဖြစ်သည်။ | **ရေပေးခြင်း** |
| မစိုက်မီ ၁လ | **မြေပြင်ခြင်း** - မြေကိုထယ်ရေးနက်နက် (၉-၁၂) လက်မနှင့် ထွန်ရေး (၂-၃) ကြိမ်ထိုးပါ။ | |
| မစိုက်မီ ၃ ပတ် | **ထုံးထည့်ခြင်း** - ၀.၀၆ ဧက အတွက်ထုံးကို တစ်နှစ်လျှင် ၁၃ ပိ ပိဿာ နှုန်းဖြင့် သုံးနှစ်ဆက်တိုက် ထည့်ပါ။ | |

| | | |
|---|---|---|
| | **ဘိုကာရှီမြေဆွေးပြုလုပ်ခြင်း၊ ငါးအမိုင်နိုအက်ဆစ်အပင်အားဆေးရည် ပြုလုပ်ခြင်း နှင့် အီးအမ်-၅**<br>ကောင်းစွာဆွေးမြေ့စေရန် အပင်မစိုက်မီ ၃ပတ်အလိုတွင် ဘိုကာရှီမြေဆွေး၊ ငါးအမိုင်နိုအက်ဆစ်၊ အီးအမ်-၅ တို့ကို ပြင်ဆင်ပါ။<br>(နောက်ဆက်တွဲတွင်ကြည့်ပါ) | **ဘိုကာရှီအား အစိုဓါတ်ရှိအောင်ထားပါ။** |
| | **မျိုးခင်းပြင်ဆင်ခြင်း -** မျိုးထောင်ခြင်း - အပေါက် ၁၀၅ ပေါက်ပါသော မျိုးဗန်းကို အသုံးပြုပါ။ မျိုးမြေအဖြစ် ရိုးရိုးမြေ၊ နွားချေးဆွေး နှင့် ဖွဲပြာ တို့ကိုဆတူရောစပ်ပြီး အသုံးပြုနိုင်ပါသည်။<br>(နောက်ဆက်တွဲတွင်ကြည့်ပါ)<br>တစ်ပေါက်ကို တစ်စေ့ စိုက်ပါ။ မျိုးသက် ၂၁ ရက် (အမြင့် ၄လက်မခန့်၊ အရွက် ၄-၅ ရွက်) တွင် ရွှေ့စိုက်ပါ။ | မြေအစိုဓာတ်ရရှိစေရန် နံနက်တိုင်းအပင်များကို လိုအပ်သလို ရေလောင်းပါ။ |
| မစိုက်မီ ၁ ပတ် | **စိုက်ဘောင်ပြင်ဆင်ခြင်း -**<br>တစ်ဘောင်နှင့်တစ်ဘောင် ၁.၅ ပေခြားပြီး ဘောင် အကျယ် ၃ပေ ၊ အမြင့် ၉-၁၂ လက်မ ဘောင်များပြုလုပ်ပါ။<br>ဘောင်တင်ခြင်း၏အကျိုးကျေးဇူးများ - (၁) ရေထုတ်ရန်၊ (၂) မြေတွင်း လေဂင်လေထွက် ကောင်းရန်၊ (၃) အမြစ်များ မြေတွင်း ထိုးဖောက်မှု လွယ်ကူစေရန်၊ (၄) ဘောင်ကြား ရေသွင်းနိုင်ရန်၊ (၅) မြေမှ အငွေ့ပျံခြင်းကို လျော့ကျနိုင်စေရန်၊ (၆) မြေတွင်သဘာဝမြေသြဇာများတိုးပွားလာစေရန်။ | |
| | **ပင်ကြားတန်းကြားစိုက်တန်းသတ်မှတ်ခြင်း-** ပင်ကြား၁.၅ပေ× တန်းကြား၂ပေ စိုက်ပါ။ အစွန်နှစ်ဖက်ကို ၆ လက်မချန်ပြီး စိုက်ပါ။ စိုက်တန်းတစ်လျှောက် ၁.၅ ပေအကွာ ဖိုခနောက်ဆိုင် စိုက်ပါ။ | အစိုဓာတ်ရှိသော မြေသည် ပြုပြင်ရလွယ်ကူသည်။ |
| | **မြေခံမြေသြဇာထည့်ခြင်း -** ဂ.ဂ၆ဧကအတွက် ၁၅း၁၅း၁၅ကွန်ပေါင်း ၆ ပိဿာ နှင့်ဘိုကာရှီမြေဆွေး ၃၇ - ၇၄ ပိဿာ ကို စိုက်ဘောင်များပြင်ချိန်တွင် သမအောင် ထည့်ပါ။ | |
| | **စိုက်ကျင်းတူးခြင်း -** ၆လက်မ ပတ်လည်အကျယ် ၆လက်မ အနက်ရအောင်ကျင်းတူးပါ။ စိုက်ကျင်းတစ်ကျင်းလျှင်လက်တစ်ဆုပ်စာ ဘိုကာရှီမြေဆွေးထည့်ပါ။ မစိုက်မီ၂ ရက်အလိုတွင် ထရိုင်ကိုဒါးမား ဖျော်ရည် (၇ ဂရမ် နှင့် ရေ ၁ ဂလီတာ ) ကိုတစ်ပင်လျှင် နို့ဆီဘူးဂက် ခန့်လောင်းထည့်ပါ။ | မစိုက်မီ ၂ရက်အလိုတွင် ကျင်းတူးရလွယ်ကူစေရန် နှင့် အပင်ငယ်များ ရွှေ့ပြောင်းစိုက်ပျိုးရလွယ်ကူစေရန် လိုအပ်လျှင်ဘောင်ကို အစိုဓာတ်ရရှိအောင် ပြုလုပ်ပါ။ |
| | **မြေဖုံးပေးခြင်း -**<br>ပေါင်း၊ ရောဂါပိုးနှံ့မှုနှင့် မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ရန်၊ မြေတွင်းအပူချိန်လျော့ကျစေရန်၊ ပေါင်းကာကွယ်စေရန် ကောက်ရိုးကို ၆လက်မအထု (သို့) ပလပ်စတစ်စဖြင့် ဘောင်ပေါ်တွင် ဖုံးပါ။ ကောက်ရိုးများကို အပင်ခြေနှင့်မထိစေရ။ ရောဂါဖြစ်စေနိုင်သည်။ | |
| စိုက်နည်းစနစ် | **ရွှေ့ပြောင်းစိုက်ပျိုးခြင်း -** ကျန်းမာသန်စွမ်းသောပျိုးပင်များကို စိုက်ကျင်း တစ်ကျင်းတွင်တစ်ပင်နှုန်းဖြင့် စိုက်ပျိုးပါ။ မြေလုံးမကွဲစေရန် ဂရုစိုက် စိုက်ပျိုးပါ။<br>**တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း -** တိုက်ရိုက်မစိုက်ပျိုးသင့်ပါ။ | ပြောင်းရွှေ့စိုက်ပြီးပြီးချင်း အပင်များကို ရေလောင်းပါ။ |

| | | |
|---|---|---|
| ရွှေ့စိုက်ပြီး ၁ ပတ် | **အပင်မှုန်းခြင်း နှင့် အပင်ဖာခြင်း -** တစ်ကျင်းတွင်သန်မာသောအပင် တစ်ပင်သာရှိစေရန်အပင်မှုန်းခြင်းနှင့်အပင်ဖာခြင်းအား ပြုလုပ်ရန်လိုအပ်ပါသည်။<br>**တိုင်ထောင်ခြင်း -** အပင် ၁၂ လက်မအမြင့် ရောက်ပါက ၆ပေအရှည်ဝါးလုံးကို အသုံးပြုပြီး တစ်ပင်တစ်ချောင်းစိုက်ပါ။ အပင်ထောင်မတ်စေရန် အပင်နှင့် ဝါးကို ဖွဖွချည်ပေးပါ။ | တစ်ရက်ခြားတစ်ကြိမ်<br>တစ်ပင်လျှင်<br>ရေ ၁ လီတာခန့်လောင်းပါ။ |
| ရွှေ့စိုက်ပြီး ၂ ပတ် | **ဘေးတက်ဖဲ့ခြင်း၊ ခေါင်နှိမ်ခြင်း** -ပထမပန်းခိုင်(သို့) ဒုတိယပန်းခိုင် အောက်တွင် ရှိသော ဘေးတက်များကိုဖဲ့ပါ။<br>**ပေါင်းရှင်းခြင်း -** အစာအာဟာရလုစားခြင်း၊ ပိုးနှင့်ရောဂါများ ခိုအောင်းခြင်းတို့မှ ကာကွယ်စေရန် ပေါင်းကိုလိုအပ်သလိုရှင်းပါ။ အပင်ငယ်စဉ်တွင် ပေါင်း ကင်းစင်စေရန် လိုအပ်သည်။<br>**ပိုးနှင့် ရောဂါနှိမ်နင်းခြင်း -** ပိုးနှင့်ရောဂါမှ ကြိုတင်ကာကွယ်ရန် အီးအမ်-၅ နှင့် တမာပိုးသတ်ဆေးကို အပတ်စဉ်တိုင်းဖျန်းပါ။ အကယ်၍ မနိုင်ပါက နောက်ဆုံး အနေဖြင့် ဓာတုနည်းကိုသုံးပြီး နှိမ်နင်းပါ။<br>(အောက်ဖော်ပြပါပုံတွင်ကြည့်ပါ) | တစ်ရက်ခြားတစ်ကြိမ်<br>တစ်ပင်လျှင်<br>ရေ၂လီတာခန့် လောင်းပါ။ |
| ရွှေ့စိုက်ပြီး ၃ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင်လက်ပေါင်းလိုက်ခြင်း ပြုလုပ်ပါ။<br>**ဖြည့်စွက်မြေသြဇာကျွေးခြင်း -** အပင်ခြေမှ ၃လက်မ အကွာတွင် ၂လက်မ အကျယ်၊ ၂လက်မအနက်ရှိသောမြောင်းကို စိုက်တန်း တစ်လျှောက်တူးပါ။တစ်ပင်လျှင် ဆားခါးလက်ဖက်စားဇွန်း တစ်ဇွန်း ကျွေးပါ။ (၁.၁၆ဧက အတွက် ၂ပိဿာ)။ ပလပ်စတစ်ဖုံးအုပ်ထားသော ဘောင်အတွက်တစ်ပင်နှင့် တစ်ပင်ကြား ကျင်းတူးပြီး ကျွေးပါ။<br>၁၅း၁၅း၁၅ ကွန်ပေါင်းကို တစ်ပင်လျှင်ထမင်းစားဇွန်း တစ်ဇွန်းဖြင့် အပင်ခြေမှ ၃ လက်မခွာပြီး ၁.၁၆ ဧကအတွက် ၄.၅ ပိဿာ ထည့်ပါ။ မြေခြောက်သွေ့ပါက ရေပမာဏ တိုးပေးပါ။<br>ပလပ်စတစ်ဖုံးအုပ်ထားသောဘောင်အတွက် တစ်ပင်နှင့် တစ်ပင်ကြား ကျင်းတူးပြီး ကျွေးပါ။ | တစ်ရက်ခြားတစ်ကြိမ် တ<br>တစ်ပင်လျှင်<br>ရေ၂လီတာခန့် လောင်းပါ။ |
| ရွှေ့စိုက်ပြီး ၄ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင်လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>**ဖြည့်စွက်မြေသြဇာကျွေးခြင်း -** ရေ ၄ ဂါလံဂင်ဆေးဖျန်း ပုံးတစ်ပုံးတွင် ပိုတက်ဆီယမ်နိုက်ထရိတ်ကို ၁၀ ကျပ်သားနှုန်းဖြင့် ဖျော်စပ်ပြီး နံနက်ပိုင်းတွင်အရွက်များပေါ် သို့ ရွှဲရွှဲဖျန်းပါ။<br>ပန်းပွင့်ချိန်မှစပြီး နောက်ပိုင်းအထိ ၂-၃ကြိမ်ခန့်ဖြန်းပေးပါ။ | တစ်ရက်ခြားတစ်ကြိမ်<br>တစ်ပင်လျှင်<br>ရေ ၂ လီတာခန့် လောင်းပါ။ |
| ရွှေ့စိုက်ပြီး၅ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင်လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>**ဖြည့်စွက်မြေသြဇာကျွေးခြင်း** - အပင်ခြေမှ ၁၀ လက်မ အကွာတွင် ၂လက်မအကျယ်၊ ၂လက်မအနက်ရှိသောမြောင်းကို စိုက်တန်း တစ်လျှောက်တစ်ပင်လျှင် ဆားခါးလက်ဖက်စားဇွန်းတစ်ဇွန်းကျွေးပါ။ (၁.၁၆ဧကအတွက်၂ ပိဿာ)။ | တစ်ရက်ခြားတစ်ကြိမ်<br>တစ်ပင်လျှင်<br>ရေ ၃ လီတာခန့် လောင်းပါ။ |
| ရွှေ့စိုက်ပြီး၆- ၉ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင်လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>**ဖြည့်စွက်မြေသြဇာကျွေးခြင်း** - ပိုတက်ဆီယမ်နိုက်ထရိတ်ကို ရေ ၄ ဂါလံဂင် ဆေးဖျန်းပုံးတစ်ပုံးတွင် ၁၀ကျပ်သားနှုန်းဖြင့် ဖျော်စပ်ပြီး နံနက်ပိုင်းတွင် အရွက်များပေါ် သို့ ရွှဲရွှဲဖျန်းပါ။ | မြေသြဇာကျွေးပြီးပြီးချင်း<br>တစ်ပင်လျှင်<br>ရေ ၃ လီတာခန့် လောင်းပါ။ |
| သီးနှံ ၉ ပတ် မှ ရိတ်သိမ်းချိန်အထိ | | ရေမြေရာသီဥတုပေါ် မူတည်ပြီး ရေပေးသွင်းပါ။ |

**ပိုးမွှားနှင့်ရောဂါဂါများကာကွယ်နှိမ်နင်းခြင်း**

**ဓာတုဆေးနှင့်အော်ဂဲနစ်ဆေး ရွေးချယ်မှု**

ပိုးနှင့်ရောဂါလက္ခဏာများမှန်မှန်စစ်ဆေးပါ။ အရွက်မျက်နှာပြင်၂ ခုလုံးနှင့် ပင်စည်တစ်လျှောက်ကြည့်ပါ။ သဘာဝဆေးများနှင့် မနိုင်လျှင် အောက်တွင်ဖော်ပြထားသော ဓာတုဆေးများကို အသုံးပြုပါ။

| ပိုးမွှား၊ရောဂါနှင့်လက္ခဏာများ | ကာကွယ်နှိမ်နင်းနည်း |
|---|---|
| • လေ့းပိုးဖျက်စီးမှုလက္ခဏာ (မိုဖိတ် အရွက်လိပ်များ) (ပုံ-၁) | • တမာပိုးသတ်ဆေးဖျန်းပါ၊ အင်မီတာကလိုပရစ် ဖျန်းပါ။ |
| • စောပင်နာကျ (အညိုရင့်ရောင်အစက်များ)၊ (ပုံ-၂)<br>• နှောင်းပင်နာကျ (အညိုရင့်ရောင် အကွက်ကြီးများ) (ပုံ-၃)<br>• ရုတ်တရက်အပင်ညှိုးခြင်း၊ ရေလောင်း ပြီးနောက်ပိုင်း ဆက်ညှိုးနေခြင်း၊ (ပုံ-၄) | • ကော့ပါးအောက်ဆီကလိုရိုက်၊ မန်ကိုဇက် ဖျန်းပါ။<br>• မက်တလက်ဇီ (လောင်)၊ အဇိုဆီစထရိုဘင် + ဒိုင်ဖီနိုကိုနာဇော (ယူနတီ)<br>• သီးလှည့်(ခရမ်းချဉ်မျိုးရင်းမဟုတ်) ၄နှစ် စိုက်ရန်နှင့် ရောဂါကျအပင်နတ်မီးရှို့ရန်။ ကော့ပါးဟိုက်ဒြောက်ဆိုဒ်၊ ကာဆူဂါ မိုက်ဇင်ဖျန်းပါ။ |



၁။ လေ့းပိုးကျရောက်မှု လက္ခဏာ



၂။ စောပင်နာကျရောဂါ



၃။ နှောင်းပင်နာကျရောဂါ



၄။ ဘက်တီးရီးယားပင်ညှိုးရောဂါ

| | |
|---|---|
| ခူးဆွတ်ခြင်း | ဈေးကွက်ပေါ်မူတည်ပြီး ခူးဆွတ်နိုင်သည်။ ဈေးကွက်နီးပါက အသီးအရောင်နီမှ ခူးနိုင်သည်။ ခရီးဝေးတင်ပို့ရန် နှင့် သိုလှောင်မည်ဆိုပါက အဂါရောင်စပြောင်းစဉ် ခူးယူပါ။ အနီရောင်သို့ ပြောင်းပြီး မှည့်လာပါလိမ့်မည်။ |
| အရည်အသွေး အတွက်လမ်းညွှန်များ | အသီးကြီးထွားစဉ် ရေပေးမှု မညီညာပါက အသီးများကွဲတတ်သည်။ အသီးများကို သိုလှောင်ထားစဉ် မပျက်စီးစေရန် ဂရုစိုက်ပါ။ |

## ခရမ်းသီး စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ

| | | |
|---|---|---|
| မျိုးရွေးချယ်ခြင်း | ပင်ထောင်- သက်ကြီးမျိုး၊ ပင်ပြန့်- သက်လျင်မျိုး<br>ဈေးကွက် ကောင်းပြီး အထွက်နှုန်းမြင့်သော မျိုးကိုရွေးပါ။<br>စပ်မျိုး (ဥပမာ - Runako, Grand Cluster ခရမ်းပြာရှည်၊ Kermit အစိမ်းရောင်အလုံး)<br>ဒေသမျိုး (ဥပမာ- ဆင်စွယ်ခရမ်း၊ ခရမ်းဝိုင်း၊ လုံးရှည်မျိုး) |  |
| ကြိုက်နှစ်သက်သော ရာသီဥတု | ခြောက်သွေ့သောရာသီတွင် အထွက်နှုန်းကောင်းပြီး ရောဂါကျရောက်မှုနည်းသည်။ အလွန်အေးသော တောင်ပေါ်ဒေသများမှလွဲ၍ကျန်ဒေသများတွင် စိုက်ပျိုးနိုင်သည်။ | |
| သီးနှံသက်တမ်း | ရွှေ့စိုက်ပြီး ၄၅ ရက်ကြာတွင် စတင် ခူးဆွတ်နိုင်ပါသည်။ ဆက်လက်ပြီး သက်တမ်း ၉၀ ရက်အထိ ခူးဆွတ်နိုင်ပါသည်။ မှတ်ချက်- မျိုးပေါ် မူတည်ပါသည်။ | |
| အထွက်နှုန်း (ခန့်မှန်း) | ပျမ်းမျှအထွက်နှုန်း ၁၀၅၆ အစည်း /၀.၀၆ ဧက (၅၀ပေ ပတ်လည်) | |
| မျိုးစေ့ နှင့် အပင် ဦးရေ | ၅ ဂရမ် ၁ထုပ် ၊ ၃၅၂ ပင်/၀.၀၆ဧက (၅၀ပေ ပတ်လည်) | |
| နေရာရွေးချယ်ခြင်း | မြေအမျိုးစားမရွေး စိုက်နိုင်သော်လည်း ရေမဝပ်ရပါ။ | |
| မြေချဉ်/ငန်ကိန်း | ၅.၅-၆.၅ ကို ပိုမိုနှစ်သက်သည်။ | |
| ရေသွင်းခြင်း | စိုက်ခင်းကျယ်ပါက ရေသွင်းမြောင်း(furrow)ဖြင့်လည်းကောင်း၊ အစက်ချစနစ်နှင့်ရေပန်းကရားစနစ်တို့ လည်းအသုံးပြုနိုင်သည်။ စိုက်ခင်းငယ်ပါက ရေထမ်းလောင်းနိုင်သည်။ ရေဖျန်းခြင်း (Sprinkler)စနစ်သည် အရွက်ရောဂါများကိုဖြစ်စေသည်။<br>ရွှေ့ပြောင်းစိုက်ချိန်မှ အသီးတင်ချိန်ထိ ရေတိုးလောင်းပေးရမည်။ အသီးများကြီးထွားရန် ရေမှန်မှ မှန်လိုအပ်သည်။<br>(၁) အပင်ငယ်များသည်အပင်ကြီးများထက် ရေလိုအပ်မှုနည်းသည်။ (၂) စိုက်ဘောင်ရှိစိုက်တန်းကြား များကို အစက်ချစနစ် (သို့) ရေပန်းစနစ် အသုံးပြုခြင်းဖြင့် လုပ်အား နှင့် စိုက်ပျိုးရေချွေတာနိုင်သည်။<br>(၃) စိုက်ဘောင်တန်းကြား ရေသွင်းစိုက်ပျိုးခြင်း းသည် စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးစေသည်။ ပေါင်းများစွာ ပေါက်ရောက်နိုင်ပြီး အရွက်များလည်း ရောဂါကျရောက်စေသည်။<br>ရွှေ့ပြောင်းစိုက်ချိန် မှ အသီးတင်ချိန်ထိ ရေတိုးလောင်းပေးရမည်။ အသီးများ ကြီးထွားရန် ရေ မှန်မှန် လိုအပ်သည်။<br>**အာဟာရရည်ကျွေးခြင်း** -အစက်ချစနစ်သုံးလျှင် အာဟာရရည်ကျွေးခြင်း ပြုလုပ်နိုင်သည်။ | |
| လုပ်ငန်း ဆောင်ရွက် ရမည့် အချိန်များ | **လုပ်ဆောင်ရမည့်လုပ်ငန်းများ** -<br>မိမိ၏ ရေမြေ၊ ရာသီဥတု လိုအပ်ချက်နှင့် အညီ ချင့်ချိန် လုပ်ဆောင်ရန် ဖြစ်သည်။ | **ရေပေးခြင်း** |
| မစိုက်မီ ၁လ | **မြေပြင်ခြင်း -** သန်မာသောရေသောက်မြစ်ရှိသဖြင့် မြေကို ထယ်ရေးနက်နက် (၉-၁၂) လက်မ နှင့် ထွန်ရေး (၃-၄) စပ်အထိ ထိုးပါ။ | |

| | | |
|---|---|---|
| မစိုက်မီ ၃ ပတ် | **ထုံးထည့်ခြင်း -** ဂ.ဂ၆ ဧက အတွက်ထုံးကို တစ်နှစ်လျှင် ၁၃ ပိဿာ နှုန်းဖြင့် သုံးနှစ်ဆက်တိုက် ထည့်ပါ။<br>**ဘိုကာရှီမြေဆွေးပြုလုပ်ခြင်း၊ ငါးအမိုင်နိုအက်ဆစ် အပင်အားဆေးရည် ပြုလုပ်ခြင်း နှင့် အီးအမ်-၅**<br>ကောင်းစွာဆွေးမြေ့စေရန် အပင်မစိုက်မီ ၃ပတ်အလိုတွင် ဘိုကာရှီမြေဆွေး၊ ငါးအမိုင်နိုအက်ဆစ်၊ အီးအမ်-၅ တို့ကို ပြင်ဆင်ပါ။ (နောက်ဆက်တွဲတွင်ကြည့်ပါ)<br>**ပျိုးထောင်ခြင်း** - အပေါက် ၁ဂ၅ ပေါက်ပါသော ပျိုးဗန်းကို အသုံးပြုပါ။ ပျိုးမြေအဖြစ် ရိုးရိုးမြေ ၊ နွားချေးဆွေး နှင့် ဖွဲပြာ တို့ကို ၁း၁း၁ ဆတူရောစပ်ပြီး အသုံးပြု နိုင်ပါသည်။<br>(နောက်ဆက်တွဲတွင်ကြည့်ပါ)<br>တစ်ပေါက်ကို တစ်စေ့ စိုက်ပါ။ ပျိုးသက် ၂၁ ရက်တွင် ရွှေ့စိုက်ပါ။ | ပျိုးပင်များ အစိုဓာတ်ရှိစေရန် နံနက်တိုင်း ရေလောင်းပါ။ |
| မစိုက်မီ ၂ ပတ် | **စိုက်ဘောင်ပြင်ဆင်ခြင်း -** တစ်ဘောင်နှင့်တစ်ဘောင် ၁.၅ ပေခြားပြီး ဘောင် အကျယ် ၃ပေ ၊ အမြင့် ၉-၁၂ လက်မ ဘောင်များပြုလုပ်ပါ။<br>**ပင်ကြားတန်းကြားစိုက်တန်းသတ်မှတ်ခြင်** - ပင်ကြား ၃ပေ×တန်းကြား ၂ပေစိုက်ပါ။အစွန်နှစ်ဖက်ကို ၆လက်မချန်ပြီး စိုက်ပါ။ စိုက်တန်းတစ်လျှောက် ၃ ပေအကွာ ဖိုခနောက်ဆိုင် စိုက်ပါ။<br>ဘောင်တင်ခြင်း၏အကျိုးကျေးဇူးများ - (၁) ရေထုတ်ရန်၊ (၂) မြေတွင်း လေဝင်လေထွက် ကောင်းရန်၊ (၃) အမြစ်များ မြေတွင်း ထိုးဖောက်မှု လွယ်ကူစေရန်၊ (၄) ဘောင်ကြား ရေသွင်းနိုင်ရန်၊ (၅) မြေမှ အငွေ့ပျံခြင်းကို လျော့ကျနိုင်စေရန်၊ (၆) မြေတွင်သဘာဝမြေသြဇာများတိုးပွားလာစေရန်။<br>**ပင်ကြားတန်းကြားစိုက်တန်းသတ်မှတ်ခြင်** - ပင်ကြား ၂ပေ×တန်းကြား ၂ပေစိုက်ပါ။အစွန်နှစ်ဖက်ကို ၆လက်မချန်ပြီး ဖိုခနောက်ဆိုင် စိုက်ပါ။ ကျင်းအနက် ၆လက်မ အကျယ် ၆လက်မ စိုက်ကျင်းများတူးပါ။ | အစိုဓာတ်ရှိသော မြေသည် ပြုပြင်ရ လွယ်ကူသည်။ နံနက်တိုင်း အပင်များကို ရေလောင်းပါ။ |
| မစိုက်မီ ၁ ပတ် | **မြေခံမြေသြဇာထည့်ခြင်း -** ဂ.ဂ၆ဧကအတွက် ၁၅း၁၅း၁၅ ကွန်ပေါင်း ၆ ပိဿာ နှင့်ဘိုကာရှီမြေဆွေး ၃၇ - ၇၄ ပိဿာ ကို စိုက်ဘောင်များ ပြင်ချိန်တွင် စိုက်တန်းရှိ အကျယ် ၁ဂလက်မ၊အနက် ၆လက်မ မြောင်းထဲတွင် သမအောင်ထည့်ပါ။<br>**စိုက်ကျင်းတူးခြင်း** - ၆လက်မ ပတ်လည်အကျယ် ၆လက်မ အနက်ရအောင် ကျင်း တူးပါ။ တစ်ကျင်းလျှင် ဘိုကာရှီ မြေဆွေး လက်တစ်ဆုပ်စာ ထည့်ပါ။ မစိုက်မီ (၂) ရက်အလိုတွင် ထရိုင်ကိုဒါးမားဖျော်ရည် (၇ ဂရမ် နှင့် ရေ ၁ဂ လီတာ) ကို တစ်ကျင်းလျှင် နို့ဆီဘူးဂက်ခန့်လောင်းထည့်ပါ။<br>**မြေဖုံးပေးခြင်း** - ပေါင်း၊ ရောဂါပိုး့နှံ့မှုနှင့် မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ရန်၊ မြေတွင်း အပူချိန်လျော့ကျစေရန်၊ ပေါင်းကာကွယ်စေရန် ကောက်ရိုးကို ၆လက်မ အထူ (သို့) ပလပ်စတစ်စဖြင့် ဘောင်ပေါ်တွင် ဖုံးပါ။ ကောက်ရိုးများကို အပင်ခြေနှင့် မထိစေရ။ ရောဂါဖြစ်စေနိုင်သည်။ | မစိုက်မီ (၂) ရက် အလိုတွင် ကျင်းတူးရ လွယ်ကူစေရန် နှင့် အပင်ငယ်များ ရွှေ့ပြောင်း စိုက်ပျိုးရ လွယ်ကူစေရန် လိုအပ်လျှင် ဘောင်ကို အစိုဓာတ်ရရှိအောင် ပြုလုပ်ပါ။ |
| စိုက်နည်းစနစ် | **ရွှေ့ပြောင်းစိုက်ပျိုးခြင်း** - ကျန်းမာသန်စွမ်းသောပျိုးပင်များကို စိုက်ကျင်း တစ်ကျင်းတွင် တစ်ပင်နှုန်းဖြင့် စိုက်ပျိုးပါ။ မြေလုံးမကွဲစေရန် ဂရုစိုက် စိုက်ပျိုးပါ။ | ပြောင်းရွှေ့စိုက်ပြီး ပြီးချင်း အပင်များ ကို ရေလောင်းပါ။ |

| | | |
|---|---|---|
| | **တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း** - တိုက်ရိုက်မစိုက်ပျိုးသင့်ပါ။ | |
| ရွှေ့စိုက်ပြီး ၁ ပတ် | **အပင်မှန်းခြင်း နှင့် အပင်ဖာခြင်း** - တစ်ကျင်းတွင် သန်မာသော အပင်တစ်ပင်သာ ရှိစေရန်အပင်မှန်းခြင်းနှင့် အပင်ဖာခြင်းအား ပြုလုပ်ရန် လိုအပ်ပါသည်။<br>**တိုင်ထောင်ခြင်း** - အလေးချိန်ကြောင့်အပင်ယိုင်လဲမှုများ မဖြစ်စေရန် တိုင်ထောင် ပေးခြင်းကို လိုအပ်လျှင်ပြုလုပ်ပါ။ တိုင်ထောင်ခြင်းသည် အသီးအရည်အသွေးနှင့် အထွက်နှုန်း ကို ကောင်းမွန်စေသည်။ | တစ်ရက်ခြား တစ်ကြိမ် တစ်ပင် လျှင် ရေ(၁)လီတာ ခန့်လောင်းပါ။ |
| ရွှေ့စိုက်ပြီး ၂ ပတ် | **ဘေးတက်ဖဲ့ခြင်း၊ခေါင်နှိမ်ခြင်း** - ပထမ (သို့) ဒုတိယ ပန်းခိုင် အောက်တွင် ရှိသော ဘေးတက်များကို ဖဲ့ပါ။<br>**ပေါင်းရှင်းခြင်း** - အစာအာဟာရလုစားခြင်း၊ ပိုးနှင့်ရောဂါများ ခိုအောင်းခြင်း တို့မှကာကွယ်စေရန် ပေါင်းကိုလိုအပ်သလိုရှင်းပါ။ အပင်ငယ်စဉ်တွင် ပေါင်း ကင်းစင် စေရန်လိုအပ်သည်။<br>**ပိုးနှင့်ရောဂါနှိမ်နင်းခြင်း** - ပိုးနှင့်ရောဂါမှ ကြိုတင်ကာကွယ်ရန် အီးအမ်-၅ နှင့် တမာပိုးသတ်ဆေးကို အပတ်စဉ်တိုင်းဖျန်းပါ။အကယ်၍ မနိုင်ပါက နောက်ဆုံး အနေဖြင့် ဓာတုနည်းကိုသုံးပြီး နှိမ်နင်းပါ။ | နှစ်ရက်ခြား တစ်ကြိမ် တစ်ပင်လျှင် ရေ (၂) လီတာခန့် လောင်းပါ။ |
| ရွှေ့စိုက်ပြီး ၃ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက်ခြင်းပြုလုပ်ပါ။<br>**ဖြည့်စွက်မြေဩဇာကျွေးခြင်း** - အပင်ခြေမှ ၃လက်မ အကွာတွင် ၂လက်မ အကျယ်၊ ၂လက်မ အနက်ရှိသောမြောင်းကို စိုက်တန်းတစ်လျှောက်တူးပါ။ တစ်ပင်လျှင် ဆားခါး လက်ဖက်စားဇွန်း တစ်ဇွန်းကျွေးပါ။ (၁.၁၆ဧက အတွက် ၂ ပိဿာ)။ ပလပ်စတစ် ဖုံးအုပ်ထားသောဘောင်အတွက် တစ်ပင်နှင့် တစ်ပင်ကြား ကျင်းတူးပြီး ကျွေးပါ။ ၉း၂၅း၂၅ ကွန်ပေါင်းအား တစ်ပင်လျှင် ထမင်းစားဇွန်းတစ်ဇွန်းဖြင့် အပင်ခြေမှ ၃လက်မ ခွာပြီး ၁.၁၆ ဧကအတွက် ၆ ပိဿာ ထည့်ပါ။ မြေခြောက်သွေ့ ပါက ရေပမာဏတိုးပေးပါ။ | ရွှေ့ပြောင်းစိုက်ချိန် မှ အသီးတင်ချိန်ထိ ရေတိုး လောင်း ပေးပါ။ အသီးများ ကြီးထွားရန် ရေမှန်မှန် လိုအပ်သည်။ |
| ရွှေ့စိုက်ပြီး ၄ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက်ခြင်းပြုလုပ်ပါ။<br>**ဖြည့်စွက်မြေဩဇာကျွေးခြင်း** - ပိုတက်ဆီယမ်နိုက်ထရိတ် ကို ရေ ၄ ဂါလံ ဝင် ဆေးဖျန်းပုံး တစ်ပုံးတွင် ၁၀ကျပ်သားနှုန်းဖြင့် ဖျော်စပ်ပြီး နံနက်ပိုင်းတွင် အရွက်များပေါ် သို့ ရွှဲရွှဲဖျန်းပါ။ အသီးကြီးထွားဖွံ့ ဖြိုးနေချိန်တွင် ၂ - ၄ ကြိမ် ဖျန်းပါ။ | (၂) ရက်တစ်ကြိမ် ရေပုံမှန် လောင်း ပေးပါ။ တစ်ပင်လျှင် ၂လီတာနှုန်းရအောင် ပေးပါ။ |
| ရွှေ့စိုက်ပြီး ၅ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>**ဖြည့်စွက်မြေဩဇာကျွေးခြင်း** - အပင်ခြေမှ ၆ လက်မ အကွာတွင် ၂လက်မ အကျယ်၊ ၂လက်မ အနက်ရှိသောမြောင်းကို စိုက်တန်းတစ်လျှောက်တူးပါ။ တစ်ပင်လျှင် ဆားခါးလက်ဖက်စားဇွန်း တစ်ဇွန်း ကျွေးပါ။ (၁.၁၆ဧကအတွက်၂ ပိဿာ)။ ပလပ်စတစ်ဖုံးအုပ်ထားသော ဘောင်အတွက် တစ်ပင်နှင့် တစ်ပင်ကြား ကျင်းတူးပြီး ကျွေးပါ။ | (၂) ရက်ခြား တစ်ကြိမ် တစ်ပင်လျှင် ရေ (၃) လီတာခန့် လောင်းပါ။ |
| ရွှေ့စိုက်ပြီး ၆- ၉ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>**ဖြည့်စွက်မြေဩဇာကျွေးခြင်း** - ပိုတက်ဆီယမ်နိုက်ထရိတ်ကို ရေ၄ဂါလံ ဝင်ဆေး ဖျန်းပုံး တစ်ပုံးတွင် ၁၀ကျပ်သားနှုန်းဖြင့် ဖျော်စပ်ပြီး နံနက်ပိုင်းတွင် အရွက်များ ပေါ် သို့ ရွှဲရွှဲဖျန်းပါ။ | မြေဩဇာကျွေးပြီး ပြီးချင်း တစ်ပင် လျှင် ရေ (၃) လီတာ ခန့် လောင်းပါ။ |
| သီးနှံ ၉ ပတ် မှ ရိတ်သိမ်းချိန်အထိ | | ရေမြေရာသီဥတု ပေါ် မူတည်ပြီး ရေပေးသွင်းပါ။ |

ပိုးမွှားနှင့်ရောဂါများ ကာကွယ်နှိမ်နင်းခြင်း

**ဓာတုဆေး နှင့် အော်ဂဲနစ်ဆေး ရွေးချယ်မှု**

ပိုးနှင့်ရောဂါလက္ခဏာများမှန်မှန်စစ်ဆေးပါ။ အရွက်မျက်နှာပြင်၂ ခုလုံးနှင့် ပင်စည်တစ်လျှောက်ကြည့်ပါ။ သဘာဝဆေးများ နှင့် မနိုင်လျှင် အောက်တွင်ဖော်ပြထားသော ဓာတုဆေးများကို အသုံးပြုပါ။

| ပိုးမွှား၊ရောဂါနှင့် လက္ခဏာများ | ကာကွယ်နှိမ်နင်းနည်း |
|---|---|
| • ခေါင်ညွန့်ထိုးပိုး နှင့် သီးလုံးဖောက်ပိုး ကြောင့်ကိုင်းဖျား အခေါင်းပေါက်ပြီး ညှိုးခြင်း။ (ပုံ-၁)<br>• ယင်ဖြူ။ (ပုံ-၂) | • တမာပိုးသတ်ဆေးဖျန်းပါ။ ဆေးအမည်- ဒူးပွန့်- ပရီဗာသွန် (ကလိုရမ်ထရမ်နီလီ ပရိုးလ်) (သို့) ဆေးအမည်-အလန်း)<br>• ဆေးအမည်- ဒိုဇာ ၇၀ ဖျန်းပါ။ |
| • ရွက်ပြောက်ရောဂါကြောင့် အရွက်ပေါ်တွင် အဝါရောင် အနားသတ် အညိုရောင် ကွက်များဖြစ်နေပုံ။ (ပုံ-၃)<br>• ဘက်တီးတီးယား ပင်ညှိုးရောဂါကြောင့် အပင်ညှိုးနေပုံ။ (ပုံ-၄) | • ဆေးအမည် - ယူနတီဖျန်းပါ။<br>• ရောဂါကျပင်များကိုဖယ်ရှားပြီး မီးရှို့ပါ။သီးလှည့်စိုက်ပါ။ ဆေးအမည်- ကာဆူမင် နှင့် ကောပါးရောစပ်ဖျန်းပါ။ |



၁။ ခေါင်ညွန့်ထိုးပိုး၊ သီးလုံးဖောက်ပိုး



၂။ ယင်ဖြူ



၃။ ရွက်ပြောက်ရောဂါကြောင့် အရွက်ပေါ် အဝါရောင် အနားသတ် အညိုရောင်ကွက်များ ဖြစ်နေပုံ



၄။ ဘက်တီးရီးယား ပင်ညှိုးရောဂါကြောင့် အပင်ညှိုးနေပုံ

| | |
|---|---|
| ခူးဆွတ်ခြင်း | အသီးပုံသဏ္ဍာန်နှင့် ဈေးကွက်ပေါ်မူတည်ပြီး ခူးဆွတ်နိုင်သည်။ ပန်းပွင့်ပြီး (၂၅-၄၀) ရက်တွင် စတင် ခူးဆွတ်နိုင်သည်။ |
| အရည်အသွေး အတွက်လမ်းညွှန်များ | အချိန်မှန်ခူးဆွတ်ပါ။ ပုံမှန်ခူးခြင်းဖြင့် အထွက်နှုန်းကောင်းမွန်စေပါသည်။ |

| ခရမ်းကြွပ်သီး စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ | | |
|---|---|---|
| မျိုးရွေးချယ်ခြင်း | ခရမ်းကြွပ်သီးများသည်အရသာ၊ အရောင်နှင့် ပုံသဏ္ဍာန် အမျိုးမျိုးရှိသည်။<br>ဈေးကွက်နှင့် သင့်လျော်သော မျိုးကို ရွေးပါ။<br>စပ်မျိုး (ဥပမာ - Pale Phyu - EW F1)<br>ဒေသမျိုး - ခရမ်းကြွပ် ( ခရမ်း၊ အစိမ်း၊ အဖြူ) |  |
| ကြိုက်နှစ်သက်သော ရာသီဥတု | ခြောက်သွေ့သောရာသီတွင် အနည်း နှင့်အ များ ရောဂါကျရောက်မှုရှိသည်။ | |
| သီးနှံသက်တမ်း | ရွှေ့စိုက်ပြီး ၅ဝ-၆ဝ ရက်ကြာတွင် စတင် ခူးဆွတ်နိုင်ပါသည်။ | |
| အထွက်နှုန်း (ခန့်မှန်း) | ပျမ်းမျှအထွက်နှုန်း ၁၇၆ဝဝ အသီး /ဝ.ဝ၆ ဧက (၅ဝပေ ပတ်လည်) | |
| မျိုးစေ့ နှင့် အပင် ဦးရေ | ၅ ထုပ် (၁ ဂရမ်/ထုပ်) ၊ ၃၅၂ ပင်/ဝ.ဝ၆ဧက (၅ဝပေ ပတ်လည်) | |
| နေရာရွေးချယ်ခြင်း | မြေအမျိုးစားမရွေး စိုက်နိုင်သော်လည်း ရေမဝပ်ရပါ။ သဲနန်းမြေမှာ ပိုမိုဖြစ်ထွန်းပါသည်။ | |
| မြေချဉ်/ငန်ကိန်း | ၅.၅ - ၆.၅ ပိုကြိုက်သည်။ | |
| ရေသွင်းခြင်း | စိုက်ခင်းကျယ်ပါက<br>ရေသွင်းမြောင်း(furrow)ဖြင့်လည်းကောင်း၊ အစက်ချစနစ်နှင့်ရေပန်းကရားစနစ်တို့ ့လည်းအသုံးပြုနိုင်သည်။ စိုက်ခင်းငယ်ပါက ရေထမ်းလောင်းနိုင်သည်။ ရေဖျန်းခြင်း (Sprinkler)စနစ်သည် အရွက်ရောဂါများကိုဖြစ်စေသည်။<br>(၁) အပင်ငယ်များသည်အပင်ကြီးများထက် ရေလိုအပ်မှုနည်းသည်။ (၂) စိုက်ဘောင်ရှိစိုက်တန်းကြား များကို အစက်ချစနစ် (သို့) ရေပန်းစနစ် အသုံးပြုခြင်းဖြင့် လုပ်အားနှင့် စိုက်ပျိုးရေချွေတာနိုင်သည်။<br>(၃) စိုက်ဘောင်တန်းကြား ရေသွင်းစိုက်ပျိုးခြင်းသည် စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးစေသည်။ ပေါင်းများစွာ ပေါက်ရောက်နိုင်ပြီး အရွက်များလည်း ရောဂါကျ ရောက်စေသည်။<br>ရွှေ့ပြောင်းစိုက်ချိန် မှ အသီးတင်ချိန်ထိ ရေတိုး လောင်း ပေးရမည်။ အသီးများ ကြီးထွားရန် ရေမှန်မှန် လိုအပ်သည်။<br>**အာဟာရရည်ကျွေးခြင်း** -အစက်ချစနစ်သုံးလျှင် အာဟာရရည်ကျွေးခြင်းပြုလုပ်နိုင်သည်။ | |
| လုပ်ငန်းဆောင်ရွက်ရမည့် အချိန်များ | **လုပ်ဆောင်ရမည့်လုပ်ငန်းများ** -<br>မိမိ၏ ရေမြေ၊ ရာသီဥတု လိုအပ်ချက်နှင့် အညီ ချင့်ချိန် လုပ်ဆောင်ရန် ဖြစ်သည်။ | ရေပေးခြင်း |
| မစိုက်မီ ၁လ | **မြေပြင်ခြင်း -** သန်မာသောရေသောက်မြစ်ရှိသဖြင့် မြေကို ထယ်ရေးနက်နက် (၉-၁၂) လက်မ နှင့် ထွန်ရေး (၂-၃) စပ်အထိထိုးပါ။ | |
| မစိုက်မီ ၃ ပတ် | **ထုံးထည့်ခြင်း -** ဝ.ဝ၆ ဧက အတွက်ထုံးကို တစ်နှစ်လျှင် ၁၃ ပိဿာ နှုန်း ဖြင့် သုံးနှစ်ဆက်တိုက် ထည့်ပါ။ | |

| | | |
|---|---|---|
| | **ဘိုကာရှိမြေဆွေးပြုလုပ်ခြင်း၊ ငါးအမိုင်နိုအက်ဆစ် အပင်အားဆေးရည် ပြုလုပ်ခြင်း နှင့် အီးအမ်-၅**<br>ကောင်းစွာဆွေးမြေ့စေရန် အပင်မစိုက်မီ ၃ပတ်အလိုတွင် ဘိုကာရှိမြေဆွေး၊ ငါးအမိုင်နိုအက်ဆစ်၊ အီးအမ်-၅ တို့ကို ပြင်ဆင်ပါ။<br>(နောက်ဆက်တွဲတွင်ကြည့်ပါ) | ဘိုကာရှိအား<br>အစိုဓာတ်ရှိ အောင် ထားပါ။ |
| | **ပျိုးထောင်ခြင်း** - အပေါက် ၁၀၅ ပေါက်ပါသော ပျိုးဗန်းကို အသုံးပြုပါ။ ပျိုးမြေအဖြစ် ရိုးရိုးမြေ၊ နွားချေးဆွေးနှင့် ဖွဲပြာ တို့ကို ၁း၁း၁ ဆတူရောစပ်ပြီး အသုံးပြု နိုင်ပါသည်။<br>(နောက်ဆက်တွဲတွင်ကြည့်ပါ)<br>တစ်ပေါက်ကို တစ်စေ့ စိုက်ပါ။ ပျိုးသက် ၂၁ ရက်၊ အပင် ၄ လက်မအမြင့် (သို့) အရွက် ၄-၅ရွက်ထွက်ချိန် တွင် ရွှေ့စိုက်ပါ။ | |
| မစိုက်မီ ၁ ပတ် | **စိုက်ဘောင်ပြင်ဆင်ခြင်း -**<br>တစ်ဘောင်နှင့်တစ်ဘောင် ၁.၅ ပေခြားပြီး ဘောင် အကျယ် ၃ပေ ၊ အမြင့် ၉-၁၂ လက်မ ဘောင်များပြုလုပ်ပါ။<br>ပင်ခြားတန်းခြားစိုက်တန်းသတ်မှတ်ခြင်း - ပင်ကြား ၃ပေ×တန်းကြား ၂ပေစိုက်ပါ။ အစွန်နှစ်ဖက်ကို ၆လက်မချန်ပြီး စိုက်ပါ။ စိုက်တန်းတစ်လျှောက် ၃ ပေအကွာ ဖိုခနောက်ဆိုင် စိုက်ပါ။<br>ဘောင်တင်ခြင်း၏အကျိုးကျေးဇူးများ - (၁) ရေထုတ်ရန်၊ (၂) မြေတွင်း လေဝင်လေထွက် ကောင်းရန်၊ (၃) အမြစ်များ မြေတွင်း ထိုးဖောက်မှု လွယ်ကူစေရန်၊ (၄) ဘောင်ကြား ရေသွင်းနိုင်ရန ရန်၊ (၅) မြေမှ အငွေ့ပျံခြင်းကို လျော့ကျနိုင်စေရန်၊ (၆) မြေတွင်သဘာဝ မြေသြဇာများတိုးပွားလာစေရန်။ | အစိုဓာတ်ရှိသော မြေသည်<br>ပြုပြင်ရ လွယ်ကူသည်။<br>နံနက်တိုင်း<br>အပင်များကို ရေလောင်းပါ။ |
| | **မြေခံမြေသြဇာထည့်ခြင်း -** ဂ.၀၆ ဧက အတွက် ၁၅း၁၅း၁၅ ကွန်ပေါင်း ၆ ပိဿာနှင့် ဘိုကာရှိမြေဆွေး ၃၇ - ၇၄ ပိဿာ ကို စိုက်ဘောင်များ ပြင်ချိန်တွင် သမအောင်ထည့်ပါ။<br>**စိုက်ကျင်းတူးခြင်း -** ၆လက်မပတ်လည်အကျယ် ၆ လက်မ အနက် ရအောင် ကျင်းတူးပါ။<br>တစ်ကျင်းလျှင် ဘိုကာရှိ မြေဆွေး လက်တစ်ဆုပ်စာ ထည့်ပါ။ မစိုက်မီ (၂) ရက်အလိုတွင် ထရိုင်ကိုဒါးမားဖျော်ရည် (၇ဂရမ် နှင့် ရေ ၁ဂ လီတာ) ကို တစ်ကျင်းလျှင် နို့ဆီဘူးဂက်ခန့် လောင်းထည့်ပါ။<br>**မြေဖုံးပေးခြင်း -** ပေါင်း၊ ရောဂါပျံ့နှံ့မှုနှင့် မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ရန်၊ မြေတွင်း အပူချိန်လျော့ကျစေရန်၊ ပေါင်းကာကွယ် စေရန် ကောက်ရိုးကို ၆ လက်မ အထူ(သို့) ပလပ်စတစ်စဖြင့် ဘောင်ပေါ် တွင်ဖုံးပါ။ ကောက်ရိုးများကို အပင်ခြေ နှင့် မထိစေရ။ ရောဂါဖြစ်စေနိုင်သည် | မစိုက်မီ ၂ရက်အလိုတွင်<br>ကျင်းတူးရလွယ်ကူစေရန်<br>နှင့် အပင်ငယ်များ<br>ရွှေ့ပြောင်း စိုက်ပျိုးရ<br>လွယ်ကူစေရန် လိုအပ်လျှင်<br>ဘောင်ကို အစိုဓာတ်ရရှိ<br>အောင်ပြုလုပ်ပါ။ |
| စိုက်နည်းစနစ် | **ရွှေ့ပြောင်းစိုက်ပျိုးခြင်း -** ကျန်းမာသန်စွမ်းသောပျိုးပင်များကို စိုက်ကျင်း တစ်ကျင်း တွင်တစ်ပင်နှုန်းဖြင့် စိုက်ပျိုးပါ။<br>မြေလုံးမကွဲစေရန် ဂရုစိုက် မြေပြင်ညီ စိုက်ပျိုးပါ။ အကယ်၍ မြေပြင် ညီအောက် စိုက်ပါက လေဝင်ထွက်ညံ့ပြီး ရောဂါဖြစ်စေနိုင်သည်။<br>**တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း -** တိုက်ရိုက်မစိုက်ပျိုးသင့်ပါ။ | ပြောင်းရွှေ့စိုက်ပြီးပြီးချင်း<br>အပင်များကို ရေလောင်းပါ။ |
| ရွှေ့စိုက်ပြီး ၁ ပတ် | **အပင်မှုန်းခြင်း နှင့် အပင်ဖာခြင်း -** တစ်ကျင်းတွင်သန်မာသော အပင်တစ်ပင်သာ ရှိစေရန်အပင်မှုန်းခြင်းနှင့် အပင်ဖာခြင်းအား ပြုလုပ် ရန်လို အပ်ပါသည်။ | တစ်ရက်ခြား တစ်ကြိမ်<br>တစ်ပင် လျှင် ရေ ၁လီတာ<br>ခန့် လောင်းပါ။ |

| | | |
|---|---|---|
| | **တိုင်ထောင်ခြင်း -** အလေးချိန်ကြောင့် အပင်ယိုင်လဲမှုများမဖြစ်စေရန် တိုင်ထောင် ပေးခြင်းကို လိုအပ်လျှင်ပြုလုပ်ပါ။<br>တိုင်ထောင်ခြင်းသည် အသီးအရည်အသွေး နှင့် အထွက်နှုန်းကို ကောင်းမွန်စေသည်။ | |
| ရွှေ့စိုက်ပြီး ၂ ပတ် | **ဘေးတက်ဖဲ့ခြင်း၊ခေါင်နှိမ်ခြင်း** ပထမ (သို့) ဒုတိယ ပန်းခိုင် အောက်တွင် ရှိသော ဘေးတက်များကိုဖဲ့ပါ။<br>**ပေါင်းရှင်းခြင်း -** အစာအာဟာရလုစားခြင်း၊ ပိုးနှင့်ရောဂါများ ခိုအောင်းခြင်း တို့မှ ကာကွယ်စေရန် ပေါင်းကိုလိုအပ်သလိုရှင်းပါ ပါ။ အပင်ငယ်စဉ်တွင် ပေါင်းကင်းစင် စေရန် လိုအပ်သည်။<br>**ပိုးနှင့်ရောဂါနှိမ်နင်းခြင်း -** ပိုးနှင့်ရောဂါမှ ကြိုတင်ကာကွယ်ရန် အီးအမ် ၅ နှင့် တမာ ပိုးသတ်ဆေး ကို အပတ်စဉ်တိုင်းဖျန်းပါ။ အကယ်၍ မနိုင်ပါက နောက်ဆုံး အနေဖြင့် ဓာတုနည်းကိုသုံးပြီး နှိမ်နင်းပါ။ | နှစ်ရက်ခြား တစ်ကြိမ် တစ်ပင် လျှင် ရေ ၂ လီတာ ခန့်လောင်းပါ။ |
| ရွှေ့စိုက်ပြီး ၃ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>**ဖြည့်စွက်မြေဩဇာကျွေးခြင်း -** အပင်ခြေမှ ၆လက်မ အကွာတွင် ၂လ ၂လက်မ အကျယ်၊ ၂လက်မအနက်ရှိသောမြောင်းကို စိုက်တန်း တစ်လျှောက်တူးပါ။ တစ်ပင်လျှင် ဆားခါးလက်ဖက်စားဇွန်း တစ်ဇွန်း ကျွေးပါ။ (၀.၀၆ဧက အတွက် ၂ ပိဿာ)။<br>ပလပ်စတစ်ဖုံးအုပ်ထားသောဘောင်အတွက် တစ်ပင်နှင့် တစ်ပင်ကြား ကျင်းတူးပြီး ကျွေးပါ။ ၉း၂၅း၂၅ ကွန်ပေါင်း တစ်ပင်လျှင် ထမင်းစားဇွန်းတစ်ဇွန်းဖြင့် အပင်ခြေမှ ၃လက်မခွာပြီး ၀.၀၆ဧကအတွက် ၆ ပိဿာ ထည့်ပါ။ မြေခြောက်သွေ့ ပါက ရေပမာဏတိုးပေးပါ။ ပလပ်စတစ် ဖုံးအုပ်ထားသောဘောင် အတွက် တစ်ပင်နှင့် တစ်ပင်ကြား ကျင်းတူးပြီး ကျွေးပါ။ | နှစ်ရက်ခြား တစ်ကြိမ် တစ်ပင် လျှင် ရေ ၂ လီတာ ခန့် လောင်းပါ။ |
| ရွှေ့စိုက်ပြီး ၄ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>**ဖြည့်စွက်မြေဩဇာကျွေးခြင်း -** ပိုတက်ဆီယမ်နိုက်ထရိတ်ကို ရေ၄ဂါလံ ဂင်ဆေးဖျန်းပုံးတစ်ပုံးတွင် ၁၀ကျပ်သားနှုန်းဖြင့် ဖျော်စပ်ပြီး နံနက်ပိုင်းတွင် အရွက်များပေါ် သို့ ရွှဲရွှဲဖျန်းပါ။ | နှစ်ရက်ခြား တစ်ကြိမ် တစ်ပင် လျှင် ရေ ၃ လီတာ ခန့် လောင်းပါ။ |
| ရွှေ့စိုက်ပြီး ၅ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>**ဖြည့်စွက်မြေဩဇာကျွေးခြင်း** - အပင်ခြေမှ ၆ လက်မ အကွာတွင် ၂လက်မ အကျယ်၊ ၂လက်မအနက်ရှိသောမြောင်းကို စိုက်တန်းတစ်လျှောက်တူးပါ။ တစ်ပင်လျှင် ဆားခါးလက်ဖက်စားဇွန်း တစ်ဇွန်း ကျွေးပါ။ (၀.၀၆ဧကအတွက် ၂ ပိဿာ)။<br>ပလပ်စတစ်ဖုံးအုပ်ထားသော ဘောင် အတွက် တစ်ပင် နှင့် တစ်ပင်ကြား ကျင်းတူးပြီး ကျွေးပါ။ | နှစ်ရက်ခြား တစ်ကြိမ် တစ်ပင် လျှင် ရေ ၃ လီတာ ခန့် လောင်းပါ။ |
| ရွှေ့စိုက်ပြီး ၆- ၉ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>**ဖြည့်စွက်မြေဩဇာကျွေးခြင်း** - ပိုတက်ဆီယမ်နိုက်ထရိတ်ကို ရေ၄ဂါလံ ဂင် ဆေးဖျန်းပုံး တစ်ပုံးတွင် ၁၀ကျပ်သားနှုန်းဖြင့် ဖျော်စပ်ပြီး နံနက်ပိုင်းတွင် အရွက်များပေါ် သို့ ရွှဲရွှဲဖျန်းပါ။<br>၀.၀၆ဧကအတွက် ၁၀ ကျပ်သားလိုအပ်မည်။ | မြေဩဇာကျွေးပြီး ပြီးချင်း တစ်ပင် လျှင် ရေ ၃ လီတာ ခန့် လောင်းပါ။ |
| သီးနှံ ၉ ပတ် မှ ရိတ်သိမ်းချိန်အထိ | | ရေမြေရာသီဥတု ပေါ် မူတည်ပြီး ရေပေးသွင်းပါ။ |

**ပိုးမွှားနှင့်ရောဂါ မများ ကာကွယ်နှိမ်နင်းခြင်း**

**ဓာတုဆေး နှင့် အော်ဂဲနစ်ဆေး ရွေးချယ်မှု**

ပိုးနှင့်ရောဂါလက္ခဏာများမှန်မှန်စစ်ဆေးပါ။ အရွက်မျက်နှာပြင်၂ ခုလုံးနှင့် ပင်စည်တစ်လျှောက်ကြည့်ပါ။ အကယ် ၍ သဘာဝနည်းဖြင့်ကာကွယ်မရပါက ဓါတုနည်းဖြင့် ကာကွယ်ပါ။

| ပိုးမွှား၊ရောဂါနှင့် လက္ခဏာများ | ကာကွယ်နှိမ်နင်းနည်း |
|---|---|
| • ခေါင်ညွန့်ထိုးပိုး နှင့် သီးလုံးဖောက်ပိုးကြောင့်ကိုင်းဖျား အခေါင်းပေါက်ပြီး ညှိုးခြင်း။ (ပုံ-၁)<br>• ယင်ဖြူ။ (ပုံ-၂) | • တမာပိုးသတ်ဆေးဖျန်းပါ။ ဆေးအမည်- ဒူးပွန့်-ပရီဗာသွန် (ကလိုရမ်ထရမ်နီလီ ပရိုးလ်) (သို့) ဆေးအမည်-အလန်း ဖျန်းပါ။<br>• ဆေးအမည်- အေမီဒါကလိုပရစ် (ဒိုဇာ)၇၀ ဖျန်းပါ။ |
| • ရွက်ပြောက်ရောဂါကြောင့် အရွက်ပေါ်တွင် အဝါရောင်အနားသတ် အညိုရောင်ကွက်များ ဖြစ်နေပုံ။ (ပုံ-၃)<br>• ဘက်တီးတီးယား ပင်ညှိုးရောဂါကြောင့် အပင်ညှိုးနေပုံ။ (ပုံ-၄) | • ဆေးအမည် - အဇိုဆီစထရိုဘင် + ဒိုင်ဖီနိုကိုနာဇော (ယူနတီ)ဖျန်းပါ။<br>• ရောဂါကျပင်များကို ဖယ်ရှားပြီး မီးရှို့ပါ။သီးလှည့်စိုက်ပါ။ ဆေးအမည်- ကာဆူမင် နှင့် ကော့ပါးရောစပ်ဖျန်းပါ။ |



၁။ ခေါင်ညွန့်ထိုးပိုး၊ သီးလုံးဖောက်ပိုး



၂။ ယင်ဖြူ



၃။ ရွက်ပြောက်ရောဂါ



၄။ ဘက်တီးရီးယား ပင်ညှိုးရောဂါ

| | |
|---|---|
| ခူးဆွတ်ခြင်း | အသီးပုံသဏ္ဍာန်နှင့် ဈေးကွက်ပေါ်မူတည်ပြီး ခူးဆွတ်နိုင်သည်။ ပန်းပွင့်ပြီး (၂၅-၄၀) ရက် တွင်စတင် ခူးဆွတ်နိုင်သည်။ |
| အရည်အသွေး အတွက်လမ်းညွှန်များ | အချိန်မှန်ခူးဆွတ်ပါ။ ပုံမှန်ခူးခြင်းဖြင့် အထွက်နှုန်းကောင်းမွန်စေပါသည်။ |

## နံနံပင် စိုက်ပျိုးနည်း လမ်းညွှန်ချက်များ

| | | |
|---|---|---|
| မျိုးရွေးချယ်ခြင်း | ဈေးကွက်ဝင်ပြီး အထွက်နှုန်းကောင်းသော မျိုးများကိုရွေးချယ်ပါ။ (ဥပမာ-ရဲဒင်းတံဆိပ်ထိုင်းမျိုး၊ ပံထိုင်းမျိုး၊ မြားနီမျိုး။ |  |
| ကြိုက်နှစ်သက်သော ရာသီဥတု | နံနံပင်သည် အေး၍ ခြောက်သွေ့သောရာသီဥတု (နိုဝင်ဘာလမှ ဖေဖော်ဝါရီလအထိ)ကိုအကြိုက်နှစ်သက်ဆုံး ဖြစ်သည်။ တစ်နှစ်ပတ်လုံး မည်သည့်ရာသီတွင်မဆို စိုက်ပျိုးနိုင်သည်။ စိုက်ပျိုးရလွယ်ကူသည်။ တိမ်ထူထပ်ပါက ပိုးမွှားရောဂါ ကျရောက်မှုကို အားပေးသည်။ မိုးများလျှင် အပင်ကို ထိခိုက်နိုင်သည်။ နွေရာသီတွင်စိုက်ပျိုးပါက သက်တမ်းတိုပြီး အထွက်နှုန်းကို ထိခိုက်နိုင်သည်။ မိုးရာသီတွင် အမိုးအကာအောက်တွင် စိုက်ပျိုးနိုင်သည်။ | |
| သီးနှံသက်တမ်း | နံနံကို မျိုးစေ့ချပြီး ရက် ၃၀ မှ ပန်းပွင့်ချိန် (စိုက်ပြီးရက် ၃၀ မှ ၆၀ ရက်) အထိ သိမ်းယူနိုင်သည်။ မျိုးနှင့် စိုက်ပျိုးသည့်ရာသီပေါ် မူတည်ပြီး ရက် ၉၀ မှ ၁၀၀ အတွင်း အပင်များရိတ်သိမ်းပြီး နံနံမျိုးစေ့ကို ရယူနိုင်သည်။ | |
| အထွက်နှုန်း (ခန့်မှန်း) | ၀.၀၆ ဧကမှ အစည်း ၈၀၀ ခန့်ထွက်ရှိနိုင်သည်။ | |
| မျိုးစေ့ | ၀.၀၆ ဧကအတွက် ၅၀၀ ဂရမ်အထုပ် ၃ထုပ်မှ ၅ ထုပ် အထိ ကုန်ကျနိုင်သည်။ | |
| နေရာရွေးချယ်ခြင်း | ရေသွင်းစိုက်ပျိုးသော သီးနှံတစ်မျိုးဖြစ်သဖြင့် ဩဂဲနစ်ဓာတ်ပစ္စည်း လုံလောက်အောင်ထည့်ပေးပါက မြေအမျိုးအစား အားလုံးတွင် ဖြစ်ထွန်းနိုင်သည်။ | |
| မြေချဉ်/ငန်ကိန်း | ၆ မှ ၇.၅ ကို ပိုမိုနှစ်သက်သည်။ | |
| ရေသွင်းခြင်း | မြေဧရိယာကျယ်တွင် မြောင်းဖြင့် ရေပေးသွင်းနည်းကို အသုံးပြုသင့်သည်။ မြေဧရိယာကျဉ်းလျှင် ရေထမ်းလောင်းနည်းကို အသုံးပြုနိုင်သည်။ ရေပန်းစနစ်သည် အရွက်ရောဂါများကို ဖြစ်စေသည်။ နံနံပင်သည် ပူပြင်းခြောက်သွေ့လွန်းသောဒဏ်ကို မခံနိုင်သောကြောင့် မြေကို ခြောက်သွေ့မနေစေသင့်ပါ။<br>(၁) အပင်ငယ်များသည်အပင်ကြီးများထက် ရေလိုအပ်မှုနည်းသည်။ (၂) စိုက်ဘောင်ရှိစိုက်တန်းကြား များကို အစက်ချစနစ် (သို့) ရေပန်းစနစ် အသုံးပြုခြင်းဖြင့် လုပ်အားနှင့် စိုက်ပျိုးရေချွေတာနိုင်သည်။<br>(၃) စိုက်ဘောင်တန်းကြား ရေသွင်းစိုက်ပျိုးခြင်းသည် စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးစေသည်။ ပေါင်းများစွာ ပေါက်ရောက်နိုင်ပြီး အရွက်များလည်း ရောဂါကျ ရောက်စေသည်။ | |
| လုပ်ငန်းဆောင်ရွက်ရမည့် အချိန်များ | **လုပ်ဆောင်ရမည့်လုပ်ငန်းများ -**<br>မိမိ၏ ရေမြေ၊ ရာသီဥတု လိုအပ်ချက်နှင့် အညီ ချင့်ချိန် လုပ်ဆောင်ရန် ဖြစ်သည်။ | **ရေပေးခြင်း** |
| မစိုက်မီ ၁ လ | **မြေပြင်ခြင်း -** မြေကိုထယ်ရေးနက်နက် (၆ - ၉)လက်မနှင့်ထွန်ရေး (၂ - ၃) ကြိမ် ထိုးပါ။ | |
| မစိုက်မီ ၃ ပတ် | **ထုံးထည့်ခြင်း** - ၀.၀၆ ဧကအတွက် တစ်နှစ်လျှင်ထုံး ၁၃ ပိဿာနှုန်းဖြင့် ၃ နှစ် ဆက်တိုက်ထည့်ပါ။ | |
| | **ဘိုကာရှီမြေဆွေးပြုလုပ်ခြင်း၊ ငါးအမိုင်နိုအက်ဆစ် အပင်အားဆေးရည် ပြုလုပ်ခြင်း နှင့် အီးအမ်-၅ ။** ကောင်းစွာဆွေးမြေ့စေရန် အပင်မစိုက်မီ ၃ပတ်အလိုတွင် ဘိုကာရှီမြေဆွေး၊ ငါးအမိုင်နိုအက်ဆစ်၊ အီးအမ်-၅ တို့ကို ပြင်ဆင်ပါ။ (နောက်ဆက်တွဲတွင်ကြည့်ပါ) | ဘိုကာရှီကို အစိုဓာတ်ရှိနေပါစေ။ |

| | | |
|---|---|---|
| | **မြေဘောင်ပြုလုပ်ခြင်း** - ရေပေးသွင်းနိုင်ရန်အတွက် ဘောင်နှင့် ရေမြောင်းများ ပြုလုပ်ပါ။ အကျယ် ၃ ပေ၊ အမြင့် ၆ - ၉ လက်မနှင့် အလျားအလိုရှိသလောက် ဘောင်များပြုလုပ်ပါ။<br>ဘောင်တင်ခြင်း၏အကျိုးကျေးဇူးများ - (၁) ရေထုတ်ရန်၊ (၂) မြေတွင်း လေဂင်လေထွက် ကောင်းရန်၊ (၃) အမြစ်များ မြေတွင်း ထိုးဖောက်မှု လွယ်ကူစေရန်၊ (၄) ဘောင်ကြား ရေသွင်းနိုင်ရန်၊ (၅) မြေမှ အငွေ့ပျံခြင်းကို လျော့ကျနိုင်စေရန် ၊ (၆) မြေတွင်သဘာဂမြေဩဇာများတိုးပွားလာစေရန်။ | မြေတွင်းအစိုဓာတ် လုံလောက်ပါစေ။ |
| မစိုက်မီ ၁ ပတ် | **မြေခံမြေဩဇာထည့်သွင်းခြင်း** - မြေခံအဖြစ် ၁၅း၁၅း၁၅ ကွန်ပေါင်း မြေဩဇာကို ဂ.ဂ၆ ကေအတွက် ၆ ပိဿာနှုန်းထည့်ပေးပါ။ ဘောင်ပေါ်တွင် မြေနှင့်သမပေးပါ။ ဘိုကာရှီမြေဩဇာ ၃၇ - ၇၄ ပိဿာကို မြေနှင့် သမအောင်ရောမွှေထည့်ပါ။ | |
| | **အတန်းပြုလုပ်ခြင်းနှင့် အပင်အကွာအဝေး-** ဘောင်များပေါ်တွင် ၃ လက်မခြားပြီးလက်မဂက်အနက်ရှိ မြောင်းငယ်များပြုလုပ်ပါ။ စိုက်တန်းတွင်တစ်စေ့နှင့်တစ်စေ့ တစ်လက်မခန့် အကွာထားပြီးစိုက်ပါ။ စိုက်မြောင်းဖော်ရန် ထွန်ခြစ်ကို အသုံးပြုနိုင်သည်။ | မြေအစိုဓာတ် လုံလောက်လျှင် ဘောင်ပြုလုပ်ရ လွယ်ကူစေသည်။ |
| | **မျိုးစေ့ရေစိမ်ခြင်း** - ၁၅ ရက်မှ ၃ဂ ရက်ကြာအောင် သိုလှောင်ထားသော မျိုးစေ့များသည် လတ်ဆတ်သောမျိုးစေ့များထက် အပင်ပေါက်စောပြီးအပင်ပေါက် ပိုမိုကောင်းမွန်သည်။ နံနံစေ့မစိုက်မီအပင်ပေါက် လွယ်ကူစေရန် မျိုးစေ့ကို နှစ်ခြမ်းကွဲအောင် အသာအယာကြိတ်ခွဲပေးပါ။ ထို့နောက် မျိုးစေ့ကို၂၄ နာရီကြာ ရေစိမ်ပါ။ မျိုးစေ့ရေစစ်ပြီးနောက် ရေစိုအဂတ်(သို့မဟုတ်) ဂုံနီအိတ်တွင် ၁ ရက်ကြာ နပ်ထားပေးပါ။ | ၆ နာရီကြာတစ်ကြိမ် ရေလဲပေးပါ။ |
| စိုက်နည်းစနစ် | **တိုက်ရိုက်စိုက်ပျိုးခြင်း -** နံနံပင်သည် တိုက်ရိုက် စိုက်ပျိုးရန် သင့်လျော်သည်။ နပ်ထားသော မျိုးစေ့များကို စိုက်တန်း တလျှောက်တွင် တစ်စေ့နှင့်တစ်စေ့ ၁ လက်မ ခွာပြီးစိုက်ပါ။ ထို့နောက် မြေပါးပါးဖုံးပေးပါ။ နံနံစေ့အချင်း၏ ၂ဆထက် ပိုပြီးမဖုံးမိပါစေနှင့်။ | စိုက်ပြီးနောက် ရေပါးပါး ထည့်ပေးပါ။ တတိယ မြောက်နေ့တွင် ရေကို ဒုတိယအကြိမ်သွင်းပါ။ |
| | **ကောက်ရိုးဖုံးခြင်း -** အပူချိန်ကိုလျှော့ချရန်၊ အစိုဓာတ်ထိန်းသိမ်းရန်၊ ပေါင်းပေါက်ရောက်မှုကိုကာကွယ်ရန်နှင့် မြေတိုက်စားမှုမှ မှကာကွယ်ရန်အတွက် မြေဘောင်များပေါ်တွင် ၃ လက်မခန့် အထူ ကောက်ရိုးဖုံးပေးပါ။ နံနံစေ့မျိုးညှောင့်ပေါက်ခြင်းကို မထိခိုက်စေရန် သတိပြုပါ။ | |
| စိုက်ပြီး ၁ ပတ် | **မျိုးညှောင့်ပေါက်ခြင်း -** ယေဘုယျအားဖြင့် စိုက်ပြီး ၈ ရက်မှ ၁၂ ရက်ကြာလျှင် အပင်ပေါက်သည်။ ရေစိမ်မျိုးအုပ်ပြီးစိုက်လျှင် ၃ ရက်မှ ၅ ရက်သာ ကြာသည်။ | ၃ ရက်တစ်ကြိမ်ရေပေးပါ။ |
| စိုက်ပြီး ၂ ပတ် | **ပေါင်းရှင်းခြင်း -** အပင်အာဟာရများကို လုယူစားသုံးခြင်း မရှိစေရန်နှင့် ပိုးမွှားရောဂါများ နားခိုနိုင်ခြင်း မရှိစေရန် ပေါင်းနှိမ်နင်းပေးပါ။ | ၃ ရက်တစ်ကြိမ်ရေပေးပါ။ |
| စိုက်ပြီး ၃ ပတ် | **ပေါင်းရှင်းခြင်း -** လိုအပ်သလို ပေါင်းရှင်းပေးပါ။ | ၃ ရက်တစ်ကြိမ်ရေပေးပါ။ |
| | **ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်း-** အီးအမ် ၅ နှင့် တမာပိုးသတ်ဆေးကဲ့သို့သော သဘာဝပိုးသတ်ဆေးများကို အသုံးပြုပြီးကာကွယ်နှိမ်နင်းပါ။ ဤနည်းများဖြင့် ထိရောက်မှု မရှိမှသာ ဓာတုပိုးသတ်ဆေးများကို နောက်ဆုံးအနေဖြင့်သုံးပါ။ | |

| | | |
|---|---|---|
| | **မင်္ဂလာရွက်ထွက်ခြင်း -** အပင်စိုက်ပြီး ၂ ပတ် ၃ ပတ်အကြာ မင်္ဂလာရွက်ထွက်ချိန် ရေနှာလျှင်အပင်များ ခါးရိုးရောဂါဖြစ်တတ်သဖြင့် သတိထားပါ။ | |
| | **ဖြည့်စွက်မြေဩဇာ -** ၁.၀၆ ဧကအတွက် ပုလဲမြေဩဇာ ၁ ပိဿာနှုန်း အသုံးပြုပြီး ဖြည့်စွက်စာကျွေးပါ။ | |
| စိုက်ပြီး ၄ ပတ် | **အပင်မှုန်းခြင်း -** အပင်မှုန်းပေးရန်မလိုပါ။ စိုက်ပြီးတစ်လ အကြာတွင် ဘောင်တင် မြေဆွပေးပါ။<br>**ပေါင်းနှိမ်နင်းခြင်း -** လိုအပ်လျှင်ပေါင်းရှင်းပေးပါ။ | ၂ ရက်တစ်ကြိမ် ရေသွင်းပေး (သို့) ရေလောင်းပေးပါ။ |
| စိုက်ပြီး၅ ပတ် (အစိမ်းခူးရောင်းရန် န် အတွက်) | **ပေါင်းနှိမ်နင်းခြင်း -** လိုအပ်လျှင်ပေါင်းရှင်းပေးပါ။ | ၂ ရက်တစ်ကြိမ် ရေသွင်းပေး (သို့) ရေလောင်းပေးပါ။ |
| | **ဖြည့်စွက်မြေဩဇာ -** အပင်ကြီးထွားရန် ၁၁း၈း၁၆ အချိုးရွက်ဖျန်း မြေဩဇာ ၃၀ ဂရမ် ကို ရေ ၄ ဂါလံနှင့် ရောပြီးဖျန်းပါ။ ၁.၀၆ဧကအတွက် ၃၀၀ဂရမ် (၂ ကျပ်သား) လိုအပ်မည်။ | |
| | **ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်း -** အပင်ငယ်စဉ်တွင် ရွက်စားလောက်ကောင်၊ ထွာကောင်နှင့် ပျမျှားကျရောက်တတ်သည်။ သဘာဝဆေးများဖြင့်နှိမ်နင်းပါ။ | |
| | **နံနံရွက်ခူးယူခြင်း-** ပန်းပွင့်ချိန်နောက်ဆုံးထားပြီး နံနံကို နုတ်ယူနိုင်သည်။ အပင်နုတ် အမြစ်ဖြတ်ပြီး ဈေးကွက်ပို့သည်။ | |
| စိုက်ပြီး ၆ ပတ်မှ ၈ ပတ် (မျိုးစေ့ယူရန်အတွက်) | **ပေါင်းနှိမ်နင်းခြင်း -** လိုအပ်လျှင်ပေါင်းရှင်းပေးပါ။ | ၂ ရက်တစ်ကြိမ် ရေသွင်းပေး (သို့) ရေလောင်းပေးပါ။ |
| | **ဖြည့်စွက်မြေဩဇာ -** ၁.၀၆ ဧကအတွက် ပုလဲမြေဩဇာ ၁ ပိဿာနှုန်း အသုံးပြုပြီး ဖြည့်စွက်စာကျွေးပါ။ | |
| | **ပန်ပွင့်ခြင်း -** စိုက်ပြီး ၄၅ ရက်မှ ၅၅ ရက်တွင် ပန်းစပွင့်လေ့ရှိသည်။ ထိုအချိန်တွင် ပိုးသတ်ဆေးတစ်မျိုးမျိုးကိုအသုံးပြုပါက ပျားများကို သေစေနိုင်ပြီး ဝတ်မှုံကူးမှုကို ထိခိုက်စေသည်။ | |
| စိုက်ပြီး ၉ ပတ်မှ ၁၅ ပတ် | **ပေါင်းနှိမ်နင်းခြင်း -** လိုအပ်လျှင်ပေါင်းရှင်းပေးပါ။<br>**မျိုးစေ့ရိတ်သိမ်းခြင်း -** မျိုးစေ့ခံမည်ဆိုပါက အသီးများကောင်းစွာရင့်မှည့်ပြီးအသီးအစိမ်းရောင်မှ အညိုရောင်သို့ ပြောင်းသွားသောအခါ ရိတ်သိမ်းကြသည်။ နံနံစေ့ အသီးကြွေခြင်းနှင့် အသီးကွဲခြင်း လျော့နည်းစေရန် ရိတ်သိမ်းမှုကိုမနှောင့်နှေးပါစေနှင့်။ နံနံပင်များကို ရိတ်ဖြတ် တ်ပြီးနောက် စင်များပေါ် တွင်တင်ပြီးအခြောက်လှန်းပါ။ တုတ်ဖြင့်အသာအယာရိုက်ချွေပါ။ ထိုနောက်အရိပ်အောက်တွင် ချွေလှေ့သန့်စင်ပါ။ ခြောက်သွေ့သောအခါ အိတ်များတွင်ထည့်ကာ သိုလှောင်ပါ။ | |


<table>
<tr>
<td>ပိုးမွှားရောဂါ<br>ကာကွယ်နှိမ်နင်းခြင်း</td>
<td>
ပိုးမွှားရောဂါကျရောက်ပါက သဘာဂပိုးသတ်ဆေးများဖြင့်သာ<br>
နှိမ်နင်းပါ။ သဘာဂဆေးများဖြင့် မနိုင်မှသာ ဓာတုပိုးသတ်ဆေး၊မှိုသတ်ဆေးများကို အသုံးပြုသင့်သည်။
<table>
<tr><th>ပိုးမွှား၊ရောဂါနှင့် လက္ခဏာများ</th><th>ကာကွယ်နှိမ်နင်းနည်း</th></tr>
<tr><td>• ထွာကောင် (ပုံ-၁)<br><br>• ပျ (ပုံ-၂)</td><td>• အစီတာမင်ပရစ် ၁.၆ ရာခိုင်နှုန်း+ ဆိုက်ပါမီသရင် ၇.၂ ရာခိုင်နှုန်း အီးစီ<br>• ဒယ်လ်တာမီသရင် ၂.၅ ရာခိုင်နှုန်းအီးစီ၊ အဆီဖိတ် ၇.၅ ရာခိုင်နှုန်း အက်ဖ်ပီ</td></tr>
<tr><td>• ခါးရိရောဂါ (ပုံ-၃)</td><td>• ဘီနိုမိုင်းလ် ၅၀ ရာခိုင်နှုန်း ဒဗလျူပီ၊ မက်တလက်ဇီ ၂.၅ ရာခိုင်နှုန်း ဒဗလျူပီ</td></tr>
</table>
</td>
</tr>
<tr>
<td></td>
<td>

၁။ မျိုးဘောင်

၂။ နံနံပင်

၃။ နံနံပင်စည်း

၄။ နံနံပင်စေ့
<br>


၁။ ထွာကောင်

၂။ ပျ

၃။ ခါးရိရောဂါ
</td>
</tr>
<tr>
<td>ရိတ်သိမ်းခြင်း</td>
<td>နံနံကို စိုက်ပြီး ရက် ၃၀ တွင် စတင်ရိတ်သိမ်းနိုင်ပြီး ဈေးကွက်ပေါ်မူတည်ကာ ၅၅ ရက်အထိ အပြီးရိတ်သိမ်းနိုင်သည်။ နံနံမျိုးစေ့အတွက် စိုက်ပြီးရက်ပေါင်း ၉၀ မှ ၁၀၅ ရက်အထိထားပြီး ရိတ်သိမ်းနိုင်သည်။</td>
</tr>
<tr>
<td>အရည်အသွေး<br>လမ်းညွှန်ချက်များ</td>
<td>အေးပြီးခြောက်သွေ့သောကာလတွင် နံနံအရည်အသွေးကောင်းသည်။ ရေပေးသွင်းခြင်းနှင့် ဖြည့်စွက်စာ ကျွေးခြင်း သည် နံနံ၏အရည်အသွေးကို များစွာထိန်းပေးပါသည်။<br>အသီးမှိုရောဂါကျရောက်လျှင် နံနံစေ့အရည်အသွေး ကျဆင်းတတ်သည်။</td>
</tr>
</table>

<table>
<tr><th colspan="3">ဂေါ်ဖီထုပ် စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ</th></tr>
<tr><td>မျိုးရွေးချယ်ခြင်း</td><td>ဈေးကွက်ကောင်းပြီး အထွက်နှုန်းမြင့်သော မျိုးများကို ရွေးပါ။ ဥပမာ- ပါရိုက်-၀၀၄</td><td rowspan="3"></td></tr>
<tr><td>ကြိုက်နှစ်သက်သော ရာသီဥတု</td><td>ဂေါ်ဖီထုပ်သည် မိုးနှောင်း နှင့် ဆောင်းရာသီတွင် စိုက်ပျိုးနိုင်သည်။ စိုက်ပြီးမိုးများလျှင်လည်း အထုပ်ကွဲ တတ်သည်။ ကျစ်လျစ်ဖွံ့ဖြိုးသော အထုပ်များရရန် အေးသောရာသီဥတုကို အထူးလိုအပ်သည်။</td></tr>
<tr><td>သီးနှံသက်တမ်း</td><td>ရွှေ့စိုက်ပြီး ၆၅ ရက် မှ ၉၀ ရက်အတွင်းခူးဆွတ်နိုင်သည်။</td></tr>
<tr><td>အထွက်နှုန်း (ခန့်မှန်း)</td><td colspan="2">ပျမ်းမျှအထွက်နှုန်း ၅၈၀ ပင် /၀.၀၆ ဧက</td></tr>
<tr><td>မျိုးစေ့ နှင့် အပင်ဦးရေ</td><td colspan="2">၁၀ ဂရမ် ၁ထုပ်၊ ၇၂၆ ပင်/၀.၀၆ဧက</td></tr>
<tr><td>နေရာရွေးချယ်ခြင်း</td><td colspan="2">ဂေါ်ဖီထုပ်သည် ရေကောင်းစွာ ရရှိပြီး မြေဆီမြေသြဇာ ကောင်းပါက ပိုမိုဖြစ်ထွန်းနိုင်သည်။</td></tr>
<tr><td>မြေချဉ်/ငန်ကိန်း</td><td colspan="2">၆-၆.၅ ရှိသောမြေကိုပိုနှစ်သက်သည်။</td></tr>
<tr><td>ရေသွင်းခြင်း</td><td colspan="2">စိုက်ခင်းကျယ်ပါက ရေသွင်းမြောင်း(furrow)ဖြင့်လည်းကောင်း၊ အစက်ချစနစ်နှင့်ရေပန်းကရားစနစ်တို့ လည်းအသုံးပြုနိုင်သည်။ စိုက်ခင်းငယ်ပါက ရေထမ်းလောင်းနိုင်သည်။ ရေဖျန်းခြင်း (Sprinkler)စနစ်သည် အရွက်ရောဂါများကိုဖြစ်စေသည်။<br><br>စိုက်ခင်း၌ရေပေးရာတွင် အစက်ချစနစ် နှင့် ရေပန်းကရားစနစ်တို့ အသုံးပြုနိုင်သည်။ သို့သော် စိုက်ခင်းအား ရေသွင်းရာတွင် အပင်ပေါ်မှ ရေဖျန်းခြင်း (Sprinkler) ကို ရှောင်ရှားပါ။ စိုက်ခင်းကျယ်ပါက ရေထမ်းလောင်းနိုင်သလို ရေမြောင်း (furrow) ဖြင့် ရေသွင်း၍ လည်းအသုံးပြုနိုင်သည်။<br><br>ရွှေ့ပြောင်းစိုက်ချိန်မှ အထုပ် ထုပ်ချိန်ထိ ရေတိုးလောင်းပေးရမည်။ အထုပ်များကြီးထွားရန် ရေမှန်မှန် လိုအပ်သည်။<br><br>(၁) အပင်ငယ်များသည်အပင်ကြီးများထက် ရေလိုအပ်မှုနည်းသည်။ (၂) စိုက်ဘောင်ရှိစိုက်တန်းကြားများကို အစက်ချစနစ် (သို့) ရေပန်းစနစ် အသုံးပြုခြင်းဖြင့် လုပ်အား နှင့် ရေချွေတာနိုင်သည်။<br><br>(၃) စိုက်ဘောင်တန်းကြား ရေသွင်းစိုက်ပျိုးခြင်းသည် ရေလေလွင့်ဆုံးရှုံးစေသည်။ ပေါင်းများစွာ ပေါက်ရောက်နိုင်ပြီး အရွက်များလည်း ရောဂါကျရောက်စေသည်။<br><br>အပင်များရေခြောက် မသွားစေရန် နှင့် အထုပ်ဖြစ်ချိန် ရေမှန်မှန် မလောင်းလျှင် အထုပ် ကွဲသွားတတ်သည်။<br><br>အာဟာရရည်ကျွေးခြင်း -အစက်ချစနစ်သုံးလျှင် အာဟာရရည်ကျွေးခြင်း ပြုလုပ် နိုင်သည်။</td></tr>
<tr><td>လုပ်ငန်းဆောင်ရွက်ရမည့် အချိန်များ</td><td>လုပ်ဆောင်ရမည့်လုပ်ငန်းများ -<br>မိမိ၏ ရေမြေ၊ ရာသီဥတု လိုအပ်ချက်နှင့် အညီ ချင့်ချိန် လုပ်ဆောင်ရန်ဖြစ်သည်။</td><td>ရေပေးခြင်း</td></tr>
<tr><td rowspan="2">မစိုက်မီ ၁လ</td><td>မြေပြင်ခြင်း - ဂေါ်ဖီထုပ်သည် အမြစ်နက်နက် မဆင်းသောကြောင့်မြေကို ၆-၈ လက်မ အနက်ထိသာ ထယ်ရေး ပြုပြင်သင့်သည်။ထွန်ရေး ၂-၃ ကြိမ် ပြုလုပ်သင့်သည်။</td><td></td></tr>
<tr><td>ထုံးထည့်ခြင်း - ၀.၀၆ ဧက အတွက် ထုံးကို တစ်နှစ်လျှင် ၁၃ ပိဿာ နှုန်းဖြင့် သုံးနှစ် ဆက်တိုက် ထည့်ပါ။</td><td></td></tr>
</table>

| | | |
|---|---|---|
| | **ဘိုကာရှီမြေဆွေးပြုလုပ်ခြင်း၊ ငါးအမိုင်နိုအက်ဆစ် အပင်အားဆေးရည် ပြုလုပ်ခြင်း နှင့် အီးအမ်-၅**<br>ကောင်းစွာဆွေးမြေ့စေရန် အပင်မစိုက်မီ ၃ပတ်အလိုတွင် ဘိုကာရှီမြေဆွေး၊ ငါးအမိုင်နိုအက်ဆစ်၊ အီးအမ်-၅ တို့ကို ပြင်ဆင်ပါ။ (နောက်ဆက်တွဲတွင်ကြည့်ပါ) | ဘိုကာရှီအား အစိုဓာတ်ရှိအောင် ထားပါ။ |
| မစိုက်မီ ၃ ပတ် | **မျိုးထောင်ခြင်း - -** အပေါက် ၁၀၅ ပေါက်ပါသော မျိုးဗန်းကို အသုံးပြုပါ။ မျိုးမြေအဖြစ်ရိုးရိုးမြေ၊ နွားချေးဆွေး နှင့် ဖွဲပြာတို့ကို ၁း၁း၁ ဆတူရောစပ်ပြီး အသုံးပြုနိုင်ပါသည်။<br>(နောက်ဆက်တွဲတွင်ကြည့်ပါ)<br>တစ်ပေါက်ကိုတစ်စေ့ စိုက်ပါ။ မျိုးသက် ၂၀-၂၅ ရက်တွင် ရွှေ့စိုက်ပါ။ | နံနက်တိုင်း ပျိုးပင်များကို ရေလောင်းရန် လိုသည်။ |
| မစိုက်မီ ၂ ပတ် | **စိုက်ဘောင်ပြင်ဆင်ခြင်း -**<br>တစ်ဘောင်နှင့်တစ်ဘောင် ၁.၅ ပေခြားပြီး ဘောင်အကျယ် ၃ပေ ၊ အမြင့် ၉-၁၂ လက်မ ဘောင်များပြုလုပ်ပါ။<br>ဘောင်တင်ခြင်း၏အကျိုးကျေးဇူးများ - (၁) ရေထုတ်ရန်၊ (၂) မြေတွင်း လေဝင်လေထွက် ကောင်းရန်၊ (၃) အမြစ်များ မြေတွင်း ထိုးဖောက်မှု လွယ်ကူစေရန်၊ (၄) ဘောင်ကြား ရေသွင်းနိုင်ရန ရန်၊ (၅) မြေမှ အငွေ့ပျံခြင်းကို လျော့ကျနိုင်စေရန်။ (၆) မြေတွင်သဘာဝမြေသြဇာများတိုးပွားလာစေရန်။<br>**ပင်ကြားတန်းကြားသတ်မှတ်ခြင်း-** ပင်ကြား ၂ ပေ × တန်းကြား ၁ ၁.၅ပေ စိုက်ပါ။ အစွန်နှစ်ဖက်ကို ၆လက်မချန်ပြီး ဖိုခနောက်ဆိုင် စိုက်ပါ။<br>ကျင်းအနက် ၆လက်မ အကျယ် ၆လက်မ စိုက်ကျင်းများတူးပါ။ | အစိုဓာတ်ရှိသော မြေသည်စိုက်ဘောင် ပြုပြင်ရ လွယ်ကူသည်။ နံနက်တိုင်း ပျိုးပင်များကို ရေလောင်းရန် လိုသည်။ |
| မစိုက်မီ ၁ ပတ် | **မြေခံမြေသြဇာထည့်ခြင်း** ဂ.ဂ၆ဧကအတွက် ၁၅း၁၅း၁၅ ကွန်ပေါင်း ၆ ပိဿာ နှင့်ဘိုကာရှီမြေဆွေး ၃၇-၇၄ ပိဿာကို စိုက်ဘောင်များပြင် ချိန်တွင် စိုက်တန်းရှိ အကျယ် ၁ဂလက်မ၊အနက် ၆လက်မ မြောင်းထဲတွင် သမအောင်ထည့်ပါ။<br>**စိုက်ကျင်းတူးခြင်း -** ၆လက်မပတ်လည်အကျယ် ၆လက်မအနက်ရအောင် ကျင်းတူးပါ။ စိုက်ကျင်းတစ်ကျင်းလျှင် လက်တစ်ဆုပ်စာ ဘိုကာရှီမြေဆွေး ထည့်ပါ။ မစိုက်မီ၂ရက် အလိုတွင် ထရိုင်ကိုဒါးမားဖျော်ရည် (၇ ဂရမ် နှင့် ရေ ၁ဂလီတာ) ကို တစ်ပင်လျှင် နို့ဆီဘူးဂက်ခန့်လောင်းထည့်ပါ။<br>**မြေဖုံးပေးခြင်း -**<br>ပေါင်း၊ ရောဂါပျံ့နှံ့မှုနှင့် မြေဆီလွှာတိုက်စားခြင်းကိုကာကွယ်ရန်၊ မြေတွင်းအပူချိန်လျော့ကျစေရန်၊ ပေါင်းကာကွယ်စေရန် ကောက်ရိုးကို ၆လက်မအထူ (သို့) ပလပ်စတစ်စဖြင့် ဘောင်ပေါ်တွင်ဖုံးပါ။ ကောက်ရိုး များကို အပင်ခြေနှင့်မထိစေရ ရောဂါဖြစ်စေနိုင်သည်။ | မစိုက်မီ ၂ရက် အလိုတွင် ကျင်းတူးရ လွယ်ကူစေရန် နှင့် အပင်ငယ်များ ရွှေ့ပြောင်း စိုက်ပျိုးရ လွယ်ကူစေ ရန် လိုအပ်လျှင် ဘောင်ကို အစိုဓာတ်ရရှိအောင် ပြုလုပ်ပါ။ |
| စိုက်နည်းစနစ် | **ရွှေ့ပြောင်းစိုက်ပျိုးခြင်း -** ကျန်းမာသန်စွမ်း သောပျိုးပင်များကို စိုက်ကျင်း တစ်ကျင်း တွင်တစ်ပင်နှုန်း ဖြင့် စိုက်ပျိုးပါ။ မြေလုံးမ ကွဲစေရန် ဂရုစိုက် စိုက်ပျိုးပါ။<br>**တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း -** တိုက်ရိုက်မစိုက်ပျိုးသင့်ပါ။ | ပြောင်းရွှေ့စိုက်ပြီးပြီးချင်း အပင်များကို ရေလောင်းပါ။ |
| ရွှေ့စိုက်ပြီး ၁ ပတ် | **အပင်မှုန်းခြင်း နှင့် အပင်ဖာခြင်း -** တစ်ကျင်းတွင်သန်မာသောအပင် တစ်ပင်သာ ရှိစေရန် အပင်ဖာခြင်းအား ပြုလုပ်ရန်လို အပ်ပါသည်။ | တစ်ရက်ခြားတစ်ကြိမ် တစ်ပင်လျှင် ရေ ၁ လီတာ ခန့် လောင်းပါ။ |
| ရွှေ့စိုက်ပြီး၂ - ၃ ပတ် | **ပေါင်းရှင်းခြင်း -** အစာအာဟာရလုစားခြင်း၊ ပိုးနှင့်ရောဂါများ ခိုအောင်းခြင်း | အထုပ် ပြည့်ပြည့်ဝဝ |

<table>
<tr>
<td></td>
<td>တို့မှ ကာကွယ်စေရန် ပေါင်းကိုလိုအပ်သလိုရှင်းပါ။အပင်ငယ်စဉ်တွင် ပေါင်း ကင်းစင်စေရန် လိုအပ်သည်။ သတိပြုရန် အမြစ်တိမ်သဖြင့် ပေါက်ပြားဖြင့် ပေါင်းမသင်ရ။<br><br>ဖြည့်စွက်မြေသြဇာကျွေးခြင်း - အပင်ခြေမှ ၆ လက်မ အကွာတွင် ၂လက်မ အကျယ်၊ ၂ လက်မ အနက် ရှိသောမြောင်းကို စိုက်တန်းတစ်လျှောက်တူးပါ။ တစ်ပင်လျှင် ဆားခါး လက်ဖက်စားဇွန်း တစ်ဇွန်းကျွေးပါ။ (၁.၀၆ ဧက အတွက် ၂ ပိဿာ ) ပလပ်စတစ် ဖုံးအုပ်ထားသောဘောင် အတွက် တစ်ပင်နှင့် တစ်ပင်ကြား ကျင်းတူးပြီး ကျွေးပါ။ ပိုးနှင့်ရောဂါနှိမ်နင်းခြင်း - ပိုးနှင့်ရောဂါမှ ကြိုတင်ကာကွယ်ရန် အီးအမ် ၅ နှင့် တမာပိုးသတ်ဆေးကိုအပတ်စဉ်တိုင်းဖျန်းပါ။အကယ်၍မနိုင်ပါက နောက်ဆုံးအနေဖြင့် ဓာတုနည်းကို သုံးပြီး နှိမ်နင်းပါ။</td>
<td>ကျစ်လျစ် စေရန် - ရေလောင်းသော အခါတွင် အထူး ဂရုပြုရမည်။ အစိုဓာတ်များလျှင် အထုပ်များကွဲတတ် သည်။</td>
</tr>
<tr>
<td>ရွှေ့စိုက်ပြီး ၄-၅ ပတ်</td>
<td>ပေါင်းရှင်းခြင်း - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>ဖြည့်စွက်မြေသြဇာကျွေးခြင်း - ပိုတက်ဆီယမ်နိုက်ထရိတ်ကို ရေ ၄ဂါလံဝင် ဆေးဖျန်းပုံး တစ်ပုံးတွင် ၁၀ကျပ်သားနှုန်းဖြင့် ဖျော်စပ်ပြီး နံနက်ပိုင်းတွင် အရွက်များပေါ် သို့ ရွှဲရွှဲဖျန်းပါ။<br>ဖြည့်စွက်မြေသြဇာကျွေးခြင်း - တစ်ပင်လျှင် ဆားခါးလက်ဖက်စားဇွန်း တစ်ဇွန်း ကျွေးပါ။ (၁.၀၆ဧက အတွက်၂ပိဿာ)။ ပလပ်စတစ် ဖုံးအုပ်ထားသောဘောင်အတွက် တစ်ပင်နှင့် တစ်ပင်ကြား ကျင်းတူးပြီး ကျွေးပါ။</td>
<td>နှစ်ရက်ခြားတစ်ကြိမ် တစ်ပင်လျှင် ရေ ၃ လီတာခန့် လောင်းပါ။</td>
</tr>
<tr>
<td>ရွှေ့စိုက်ပြီး ၆- ၉ ပတ်</td>
<td>ပေါင်းရှင်းခြင်း - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>ဖြည့်စွက်မြေသြဇာကျွေးခြင်း - ပိုတက်ဆီယမ်နိုက်ထရိတ်ကို ရေ ၄ ဂါလံဝင်ဆေးဖျန်းပုံး တစ်ပုံးတွင် ၁၀ ကျပ်သားနှုန်းဖြင့် ဖျော်စပ်ပြီး နံနက်ပိုင်းတွင်အရွက်များပေါ် သို့ ရွှဲရွှဲဖျန်းပါ။<br>ပုလဲမြေသြဇာ တစ်ပင်လျှင်ထမင်းစားဇွန်း ၁ ဇွန်းနှုန်း (၁.၀၆ ဧက အတွက် ၅ ပိဿာ နှုန်း ) ကျွေးပေးပါ။</td>
<td>မြေသြဇာကျွေးပြီးပြီး ချင်း မြေကြီးသည် အစိုဓာတ် နည်းနေပါက ရေလောင်း ပေးပါ။</td>
</tr>
<tr>
<td>ပိုးမွှားနှင့်ရောဂါများ ကာကွယ်နှိမ်နင်းခြင်း</td>
<td colspan="2">ဓာတုဆေး နှင့် အော်ဂဲနစ်ဆေး ရွေးချယ်မှု<br><br>ပိုးနှင့်ရောဂါလက္ခဏာများမှန်မှန်စစ်ဆေးပါ။ အရွက်မျက်နှာပြင်၂ ခုလုံးနှင့် ပင်စည်တစ်လျှောက်ကြည့်ပါ။ သဘာဝဆေးများ နှင့် မနိုင်လျှင် အောက်တွင်ဖော်ပြထားသော ဓာတုဆေးများကို အသုံးပြုပါ။
<table>
<tr><th>ပိုးမွှား၊ရောဂါနှင့် လက္ခဏာများ</th><th>ကာကွယ်နှိမ်နင်းနည်း</th></tr>
<tr><td>• ပိုးလောက်ကောင်များကြောင့် အရွက်များကို ပျက်စီးနေခြင်း (ပုံ-၁)</td><td>• တမာပိုးသတ်ဆေးဖျန်းပါ။ အီးအမ်-၅ ဖျန်းပါ။</td></tr>
<tr><td>• မီးခိုးမှို ရောဂါ- အရွက်အပေါ် မျက်နှာပြင်တွင် မီးခိုးရောင်မှိုများ ကျရောက် ခြင်း (ပုံ-၂)<br>• အော်တာနေးရီးယား ရွက်ပြောက်ရောဂါ - အရွက်ပေါ် တွင် မီးခိုးရောင်/ အညိုရောင် အစက်များ (ပုံ-၃)<br>• ဘက်တီးရီးယားကြောင့်ဖြစ်သော ဂေါ်ဖီထုပ် အပျော့ပုတ်ရောဂါ (ပုံ-၄)</td><td>• မန်ကိုဇက် (သို့) ယူနတီဖျန်းပါ။<br>• မန်ကိုဇက် (သို့) ယူနတီဖျန်းပါ။<br>• ကော့ပါးပါသောဆေး (သို့) မက်တလက်ဇီ၊ ကာဆူဂါမိုင်ဇင် ဖျန်းပါ။</td></tr>
</table></td>
</tr>
</table>




၁။ စိန်ကွက်ဖလံ



၂။ မီးခိုးမှိုရောဂါ



၃။ အော်တာနေးရီးယား ရွက်ပြောက်ရောဂါ



၄။ အပင်ပျော့ပုတ်ရောဂါ

| | |
|---|---|
| ခူးဆွတ်ခြင်း | လက်ဖြင့် အထုပ်ပေါ်မှ နှိပ်ကြည့်ပြီး ဂေါ်ဖီထုပ် ကျစ်လစ်လာလျှင် ခုတ်သိမ်းနိုင်သည်။ သယ်ယူရာတွင် ထိခိုက်မှု နည်းအောင် အပြင်အရွက် ၃ ရွက်ခန့် ချန်ပြီး ခုတ်ပါ။ |
| အရည်အသွေး အတွက် လမ်းညွှန်များ | ရေလောင်းမှု မညီညာလျှင် အထုပ်များ ကွဲတတ်သည်။ ဂေါ်ဖီထုပ်ခုတ်ရာတွင် အောက်အရွက်ပါ အောင်ခုတ်ပြီး အောက်ဆုံးတန်းတွင် အတည့် ဒုတိယ အထပ်တွင် ပြောင်းပြန်လှန်ထပ်ပြီး မျက်နှာဆိုင် တစ်လှည့်စီ ထည့်ခြင်းဖြင့် ပျက်စီး မှုနည်းစေသည်။ အရွက်နှင့် အထုပ်များ မပျက်စီးအောင် ပို့မှားများ နိမ်နင်းရန် အရေးကြီးသည်။ |


<table>
<tr><th colspan="3">ပန်းမုန်လာ စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ</th></tr>
<tr><td>မျိုးရွေးချယ်ခြင်း</td><td>ဈေးကွက်ကောင်းပြီး အထွက်နှုန်းမြင့်သော မျိုးများကို ရွေးပါ။<br>မှိုနှင့်ဘတ်တီးရီးယားရောဂါ ဒဏ်ခံနိုင်သော စပ်မျိုး ကို ရွေးပါ။<br>( စပ်မျိုး - Poornima 008၊ silver cap )</td><td rowspan="3"></td></tr>
<tr><td>ကြိုက်နှစ်သက်သော ရာသီဥတု</td><td>ပန်းမုန်လာသည် မိုးနှောင်းနှင့် ဆောင်းရာသီတွင် စိုက်ပျိုးနိုင်သည်။ ကျစ်လျစ်ဖွံ့ဖြိုးသော အထုပ်များရရန်<br>အေးသောရာသီဥတု ကို အထူးလိုအပ်သည်။<br>စိုက်ပြီးမိုးများလျှင်လည်း<br>မှိုနှင့်ဘတ်တီးရီးယားရောဂါများ ကျရောက်တတ်သည်။</td></tr>
<tr><td>သီးနှံသက်တမ်း</td><td>ရွှေ့စိုက်ပြီး ၆၅-၉၀ ရက်ခူးဆွတ် နိုင်သည်။</td></tr>
<tr><td>အထွက်နှုန်း (ခန့်မှန်း)</td><td colspan="2">ပျမ်းမျှအထွက်နှုန်း ၅၈၀ ပွင့် /၀.၀၆ ဧက</td></tr>
<tr><td>မျိုးစေ့ နှင့် အပင် ဦးရေ</td><td colspan="2">၁၀ ဂရမ် ၁ထုပ်၊ ၇၂၆ ပင် /၀.၀၆ဧက</td></tr>
<tr><td>နေရာရွေးချယ်ခြင်း</td><td colspan="2">ပန်းဂေါ်ဖီသည် ကောင်းမွန်သောမြေအမျိုး အစားကိုနှစ်သက်သည်။<br>အကောင်းဆုံးမြေမှာသဲဆန်သောနန်းမြေဖြစ်သည်။</td></tr>
<tr><td>မြေချဉ်/ငန်ကိန်း</td><td colspan="2">၆ - ၆.၅ ပိုကြိုက်သည်။</td></tr>
<tr><td>ရေသွင်းခြင်း</td><td colspan="2">စိုက်ခင်းကျယ်ပါက<br>ရေသွင်းမြောင်း(furrow)ဖြင့်လည်းကောင်း၊ အစက်ချစနစ်နှင့်ရေပန်းကရားစနစ်တို့ လည်းအသုံးပြုနိုင်သည်။ စိုက်ခင်းငယ်ပါက ရေထမ်းလောင်းနိုင်သည်။ ရေဖျန်းခြင်း (Sprinkler)စနစ်သည် အရွက်ရောဂါများကိုဖြစ်စေသည်။<br><br>(၁) အပင်ငယ်များသည်အပင်ကြီးများထက် ရေလိုအပ်မှုနည်းသည်။ (၂ ) စိုက်ဘောင်ရှိစိုက်တန်းကြားများကို အစက်ချစနစ် (သို့) ရေပန်းစနစ် အသုံးပြုခြင်းဖြင့် လုပ်အား နှင့် စိုက်ပျိုးရေ ချွေတာနိုင်သည်။<br><br>(၃) စိုက်ဘောင်တန်းကြား ရေသွင်းစိုက်ပျိုးခြင်းသည် စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးစေသည်။ ပေါင်းများစွာ ပေါက်ရောက်နိုင်ပြီး အရွက်များလည်း ရောဂါ ကျရောက်စေသည်။<br><br>အပင်အားလုံးကို ရေမှန်မှန်လောင်းပါ။ အထူးသဖြင့် သေးငယ်သော ပန်းများ စောစော မပွင့်ရန် အတွက် ကြိုတင် ကာကွယ် ရန် ဖြစ်သည်။<br><br>အာဟာရရည်ကျွေးခြင်း - အစက်ချစနစ်သုံးလျှင် အာဟာရရည်ကျွေးခြင်း ပြုလုပ်နိုင်သည်။</td></tr>
<tr><td>လုပ်ငန်းဆောင်ရွက်ရမည့် အချိန်များ</td><td>လုပ်ဆောင်ရမည့်လုပ်ငန်းများ -<br>မိမိ၏ ရေမြေ၊ ရာသီဥတု လိုအပ်ချက်နှင့် အညီ ချင့်ချိန် လုပ်ဆောင်ရန် ဖြစ်သည်။</td><td>ရေပေးခြင်း</td></tr>
<tr><td>မစိုက်မီ ၁လ</td><td>မြေပြင်ခြင်း - ပန်းမုန်လာသည် အမြစ်နက်နက် မဆင်းသောကြောင့် မြေကို ၆-၈ လက်မ အနက်ထိသာ ထယ်ရေး ပြုပြင်ပါ။ ထွန်ရေး ၂-၃ ကြိမ်ထိုးပါ။<br><br>ထုံးထည့်ခြင်း - ၀.၀၆ ဧက အတွက် ထုံးကို တစ်နှစ်လျှင် ၁၃ ပိဿာ နှုန်းဖြင့် သုံးနှစ် ဆက်တိုက် ထည့်ပါ။</td><td></td></tr>
<tr><td>မစိုက်မီ ၃ ပတ်</td><td>ဘိုကာရှီမြေဆွေးပြုလုပ်ခြင်း၊ ငါးအမိုင်နိုအက်ဆစ် အပင်အားဆေးရည် ပြုလုပ်ခြင်း နှင့် အီးအမ်-၅<br>ကောင်းစွာဆွေးမြေ့စေရန် အပင်မစိုက်မီ ၃ပတ်အလိုတွင် ဘိုကာရှီမြေဆွေး၊ ငါးအမိုင်နိုအက်ဆစ်၊ အီးအမ်-၅ တို့ကို ပြင်ဆင်ပါ။<br>(နောက်ဆက်တွဲတွင်ကြည့်ပါ)</td><td>ဘိုကာရှီအား အစိုဓာတ် ရှိအောင်ထားပါ။</td></tr>
</table>

| | | |
|---|---|---|
| | **ပျိုးထောင်ခြင်း** - အပေါက် ၁၀၅ ပေါက်ပါသော ပျိုးဗန်းကို အသုံးပြုပါ။ ပျိုးမြေအဖြစ် ရိုးရိုးမြေ၊ နွားချေးဆွေး နှင့် ဖွဲပြာ တို့ကို ၁း၁း၁ ဆတူရောစပ်ပြီး အသုံးပြုနိုင်ပါ သည်။<br>(နောက်ဆက်တွဲတွင်ကြည့်ပါ)<br>တစ်ပေါက်ကိုတစ်စေ့ စိုက်ပါ။ ပျိုးသက် ၁၅-၂၅ ရက်တွင် ရွှေ့စိုက်ပါ။ | နံနက်တိုင်း ပျိုးပင်များကို ရေလောင်းရန် လိုသည်။ |
| မစိုက်မီ ၂ ပတ် | **စိုက်ဘောင်ပြင်ဆင်ခြင်း** - တစ်ဘောင်နှင့်တစ်ဘောင် ၁.၅ ပေခြားပြီး ဘောင်အကျယ် ၃ပေ ၊ အမြင့် ၉-၁၂ လက်မ ဘောင်များပြုလုပ်ပါ။<br>ဘောင်တင်ခြင်း၏အကျိုးကျေးဇူးများ - (၁) ရေထုတ်ရန်၊ (၂) မြေတွင်း လေဝင်လေထွက် ကောင်းရန်၊ (၃) အမြစ်များ မြေတွင်း ထိုးဖောက်မှု လွယ်ကူစေရန်၊ (၄) ဘောင်ကြား ရေသွင်း နိုင်ရန်၊ (၅) မြေမှ အငွေ့ပျံခြင်းကို လျော့ကျနိုင်စေရန်၊ (၆) မြေတွင်သဘာဝမြေဩဇာများတိုးပွားလာစေရန်။<br>**ပင်ကြား တန်းကြားစိုက်တန်းသတ်မှတ်ခြင်း**- - ပင်ကြား ၁.၅ပေ×တန်းကြား ၂ပေစိုက်ပါ။ အစွန်နစ်ဖက်ကို ၆လက်မချန်ပြီး ဖိုခနောက်ဆိုင် စိုက်ပါ။ ကျင်းအနက် ၆လက်မ အကျယ် ၆လက်မ စိုက်ကျင်းများတူးပါ။ | အစိုဓာတ်ရှိသော မြေသည် ပြုပြင်ရ လွယ်ကူသည်။ နံနက်တိုင်း အပင်များကို ရေလောင်းပါ။ |
| မစိုက်မီ ၁ ပတ် | **မြေခံမြေဩဇာထည့်ခြင်း** - ၀.၀၆ဧကအတွက် ၁၅း၁၅း၁၅ ကွန်ပေါင်း ၆ ပိဿာနှင့် ဘိုကာရှီမြေဆွေး ၃၇ ပိဿာကို စိုက်ဘောင်များ ပြင်ချိန်တွင် စိုက်တန်းရှိ အကျယ် ၁၀ လက်မ၊ အနက် ၆လက်မ မြောင်း ထဲတွင် သမအောင်မွှေ ထည့်ပါ။<br>**စိုက်ကျင်းတူးခြင်း** - ၆လက်မပတ်လည်၊ အကျယ် ၆လက်မ အနက်ရအောင် ကျင်းတူးပါ။<br>စိုက်ကျင်းတစ်ကျင်းလျှင်လက်တစ်ဆုပ်စာဘိုကာရှီမြေဆွေးထည့်ပါ။<br>မစိုက်မီ၂ရက်အလိုတွင်ထရိုင်ကိုဒါးမားဖျော်ရည်(၇ ဂရမ် နှင့် ရေ၁၀လီတာ) ကို တစ်ပင်လျှင်<br>နို့ဆီဘူး၀က်ခန့်လောင်းထည့်ပါ။ မြေဆွေးနှင့်မြေရောပြီး ကျင်းပြည့်အောင်ထည့်ပါ။<br>**မြေဖုံးပေးခြင်း** - ပိုးမွှား ရောဂါပျံ့နှံ့မှုနှင့် မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ရန်၊ မြေတွင်းအပူချိန်လျော့ကျစေရန်၊ ပေါင်းကာကွယ်စေရန် ကောက်ရိုးကို ၆လက်မအထူ (သို့) ပလပ်စတစ်စဖြင့် ဘောင်ပေါ်တွင်ဖုံးပါ။ ကောက်ရိုးကို အပင်ခြေနှင့်မထိစေရ။ ရောဂါဖြစ်စေနိုင်သည်။ | မစိုက်မီ ၂ရက်အလိုတွင် ကျင်းတူးရလွယ်ကူစေရန် နှင့် အပင်ငယ်များ ရွှေ့ပြောင်း စိုက်ပျိုးရလွယ်ကူ စေရန် လိုအပ်လျှင် ဘောင်ကို အစိုဓာတ်ရရှိ အောင် ပြုလုပ်ပါ။ |
| စိုက်နည်းစနစ် | **ရွှေ့ပြောင်းစိုက်ပျိုးခြင်း** - ကျန်းမာသန်စွမ်း သောပျိုးပင်များကို စိုက်ကျင်းတစ်ကျင်းတွင် တစ်ပင်နှုန်းဖြင့် စိုက်ပျိုးပါ။ မြေလုံးမကွဲစေရန် ဂရုစိုက် စိုက်ပျိုးပါ။<br>**တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း** - တိုက်ရိုက် မစိုက်ပျိုးသင့်ပါ။ | ပြောင်းရွှေ့စိုက်ပြီး ပြီးချင်း အပင်များကို ရေလောင်းပါ။ |
| ရွှေ့စိုက်ပြီး ၁ ပတ် | **အပင်မှန်းခြင်း နှင့် အပင်ဖာခြင်း** - တစ်ကျင်းတွင် သန်မာသောအပင် တစ်ပင်သာ ရှိစေရန် အပင်ဖာခြင်းအား ပြုလုပ်ရန်လို အပ်ပါသည်။<br>**ဖြည့်စွက်မြေဩဇာကျွေးခြင်း** - အပင်ခြေမှ၆လက်မ အကွာတွင် ၂လက်မ အကျယ်၊ ၂လက်မအနက်ရှိသောမြောင်းကို စိုက်တန်းတစ်လျှောက်တူးပါ။ တစ်ပင်လျှင် ဆားခါး လက်ဖက်စားဇွန်းတစ်ဇွန်းကျွေးပါ။ (၀.၀၆ဧက အတွက် ၂ပိဿာ)။ | တစ်ရက်ခြား တစ်ကြိမ် တစ်ပင် လျှင် ရေ ၁ လီတာ ခန့် လောင်းပါ။ |

| | | |
|---|---|---|
| ရွှေ့စိုက်ပြီး ၂ ပတ် | **ပေါင်းရှင်းခြင်း** - အစာအာဟာရလုစားခြင်း၊ ပိုးနှင့်ရောဂါများ ခိုအောင်းခြင်း တို့မှ ကာကွယ်စေရန် ပေါင်းကိုလိုအပ်သလို ရှင်းပါ။ အပင်ငယ်စဉ်တွင် ပေါင်းကင်းစင် စေရန် လိုအပ်သည်။ **သတိပြုရန်** အမြစ်တိမ်သဖြင့် ပေါက်ပြားဖြင့် ပေါင်းမသင်ရ။<br>**ပိုးနှင့်ရောဂါနှိမ်နင်းခြင်း** - ပိုးနှင့်ရောဂါမှ ကြိုတင်ကာကွယ်ရန် အီးအမ်-၅ နှင့် တမာပိုးသတ်ဆေးကို အပတ်စဉ်တိုင်းဖျန်းပါ။ အကယ်၍ မနိုင်ပါက နောက်ဆုံး အနေဖြင့် ဓာတုနည်းကိုသုံးပြီး နှိမ်နင်းပါ။ (အောက်တွင်ရှိသော ပုံများကိုကြည့်ပါ) | ရေလောင်းပါ၊ မြေခြောက်လျှင် ရေ ပိုပေးပါ။ ရေ မများရ။<br>ပန်းပွင့်များကွဲတတ်စေသည်။ |
| ရွှေ့စိုက်ပြီး ၃ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>**ဖြည့်စွက်မြေဩဇာ ကျွေးခြင်း** - အပင်ခြေ ၃ လက်မ အကွာတွင် ၂ ၂ လက်မ အကျယ်၊ ၂ လက်မ အနက် ရှိသောမြောင်းကို စိုက်တန်းတစ်လျှောက်တူးပါ။ ပုလဲ ဓါတ်မြေဩဇာကို တစ်ပင်လျှင် ထမင်းစားဇွန်း တစ်ဇွန်းနှုန်း ( ၄ ပိဿာ / ၀.၀၆ ဧက) ကျွေးပါ။ | ရေလောင်းပါ၊ မြေခြောက်လျှင် ရေ ပိုပေးပါ။ ရေ မများရ။ |
| ရွှေ့စိုက်ပြီး ၄ ပတ် | **ဖြည့်စွက်မြေဩဇာ ကျွေးခြင်း** - ကွန်ပေါင်း ၉း၂၅း၂၅ (၃.၅ ပိဿာ/၀.၀၆ ဧက) ကို ထမင်းစားဇွန်း တစ်ဇွန်း နှုန်း အပင်ခြေမှ တစ်ပေအကွာတွင် ကျွေးပါ။ အဘယ်ကြောင့်ဆိုသော အမြစ်များသည် အရင်ကထက်ပိုရှည်လာသောကြောင့်ဖြစ်သည်။<br>**အပင်ပြုစုခြင်း** - ပန်းစပွင့်ချိန် နှင့် ကြက်ဥအရွယ် ရောက်လျှင် အရွက်များကို ထိပ်တွင် စုချည်ထားခြင်းဖြင့် ပန်းပွင့် ဖြူလာမည်။ နေရောင်ဒါဏ်မှ ကာကွယ်ပေးသည်။ (ပုံတွင်ကြည့်ပါ)<br> | တစ်ရက်ခြား တစ်ကြိမ် တစ်ပင် လျှင် ရေ ၂ လီတာ ခန့်လောင်းပါ။ |
| ရွှေ့စိုက်ပြီး ၅ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။ | တစ်ရက်ခြား တစ်ကြိမ် တစ်ပင် လျှင် ရေ ၃ လီတာ ခန့် လောင်းပါ။ |
| ရွှေ့စိုက်ပြီး ၆- ၈ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။ | တစ်ရက်ခြား တစ်ကြိမ် တစ်ပင် လျှင် ရေ ၃.၅ လီတာ ခန့် လောင်းပါ။ |
| ရွှေ့စိုက်ပြီး၉ - ၁၀ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။ | တစ်ရက်ခြား တစ်ကြိမ် တစ်ပင် လျှင် ရေ ၄ လီတာ ခန့် လောင်းပါ။ |
| သီးနှံ ၁၀ ပတ် မှ ရိတ်သိမ်းချိန်အထိ | | ရေမြေရာသီဥတု ပေါ် မူတည်ပြီး ရေပေးသွင်းပါ။ |

| | |
|---|---|
| ပိုးမွှားနှင့်ရောဂါများ ကာကွယ်နှိမ်နင်းခြင်း | **ဓာတုဆေး နှင့် အော်ဂဲနစ်ဆေး ရွေးချယ်မှု**<br>ပိုးနှင့်ရောဂါလက္ခဏာများမှန်မှန်စစ်ဆေးပါ။ အရွက်မျက်နှာပြင်၂ ခုလုံးနှင့် ပင်စည်တစ်လျှောက်ကြည့်ပါ။ သဘာဝဆေးများ နှင့် မနိုင်လျှင် အောက်တွင်ဖော်ပြထားသော ဓာတုဆေးများကို အသုံးပြုပါ။ |

| ပိုးမွှား၊ရောဂါနှင့် လက္ခဏာများ | ကာကွယ်နှိမ်နင်းနည်း |
|---|---|
| • စိန်ကွက်ဖလံ (ပိုးလောက်ကောင်များ အရွက်များကို ဖျက်ဆီးနေခြင်း) (ပုံ-၁) | • အီးအမ်-၅၊ တမာ ပိုးသတ်ဆေး၊ Bt (ဗိုက်တာကောင်းစံ) ဖျန်းပါ။ |
| • မီးခိုးမှိုရောဂါ (အရွက်အပေါ် မျက်နှာပြင် တွင် ကျရောက်ခြင်း) (ပုံ-၂)<br>• ရွက်ခြောက်ရောဂါ (အရွက်ပေါ် တွင် မီးခိုးရောင်/ အညိုရောင် အစက်များ။) (ပုံ-၃)<br>• ဘက်တီးရီးယားရောဂါ (ပန်းမုံလာပျော့ပုတ် ရောဂါ) (ပုံ-၄) | • ဘော်ဒို ဆေးရည်၊ပရိုဝမ်း၊ ယူနတီဆေးဖျန်းပါ။<br>• ထုံးကန့်ဆေးရည်၊ စွယ်စုံ(၁)၊ ယူနတီဆေးဖျန်းပါ။ ရောဂါကျသော အပင်ကို နုတ်ယူပြီး မီးရှို့ ဖျက်ဆီး ပါ။<br>• ကောပါးပါသော ဆေး၊ ကာဆူဂါမိုင်ဇင်၊ သမားတော်ဖျန်းပါ။ ရောဂါကျရောက်ပါက ရေပေးခြင်း၊ အဟာရပေးခြင်းများ အထူးရှောင်ပါ။ |




၁။ စိန်ကွက်ဖလံ



၂။ မီးခိုးမှိုရောဂါ



၃။ ရွက်ခြောက်ရောဂါ



၄။ ဘက်တီးရီးယားရောဂါ

| | |
|---|---|
| ခူးဆွတ်ခြင်း | ပန်းဂေါ်ဖီ/မုန်လာပွင့် ကြီးထွားလာလျှင် ပင်စည် ၄လက်မ - ၆ လက်မ ချန်ပြီး ခုတ်သိမ်းနိုင်သည်။ သယ်ယူရာတွင် ထိခိုက်မှု နည်းအောင် အပြင်အရွက် ၃ ရွက်ခန့်ချန်ပြီး ခုတ်ပါ။ ပန်းမုန်လာပွင့်ကို ကျစ်လျစ်ပြီး အဖြူရောင်သမ်းချိန်တွင် ခူးဆွတ်ရမည်။ |
| အရည်အသွေး အတွက်လမ်းညွှန်များ | ပန်းပွင့်ကြက်ဥ အရွယ်ခန့်ရှိလျှင် ပန်းပွင့် ဖြူအောင် အရွက်အချို့ ကို ထိပ်တွင် စုချည်ထားပါ။ ပန်းပွင့်သည် ဂေါ်ဖီထုပ် ထက်ပို၍အပူဒဏ်ခံနိုင်သည်။ |


## ပန်းမုန်လာစိမ်း (ဘရိုကိုလီ) စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ

| | | |
|---|---|---|
| မျိုးရွေးချယ်ခြင်း | မှိုရောဂါဒဏ်ခံနိုင်ပြီး သက်တမ်းတိုသောမျိုးကို ရွေးပါ။ ဥပမာ - seed energy မျိုး၊ Tokita၊ Harumi F1။ |  |
| ကြိုက်နှစ်သက်သော ရာသီဥတု | ဘရိုကိုလီသည်အေးပြီးခြောက်သွေ့၍အစိုဓါတ်ကောင်းစွာ ရှိလျှင်စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။ | |
| သီးနှံသက်တမ်း | စတင်ပျိုးထောင်သည့် ရက်မှ ၇၅-၉၀ ရက် | |
| အထွက်နှုန်း (ခန့်မှန်း) | ပျမ်းမျှအထွက်နှုန်း ၅၈၀ ပွင့် /၀.၀၆ ဧက | |
| မျိုးစေ့ နှင့် အပင် ဦးရေ | မျိုးစေ့ ၁၀ ဂရမ် ၁ထုပ် ၊ ၇၂၆ ပင် /၀.၀၆ဧက။ | |
| နေရာရွေးချယ်ခြင်း | မြေအမျိုး အစား မရွေးစိုက်ပျိုးနိုင်သော်လည်း သဲဆန်သောနန်းမြေတွင် အကောင်းဆုံးဖြစ်ထွန်းနိုင်သည်။ | |
| မြေချဉ်/ငန်ကိန်း | ၆ - ၆.၅ ကို ပိုမိုနှစ်သက်သည်။ | |
| ရေသွင်းခြင်း | စိုက်ခင်းကျယ်ပါက ရေသွင်းမြောင်း(furrow)ဖြင့်လည်းကောင်း၊ အစက်ချစနစ်နှင့်ရေပန်းကရားစနစ်တို့ လည်းအသုံးပြုနိုင်သည်။ စိုက်ခင်းငယ်ပါက ရေထမ်းလောင်းနိုင်သည်။ ရေဖျန်းခြင်း (Sprinkler) စနစ်သည် အရွက်ရောဂါများကိုဖြစ်စေသည်။<br>(၁) အပင်ငယ်များသည်အပင်ကြီးများထက် ရေလိုအပ်မှုနည်းသည်။<br>(၂) စိုက်ဘောင်ရှိစိုက်တန်းကြား များကို အစက်ချစနစ် (သို့) ရေပန်းစနစ် အသုံးပြုခြင်းဖြင့် လုပ်အား နှင့် စိုက်ပျိုးရေချွေတာနိုင်သည်။<br>(၃) စိုက်ဘောင်တန်းကြား ရေသွင်းစိုက်ပျိုးခြင်းသည် စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးစေသည်။ ပေါင်းပင်များစွာ ပေါက်ရောက်နိုင်ပြီး အရွက်များလည်း ရောဂါကျရောက်စေသည်။<br>အပင်အားလုံးကို ရေမှန်မှန်လောင်းပါ။ အထူးသဖြင့် သေးငယ်သော ပန်းများစောစော မပွင့်ရန်အတွက် ဖြစ်သည်။<br>**အာဟာရရည်ကျွေးခြင်း** -အစက်ချစနစ်သုံးလျှင် အာဟာရရည်ကျွေးခြင်း ပြုလုပ် နိုင်သည်။ | |
| လုပ်ငန်းဆောင်ရွက် ရမည့် အချိန်များ | **လုပ်ဆောင်ရမည့်လုပ်ငန်းများ** -<br>မိမိ၏ ရေမြေ၊ ရာသီဥတု လိုအပ်ချက်နှင့် အညီ ချင့်ချိန် လု လုပ်ဆောင်ရန် ဖြစ်သည်။ | **ရေပေးခြင်း** |
| မစိုက်မီ ၁လ | **မြေပြင်ခြင်း** - ပန်းမုန်လာစိမ်းသည် အမြစ်နက်နက်မ ဆင်းသောကြောင့်မြေကို ၆-၈ လက်မ အနက်ထိသာ ပြုပြင်ပါ။ | |
| | **ထုံးထည့်ခြင်း** - ၀.၀၆ ဧက အတွက် ထုံးကို တစ်နှစ်လျှင် ၁၃ ပိဿာ နှုန်းဖြင့် သုံးနှစ် ဆက်တိုက် ထည့်ပါ။ | |
| | **ဘိုကာရှီမြေဆွေးပြုလုပ်ခြင်း၊** ငါးအမိုင်နိုအက်ဆစ် အပင်အားဆေးရည် ပြုလုပ်ခြင်း နှင့် အီးအမ်-၅ ကောင်းစွာဆွေးမြေ့စေရန် အပင်မစိုက်မီ ၃ပတ်အလိုတွင် ဘိုကာရှီမြေဆွေး၊ ငါးအမိုင်နိုအက်ဆစ်၊ အီးအမ်-၅ တို့ကို ပြင်ဆင်ပါ။ (နောက်ဆက်တွဲတွင်ကြည့်ပါ) | ဘိုကာရှီအား အစိုဓာတ်ရှိအောင် ထားပါ။ |

| | | |
|---|---|---|
| မစိုက်မီ ၃ ပတ် | **မျိုးထောင်ခြင်း** - အပေါက် ၁၀၅ ပေါက်ပါသော မျိုးဗန်းကို အသုံးပြုပါ။ မျိုးမြေအဖြစ် ရိုးရိုးမြေ ၊ နွားချေးဆွေးနှင့် ဖွဲပြာတို့ကို ဆတူရောစပ်ပြီး အသုံးပြုနိုင်ပါ သည်။<br>(နောက်ဆက်တွဲတွင်ကြည့်ပါ)<br>တစ်ပေါက်ကိုတစ်စေ့ စိုက်ပါ။ မျိုးသက် ၁၅-၂၅ရက်တွင် ရွှေ့စိုက်ပါ။ | နံနက်တိုင်း မျိုးပင် များကို ရေလောင်း ရန် လိုသည်။ အစိုဓာတ်မလုံ လောက်ပါ က လိုအပ်လျှင် ရေလောင်းပေးပါ။ |
| မစိုက်မီ ၂ ပတ် | **စိုက်ဘောင်ပြင်ဆင်ခြင်း** -<br>တစ်ဘောင်နှင့်တစ်ဘောင် ၁.၅ ပေခြားပြီး ဘောင်အကျယ် ၃ပေ၊ အမြင့် ၉-၁၂ လက်မ ဘောင်များပြုလုပ်ပါ။<br>ဘောင်တင်ခြင်း၏အကျိုးကျေးဇူးများ - (၁) ရေထုတ်ရန်၊ (၂) မြေတွင်း လေဝင်လေထွက် ကောင်းရန်၊ (၃) အမြစ်များ မြေတွင်း ထိုးဖောက်မှု လွယ်ကူစေရန်၊ (၄) ဘောင်ကြား ရေသွင်း နိုင်ရန်၊ (၅) မြေမှ အငွေ့ပျံခြင်းကို လျော့ကျနိုင်စေရန်၊ (၆) မြေတွင်သဘာဝမြေသြဇာများတိုးပွားလာစေရန်။<br>**ပင်ကြားတန်းကြားစိုက်တန်းသတ်မှတ်ခြင်း** - ပင်ကြား ၁.၅ပေ × တန်းကြား ၂ပေ စိုက်ပါ။ အစွန်နှစ်ဖက်ကို ၆လက်မချန်ပြီး စိုက်ပါ။ စိုက်တန်းတစ်လျှောက်ပင်ကြား ၁.၅ပေအကွာ ဖိုခနောက်ဆိုင် စိုက်ပါ။ | အစိုဓာတ်ရှိသောမြေသည် ပြုပြင်ရ လွယ်ကူသည်။ နံနက်တိုင်းအပင်များကို ရေလောင်းပါ။ လိုအပ်ပါက ရေပိုလောင်းပါ။ |
| မစိုက်မီ ၁ ပတ် | **မြေခံမြေသြဇာထည့်ခြင်း** - ၀.၀၆ ဧကအတွက် ၁၅း၁၅း၁၅ ကွန်ပေါင်း ၆ ပိဿာ နှင့် ဘိုကာရှီမြေဆွေး ၃၇ - ၇၄ ပိဿာကို စိုက်ဘောင်များ ပြင်ချိန်တွင် သမအောင်မွှေ ထည့်ပါ။<br>**စိုက်ကျင်းတူးခြင်း** - ၆ လက်မ ပတ်လည်အကျယ် ၆ လက်မ အနက် ရအောင် ကျင်းတူးပါ။ စိုက်ကျင်းတစ်ကျင်း လျှင်လက်တစ်ဆုပ်စာ ဘိုကာရှီမြေဆွေး ထည့်ပါ။ မစိုက်မီ၂ရက်အလိုတွင်ထ ရိုင်ကိုဒါးမားဖျော်ရည် (၇ ဂရမ် နှင့်ရေ ၁၀ လီတာ) ကိုတစ်ပင်လျှင် နို့ဆီဘူးဝက်ခန့်လောင်းထည့်ပါ။<br>**မြေဖုံးပေးခြင်း** -<br>ပိုးမွှား ရောဂါပျံ့နှံ့မှုနှင့် မြေဆီလွှာတိုက်စားခြင်းကိုကာကွယ်ရန်၊ မြေတွင်းအပူချိန်လျော့ကျစေရန်၊ ပေါင်းကာကွယ်စေရန် ကောက်ရိုးကို ၆လက်မအထု (သို့) ပလပ်စတစ်စဖြင့် ဘောင်ပေါ်တွင်ဖုံးပါ။ ကောက်ရိုးကို အပင်ခြေနှင့်မထိစေရ၊ ရောဂါကျရောက်နိုင်သည်။ | မစိုက်မီ ၂ ရက် အလိုတွင် ကျင်းတူး ရ လွယ်ကူစေရန် နှင့် အပင်ငယ်များ ရွှေ့ပြောင်းစိုက်ပျိုးရ လွယ်ကူ ကူစေရန် လိုအပ်လျှင် ဘောင်ကို အစိုဓာတ်ရရှိ အောင်ပြုလုပ်ပါ။ |
| စိုက်နည်းစနစ် | **ရွှေ့ပြောင်းစိုက်ပျိုးခြင်း** -<br>ကျန်းမာသန်စွမ်း သောပျိုးပင်များကို စိုက်ကျင်း တစ်ကျင်းတွင် တစ်ပင်နှုန်း ဖြင့် စိုက်ပျိုးပါ။ မြေလုံးမကွဲစေရန် ဂရုစိုက် စိုက်ပျိုးပါ။<br>**တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း** - တိုက်ရိုက်မစိုက်ပျိုးသင့်ပါ။ | ပြောင်းရွှေ့စိုက်ပြီးပြီးချင်း အပင်များကို ရေလောင်းပါ။ |
| ရွှေ့စိုက်ပြီး ၁ ပတ် | **အပင်မှန်းခြင်း နှင့် အပင်ဖာခြင်း** -တစ်ကျင်းတွင်သန်မာသောအပင် တစ်ပင်သာ ရှိစေရန် အပင်ဖာခြင်းအား ပြုလုပ်ရန်လို အပ်ပါသည်။<br>**ဖြည့်စွက်မြေသြဇာကျွေးခြင်း** - အပင်ခြေမှ၆လက်မ အကွာတွင် ၂လက်မ အကျယ်၊ ၂လက်မအနက်ရှိသောမြောင်းကို စိုက်တန်း တစ်လျှောက်တူးပါ။တစ်ပင်လျှင် ဆားခါးလက်ဖက်စားဇွန်းတစ်ဇွန်း ကျွေးပါ။ (၀.၀၆ဧက အတွက် ၂ပိဿာ)။ ပလပ်စတစ်ဖုံးအုပ်ထား သောဘောင်အတွက် တစ်ပင်နှင့် တစ်ပင်ကြား ကျင်းတူးပြီး ကျွေးပါ။ | တစ်ရက်ခြား တစ်ကြိမ် တစ်ပင် လျှင် ရေ ၁ လီတာ ခန့် လောင်းပါ။ |
| ရွှေ့စိုက်ပြီး ၂ ပတ် | **ပေါင်းရှင်းခြင်း** - အစာအာဟာရလုစားခြင်း၊ ပိုးနှင့်ရောဂါများ ခိုအောင်းခြင်းတို့မှ ကာကွယ်စေရန် ပေါင်းကိုလိုအပ်သလို ရှင်းပါ။ အပင်ငယ်စဉ်တွင် ပေါင်းကင်းစင်စေရန်လိုအပ်သည်။ **သတိပြုရန်** | ရေလောင်းပါ၊ မြေခြောက်လျှင် ရေ ပိုပေးပါ။ ရေ မများရ။ ရေများပါကအပွင့်ကြွေတတ်သည်။ |

| | | |
|---|---|---|
| | အမြစ်တိမ်သဖြင့် ပေါက်ပြားဖြင့် ပေါင်းမသင်ရ။<br>**ပိုးနှင့်ရောဂါနှိမ်နင်းခြင်း -** ပိုးနှင့်ရောဂါမှ ကြိုတင်ကာကွယ်ရန် အီအီးအမ်-၅ နှင့် တမာ ပိုးသတ်ဆေးကို အပတ်စဉ်တိုင်းဖျန်းပါ။ အကယ်၍မနိုင်ပါက နောက်ဆုံးအနေဖြင့် ဓာတုနည်းကိုသုံးပြီး နှိမ်နင်းပါ။ | |
| ရွှေ့စိုက်ပြီး ၃ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။ **သတိပြုရန်** အမြစ်တိမ်သဖြင့် ပေါက်ပြားဖြင့် ပေါင်းမသင်ရ။<br>**ဖြည့်စွက်မြေဩဇာ ကျွေးခြင်း -** ပုလဲ ဓါတ်မြေဩဇာကို တပ င်လျှင် ထမင်းစားဇွန်း တစ်ဇွန်းနှုန်း ( ၄ ပိဿာ/ ၁.၁၆ ဧက) ကျွေးပါ။ | ရေလောင်းပါ၊ မြေခြောက်လျှင် ရေ ပိုပေးပါ။ ရေ မများရ။ တစ်ရက်ခြား တစ်ကြိမ် |
| ရွှေ့စိုက်ပြီး ၄ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>**ဖြည့်စွက်မြေဩဇာကျွေးခြင်း -** ကွန်ပေါင်း ၉း၂၅း၂၅ (၃.၅ ပိဿာ/၁.၁၆ ဧက) ကို ထမင်းစားဇွန်း တစ်ဇွန်းနှုန်း ကျွေးပါ။<br>**အပင်ပြုစုခြင်း -** ပန်းစပွင့်ချိန် နှင့် ကြက်ဥအရွယ် ရောက်လျှင် အရွက်များကို ထိပ်တွင် စုချည်ထားခြင်းဖြင့် နေရောင်ဒါဏ် မှ မှ ကာကွယ်ပေးသည်။ (ပုံတွင် ကြည့်ပါ) | ၂ ရက်တစ်ကြိမ် တစ်ပင် လျှင် ရေ ၂ လီတာ ခန့် လောင်းပါ။ |
| ရွှေ့စိုက်ပြီး ၅ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။ | နှစ်ရက်ခြား တစ်ကြိမ် တစ်ပင် လျှင် ရေ ၂ လီတာ ခန့် လောင်းပါ။ |
| ရွှေ့စိုက်ပြီး ၆- ၈ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။ | နှစ်ရက်ခြား တစ်ကြိမ် တစ်ပင် လျှင် ရေ၃.၅ လီတာ ခန့် လောင်းပါ။ |
| ရွှေ့စိုက်ပြီး ၉ - ၁၀ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။ | နှစ်ရက်ခြား တစ်ကြိမ် တစ်ပင် လျှင် ရေ ၄ လီတာ ခန့် လောင်းပါ။ |
| သီးနှံ ၁၀ ပတ် မှ ရိတ်သိမ်းချိန် အထိ | | ရေမြေရာသီဥတု ပေါ် မူတည်ပြီး ရေပေးသွင်းပါ။ |
| ပိုးမွှားနှင့်ရောဂါများ ကာကွယ်နှိမ်နင်းခြင်း | **ဓာတုဆေး နှင့် အော်ဂဲနစ်ဆေး ရွေးချယ်မှု**<br>ပိုးနှင့်ရောဂါလက္ခဏာများမှန်မှန်စစ်ဆေးပါ။ အရွက်မျက်နှာပြင်၂ ခုလုံးနှင့် ပင်စည်တစ်လျှောက်ကြည့်ပါ။ သဘာဝဆေးများ နှင့် မနိုင်လျှင် အောက်တွင်ဖော်ပြထားသော ဓာတုဆေးများကို အသုံးပြုပါ။ | |

| ပိုးမွှား၊ရောဂါနှင့် လက္ခဏာများ | ကာကွယ်နှိမ်နင်းနည်း |
|---|---|
| • စိန်ကွက်ဖလံ (ပိုးလောက်ကောင်များ အရွက်များကို ဖျက်ဆီးနေခြင်း) (ပုံ-၁)<br>• မီးခိုးမှိုရောဂါ (အရွက်အပေါ်မျက်နှာပြင်တွင် ကျရောက်ခြင်း) (ပုံ-၂)<br>• ရွက်ခြောက်ရောဂါ (အရွက်ပေါ်တွင် မီးခိုးရောင်/ အညိုရောင် အစက်များ။) (ပုံ-၃)<br>• ဘက်တီးရီးယားပျော့ပုပ်ရောဂါ။ (ပုံ-၄) | • အီးအမ်း-၅၊ တမာ ပိုးသတ်ဆေး၊ Bt (ဗိုက်တာကောင်းစံ) ဖျန်းပါ။<br>• ဘော်ဒို ဆေးရည်၊ ပရိုဝမ်း ဖျန်းပါ။ ယူနတီဆေးဖျန်းပါ။<br>• ထုံးကန့်ဆေးရည်၊ စွယ်စုံ(၁)၊ ယူနတီဆေးဖျန်းပါ။<br>• ကော့ပါးပါသော ဆေး၊ ကာဆူကာမိုင်ဇင်၊ သမားတော်<br>ဖျန်းပါ။ ရောဂါကျရောက်ပါက ရေပေးခြင်း၊ အဟာရပေးခြင်းများ အထူးရှောင်ပါ။ |




၁။ စိန်ကွက်ဖလံ



၂။ မီးခိုးမှိုရောဂါ



၃။ ရွက်ခြောက်ရောဂါ



၄။ ဘက်တီးရီးယား ပျော့ပုပ်ရောဂါ

| | |
|---|---|
| ခူးဆွတ်ခြင်း | ပန်းမုန်လာစိမ်း အပွင့် ကြီးထွားလာလျှင် ပင်စည် ၄လက်မ - ၆ လက်မ ချန်ပြီး ခုတ်သိမ်းနိုင်သည်။ သယ်ယူရာတွင် ထိခိုက်မှု နည်းအောင် အပြင်အရွက်များချန်ပြီး ခုတ်ပါ။ ပန်းမုန်လာစိမ်းကို ကျစ်လစ်ပြီး အဂါရောင်မသမ်းချိန်တွင် ခူးဆွတ်ရမည်။ |
| အရည်အသွေး အတွက် လမ်းညွှန်များ | အပွင့်များကျစ်လျစ်ပြီး အပွင့်များစတင် မကြဲမီခူးဆွတ်ပါ။ |



ခူးဆွတ်ရန်သင့်တော်သည့် အရွယ်



ခူးဆွတ်ချိန်လွန်သောအရွယ်

| ဖူးစားပြောင်း စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ | | |
|---|---|---|
| မျိုးရွေးချယ်ခြင်း | စပ်မျိုးများသည် အထွက်နှုန်း ကောင်းသော်လည်း ဓာတ်မြေဩဇာနှင့် ရေများစွာ ပေးရသည်။ ဥပမာ- ပံရွှေ၊ ပံကာလာဖိုက်၊ ပံဖြူ။ ဒေသမျိုးများသည် အထွက်နှုန်း အသင့်အတင့် ရှိသော်လည်း ပိုး၊ ရောဂါနှင့် ရာသီဥတုကို ခံနိုင်ရည် ရှိသည်။ |  |
| ကြိုက်နှစ်သက်သော ရာသီဥတု | ပြောင်းကို မိုးနှောင်းကာလနှင့် ဆောင်းဦးကာလများတွင် (စက်တင်ဘာ နောက်ဆုံးပတ်မှ ဒီဇင်ဘာလဆန်း) စိုက်ပျိုး ဖြစ်ထွန်းသည်။ အစေ့အညှောင့်ပေါက်ရန်နှင့် အပင်ကြီးထွားရန် မြေကြီးအစိုဓါတ်လုံလောက်စွာရှိရမည်။ | |
| သီးနှံသက်တမ်း | အစေ့ချပြီး ၇၀-၉၀ ရက် | |
| အထွက်နှုန်း (ခန့်မှန်း) | ပျမ်းမျှအထွတ်နှုန်း ၁၄၅၀ဖူး/၀.၀၆ဧက | |
| မျိုးစေ့ နှင့် အပင် ဦးရေ | ၁ထုပ် (၅၀၀ ဂရမ်)/၀.၀၆ ဧက | |
| နေရာရွေးချယ်ခြင်း | ပြောင်းပင်သည် မြေအမျိုးမျိုးတွင် ဖြစ်ထွန်းသော်လည်း ရေမဝပ်ရပါ။ သဲနုန်းမြေတွင် ပိုမို ဖြစ်ထွန်းသည်။ မြေတွင်း အစိုဓာတ် လုံလောက်ပါကအပင်ပေါက်နှုန်းနှင့် အပင်ကြီးထွားနှုန်း ကောင်းသည်။ | |
| မြေချဉ်/ငန်ကိန်း | ၆-၇  ကို ပိုမိုနှစ်သက်သည်။ | |
| ရေသွင်းခြင်း | ပြောင်းပင်သည် ရေမြောင်း (furrow) ဖြင့် ရေသွင်းခြင်းကို ပိုမိုနှစ်သက်သည်။<br>ပြောင်းစိုက်ချိန်မှ အဖူးတင်ချိန်ထိ ရေတိုးလောင်းပေးရမည်။ အဖူးများကြီးထွားရန် ရေမှန်မှန်လိုအပ်သည်။<br>(၁) အပင်ငယ်များသည်အပင်ကြီးများထက် ရေလိုအပ်မှုနည်းသည်။ (၂) စိုက်ဘောင်ရှိစိုက်တန်းကြား များကို အစက်ချစနစ် (သို့) ရေပန်းစနစ် အသုံးပြုခြင်းဖြင့် လုပ်အား နှင့် စိုက်ပျိုးရေချွေတာနိုင်သည်။ (၃) စိုက်ဘောင်တန်းကြား ရေသွင်းစိုက်ပျိုးခြင်းသည် စိုက်ပျိုးရေလေလွင့် ဆုံးရှုံးစေသည်။ ပေါင်းများစွာပေါက်ရောက်နိုင် ပြီး အရွက်များလည်း ရောဂါကျရောက်စေသည်။<br>ပြောင်းပင်သည် ကြီးထွားချိန်မှ အဖူးရင့်သည်အထိ ရေငတ်ဒဏ် ခံနိုင်သည်။ ပန်းပွင့်ချိန်တွင် ရေပြတ်လျှင် အထွက်နှုန်း ကျမည်။ အမပွင့် ခြောက်သွေ့သွား သဖြင့်အဖူးအဖြစ် အောင်မြင်မှုနည်းသည်။<br>**အာဟာရရည်ကျွေးခြင်း** - အစက်ချစနစ်သုံးလျှင် အာဟာရရည်ကျွေးခြင်း ပြုလုပ် နိုင်သည်။ | |
| လုပ်ငန်းဆောင်ရွက် ရမည့် အချိန်များ | **လုပ်ဆောင်ရမည့်လုပ်ငန်းများ** - မိမိ၏ ရေမြေ ရာသီဥတု လိုအပ်ချက်နှင့်အညီ ချင့်ချိန် လုပ်ဆောင်ရန် ဖြစ်သည်။ | **ရေလောင်းခြင်း** |
| မစိုက်မီ ၁ လ | **မြေပြင်ခြင်း** - မြေကို  ထယ်ရေးနက်နက် ( ၉-၁၂ ) လက်မ နှင့် ထွန်ရေး (၂-၃) ကြိမ် ထိုးပါ။ | |
| မစိုက်မီ ၃ ပတ် | **ထုံးထည့်ခြင်း** - ၀.၀၆ဧက အတွက်ထုံးကို တစ်နှစ်လျှင်  ၁၃ ပိဿာ နှုန်းဖြင့် သုံးနှစ် ဆက်တိုက် ထည့်ပါ။ | |
| | **ဘိုကာရှိမြေဆွေးပြုလုပ်ခြင်း၊ ငါးအမိုင်နိုအက်ဆစ် အပင်အားဆေးရည် ပြုလုပ်ခြင်း နှင့် အီးအမ်-၅**<br>ကောင်းစွာဆွေးမြေ့စေရန် အပင်မစိုက်မီ ၃ပတ်အလိုတွင် ဘိုကာရှိမြေဆွေး၊ ငါးအမိုင်နိုအက်ဆစ်၊ အီးအမ်-၅ တို့ကို ပြင်ဆင်ပါ။ (နောက်ဆက်တွဲတွင်ကြည့်ပါ) | ဘိုကာရှိအား အစိုဓာတ် ရှိအောင်ထားပါ။ |

| | | |
|---|---|---|
| မစိုက်မီ ၂ ပတ် | **စိုက်ဘောင်ပြင်ဆင်ခြင်း -** တစ်ဘောင်နှင့်တစ်ဘောင် ၁.၅ပေခြားပြီး ဘောင်အကျယ် ၃ပေ ၊ အမြင့် ၉-၁၂ လက်မ ဘောင်များပြုလုပ်ပါ။<br>ဘောင်တင်ခြင်း၏အကျိုးကျေးဇူးများ - (၁) ရေထုတ်ရန်၊ (၂) မြေတွင်း လေဝင်လေထွက် ကောင်းရန်၊ (၃) အမြစ်များ မြေတွင်း ထိုးဖောက်မှု လွယ်ကူစေရန်၊ (၄) ဘောင်ကြား ရေသွင်းနိုင်ရန်၊ (၅) မြေမှ အငွေ့ပျံခြင်းကို လျော့ကျနိုင်စေရန်။<br>**ပင်ကြားတန်းကြား စိုက်တန်းသတ်မှတ်ခြင်း -** ဘောင်ကို ၂ တန်း စိုက်စနစ်ဖြင့် ၂ပေခြားစိုက်ပါ။ ဘောင်အစွန် ၂ဘက်တွင် ၆လက်မချန်ပြီးစိုက်ပါ။ စိုက်တန်းတစ်လျှောက် ၉လက်မ အကွာ စိုက်ကျင်းသတ်မှတ်ပါ။ | မျိုးစေ့စိုက်ချိန်တွင် မြေတွင်း အစိုဓာတ်ရှိရန် အရေးကြီး သည်။ |
| မစိုက်မီ ၁ ပတ် | **မြေခံမြေဩဇာထည့်ခြင်း-** ၀.၀၆ဧကအတွက် ၁၅း၁၅း၁၅ ကွန်ပေါင်း ၆ ပိဿာ နှင့်ဘိုကာရှီ မြေဆွေး ၃၇ - ၇၄ ပိဿာကို စိုက်ဘောင်များပြင်ချိန်တွင် သမအောင် ထည့်ပါ။<br>**စိုက်ကျင်းတူးခြင်း** - မစိုက်မီ ၂ရက်အလိုတွင် ထရိုင်ကိုဒါးမားဖျော်ရည် (၇ ဂရမ် နှင့် ရေ ၁ ဂလီတာ) ကို တစ်ပင်လျှင် နို့ဆီဘူးဝက်ခန့် လောင်းထည့်ပါ။ | မစိုက်မီ ၂ရက် အလိုတွင် စိုက်ပျိုးရ လွယ်ကူစေရန် လိုအပ်လျှင် ဘောင်ကိုအစို ဓာတ်ရရှိအောင် ပြုလုပ်ပါ။ |
| စိုက်နည်းစနစ် | **တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း** - တစ်ကျင်းကိုတစ်စေ့ စိုက်ပါ။ မျိုးစေ့အရွယ်အစား၏ ၂ဆ အနက်ထားပြီး စိုက်ပါ။<br>**မြေဖုံးပေးခြင်း-**<br>ပေါင်း၊ ရောဂါပျံ့နှံ့မှုနှင့် မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ရန်၊ မြေတွင်းအပူချိန်လျော့ကျစေရန်၊ ပေါင်းကာကွယ်စေရန် ကောက်ရိုးကို ၆ လက်မအထူ (သို့) ပလပ်စတစ်စဖြင့် ဘောင်ပေါ်တွင်ဖုံးပါ။ ကောက်ရိုးများကို အပင်ခြေနှင့် မထိစေရ။ | မျိုးစေ့စိုက်ချိန်တွင် မြေတွင်း အစိုဓာတ် ရှိရန် အရေးကြီး သည်။ |
| စိုက်ပြီး ၁ ပတ် | **အပင်မှန်းခြင်းနှင့်အပင်ဖာခြင်း-** တစ်ကျင်းတွင် သ န်မာသော အပင် တစ်ပင်သာရှိစေရန် အပင်မှန်းခြင်းနှင့် အပင်ဖာခြင်းအား ပြုလုပ်ရန် လိုအပ်ပါသည်။ | တစ်ရက်ခြား တစ်ကြိမ် တစ်ပင်လျှင် ရေ ၁ လီတာ ခန့် လောင်းပါ။ |
| စိုက်ပြီး ၃ ပတ် | **ပေါင်းရှင်းခြင်း** - အစာအာဟာရလုစားခြင်း၊ ပိုးနှင့်ရောဂါများ ခိုအောင်းခြင်း တို့မှ ကာကွယ်စေရန် ပေါင်းကိုလိုအပ်သလို ရှင်းပါ။ အပင်ငယ်စဉ်တွင် ပေါင်းကင်းစင် စေရန်လိုအပ်သည်။<br>**ပိုးနှင့်ရောဂါနှိမ်နင်းခြင်း** - ပိုးနှင့်ရောဂါမှ ကြိုတင်ကာကွယ်ရန် အီအီးအမ်-၅ နှင့်တမာပိုးသတ်ဆေးကိုအပတ်စဉ်တိုင်းဖျန်းပါ။ အကယ်၍ မနိုင်ပါက နောက်ဆုံးအနေ ဖြင့် ဓာတုနည်းဖြင့် နှိမ်နင်းပါ။<br>**ဖြည့်စွက်မြေဩဇာကျွေးခြင်း-** အပင်ခြေမှ ၆လက်မ အကွာတွင် ၂လက်မ အကျယ် ၊ ၂လက်မ အနက်ရှိသောမြောင်းကို စိုက်တန်း တစ်လျှောက် တူးပါ။ ၉း၂၅း၂၅ ကွန်ပေါင်း ၆ ပိဿာ နှင့် ပုလဲ ၆ ပိဿာကို တစ်ပင်လျှင် ထမင်းစားဇွန်း ၁ ဇွန်းနှုန်း ကျွေးပါ။ | နှစ်ရက်ခြား တစ်ကြိမ် တစ်ပင်လျှင် ရေ ၂ လီတာခန့် လောင်းပါ။ |
| စိုက်ပြီး ၁၁ ပတ် | စတင် ရိတ်သိမ်းနိုင်သည်။ | |
| စိုက်ပြီး ၁၁ ပတ် မှ ရိတ်သိမ်းချိန်အထိ | | ရေမြေရာသီဥတု ပေါ် မူတည်ပြီး ရေပေးသွင်းပါ။ |

စိုက်ပျိုးထားမှု





**မြိတ်ဆာ** **အဖိုနံ** **အတန်းလိုက်**

ပိုးမွှားနှင့်ရောဂါများ ကာကွယ်နှိမ်နင်းခြင်း

**ဓာတုဆေး နှင့် အော်ဂဲနစ်ဆေး ရွေးချယ်မှု**

ပိုးနှင့်ရောဂါလက္ခဏာများမှန်မှန်စစ်ဆေးပါ။ အရွက်မျက်နှာပြင်၂ ခုလုံးနှင့် ပင်စည်တစ်လျှောက်ကြည့်ပါ။ သဘာဝဆေးများ နှင့် မနိုင်လျှင် အောက်တွင်ဖော်ပြထားသော ဓာတုဆေးများကို အသုံးပြုပါ။

| ပိုးမွှား၊ရောဂါနှင့် လက္ခဏာများ | ကာကွယ်နှိမ်နင်းနည်း |
|---|---|
| • ရွက်ခြောက်ရောဂါကြောင့် ဖြစ်ပေါ်လာသော ရှည်လျားသော မီးခိုးရောင် အကွက်များ၊ (ပုံ-၁) | • ရောဂါရ အပင်များကို ဖယ်ရှားပါ၊ သီးလှည့်စိုက်ပါ၊ ကလိုသာလိုနေး ဆေးဖျန်းပါ။ |
| • ပင်စည်ပုပ်ရောဂါကြောင့် အပင်များ အထက်မှ အောက်သို့ သေနေပုံ၊ (ပုံ-၂) | • ရောဂါရ အပင်များကိုဖယ်ရှားပါ၊ သီးလှည့်စိုက်ပါ။ |
| • ပြောင်းဖူးတွင် အဖူးစားပိုး ကျရောက်နေပုံ၊ (ပုံ-၃) | • အဘာမက်တင် (သို့) ကလိုရန်ထရမ်နီလီပရိုး ဖျန်းပါ။ |



**၁။ ရွက်ခြောက်ရောဂါ**



**၂။ ပင်စည်ပုပ်ရောဂါ**



**၃။ အဖူးစားပိုး**

ခူးဆွတ်ခြင်း

ဝတ်မှုန်ကူးပြီး ၃ ပတ်ကြာလျှင် ပြောင်းဖူးများ စတင်ခူးဆွတ်နိုင်သည်။

အရည်အသွေး အတွက် လမ်းညွှန်များ

မြိတ်ဆာ ထွက်ချိန်တွင် ရေသွင်းရန် အရေးကြီးသည်။ အကယ်၍ အစိုဓာတ် မလုံလောက်ပါ က အဖူးများ ကောင်းစွာ မအောင်မြင်ပါ။

| မုန်လာဥဖြူ စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ | | |
|---|---|---|
| မျိုးရွေးချယ်ခြင်း | ပိုးနှင့်ရောဂါခံနိုင်ရည်ရှိသော မျိုးများကို ရွေးချယ်စိုက်ပျိုးပါ။<br>(ဥပမာ- Ural 219 EW) |  |
| ကြိုက်နှစ်သက်သော ရာသီဥတု | ဆောင်းရာသီ (စက်တင်ဘာ-နိုဝင်ဘာ) တွင် ဖြစ်ထွန်းသည်။ | |
| သီးနှံသက်တမ်း | သက်လျင်မျိုး - စိုက်ပြီး ၂၁ - ၂၅ ရက်<br>သက်ကြီးမျိုး - စိုက်ပြီး ၃၀ - ၄၅ ရက် | |
| အထွက်နှုန်း (ခန့်မှန်း) | ၄၄၀၀ ဥ /၀.၀၆ ဧက။ | |
| မျိုးစေ့ နှင့် အပင် ဦးရေ | ၂ ဗူး (၁၀၀ ဂရမ် ) (၄၄၀၀ ပင်/ ၀.၀၆ ဧက) | |
| နေရာရွေးချယ်ခြင်း | သဲဆန်သော နုံးမြေကို နှစ်သက်သည်။ | |
| မြေချဉ်/ငန်ကိန်း | ၆ – ၇ ရှိသောမြေကိုပိုနှစ်သက်သည်။ | |
| ရေသွင်းခြင်း | စိုက်ခင်းကျယ်ပါက ရေသွင်းမြောင်း(furrow)ဖြင့်လည်းကောင်း၊ အစက်ချစနစ်နှင့်ရေပန်းကရားစနစ်တို့ လည်းအသုံးပြုနိုင်သည်။ စိုက်ခင်းငယ်ပါက ရေထမ်းလောင်းနိုင်သည်။ ရေဖျန်းခြင်း (Sprinkler)စနစ်သည် အရွက်ရောဂါများကိုဖြစ်စေသည်။<br>ရွှေ့ပြောင်းစိုက်ချိန်မှ ဥအုချိန်ထိ ရေတိုးလောင်းပေးရမည်။ ဥ များကြီးထွားရန် ရေမှန်မှန်လိုအပ်သည်။<br>(၁) အပင်ငယ်များသည်အပင်ကြီးများထက် ရေလိုအပ်မှုနည်းသည်။ (၂ ) စိုက်ဘောင်ရှိစိုက်တန်းကြားများကို အစက်ချစနစ် (သို့) ရေပန်း စနစ် အသုံးပြုခြင်းဖြင့် လုပ်အား နှင့် စိုက်ပျိုးရေချွေတာနိုင်သည်။<br>(၃) စိုက်ဘောင်တန်းကြား ရေသွင်းစိုက်ပျိုးခြင်းသည် စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးစေသည်။ ပေါင်း များစွာ ပေါက်ရောက်နိုင်ပြီး အရွက်များလည်း ရောဂါကျရောက်စေသည်။<br>**အာဟာရရည်ကျွေးခြင်း** -အစက်ချစနစ်သုံးလျှင် အာဟာရရည်ကျွေးခြင်း ပြုလုပ် နိုင်သည်။ | |
| လုပ်ငန်းဆောင်ရွက်ရမည့် အချိန်များ | **လုပ်ဆောင်ရမည့်လုပ်ငန်းများ -**<br>မိမိ၏ ရေမြေ ရာသီဥတု လိုအပ်ချက်နှင့် အညီ ချင့်ချိန် လုပ်ဆောင်ရန် ဖြစ်သည်။ | **ရေလောင်းခြင်း** |
| မစိုက်မီ ၁ လ | **မြေပြင်ခြင်း -** မြေကို ထယ်ရေးနက်နက် ( ၉-၁၂ )လက်မ နှင့် ထွန်ရေး (၂-၃) ကြိမ် ထိုးပါ။ | |
| | **ထုံးထည့်ခြင်း -** ၀.၀၆ဧက အတွက်ထုံးကို တစ်နှစ်လျှင် ၁၃ ပိဿာ နှုန်းဖြင့် သုံးနှစ် ဆက်တိုက် ထည့်ပါ။ | |
| | **ဘိုကာရှိမြေဆွေးပြုလုပ်ခြင်း၊ ငါးအမိုင်နှိအက်ဆစ် အပင်အားဆေးရည် ပြုလုပ်ခြင်း နှင့် အီးအမ်-၅ ။**<br>ကောင်းစွာဆွေးမြေ့စေရန် အပင်မစိုက်မီ ဥပတ်အလိုတွင် ဘိုကာရှိမြေဆွေး၊ ငါးအမိုင်နိ အက်ဆစ်၊ အီးအမ်-၅ တို့ကို ပြင်ဆင်ပါ။ (နောက်ဆက်တွဲတွင်ကြည့်ပါ) | ဘိုကာရှိအား အစိုဓာတ်ရှိ အောင်ထားပါ။ |

| | | |
|---|---|---|
| မစိုက်မီ ၁ ပတ် | **စိုက်ဘောင်ပြင်ဆင်ခြင်း -** တစ်ဘောင်နှင့်တစ်ဘောင် ၁ပေ ခွဲခြားပြီး ဘောင်အကျယ် ၃ပေ ၊ အမြင့် ၁၂ လက်မ ဘောင်များပြုလုပ်ပါ။ မြေသားမွှရန် လိုအပ်သည်။<br>ဘောင်တင်ခြင်း၏အကျိုးကျေးဇူးများ - (၁) ရေထုတ်ရန်၊ (၂) မြေတွင်း လေဝင်လေထွက် ကောင်းရန်၊ (၃) အမြစ်များ မြေတွင်း ထိုးဖောက်မှု လွယ်ကူစေရန်၊ (၄) ဘောင်ကြား ရေသွင်းနိုင်ရန်၊ (၅) မြေမှ အငွေ့ပျံခြင်းကို လျော့ကျနိုင်စေရန်၊<br>(၆) မြေတွင်သဘာဝမြေသြဇာများတိုးပွားလာစေရန်။<br>**မြေခံမြေသြဇာထည့်ခြင်း** - ၀.၀၆ဧက အတွက် ၁၅း၁၅း၁၅ ကွန်ပေါင်း ၁၂ ပိဿာနှင့် ဘိုကာရှီ မြေဆွေး ၃၇ - ၇၄ ပိဿာကို စိုက်ဘောင်များ ပြင်ချိန်တွင်သမအောင်ထည့်ပါ။ ကောင်းစွာမဆွေးသောမြေဆွေး မသုံးပါနှင့်။ (မုန်လာဥဖြူတွင် အမွေးအမျှင်များထွက် လာတတ်သောကြောင့် ရောင်းပန်းမလှတတ်ပါ။)<br>**ပင်ကြားတန်းကြားစိုက်တန်းသတ်မှတ်ခြင်း -** ပင်ကြား ၆ လက်မ၊ တန်းကြား ၈ လက်မ။<br>မစိုက်မီ၂ရက်အလိုတွင် ထရိုင်ကိုဒါးမားဖျော်ရည် (၇ ဂရမ် နှင့် ရေ ရေ ၁၀လီတာ) ကို ဘောင်များကို လောင်းပါ။ | အစိုဓာတ်ရှိသော မြေသည် ပြုပြင်ရ လွယ်သည်။<br>မစိုက်မီ ၂ရက် အလိုတွင် ဘောင်ကိုအစိုဓာတ်ရရှိ အောင်ပြုလုပ်ပါ။ |
| စိုက်နည်းစနစ် | **ရွှေ့ပြောင်းစိုက်ပျိုးခြင်း -** မုန်လာဥဖြူကို တိုက်ရိုက်စိုက်ပါ။ ရွှေပြောင်း စိုက်လျှင် ဥခွပြီး အပင် မသန်ပါ။<br>**တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း** - မျိုးစေ့အရွယ်အစား၏ ၂ ဆ အနက်ထားပြီး စိုက်ပါ။ ဘောင်အစွန် ၆ လက်မ အကွာမှစ၍ တစ်တန်းနှင့်တစ်တန်း ၈လက်မခြားပြီး ၁လက်မ ခန့်အနက်ရှိသော စိုက်ကြောင်းများဆွဲပါ။ မျိုးစေ့ကို ၆လက်မခြား၍ အတန်းလိုက် ချပါ။<br>**မြေဖုံးပေးခြင်း** -ပေါင်း၊ ရောဂါပျံ့နှံ့မှုနှင့် မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ရန်၊ မြေတွင်း အပူချိန်လျော့ကျစေရန်၊ ပေါင်းကာကွယ်စေရန် ကောက်ရိုးကို ၆လက်မ အထူဘောင်ပေါ်တွင်ဖုံးပါ။<br>ကောက်ရိုးများကို အပင်ခြေနှင့် မထိစေရ။ | ညနေပိုင်းမစိုက်မီ ဘောင်များကို ရေရွှဲအောင် လောင်းထားပါ။ စိုက်ပြီးမှ မလောင်းပါနှင့် (မျိုးစေ့များ ရေတွင် ပါသွားတတ်သည်) |
| စိုက်ပြီး ၁ ပတ် | **အပင်မှန်းခြင်းနှင့်အပင်ဖာခြင်း** - သန်မာသောအပင်များသာ ရှိစေရန် အပင်မှန်းခြင်း ပြုလုပ်ရန်လိုအပ်ပါသည်။ အပင်ပေါက်စုံလျှင် တစ်ပင်နှင့်တစ်ပင်ကြား၂-၃ လက်မ ခြားပြီး အပင်မှန်းပါ။<br>**ပေါင်းရှင်းခြင်း** - အစာအာဟာရလုစားခြင်း၊ ပိုးနှင့်ရောဂါများ ခိုအောင်းခြင်းတို့မှ ကာကွယ်စေရန် ပေါင်းကိုလိုအပ်သလိုရှင်းပါ။ အပင်ငယ်စဉ်တွင် ပေါင်းကင်းစင် စေရန်လိုအပ်သည်။<br>**ပိုးနှင့်ရောဂါနှိမ်နင်းခြင်း** - ပိုးနှင့်ရောဂါမှ ကြိုတင်ကာကွယ်ရန် အီးအမ်-၅ ပိုးနင်ဆေး ကို ၃ ရက်ခြားတစ်ကြိမ် ဖျန်းပြီး၊ တမာ ပိုးသတ်ဆေးကို အပတ်စဉ်ဖျန်းပါ။ အကယ်၍ မနိုင်ပါက နောက်ဆုံးအနေဖြင့် ဓာတုနည်းဖြင့် နှိမ်နင်းပါ။ | တစ်ရက်ခြား တစ်ကြိမ် ရေ ရေ ၈ လီတာ/ ၃ပေ ပတ်လည် ပေးပါ။ |
| စိုက်ပြီး ၂ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>**ဖြည့်စွက်မြေသြဇာကျွေးခြင်း** - ရေဖျန်းပုံး တစ်ပုံးလျှင် ပုလဲမြေသြဇာ ထမင်းစားဇွန်း ၁ဇွန်းနှုန်း၊ တစ်ဘောင်လျှင် ၃ ပုံးလောင်းပါ။ (၅၀ကျပ်သား/၀.၀၆ဧက) | တစ်ရက်ခြားတစ်ကြိမ် ရေ ၈ လီတာ/ ၃ပေပတ်လည် ပေးပါ။ |

| | | |
|---|---|---|
| စိုက်ပြီး ၃ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>**ဖြည့်စွက်မြေဩဇာကျွေးခြင်း** - ရေတစ်လီတာတွင် ဆားခါးလက်ဖက် စားဇွန်း ၁ ဇွန်းနှုန်းဖြင့် ဖျော်စပ်ပြီး ဘောင်တစ်လျှောက် နှံ့စပ်အောင် ဖျန်းပါ။ (၈.၈၆ ဧက အတွက် ၂ ပိဿာခန့် ကုန်မည်ဖြစ်သည်။) | တစ်ရက်ခြား တစ်ကြိမ် ရေ ၁၂ ၁၂ လီတာ/ ၃ပေ ပတ်လည်ပေးပါ။ |
| စိုက်ပြီး ၄ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။ | တစ်ရက်ခြား တစ်ကြိမ် ရေ ၁၄ လီတာ/ ၃ပေ ပတ်လည်ပေးပါ။ |
| စိုက်ပြီး ၅ - ၇ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။ | တစ်ရက်ခြား တစ်ကြိမ် ရေ ၁၆ လီတာ/၃ပေ ပတ်လည် ပေးပါ။ |

**ပိုးမွှားနှင့်ရောဂါ မ များ ကာကွယ်နှိမ်နင်းခြင်း**

**ဓာတုဆေး နှင့် အော်ဂဲနစ်ဆေး ရွေးချယ်မှု**

ပိုးနှင့်ရောဂါလက္ခဏာများမှန်မှန်စစ်ဆေးပါ။ အရွက်မျက်နှာပြင်၂ ခုလုံးနှင့် ပင်စည်တစ်လျှောက်ကြည့်ပါ။ သဘာဝဆေးများ နှင့် မနိုင်လျှင် အောက်တွင်ဖော်ပြထားသော ဓာတုဆေးများကို အသုံးပြုပါ။

| ပိုးမွှား၊ရောဂါနှင့် လက္ခဏာများ | ကာကွယ်နှိမ်နင်းနည်း |
|---|---|
| • ရွက်ထွင်းပိုး၊ (ပုံ-၁)<br>• ပျပိုး၊ (ပုံ-၂)<br>• ငမြှောင်တောင်ပိုး၊ (ပုံ-၃) | • တမာပိုးသတ်ဆေး၊ ဒီမွန် ဖျန်းပါ။<br>• တမာပိုးသတ်ဆေး၊ ဒီမွန် ဖျန်းပါ။<br>• ဆေးအမည် - အလန်း ဖျန်းပါ။ |
| • တင်းပုတ်မြစ်ဖုရောဂါ၊ )ပုံ-၄) | • ထုံးထည့်ပါ။ ဥစားသီးနှံများနှင့် ရောင်၍ သီးလှည့်စိုက်ပါ။ |




၁။ ရွက်ထွင်းပိုး



၂။ ပျ



၃။ ငမြှောင်တောင်ပိုး



၄။ တင်းပုတ်မြစ်ဖုရောဂါ

| | |
|---|---|
| ခူးဆွတ်ခြင်း | ဈေးကွက်အရ ရောင်းတမ်းဝင်လျှင် နုတ်ပါ။ မုန်လာဥများကို လက်ဖြင့်ဆွဲနုတ်ပြီး ရေဖြင့်ပြောင်စင်စေရန် ဆေးပါ။ |
| အရည်အသွေး အတွက် လမ်းညွှန်များ | ရေနှင့် အာဟာရထိန်းထားပါ။ (အရသာ ကောင်းစေရန်) မနုတ်မီ ၂ ပတ် အလိုတွင် ရေဖြတ်ထားပါ။<br>သို့လှောင်ချိန်တွင် ထိခိုက်မှုမရှိစေရန် ဂရုစိုက်ပါ။ ဓာတ်မြေဩဇာများပါ က မုန်လာဥမကြီးထွားပဲ အပင်ပိုင်းကြီးစေသည်။ အရွက်နှင့်ဥပိုင်း ဆုံသောနေရာကို မြေပေါ်မပေါ်စေရန် မြေဖြင့်ဖုံးပေးပါ။ |

| ကန်စွန်း စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ | | |
|---|---|---|
| မျိုးရွေးချယ်ခြင်း | ဈေးကွက်ကောင်းပြီး အထွက်နှုန်းမြင့်သော မျိုးများကို ရွေးပါ။ ထိုင်ဝမ်ကန်စွန်းကို ပို၍စိုက်ပျိုးကြသည်။ ဥပမာ (Liao 9) |  |
| ကြိုက်နှစ်သက်သော ရာသီဥတု | တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်သည်။ ပူနွေးသော ရာသီဥတုကို ပို၍ ကြိုက်နှစ်သက်သည်။ | |
| သီးနှံသက်တမ်း | အစေ့ချပြီး ၂၅-၃၀ ရက် တွင်စရိတ်နိုင်ပါသည်။ အပြစုကောင်းပါက တစ်နှစ်ပတ်လုံးရိတ်နိုင်သည်။ | |
| အထွက်နှုန်း (ခန့်မှန်း) | ပျမ်းမျှအထွက် ၈၈၀၀ စည်း /၀.၀၆ ဧက | |
| မျိုးစေ့ နှင့် အပင် ဦးရေ | ၁ ကီလိုဂရမ် ၁ထုပ်၊ ၄၄၀၀ ကျင်း /၀.၀၆ဧက အတွက် | |
| နေရာရွေးချယ်ခြင်း | မြေအမျိုးစားမရွေး စိုက်နိုင်သော်လည်း ရေမဝပ်ရပါ။ | |
| မြေချဉ်/ငန်ကိန်း | ၅.၅ - ၇ ကို ပိုမိုနှစ်သက်သည်။ | |
| ရေသွင်းခြင်း | စိုက်ခင်းကျယ်တွင်ရေသွင်းမြောင်းဖြင့်လည်းကောင်း စိုက်ခင်းငယ်တွင် ရေထမ်းလောင်းခြင်းဖြင့် ရေပေးသွင်း နိုင်သည်။ ရေဖျန်းစနစ်ဖြင့် ရေပေးခြင်းသည် အပင်အတွက်အထူးကောင်းမွန်သည်။<br>(၁) အပင်ငယ်များသည်အပင်ကြီးများထက် ရေလိုအပ်မှုနည်းသည်။<br>(၂) စိုက်ဘောင်ရှိစိုက်တန်းကြားများကို အစက်ချစနစ် (သို့) ရေပန်းစနစ် အသုံးပြုခြင်းဖြင့် လုပ်အား နှင့် စိုက်ပျိုးရေချွေတာနိုင်သည်။<br>(၃) စိုက်ဘောင်တန်းကြား ရေသွင်းစိုက်ပျိုးခြင်းသည် စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးစေသည်။ ပေါင်းများစွာ ပေါက်ရောက်နိုင်ပြီး အရွက်များလည်း ရောဂါကျရောက်စေသည်။<br>တစ်ရာသီလုံး ရေအမြဲ ညီညာစွာ ရှိရမည်။ ရွက်စားပင်များ သည် အမြစ်တိမ် သဖြင့် မကြာခဏ ရေသွင်းပေးရမည်။ **အာဟာရရည်ကျွေးခြင်း** -အစက်ချစနစ်သုံးလျှင်အာဟာရရည် ကျွေးခြင်း ပြုလုပ် နိုင်သည်။<br><br>ရေဖျန်းစက်ဖြင့် စိုက်ပျိုးထားသော ကန်စွန်းခင်းပုံ | |
| လုပ်ငန်းဆောင်ရွက်ရမည့် အချိန်များ | **လုပ်ဆောင်ရမည့်လုပ်ငန်းများ** - မိမိ၏ ရေမြေ ရာသီဥတု လိုအပ်ချက်နှင့် အညီ ချင့်ချိန် လုပ်ဆောင်ရန် ဖြစ်သည်။ | **ရေပေးခြင်း** |
| မစိုက်မီ ၁လ | **မြေပြင်ခြင်း** - မြေကို ထယ်ရေးနက်နက် (၉-၁၂)လက်မ နှင့် ထွန်ရေး (၃) ကြိမ်ထိုးပါ။<br>ဘိုကာရှိမြေဆွေးပြုလုပ်ခြင်း<br>(နောက်ဆက်တွဲတွင်ကြည့်ပါ) | စိုစွတ်သော မြေသည် ထွန်ယက်ရ လွယ်ကူစေသည် |
| မစိုက်မီ ၃ ပတ် | **ထုံးထည့်ခြင်း** - ၀.၀၆ဧက အတွက်ထုံးကို တစ်နှစ်လျှင် ၁၃ ပိဿာနှုန်းဖြင့် သုံးနှစ် ဆက်တိုက် ထည့်ပါ။ | |

| | | |
|---|---|---|
| | **ဘိုကာရှီမြေဆွေးပြုလုပ်ခြင်း၊ ငါးအမိုင်နိုအက်ဆစ် အပင်အားဆေးရည် ပြုလုပ်ခြင်း နှင့် အီးအမ်-၅** ကောင်းစွာဆွေးမြေ့စေရန် အပင်မစိုက်မီ ၃ပတ်အလိုတွင် ဘိုကာရှီမြေဆွေး၊ ငါးအမိုင်နိုအက်ဆစ်၊ အီးအမ်-၅ တို့ကို ပြင်ဆင်ပါ။ (နောက်ဆက်တွဲတွင်ကြည့်ပါ) | **ဘိုကာရှီအား အစိုဓာတ်ရှိအောင်ထားပါ။** |
| မစိုက်မီ ၁ ပတ် | **စိုက်ဘောင်ပြင်ဆင်ခြင်း -** တစ်ဘောင်နှင့်တစ်ဘောင် ၁.၅ ပေခြားပြီး ဘောင်အကျယ် ၃ပေ၊ အမြင့် ၆ - ၈ လက်မ ဘောင်များပြုလုပ်ပါ။<br><br>ဘောင်တင်ခြင်း၏အကျိုးကျေးဇူးများ - (၁) ရေထုတ်ရန်၊ (၂) မြေတွင်း လေဝင်လေထွက် ကောင်းရန်၊ (၃) အမြစ်များ မြေတွင်း ထိုးဖောက်မှု လွယ်ကူစေရန်၊ (၄) ဘောင်ကြား ရေသွင်းနိုင်ရန်၊ (၅) မြေမှ အငွေ့ပျံခြင်းကို လျော့ကျနိုင်စေရန်၊ (၆) မြေတွင်သဘာဝမြေသြဇာများတိုးပွားလာစေရန်။<br><br>**ပင်ကြားတန်းကြားစိုက်တန်းသတ်မှတ်ခြင်း** - တန်းကြား ၈ လက်မ×ပင်ကြား ၆ လက်မ စိုက်ပါ။ အစွန်နှစ်ဖက်ကို ၆လ ၆လက်မချန်ပြီး စိုက်ပါ။<br><br>**မြေခံမြေသြဇာထည့်ခြင်း -** ၀.၀၆ဧက အတွက် ၁၅း၁၅း၁၅ပတ်လည် ကွန်ပေါင်း ၆ ပိဿာ နှင့် ဘိုကာရှီမြေဆွေး ၃၇ - ၇၄ ပိဿာကို စိုက်ဘောင်များပြင်ချိန်တွင် သမအောင်ထည့်ပါ။ ထရိုင်ကိုဒါးမား (၇)ဂရမ်ကို ရေ(၁၀)လီတာဖြင့်ရောပြီး စိုက်ဘောင်တွင် ဖျန်းလောင်းပါ။ | မစိုက်မီ ၂ရက်အလိုတွင် စိုက်ပျိုးရလွယ်ကူ စေရန် လိုအပ်လျှင် ဘောင်ကို အစိုဓာတ်ရရှိ အောင်ပြုလုပ်ပါ။ အစိုဓာတ်ရှိသော မြေသည် ပြုပြင်ရ လွယ်ကူသည်။ |
| စိုက်နည်းစနစ် | **ပျိုးထောင်ခြင်း** - ပျိုးထောင်ရန် မလိုပါ။<br><br>**တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း-** စိုက်ကျင်းတစ်ကျင်းကို ၅ စေ့ခန့် စိုက်ပါ။ မျိုးစေ့ကို လ က်မဝက်ခန့်အနက် စိုက်ပျိုးနိုင်ပါသည်။ စိုက်ပြီး (၂-၃)ရက်တွင် အပင်ပေါက်လာ မည်။<br><br>**မြေဖုံးပေးခြင်း -**<br>ပေါင်း၊ရောဂါပျံ့နှံ့မှုနှင့် မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ရန်၊ မြေတွင်း အပူချိန်လျော့ကျစေရန်၊ ပေါင်းကာကွယ်စေရန် ကောက်ရိုး အနည်းငယ်ကို(၃လက်မအထူ) ဘောင်ပေါ်တွင်ဖုံးပါ။ စိုက်ပြီးကျင်းများကိုမြေဖုံး၍ ဘောင်ကို ကောက်ရိုး(သို့မဟုတ်) စပါးခွံဖြင့် ဖုံးပေးပါ။ | |
| စိုက်ပြီး ၂ ပတ် | **ပေါင်းရှင်းခြင်း -** အစာအာဟာရလုစားခြင်း၊ ပိုးနှင့်ရောဂါများ ခိုအောင်းခြင်းတို့မှ ကာကွယ်စေရန် ပေါင်းကိုလိုအပ်သလိုရှင်းပါ။ အပင်ငယ်စဉ်တွင် ပေါင်းကင်းစင်စေရန်လိုအပ်သည်။ ကန်စွန်းပင်တွင် အမြစ်ဖွာများစွာ ရှိ၍ ပေါင်းရှင်းသည့်အခါ နက်ရန် မလိုပါ။<br><br>**ပိုးနှင့်ရောဂါနှိမ်နင်းခြင်း -** ပိုးနှင့်ရောဂါမှ ကြိုတင်ကာကွယ်ရန် အီးအမ်-၅ နှင့် တမာ ပိုးသတ်ဆေးကို အပတ်စဉ်တိုင်းဖျန်းပါ။ အကယ်၍ မနိုင်ပါက နောက်ဆုံး အနေဖြင့် ဓာတုနည်းကိုသုံးပြီး နှိမ်နင်းပါ။<br><br>**ရွက်ဖျန်းမြေသြဇာပေးခြင်း -** စိုက်တန်းတလျှောက် မြောင်းဆွဲ၍ ပုလဲမြေသြဇာကို ထပ်ဆောင်းထည့်ပေးပါ။ ၀.၀၆ဧက အတွက် ၂ ပိဿာ လိုအပ်သည်။ | ၂ ရက်ခြား တစ်ကြိမ် ရေ ရေ လောင်းပါ။ |
| စိုက်ပြီး ၅ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br><br>**ရွက်ဖျန်းမြေသြဇာပေးခြင်း -** ထပ်မံရိတ်သိမ်းလိုပါက ၀.၀၆ ဧက အတွက် ပုလဲ (၂) ပိဿာကို ထည့်ပါ။ | ၂ ရက်ခြား တစ်ကြိမ် ရေ ရေ လောင်းပါ။ |

<table>
<tr><td>ပိုးမွှားနှင့်ရောဂါများ<br>ကာကွယ်နှိမ်နင်းခြင်း</td><td>

**ဓာတုဆေး နှင့် အော်ဂဲနစ်ဆေး ရွေးချယ်မှု**

ပိုးနှင့်ရောဂါလက္ခဏာများကို မှန်မှန်စစ်ဆေးပါ။ အရွက်မျက်နှာပြင်၂ခုလုံးနှင့် ပင်စည်တစ်လျှောက်ကြည့်ပါ။
သဘာဝဆေးများ နှင့် မနိုင်လျှင် အောက်တွင်ဖော်ပြထားသော ဓာတုဆေးများကို အသုံးပြုပါ။

<table>
<tr><th>ပိုးမွှား၊ရောဂါနှင့် လက္ခဏာများ</th><th>ကာကွယ်နှိမ်နင်းနည်း</th></tr>
<tr><td>• ရွက်စားပိုး၊ (ပုံ-၁)<br><br><br>• မွှားပင့်ကူနီ၊ (ပုံ-၂)</td><td>• ရွက်စားပင်ဖြစ်သည့်အတွက် အတတ်နိုင်ဆုံး လက်ဖြင့် ဖယ်ရှားပါ။ တမာ ၊ အီးအမ်-၅၊ (အဘာမက်တင်) ဖျန်းပါ။<br>• တမာ၊ ပြာ၊ ဆာလဖာဖြင့် ပက်ဖျန်းပါ၊</td></tr>
<tr><td>• သံချေးဖြူ ရောဂါ၊ (ပုံ-၃)</td><td>• မန်ကိုဇက်+ဆိုင်မိုဇနေး(ဆန်နာဂျီ)၊ ယူနတီဆေးဖျန်းပါ။</td></tr>
</table>

</td></tr>
<tr><td colspan="2">



၁။ ရွက်စားပိုး ဖျက်ဆီးနေပုံ



၂။ မွှားပင့်ကူနီ ဖျက်ဆီးနေပုံ




၃။ သံချေးဖြူရောဂါ

</td></tr>
<tr><td>ခူးဆွတ်ခြင်း</td><td>မျိုးစေ့ချပြီး(၃)ပတ်အကြာတွင်စတင်ခူးဆွတ်နိုင်သည်။ မရိတ်သိမ်းခင်၁ရက်အလိုနှင့် ရိတ်သိမ်းသည့်နေ့တွင် ရေကိုဝအောင်လောင်းပါ ရိတ်သိမ်းချိန်တွင် အပင်ခြေမှ ၁လက်မခန့်ချန်၍ ရိတ်သိမ်းခြင်းအားဖြင့် နောက်ထွက်လာမည့် အတက်သစ်များကို ၇-၁၀ ရက်အကြာတွင် ထပ်မံ ခူးဆွတ်နိုင်သည်။ ဈေးကွက်ပေါ် မူတည်ပြီးလည်း ခူးဆွတ်နိုင်သည်။</td></tr>
<tr><td>အရည်အသွေး<br>အတွက် လမ်းညွှန်များ</td><td>ကန်စွန်းပင်အတွက် ရေ အခြေအနေကို စစ်ဆေးရန် အရေးကြီးသည်။ အရွက်များကို ပိုးမွှားများ မဖျက်ဆီးစေရန်အတွက် ကာကွယ်နှိမ်နင်းခြင်းသည် အရေးကြီးသည်။</td></tr>
</table>

| မုန်ညင်းရွက် **စိုက်ပျိုးနည်းစနစ်** လမ်းညွှန်ချက်များ | | |
|---|---|---|
| မျိုးရွေးချယ်ခြင်း | ဈေးကွက်ကောင်းပြီး အထွက်နှုန်းမြင့်သော မျိုးများကို ရွေးပါ။<br>မုန်ညင်းဖြူသည်ချက်ပြုတ်စားရန်ဖြစ်ပြီး၊<br>မုန်ညင်းစိမ်းသည်အချဉ်တည်ရန်ဖြစ်သည်။ |  |
| ကြိုက်နှစ်သက်သော ရာသီဥတု | ရခိုင်ပြည်နယ်တွင် အောက်တိုဘာလမှ ဇန်နဝါရီလကုန်အထိ ထိ အကောင်းဆုံး စိုက်ပျိုးနိုင်သည်။ ဖေဖော်ဝါရီလ၊ မတ်လ ၊ ဧပြီလနှင့် မေလတို့တွင် စိုက်ပျိုးနိုင်သော်လည်း ရေရရှိမှုသေချာမှသာ စိုက်သင့်သည်။ မိုးရာသီတွင်စိုက်ပျိုး နိုင်သော်လည်းရေဝပ်ဒဏ်မခံနိုင်ပါ။ | |
| သီးနှံသက်တမ်း | ရွှေ့စိုက်ပြီး ရက် ၂၅-၃၀ကြာတွင် စတင် ခူးဆွတ်နိုင်သည်။ အပင်ကြပ်လျှင် အပင်လိုက်နုတ်ခြင်း၊ (သို့) အပြင်ဘက်ဆုံး အရွက်ကြီးများကို ခူးပြီး အသုံးပြုနိုင်သည်။ အစေ့ထုတ်ရန် ရည်ရွယ်လျှင် (၇၀-၈၀) ရက်တွင် အနံ့ထွက်လာပါသည်။ ၇၅% အသီးရင့်မှည့်လျှင်ခူးဆွတ် နိုင်သည်။ | |
| အထွက်နှုန်း (ခန့်မှန်း) | ပင်ခြားတန်းခြားအကွာအဝေးပေါ် မူတည်ပြီး အထွက်နှုန်းကွာခြားပါသည်။ ၀.၀၆ ဧက မှ ၆၆၀၀ ပင်ခန့် ထွက်ရှိနိုင်ပါသည်။ | |
| မျိုးစေ့ နှင့် အပင် ဦးရေ | ၅ ဂရမ်ထုတ် ၃ ထုတ် | |
| နေရာရွေးချယ်ခြင်း | မြေအမျိုးစားမရွေး စိုက်နိုင်သော်လည်း မြေဆီဩဇာထက်သန်ပြီး ရေမဝပ်ရပါ။ | |
| မြေချဉ်/ငန်ကိန်း | ၅.၃-၆.၅ ကို ပိုမိုနှစ်သက်သည်။ | |
| ရေသွင်းခြင်း | အစိုဓာတ်လုံလောက်လောက် အမြဲတမ်းရှိရန်လိုသည်။ ခြောက်သွေ့သောရာသီတွင် ကောက်ရိုး ၊ မြက်ခြောက်တို့ဖြင့် အပင်ခြေကိုအုပ်ပေးနိုင်သည်။ လိုအပ်ပါက ရေသွင်းပေးနိုင်သည်။ ရေဝပ်ဒဏ် မခံနိုင်သောကြောင့် ရေကိုလိုသည်ထက်ပို၍မသွင်းမိရန် အရေးကြီးသည်။ ရေပန်းစနစ်သည် အသင့်တော်ဆုံး ဖြစ်သည်။ | |
| လုပ်ငန်းဆောင်ရွက် ရမည့် အချိန်များ | **လုပ်ဆောင်ရမည့်လုပ်ငန်းများ**<br>မှတ်ချက်။ မိမိ၏ ရေမြေ၊ ရာသီဥတု လိုအပ်ချက်နှင့် အညီ ချင့်ချိန် လုပ်ဆောင်ရန် ဖြစ်သည်။ | **ရေပေးခြင်း** |
| မစိုက်မီ ၁လ | **မြေပြင်ခြင်း -** မြေကိုထယ်ရေးနက်နက် (၉-၁၂)လက်မနှင့် ထွန်ရေး(၂-၃) ကြိမ်ထိုးပါ။ | |
| မစိုက်မီ ၃ ပတ် | **ထုံးထည့်ခြင်း -** ၀.၀၆ ဧက အတွက်ထုံးကို တစ်နှစ်လျှင် ၁၃ ပိဿာ နှုန်းဖြင့် သုံးနှစ် ဆက်တိုက် ထည့်ပါ။ | |
| | **ဘိုကာရှီမြေဆွေးပြုလုပ်ခြင်း၊ ငါးအမိုင်နိအက်ဆစ် အပင်အားဆေးရည် ပြုလုပ်ခြင်း နှင့် အီးအမ်-၅**<br>ကောင်းစွာဆွေးမြေ့စေရန် အပင်မစိုက်မီ ၃ပတ်အလိုတွင် ဘိုကာရှီမြေဆွေး၊ ငါးအမိုင်နိအက်ဆစ်၊ အီးအမ်-၅ တို့ကို ပြင်ဆင်ပါ။ (နောက်ဆက်တွဲတွင်ကြည့်ပါ) | **ဘိုကာရှီအားအစိုဓါတ်ရှိအောင် ထားပါ။** |
| | **ပျိုးခင်းပြင်ဆင်ခြင်း -** ပျိုးထောင်ခြင်း - အပေါက် ၁၀၅ ပေါက်ပါသော ပျိုးဗန်းကိုအသုံးပြုပါ။ ပျိုးမြေအဖြစ် ရိုးရိုးမြေ ၊ နွားချေးဆွေး နှင့် ဖွဲပြာ တို့ကို ဆတူ (၁း၁း၁)ရောစပ်ပြီး အသုံးပြု နိုင်ပါသည်။ | မြေအစိုဓါတ်ရရှိ စေရ န် နံနက်တိုင်း အပင်များကို လိုအပ်သလို ရေလောင်းပါ။ |

| | | |
|---|---|---|
| | တစ်ပေါက်ကို တစ်စေ့ စိုက်ပါ။ အပင်ပေါက်ရန် ၅-၆ ရက်ကြာပြီး၊ ပျိုးသက် ၂၁ ရက် (ပျိုးပင် အရွက် ၄-၅ ရွက်) တွင် ရွှေ့စိုက်ပါ။ ညနေပိုင်းတွင်ရွှေ့စိုက်ပါ။ | |
| မစိုက်မီ ၁ ပတ် | **စိုက်ဘောင်ပြင်ဆင်ခြင်း -**<br>တစ်ဘောင်နှင့်တစ်ဘောင် ၁.၅ ပေခြားပြီး ဘောင်အကျယ် ၃ပေ ၊ အမြင့် ၉-၁၂ လက်မဘောင်များပြုလုပ်ပါ။<br>ဘောင်တင်ခြင်း၏အကျိုးကျေးဇူးများ - (၁) ရေထုတ်ရန်၊ (၂) မြေတွင်းလေဝင်လေထွက် ကောင်းရန်၊ (၃) အမြစ်များ မြေတွင်း ထိုးဖောက်မှု လွယ်ကူစေရန်၊ (၄) ဘောင်ကြား ရေသွင်းနိုင်ရန်၊ (၅) မြေမှ အငွေ့ပျံခြင်းကို လျော့ကျနိုင်စေရန်၊ (၆) မြေတွင်းသဘာဝ မြေသြဇာများတိုးပွားလာစေရန်။ | |
| | ပင်ခြားတန်းခြားစိုက်တန်းသတ်မှတ်ခြင်း- ပင်ကြား ၆ လက်မ× တန်းကြား ၆ လက်မ စိုက်ပါ။ အစွန်နှစ်ဖက်ကို ၆ လက်မချန်ပြီး စိုက်ပါ။ စိုက်တန်းတစ်လျှောက် ဖိုခနောက်ဆိုင် စိုက်ပါ။ | အစိုဓာတ်ရှိသော မြေသည် ပြုပြင်ရ လွယ်ကူသည်။ |
| | **မြေခံမြေသြဇာထည့်ခြင်း -** ဂ.ဂ၆ဧကအတွက် ၁၅း၁၅း၁၅ ကွန်ပေါင်း ၆ပိဿာ နှင့် ဘိုကာရှီမြေဆွေး ၃၇ - ၇၄ ပိဿာ ကို စိုက်ဘောင်များပြင်ချိန်တွင် သမအောင် ထည့်ပါ။ | |
| | **မြေဖုံးပေးခြင်း -**<br>ပေါင်း၊ ရောဂါပိုးနှံ့မှုနှင့် မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ရန်၊ မြေတွင်းအပူချိန်လျော့ကျစေရန်၊ ပေါင်းကာကွယ်စေရန် ကောက်ရိုး (သို့) ပလပ်စတစ်စဖြင့် ဘောင်ပေါ်တွင်ဖုံးပါ။ ကောက်ရိုးများကို အပင်ခြေနှင့်မထိစေရ။ | မစိုက်မီ ၂ရက် အလိုတွင် ကျင်းတူးရ လွယ်ကူစေရန် နှင့် အပင်ငယ်များ ရွှေ့ပြောင်း စိုက်ပျိုးရ လွယ်ကူစေရန် စိုက်ဘောင်ကို အစိုဓာတ်ရရှိ အောင်ပြုလုပ်ပါ။ |
| စိုက်နည်းစနစ် | **ရွှေ့ပြောင်းစိုက်ပျိုးခြင်း -** ကျန်းမာသန်စွမ်းသောပျိုးပင်များကို စိ စိုက်ကျင်းတစ်ကျင်းတွင် တစ်ပင်နှုန်းဖြင့် စိုက်ပျိုးပါ။ မြေလုံး မကွဲစေရန် ဂရုစိုက် စိုက်ပျိုးပါ။<br>**တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း -**<br>တိုက်ရိုက်မျိုးစေ့ချ၍လည်းစိုက်ပျိုးနိုင်သည်။ မျိုးစေ့ထူထူချပြီး မြေ ပါးပါးဖုံးပေးရန်လိုသည်။ အပင် ၂-၃ ရွက်ထွက်လာလျှင် ၂-၃ လက်မခြားအပင်မှုန်းပေးရမည်။ အပင်ငယ်များကြီးထွားလာ၍ အပင်ကြပ်လာတိုင်း မှုန်းပေးရန်လိုသည်။ နောက်ပိုင်း အပင်ကြီး လာလျှင် မှုန်းသောအပင်များကို စားသုံးခြင်း၊ ရောင်းချခြင်း များပြုလုပ်နိုင်ပါသည်။ **အပင်မှုန်းခြင်း -** တစ်ကျင်းတွင်သန်မာသော အပင်တစ်ပင်သာရှိစေရန်အပင်မှုန်းခြင်း ပြုလုပ်ရန်လိုအပ်ပါ သည်။ နောက်ဆုံး ပင်ခြား ၆ လက်မနှင့်တန်းခြား ၆ လက်မ ကျန်သည်ထိ မှုန်းပေးရန်လိုအပ်ပါသည်။ | ပြောင်းရွှေ့စိုက်ပြီးပြီးချင်း အပင်များကို ရေလောင်းပါ။ |
| ရွှေ့စိုက်ပြီး ၁ ပတ် | **ပေါင်းရှင်းခြင်း -** အစာအဟာရလုစားခြင်း၊ ပိုးနှင့်ရောဂါများ ခိုအောင်းခြင်းတို့မှကာကွယ်စေရန် ပေါင်းကိုလိုအပ်သလိုရှင်းပါ။ အပင်ငယ်စဉ်တွင် ပေါင်းကင်းစင်စေရန်လိုအပ်သည်။<br>**ပိုးနှင့်ရောဂါနှိမ်နင်းခြင်း -** ပိုးနှင့်ရောဂါမှ ကြိုတင်ကာကွယ်ရန် အီးအမ်-၅ နှင့် တမာ ပိုးသတ်ဆေးကို အပတ်စဉ်တိုင်းဖျန်းပါ။ အကယ်၍ မနိုင်ပါက နောက်ဆုံး အနေဖြင့် ဓာတုနည်းကို သုံးပြီး နှိမ်နင်းပါ။ | တစ်ရက်ခြား တစ်ကြိမ် ရေလောင်းပါ။ ရေများသည့် ဒဏ် မခံနိုင်ပါ။ |

<table>
<tr><td>ရွှေ့စိုက်ပြီး ၂ ပတ်</td><td>ပေါင်းရှင်းခြင်း - လိုအပ်လျှင်လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>ဖြည့်စွက်မြေဩဇာကျွေးခြင်း - အပင်များသည် အကြီးမြန်ပြီး ၂၅-၃၀ ရက်သားတွင် ခူးဆွတ်စားသုံးနိုင်ပြီဖြစ်၍ ထပ်မံဖြည့်စွက်စာ အထူးတလည်ကျွေးရန် မလိုအပ်ပါ။ မျိုးစေ့ထုတ်ရန်သို့မဟုတ် အဖူးစားရန် အတွက် ရည်ရွယ်လျှင် ဖြည့်စွက်မြေဩဇာ ကျွေးရန် လိုအပ်ပါသည်။ ဆားခါး (၀.၀၆ဧက အတွက် ၂ပိဿာ) ကို ၁၅း၁၅း၁၅ ကွန်ပေါင်းနှင့်ရောစပ်ကာ အပင်ခြေမှ ၃လက်မခွာပြီး ၀.၀၆ ဧကအတွက် ၆ ပိဿာ ထည့်ပါ။</td><td>တစ်ရက်ခြား တစ်ကြိမ် ရေ လောင်းပါ။ ရေများသည့် ဒဏ် မခံနိုင်ပါ။</td></tr>
<tr><td>ရွှေ့စိုက်ပြီး ၃ပတ်</td><td>ပေါင်းရှင်းခြင်း - လိုအပ်လျှင်လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>ဖြည့်စွက်မြေဩဇာကျွေးခြင်း - ပိုတက်ဆီယမ်နိုက်ထရိတ်ကို ရေ၄ဂါလံဂင်ဆေးဖျန်း ပုံးတစ်ပုံးတွင် ၁၀ကျပ်သားနှုန်းဖြင့် ဖျော်စပ်ပြီး နံနက်ပိုင်းတွင် အရွက်များပေါ် သို့ ရွှဲရွှဲဖျန်းပါ။</td><td>တစ်ရက်ခြားတစ်ကြိမ် ရေ လောင်းပါ။</td></tr>
<tr><td>ရွှေ့စိုက်ပြီး ၄ ပတ်</td><td>ပေါင်းရှင်းခြင်း - လိုအပ်လျှင်လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။</td><td>တစ်ရက်ခြားတစ်ကြိမ် ရေ လောင်းပါ။</td></tr>
<tr><td>ရွှေ့စိုက်ပြီး၅ပတ်</td><td>ပေါင်းရှင်းခြင်း - လိုအပ်လျှင်လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>ဖြည့်စွက်မြေဩဇာကျွေးခြင်း - ပိုတက်ဆီယမ်နိုက်ထရိတ်ကို ရေ ၄ ဂါလံဂင် ဆေးဖျန်းပုံးတစ်ပုံးတွင် ၁၀ကျပ်သားနှုန်းဖြင့် ဖျော်စပ်ပြီး နံနက်ပိုင်းတွင် အရွက်များ ပေါ် သို့ ရွှဲရွှဲဖျန်းပါ။</td><td>တစ်ရက်ခြားတစ်ကြိမ် ရေ လောင်းပါ။</td></tr>
<tr><td>ရွှေ့စိုက်ပြီး ၆- ၉ပတ်</td><td>ပေါင်းရှင်းခြင်း - လိုအပ်လျှင်လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>ပိုးနှင့်ရောဂါနှိမ်နင်းခြင်း - လိုအပ်လျှင် ပြုလုပ်ပါ။</td><td>တစ်ရက်ခြားတစ်ကြိမ် ရေ လောင်းပါ။</td></tr>
<tr><td>ရောဂါနှင့်ပိုးမွှားများ ကာကွယ်နှိမ်နင်းခြင်း</td><td colspan="2">ဓာတုဆေး နှင့် အော်ဂဲနစ်ဆေး ရွေးချယ်မှု<br>ပိုးနှင့်ရောဂါလက္ခဏာများမှန်မှန်စစ်ဆေးပါ။ အရွက်မျက်နှာပြင်၂ ခုလုံးနှင့် ပင်စည်တစ်လျှောက်ကြည့်ပါ။ သဘာဝဆေးများ နှင့် မနိုင်လျှင် အောက်တွင်ဖော်ပြထားသော ဓာတုဆေးများကို အသုံးပြုပါ။<br><table>
<tr><th>ပိုးမွှား၊ရောဂါနှင့် လက္ခဏာများ</th><th>ကာကွယ်နှိမ်နင်းနည်း</th></tr>
<tr><td>• လေးပိုးကျရောက်ခြင်း၊ (ပုံ-၁)<br>• ဒိုင်နီဖြတ်စားပိုး၊ (ပုံ-၂)<br>• ကျောနီဖြတ်စားပိုး၊ (ပုံ-၃)<br>• စိန်ကွက်ဖလံ၊ (ပုံ-၄)<br>• နံကောင်ကျရောက်ခြင်း၊ (ပုံ-၅)</td><td>• အီးအမ်-၅၊ တမာ ပိုးသတ်ဆေး ဖျန်းပါ။ မနိုင်ပါက အီမီဒါကလိုပရစ်၊ လမ့် ပင်လုံးပြန့် ပိုးသတ်ဆေးများ ဖျန်းပါ။</td></tr>
<tr><td>• အဖြူရောင် ဖားဥမှိုရောဂါ၊ (ပုံ-၆)<br>• အညိုရောင် ဖားဥမှိုရောဂါ၊ (ပုံ-၇)<br>• ပင်ညှိုးရောဂါ၊ (ပုံ-၈)<br>• ဖိုက်တိုပလပ်စမာရောဂါ၊ (ပုံ-၉)</td><td>• သီးလှည့်စိုက်ပါ။ ရောဂါရ အပင်များကို မီးရှို့ဖျက် ဆီးပါ။ မှိုသတ်ဆေး မန်ကိုဇက်၊ ကော့ပါး ဟိုက်ဒြောက်ဆိုဒ်၊ ကာဆူဂါမိုင်ဇင် စသည် ဖြင့် ပက်ဖျန်းနိုင်သည်။</td></tr>
</table></td></tr>
</table>

| | |
|---|---|
| | <br>၁။ လေးပိုးကျရောက်မှုလက္ခဏာ<br><br>၂။ ဒိုင်နီဖြတ်စားပိုး<br><br>၄(က)။ စိန်ကွက်ဖလံပိုး တုံးလုံး<br><br>၃။ ကျောနီဖြတ်စားပိုး<br><br>၄(ခ)။ စိန်ကွက်ဖလံ ပိုးလောက်လန်း<br><br>၅။ နှံကောင်ကျရောက်ဖျက်ဆီးမှု<br><br>၆။ အဖြူရောင်ဖားဥမှိုရောဂါ<br><br>၇။ အညိုရောင်ဖားဥမှိုရောဂါ<br><br>၈။ ပင်ညှိုးရောဂါ<br><br>၉။ ဖိုက်တိုပလပ်စမာရောဂါ |
| ခူးဆွတ်ခြင်း | အပင်ကြပ်လျှင် အပင်လိုက်နုတ်ခြင်း၊ (သို့) အပြင်ဘက်ဆုံး အရွက်ကြီးများကို ခူးပြီး အသုံးပြုနိုင်သည်။ အစေ့ထုတ်ရန် ရည်ရွယ်လျှင် (၇၀-၈၀) ရက်တွင်အနှံထွက်လာပါသည်။ ၇၅% အသီးရင့်မှည့်လျှင် ခူးဆွတ်နိုင်သည်။ |
| အရည်အသွေး အတွက် လမ်းညွှန်များ | အရည်အသွေးကောင်းမွန်စေရန် စနစ်တကျ ရေလောင်းရန်၊ မြေဩဇာထက်သန်ရန်လိုအပ်သလို ပိုးမွှားရောဂါကင်းရှင်းစေရန်လည်း အထူးဂရုပြုစောင့်ရှောက်ရန်လိုအပ်ပါသည်။ |

## ဘူး စိုက်ပျိုးရေးနည်းစနစ် လမ်းညွှန်ချက်များ

| | | |
|---|---|---|
| မျိုးရွေးချယ်ခြင်း | ဈေးကွက်ကောင်းပြီး အထွက်နှုန်း ကောင်း သော မျိုးများ အား ရွေးချယ်ပါ။<br>ဥပမာ - (ဒေသမျိုး၊ Anmol ဘူးရှည်၊ Lina-273) |  |
| ကြိုက်နှစ်သက်သော ရာသီဥတု | တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်သော်လည်းမိုးရာသီတွင် အရွက် ရောဂါများကျရောက်တတ်သည်။ ခြောက်သွေ့သော ရာသီတွင် အကောင်းဆုံးဖြစ်ထွန်းသည်။ | |
| သီးနှံသက်တမ်း | ရွှေ့ပြောင်းစိုက်ပြီး ရက် ၄၅-၅၀ တွင် စတင်ဆွတ်ခူးနိုင်ပြီး ၉၀-၁၂၀ ရက်အထိ သက်တမ်းရှိသည်။ | |
| အထွက်နှုန်း (ခန့်မှန်း) | ပျမ်းမျှအထွက်နှုန်း ၆၈၀ အသီး / ၀.၀၆ ဧက | |
| မျိုးစေ့ နှင့် အပင် ဦးရေ | ၂၀ ဂရမ် (၂ ထုပ်) ၁၃၆ ပင် / ၀.၀၆ ဧက | |
| နေရာရွေးချယ်ခြင်း | ရေမဝပ်ဘဲ မြေဆွေးများသောမြေကို နှစ်သက်သည်။ | |
| မြေချဉ်/ငန်ကိန်း | ၆-၇ ကို ပိုမိုနှစ်သက်သည်။ | |
| ရေသွင်းခြင်း | စိုက်ခင်း၌ရေပေးရာတွင် အစက်ချစနစ် နှင့် ရေပန်းကရားစနစ် တို့အသုံးပြုနိုင်သည်။ သို့သော် စိုက်ခင်းအား ရေသွင်းရာတွင် အပင်ပေါ်မှ ရေ ဖျန်းခြင်း (Sprinkler)ကို ရှောင်ရှားပါ။ စိုက်ခင်းကျယ်ပါက လက်ဖြင့်လည်း ရေလောင်းနိုင်သလို ရေသွင်းမြောင်း (furrow) ဖြင့် ရေသွင်း၍ လည်း အသုံးပြုနိုင်သည်။<br>ရွှေ့ပြောင်းစိုက်ချိန်မှ အသီးတင်ချိန်ထိ ရေတိုးလောင်းပေးရမည်။ အသီးများကြီးထွားရန် ရေမှန်မှန်လိုအပ်သည်။<br>(၁) အပင်ငယ်များသည်အပင်ကြီးများထက် ရေလိုအပ်မှုနည်းသည်။ (၂) စိုက်ဘောင်ရှိစိုက်တန်းကြားများကို အစက်ချစနစ် (သို့) ရေပန်းစနစ် အသုံးပြုခြင်းဖြင့် လုပ်အား နှင့် စိုက်ပျိုးရေချွေတာနိုင်သည်။<br>(၃) စိုက်ဘောင်တန်းကြား ရေသွင်းစိုက်ပျိုးခြင်းသည် စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးစေသည်။ ပေါင်းများစွာ ပေါက်ရောက်နိုင်ပြီး အရွက်များလည်း ရောဂါကျရောက်စေသည်။<br>**အာဟာရရည်ကျွေးခြင်း** -အစက်ချစနစ်သုံးလျှင် အာဟာရရည်ကျွေးခြင်း ပြုလုပ် နိုင်သည်။ | |
| လုပ်ငန်းဆောင်ရွက် ရမည့် အချိန်များ | **လုပ်ဆောင်ရမည့်လုပ်ငန်းများ** -<br>မိမိ၏ ရေမြေ ရာသီဥတု လိုအပ်ချက်နှင့် အညီ ချင့်ချိန် လုပ်ဆောင် ရ ရန် ဖြစ်သည်။ | ရေလောင်းခြင်း |
| မစိုက်မီ ၁ လ | **မြေပြင်ခြင်း-** မြေကို ထယ်ရေးနက်နက် (၉-၁၂) လက်မ နှင့် ထွန်ရေး (၂-၃) ကြိမ် ထိုးပါ။ | |
| မစိုက်မီ ၃ ပတ် | **ထုံးထည့်ခြင်း** - ၀.၀၆ ဧက အတွက် ထုံးကို တစ်နှစ်လျှင် ၁၃ ပိဿာ နှုန်းဖြင့် သုံးနှစ် ဆက်တိုက် ထည့်ပါ။ | |
| | **ဘိုကာရှိမြေဆွေးပြုလုပ်ခြင်း၊ ငါးအမိုင်နိုအက်ဆစ် အပင်အားဆေးရည် ပြုလုပ်ခြင်း နှင့် အီးအမ်-၅**<br>ကောင်းစွာဆွေးမြေ့စေရန် အပင်မစိုက်မီ ၃ပတ်အလိုတွင် ဘိုကာရှိမြေဆွေး၊ ငါးအမိုင်နိုအက်ဆစ်၊ အီးအမ်-၅ တို့ကို ပြင်ဆင်ပါ။ (နောက်ဆက်တွဲတွင်ကြည့်ပါ) | ဘိုကာရှိအား အစိုဓာတ်ရှိအောင် ထားပါ။ |

| | | |
|---|---|---|
| မစိုက်မီ ၂ ပတ် | **စိုက်ဘောင်ပြင်ဆင်ခြင်း** -<br>တစ်ဘောင်နှင့်တစ်ဘောင် ၉ပေခြားပြီး ဘောင်အကျယ် ၃ပေ၊ အမြင့် ၉-၁၂ လက်မ ဘောင်များပြုလုပ်ပါ။<br>ဘောင်တင်ခြင်း၏အကျိုးကျေးဇူးများ - (၁) ရေထုတ်ရန်၊ (၂) မြေတွင်း လေဝင်လေထွက် ကောင်းရန်၊ (၃) အမြစ်များ မြေတွင်း ထိုးဖောက်မှု လွယ်ကူစေရန်၊ (၄) ဘောင်ကြား ရေသွင်းနိုင်ရန်၊ (၅) မြေမှ အငွေ့ပျံခြင်းကို လျော့ကျနိုင်စေရန်၊ (၆) မြေတွင်သဘာဝမြေဩဇာများတိုးပွားလာစေရန်။<br>**ပင်ကြား၊ တန်းကြား စိုက်တန်းသတ်မှတ်ခြင်း** - အပြင်ဘက်မှ ၂ဘောင်၏ အလယ်တွင် တစ်တန်းတည်းသာ စိုက်ပါ။ အလယ် ၂ဘောင်ကို၂တန်းစိုက်စနစ်ဖြင့် ၂ပေခြားစိုက်ပါ။ ဘောင်အစွန်း ၂ဘက်တွင် ၆လက်မ ချန်ပြီးစိုက်ပါ။<br>စိုက်တန်းတစ်လျှောက် တစ်ပင်နှင့် တစ်ပင် ၃ပေ အကွာ စိုက်ကျင်းသတ်မှတ်ပါ။<br>**ပျိုးထောင်ခြင်း** - အပေါက် ၆ဝ ပါသောပျိုးဗန်းကို အသုံးပြုပါ။ ပျိုးမြေအဖြစ် ရိုးရိုးမြေ၊ နွားချေးအဆွေး နှင့် ဖွဲပြာ တို့ကို ဆတူရောစပ်ပြီး အသုံးပြုနိုင်ပါသည်။ (နောက်ဆက်တွဲတွင်ကြည့်ပါ)<br>တစ်ပေါက်ကို တစ်စေ့စိုက်ပါ။ အပင်အမြင့် ၆လက်မ (သို့) အရွက် ၄-၅ ရွက် ရှိလျှင် ရွှေ့ပြောင်းစိုက်နိုင်သည်။ | အစိုဓာတ်ရှိသော မြေသည် ပြုပြင်ရလွယ်သည် ။<br>နံနက်တိုင်း အပင်များကို ရေလောင်းပါ။ |
| မစိုက်မီ ၁ ပတ် | **မြေခံမြေဩဇာထည့်ခြင်း-** ဂ.ဂ၆ကေအတွက် ၁၅း၁၅း၁၅ ကွန်ပေါင်း ၆ ပိဿာ နှင့် ဘိုကာရှီမြေဆွေး ၃၇ - ၇၄ ပိဿာကို စိုက်ဘောင်များပြင်ချိန်တွင် သမအောင် ထည့်ပါ။<br>**စိုက်ကျင်းတူးခြင်း -** ၆ လက်မပတ်လည်အကျယ်၊ ၆ လက်မအနက်ရအောင် ကျင်းတူးပါ။ စိုက်ကျင်းတစ်ကျင်းလျှင် လက်တစ်ဆုပ်စာဘိုကာရှီမြေဆွေး ထည့်ပါ။ မစိုက်မီ ၂ရက်အလိုတွင် ထရိုင်ကိုဒါးမားဖျော်ရည် (၇ ဂရမ် နှင့် ရေ ၁ဂလီတာ) ကို တစ်ပင်လျှင် နို့ဆီဘူးဂက်ခန့် လောင်းထည့်ပါ။<br>**မြေဖုံးပေးခြင်း -**<br>ပေါင်း၊ ရောဂါပျံ့နှံ့မှုနှင့်မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ရန်၊ မြေတွင်းအပူချိန် လျော့ကျစေရန် ကောက်ရိုးကို ၆ လက်မအထူ (သို့) ပလက်စတစ်ဖြင့် ဘောင်ပေါ်တွင်ဖုံးပါ။ ကောက်ရိုးများကို အပင်ခြေနှင့်မထိစေရ။ | မစိုက်မီ ၂ရက် အလိုတွင် ကျင်းတူးရလွယ်ကူစေရန် နှင့် အပင်ငယ် များ ရွှေ့ပြောင်း စိုက်ပျိုးရလွယ်ကူစေရန် လိုအပ်လျှင် ဘောင်ကို အစိုဓါတ်ရရှိအောင်ပြုလုပ်ပါ။ |
| စိုက်နည်းစနစ် | **ရွှေ့ပြောင်းစိုက်ပျိုးခြင်း -** ကျန်းမာသန်စွမ်းသောပျိုးပင်များကို စိုက်ကျင်းတစ်ကျင်း တွင် တစ်ပင်နှုန်းဖြင့် စိုက်ပျိုးပါ။<br>မြေလုံးမကွဲစေရန် ဂရုစိုက်ပြီး စိုက်ပျိုးပါ။<br>**တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း** - မျိုးစေ့အရွယ်အစား၏ ၂ဆ အနက်ထားပြီး စိုက်ပါ။ | ပြောင်းရွှေ့စိုက်ပြီးပြီး ချင်း အပင်များကို ရေလောင်းပါ။ |
| ရွှေ့စိုက်ပြီး ၁ ပတ် | **အပင်မှုန်းခြင်းနှင့်အပင်ဖာခြင်း** - တစ်ကျင်းတွင် သန်မာသော အပင် တစ်ပင်သာရှိစေရန် အပင်မှုန်းခြင်းနှင့် အပင်ဖာခြင်းအား ပြုလုပ်ရန်လိုအပ်ပါသည်။<br>**စင်တင်ခြင်း** - အမြင့် ၆ပေရှိသော ဝါးစင် (သို့) ပိုက်စင်များ ပြုလုပ်ပါ။ (အောက်ပါပုံကိုကြည့်ပါ) | ၂ ရက်ခြား တစ်ကြိမ် တစ်ပင်လျှင် ရေ ၁လီတာ ခန့်လောင်းပါ။ |
| ရွှေ့စိုက်ပြီး ၂-၄ ပတ် | **ဘေးတက်ဖဲ့ခြင်းနှင့်ခေါင်နှိမ်ခြင်း** - အပင်အမြင့် ၃ ပေ မရောက်မီ အောက်တွင်ရှိသော ဘေးတက်များကိုဖဲ့ပါ။<br>**ပေါင်းရှင်းခြင်း -** အစာအာဟာရလုစားခြင်း၊ ပိုးနှင့်ရောဂါ များ | ၂ ရက်ခြားတစ်ကြိမ် တစ်ပင်လျှင် ရေ၂လီတာခန့် လောင်းပါ။ |

<table>
<tr>
<td></td>
<td>ခိုအောင်းခြင်းတို့မှ ကာကွယ်စေရန် ပေါင်းကို လိုအပ်သလိုရှင်းပါ။ အပင်ငယ်စဉ်တွင် ပေါင်းကင်းစင်ရန် လိုအပ်သည်။<br><br>ပိုးနှင့်ရောဂါနှိမ်နင်းခြင်း - ပိုးနှင့်ရောဂါမှ ကြိုတင်ကာကွယ်ရန် အီးအမ် ၅နှင့်တမာ ပိုးသတ်ဆေးကို အပတ်စဉ်တိုင်းဖျန်းပါ။ အကယ်၍ မနိုင်ပါက နောက်ဆုံးအနေဖြင့် ဓါတုနည်းဖြင့် နှိမ်နင်းပါ။</td>
<td></td>
</tr>
<tr>
<td>ရွှေ့စိုက်ပြီး ၅ ပတ်</td>
<td>ပေါင်းရှင်းခြင်း - လိုအပ်လျှင် လက်ပေါင်းလိုက်ခြင်း ပြုလုပ်ပါ။<br><br>ဖြည့်စွက်မြေဩဇာကျွေးခြင်း - အပင်ခြေမှ ၆လက်မ အကွာတွင် ၂လက်မ အကျယ်၊ ၂လက်မ အနက်ရှိသော မြောင်း ကို စိုက်တန်းတစ်လျှောက် တူးပါ။ တစ်ပင်လျှင် ဆားခါးလက်ဖက်စားဇွန်း တစ်ဇွန်းကျွေးပါ။ (၀.၀၆ဧက အတွက် ၆၀ကျပ်သား) ပလက်စတစ်ဖုံးအုပ်ထားသော ဘောင်အတွက် တစ တစ်ပင်နှင့်တစ်ပင်ကြား ကျင်းတူးပြီး ကျွေးပါ။</td>
<td>နှစ်ရက်ခြားတစ်ကြိမ် တစ်ပင်လျှင် ရေ ၃ လီတာခန့် လောင်းပါ။</td>
</tr>
<tr>
<td>ရွှေ့စိုက်ပြီး ၆- ၉ ပတ်</td>
<td>ပေါင်းရှင်းခြင်း - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>ဖြည့်စွက် မြေဩ ဇာ ကျွေးခြင်း - ကွန်ပေါင်း ၉း၂၅း၂၅ ကို တစ်ပင်လျှင် ထမင်းစားဇွန်း ၁ ဇွန်းနှုန်းဖြင့် အပင်ခြေမှ အနည်းဆုံး ၁ပေခွာပြီး ကျွေးပါ။ ၀.၀၆ ဧက အတွက် ၃.၅ ပိဿာ ကုန်ကျမည် ဖြစ်သည်။</td>
<td>မြေဩဇာကျွေးပြီးပြီး ချင်း တစ်ပင်လျှင် ရေ ၃ လီတာခန့် လောင်းပါ။</td>
</tr>
<tr>
<td>သီးနံ ၉ ပတ် မှ ရိတ်သိမ်းချိန်အထိ</td>
<td></td>
<td>ရေမြေရာသီဥတုပေါ် မူတည်ပြီး ရေပေးသွင်းပါ။</td>
</tr>
<tr>
<td>ရောဂါနှင့် ပိုးမွှားများ ကာကွယ်နှိမ်နင်းခြင်း</td>
<td colspan="2">ဓာတုဆေး နှင့် အော်ဂဲနစ်ဆေး ရွေးချယ်မှု<br><br>ပိုးနှင့်ရောဂါလက္ခဏာများမှန်မှန်စစ်ဆေးပါ။ အရွက်မျက်နှာပြင်၂ ခုလုံးနှင့် ပင်စည်တစ်လျှောက်ကြည့်ပါ။ သဘာ၀ဆေးများနှင့် မနိုင်လျှင် အောက်တွင်ဖော်ပြထားသော ဓာတုဆေးများကို အသုံးပြုပါ။<br>
<table>
<tr><th>ပိုးမွှား၊ရောဂါနှင့် လက္ခဏာများ</th><th>ကာကွယ်နှိမ်နင်းနည်း</th></tr>
<tr>
<td>• သီးထိုးယင်၊ (ပုံ-၁)<br><br>• ပျ ဖျက်ဆီးမှု လက္ခဏာ၊ (ပုံ-၂)<br><br>• ကျိုင်းနီ ဖျက်ဆီးမှု လက္ခဏာ၊ (ပုံ-၃)<br><br>• ဒေါင်းနီးရောဂါကြောင့် ဖြစ်ပေါ် နေသော အ၀ါစက်များ၊ (ပုံ-၄)<br>• ဖားဥမှိုရောဂါကြောင့် ဖြစ်ပေါ် နေသော အဖြူရောင် ပေါင်ဒါမှုန့်များ အရွက်၏ အပေါ် / အောက် မျက်နှာပြင် တွယ်ကပ်နေပုံ၊ (ပုံ-၅)</td>
<td>• သီးလှည့်စိုက်ပါ၊ သီးထိုးယင်ထောင် ချောက်သုံးပါ။ အဘ အဘာမာတင် ဖျန်းပါ။<br>• ဆီနှင့်ဆပ်ပြာရည်ဖျန်းပါ။ အေမီဒါကလိုပရစ် (ဒိုဇာ) သုံးပါ။<br>• လက်ဖြင့် ဖယ်ရှားပါ၊ အေမီဒါကလိုပရစ် (သို့) အစီတာမီပရစ် (သို့) ဖျူရီ ဆေးဖျန်းပါ။<br>• မန်ကိုဇက်(သို့) ယူနတီ ၁၀ရက်တစ်ကြိမ် ဖျန်းပါ။<br>• ယူနတီ (သို့) ဆာလဖာ (ကလောက်ဒီ) ဖျန်းပါ။</td>
</tr>
</table>
</td>
</tr>
</table>




၁။ သီးထိုးယင်



၂။ ပျ



၃။ ကျိုင်းနီ (ဘူးဖရုံကျိုင်း)



၄။ ဒေါင်းနီးမှိုရောဂါ



၅။ ဖားဥမှိုရောဂါ

| | |
|---|---|
| ခူးဆွတ်ခြင်း | ၄၅-၅၀ ရက်တွင် စတင်ခူးဆွတ်နိုင်သည်။ ဘူးသီးများကို ၄-၅ရက်ခြား မှန်မှန်ခူးဆွတ်ရန် အရေးကြီးသည်။ အပင်ပေါ်တွင်အသီးများ ကြာကြာထားလျှင် အပင်ကြီးထွားမှု နှေးပြီး၊ အသီးသီးနှုန်းနည်းသွားမည်။ အေးသောအချိန်တွင် ခူးဆွတ်ပါ။ အရိပ်ထဲတွင်ထားပါ။ |
| အရည်အသွေး အတွက် လမ်းညွှန်များ | ရေနှင့် အာဟာရထိန်းထားပါ။ စင်ထိုးပေးခြင်းဖြင့် အသီးများ စွန်းထင်းခြင်းနှင့် ပုပ်ခြင်းကို ကာကွယ်ပေးသည်။ သိုလှောင်ချိန်တွင် ထိခိုက်မှုမရှိစေရန် ဂရုစိုက်ပါ။ |

| ပဲလင်းမြွေသီး (ဖုံလုံသီး) စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ | | |
|---|---|---|
| မျိုးရွေးချယ်ခြင်း | ဈေးကွက်ကောင်းပြီးအထွက်နှုန်းမြင့်သော မျိုးများကိုရွေးပါ။ (ဒေသမျိုး၊ စပ်မျိုး- 854 F1, Polo F1) |  |
| ကြိုက်နှစ်သက်သော ရာသီဥတု | တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်သော်လည်း မိုးရာသီ သီတွင် အရွက်ရောဂါ များ ကျရောက်တတ်သည်။ | |
| သီးနှံသက်တမ်း | ရွှေ့ပြောင်းစိုက်ပြီး ရက် ၄၅ တွင် စတင် ဆွတ်ခူး နိုင်သည်။ ၇၅ - ၁၂၀ ရက်သက်တမ်းရှိသည်။ | |
| အထွက်နှုန်း (ခန့်မှန်း) | ပျမ်းမျှအထွက်နှုန်း ၁၅၃၀ အသီး /၀.၀၆ ဧက | |
| မျိုးစေ့ နှင့် အပင် ဦးရေ | ၂၀ ဂရမ် (၂ ထုပ်) ၁၀၂ ပင် / ၀.၀၆ ဧက | |
| နေရာရွေးချယ်ခြင်း | ရေမဝပ်ဘဲ မြေဆွေးများသောမြေကိုနှစ်သက်သည်။ | |
| မြေချဉ်/ငန်ကိန်း | ၆.၀ – ၇.၀ ကို ပိုမိုနှစ်သက်သည်။ | |
| ရေသွင်းခြင်း | စိုက်ခင်းကျယ်၌ရေပေးရာတွင် အစက်ချစနစ် နှင့် ရေပန်းကရားစနစ် တို့ကိုသုံးပြုနိုင်သည်။ စိုက်ခင်းငယ်အား လက်ဖြင့် လောင်းနိုင်သည်။ အပင်ပေါ်မှ ရေဖျန်းခြင်း(Sprinkler)ကို အရွက်ရောဂါ ကျရောက်တတ် သဖြင့် ရှောင်ရှားပါ။<br>ရွှေ့ပြောင်းစိုက်ချိန်မှ အသီးတင်ချိန်ထိ ရေတိုးလောင်းပေးရမည်။ အသီးများကြီးထွားရန် ရေမှန်မှန်လိုအပ်သည်။<br>(၁) အပင်ငယ်များသည်အပင်ကြီးများထက် ရေလိုအပ်မှုနည်းသည်။ (၂) စိုက်ဘောင်ရှိစိုက်တန်းကြား များကို အစက်ချစနစ် (သို့) ရေပန်းစနစ် အသုံးပြုခြင်းဖြင့် လုပ်အား နှင့် စိုက်ပျိုးရေချွေတာနိုင်သည်။<br>(၃) စိုက်ဘောင်တန်းကြား ရေသွင်းစိုက်ပျိုးခြင်းသည် စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးစေသည်။ ပေါင်းများစွာပေါက်ရောက်နိုင်ပြီး အရွက်များလည်း ရောဂါကျရောက်စေသည်။<br>**အာဟာရရည်ကျွေးခြင်း** -အစက်ချ စနစ်သုံးလျှင် အာဟာရရည်ကျွေးခြင်း ပြုလုပ်နိုင်သည်။ | |
| လုပ်ငန်းဆောင်ရွက် ရမည့် အချိန်များ | **လုပ်ဆောင်ရမည့်လုပ်ငန်းများ**<br>မိမိ၏ ရေမြေ၊ ရာသီဥတု လိုအပ်ချက်နှင့် အညီ ချင့်ချိန် လုပ်ဆောင်ရန် ဖြစ်သည်။ | **ရေလောင်းခြင်း** |
| မစိုက်မီ ၁ လ | **မြေပြင်ခြင်း -** မြေကို ထယ်ရေးနက်နက် ( ၉-၁၂) လက်မ နှင့် ထွန်ရေး (၂-၃)ကြိမ် ထိုးပါ။ | |
| မစိုက်မီ ၃ ပတ် | **ထုံးထည့်ခြင်း -** ၀.၀၆ဧက အတွက်ထုံးကို တစ်နှစ်လျှင် ၁၃ ပိဿာ နှုန်းဖြင့် သုံးနှစ် ဆက်တိုက် ထည့်ပါ။ | |
| | **ဘိုကာရှိမြေဆွေးပြုလုပ်ခြင်း၊ ငါးအမိုင်နိုအက်ဆစ် အပင်အားဆေးရည် ပြုလုပ်ခြင်း နှင့် အီးအမ်-၅**<br>ကောင်းစွာဆွေးမြေ့စေရန် အပင်မစိုက်မီ ၃ပတ်အလိုတွင် ဘိုကာရှိမြေဆွေး၊ ငါးအမိုင်နိုအက်ဆစ်၊ အီးအမ်-၅ တို့ကို ပြင်ဆင်ပါ။ (နောက်ဆက်တွဲတွင်ကြည့်ပါ) | ဘိုကာရှီအား အစိုဓာတ် ရှိအောင်ထားပါ။ |

| | | |
|---|---|---|
| |  | |
| မစိုက်မီ ၂ ပတ် | **စိုက်ဘောင်ပြင်ဆင်ခြင်း -** တစ်ဘောင်နှင့်တစ်ဘောင် ၉ပေခြား ပြီး ဘောင်အကျယ် ၃ပေ၊ အမြင့် ၉-၁၂ လက်မ ဘောင်များပြုလုပ်ပါ။<br>**ဘောင်တင်ခြင်း၏အကျိုးကျေးဇူးများ** - (၁) ရေထုတ်ရန်၊ (၂) မြေတွင်း လေဝင်လေထွက် ကောင်းရန်၊ (၃) အမြစ်များ မြေတွင်း ထိုးဖောက်မှု လွယ်ကူစေရန်၊ (၄) ဘောင်ကြား ရေသွင်းနိုင်ရန်၊ (၅) မြေမှ အငွေ့ပျံခြင်းကို လျော့ကျနိုင်စေရန်၊ (၆) မြေတွင်သဘာဝ မြေသြဇာများတိုးပွားလာစေရန်။<br>**ပင်ကြားတန်းကြားစိုက်တန်းသတ်မှတ်ခြင်း -**<br>အပြင်ဆုံး၂ဘောင်၏အလယ်တွင် တစ်တန်းထည်းသာ စိုက်ပါ ။<br>အလယ် ၂ ဘောင်ကို ၂ တန်းစိုက်စနစ်ဖြင့် ၂ပေခြား စိုက်ပါ။။<br>ဘောင်ဘေးနှင့် ဘောင်ထိပ် နှင့် ဘောင် စွန် ၂ဘက်တွင် ၆လက်မချန်ပြီးစိုက်ပါ။ စိုက်တန်း တစ်လျှောက် တစ်ပင်နှင့် တစ်ပင် ၃ပေအကွာ စိုက်ကျင်းသတ်မှတ်ပါ။<br>**မျိုးထောင်ခြင်း -** အပေါက် ၁၀၅ ပါသောမျိုးဗန်းကို အသုံးပြုပါ။ မျိုးမြေအဖြစ်( ရိုးရိုးမြေ၊ နွားချေးအဆွေး နှင့် ဖွဲပြာ တို့ကို ဆတူ ၁း၁း၁ ရောစပ်ပြီး အသုံးပြု နိုင်ပါသည်။<br>(နောက်ဆက်တွဲတွင်ကြည့်ပါ)<br>တစ်ပေါက်ကို တစ်စေ့ စိုက်ပါ။ အပင်အမြင့် ၄လက်မ (သို့) အရွက် ၄-၅ ရွက် ရှိလျှင် ရွှေ့ပြောင်းစိုက်နိုင်သည်။ | အစိုဓာတ်ရှိသော မြေသည် ပြုပြင်ရလွယ်သည်။<br><br>နံနက်တိုင်း မျိုးပင်များကို မြေအစို ဓါတ် အခြေအနေ အရ ရေလောင်းပေးပါ။ |
| မစိုက်မီ ၁ ပတ် | **မြေခံမြေသြဇာထည့်ခြင်း** - ၀.၀၆ဧကအတွက် ၁၅း၁၅း၁၅ ကွန်ပေါင်း ၆ ပိဿာ နှင့်ဘိုကာရှီ မြေဆွေး ၃.၅ပိဿာ/ ၅၀ ပေ ဘောင်တွင် ၃၇ - ၇၄ ပိဿာကို ၁၀လက်မx ၆လက်မ မြောင်းတူး ထည့်ပြီး မြေနှင့် သမအောင်ရောမွှေထည့်ပါ။<br>**စိုက်ကျင်းတူးခြင်း** - ၆ လက်မပတ်လည်အကျယ် ၆ လက်မ အနက် ရအောင် ကျင်းတူးပါ စိုက်ကျင်းတစ်ကျင်းလျှင် လက်တစ်ဆုပ်စာ ဘိုကာရှီမြေဆွေးထည့်ပါ။ မစိုက်မီ ၂ ရက်အလိုတွင် ထရိုင်ကို ဒါးမား ဖျော်ရည် (၇ ဂရမ် နှင့် ရေ ၁၀လီတာ) ကို တစ်ပင်လျှင် နို့ဆီဘူးဝက်ခန့် လောင်းထည့်ပါ။<br>**မြေဖုံးပေးခြင်း-**<br>ပေါင်း၊ ရောဂါပျံ့နှံ့မှုနှင့်မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ရန်၊ မြေတွင်း အပူချိန်လျော့ကျစေရန် ၊ ပေါင်းကာကွယ်စေရန် ကောက်ရိုးကို ၆ လက်မ အထူ (သို့) ပလပ်စတစ်စဖြင့် ဘောင်ပေါ်တွင်ဖုံးပါ။ ကောက်ရိုးများကို အပင်ခြေနှင့် မထိစေရ။ | မစိုက်မီ ၂ရက်အလိုတွင် ကျင်းတူးရလွယ်ကူစေရန် နှင့် အပင်ငယ်များ ရွှေ့ပြောင်း စိုက်ပျိုးရ လွယ်ကူစေရန် လိုအပ်လျှင် ဘောင်ကိုအစိုဓာတ် ရရှိအောင် ပြုလုပ်ပါ။ |

| | | |
|---|---|---|
| | ထိပါက အပင်ရောဂါကျရောက်နိုင်သည်။ | |
| စိုက်နည်းစနစ် | **ရွှေ့ပြောင်းစိုက်ပျိုးခြင်း** - ကျန်းမာသန်စွမ်းသော (အမြစ်မကြိုးပြတ်သော) ပျိုးပင်များကို စိုက်ကျင်းတစ်ကျင်းတွင် တစ်ပင်နှုန်းဖြင့် စိုက်ပျိုးပါ။ အပင်ခြေ တွင် ချိုင့်ခွက်ဖြစ်ပြီး ရောဂါကျရောက်မှု မရှိဘဲနှင့်လေဝင်လေထွက် ကောင်းစေရန် အပင်ခြေကို စိုက်ဘောင်နှင့် တတန်းထဲမြေဖို့ပါ။<br>**တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း** - မျိုးစေ့အရွယ်အစား၏ ၂ ဆအနက်ထားပြီး စိုက်ပါ။ | ပြောင်းရွှေ့စိုက်ပြီး ပြီးချင်း အပင်များကို ရေဖြေးဖြေး လောင်းပါ။ |
| ရွှေ့စိုက်ပြီး ၁ ပတ် | **အပင်မှန်းခြင်း နှင့် အပင်ဖာခြင်း -** တစ်ကျင်းတွင်သန်မာသော အပင်တစ်ပင်သာရှိစေရန် အပင်မှန်းခြင်း နှင့် အပင်ဖာခြင်းအား ပြုလုပ်ရန်လိုအပ်ပါသည်။<br>**စင်တင်ခြင်း** - အမြင့် ၆ပေ ရှိသော ဝါးစင် (သို့) ပိုက်စင်များ ပြုလုပ်ပါ။ (နောက်ဆက်တွဲတွင်ကြည့်ပါ)<br><br>**ပဲလင်းမြွေသီးစင်** | တစ်ရက်ခြား တစ်ကြိမ် တစ်ပင်လျှင် ရေ ၁ လီတာ ခန့် လောင်းပါ။ |
| ရွှေ့စိုက်ပြီး ၂-၄ ပတ် | **ဘေးတက်ဖဲ့ခြင်း၊ခေါင်နှိမ်ခြင်း**- အပင်မြင့် ၃ပေ မရောက်မီ အောက်တွင်ရှိသော ဘေးတက်များကိုဖဲ့ပါ။<br>**ပေါင်းရှင်းခြင်း** - အစာအာဟာရလုစားခြင်း၊ ပိုးနှင့်ရောဂါများ ခိုအောင်း ခြင်းတို့မှ ကာကွယ်စေရန် ပေါင်းကိုလိုအပ်သလိုရှင်းပါ။ အပင်ငယ်စဉ်တွင် ပေါင်းကင်းစင် စေရန်လိုအပ်သည်။<br>**ပိုးနှင့်ရောဂါနှိမ်နင်းခြင်း** - ပိုးနှင့်ရောဂါမှ ကြိုတင်ကာကွယ်ရန် အီးအမ် ၅ နှင့်တမာ ပိုးသတ်ဆေးကို အပတ်စဉ်တိုင်းဖျန်းပါ။ အကယ်၍ မနိုင်ပါက နောက်ဆုံးအနေဖြင့် ဓာတုနည်းဖြင့် နှိမ်နင်းပါ။ | နှစ်ရက်ခြား တစ်ကြိမ် တစ်ပင်လျှင် ရေ ၂ လီတာ ခန့် လောင်းပါ။ |
| ရွှေ့စိုက်ပြီး ၅ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>**ဖြည့်စွက်မြေသြဇာကျွေးခြင်း** - အပင်ခြေမှ ၆ လက်မအကွာတွင် ၂ လက်မ အကျယ် ၊ ၂ လက်မအနက်ရှိသောမြောင်းကို စိုက်တန်းတစ်လျှောက် တူးပါ။တစ်ပင်လျှင် ဆားခါး ($MgSO_4$) လက်ဖက်စားဇွန်းတစ်ဇွန်း ကျွေးပါ။ (၀.၀၆ဧကအတွက် ၃၀ကျပ်သား)။ ပလပ်စတစ်ဖုံးအုပ်ထားသောဘောင် အတွက် တစ်ပင်နှင့်တစ်ပင်ကြား ကျင်းတူးပြီး ကျွေးပါ။ | နှစ်ရက်ခြား တစ်ကြိမ် တစ်ပင်လျှင် ရေ ၃ လီတာ ခန့် လောင်းပါ။ |
| ရွှေ့စိုက်ပြီး ၆- ၉ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>**ဖြည့်စွက်မြေသြဇာကျွေးခြင်း** - ကွန်ပေါင်း ၉း၂၅း၂၅ (၀.၀၆ ဧကအတွက် ၃.၅ ပိဿာ) ကို တစ်ပင်လျှင် ထမင်းစားဇွန်း ၁ဇွန်းနှုန်းဖြင့် အပင်ခြေမှ အနည်းဆုံး ၁ပေခွာပြီး ၂လက်မx ၂လက်မကျင်းပြုလုပ် ကျွေးပါ။ ကုန်ကျမည် ဖြစ်သည်။ | မြေသြဇာကျွေးပြီးပြီးချင်း ရေလောင်းပါ။ တစ်ပင်လျှင် ရေ ၃ လီတာ ခန့် လောင်းပါ။ |
| သီးနှံ ၉ ပတ် မှ | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။ | ရေမြေရာသီဥတု ပေါ် |

| | | |
|---|---|---|
| ရိတ်သိမ်းချိန်အထိ | **ပိုးမွှားနှင့်ရောဂါ များ ကာကွယ်နှိမ်နင်းခြင်း** - လိုအပ်လျှင် ပြုလုပ်ပါ။ | မူတည်ပြီး ရေပေးသွင်းပါ။ |
| ပိုးမွှားနှင့်ရောဂါ မ များ ကာကွယ်နှိမ်နင်းခြင်း | **ဓာတုဆေး နှင့် အော်ဂဲနစ်ဆေး ရွေးချယ်မှု**<br>ပိုးနှင့်ရောဂါလက္ခဏာများမှန်မှန်စစ်ဆေးပါ။ အရွက်မျက်နှာပြင်၂ ခုလုံးနှင့် ပင်စည်တစ်လျှောက်ကြည့်ပါ။ သဘာဝဆေးများ နှင့် မနိုင်လျှင် အောက်တွင်ဖော်ပြထားသော ဓာတုဆေးများကို အသုံးပြုပါ။ | |

| ပိုးမွှား၊ရောဂါနှင့် လက္ခဏာများ | ကာကွယ်နှိမ်နင်းနည်း |
|---|---|
| • ပျ ဖျက်ဆီးမှု လက္ခဏာ၊ (ပုံ-၁)<br>• ကျိုင်းနီ ဖျက်ဆီးမှု လက္ခဏာ၊ (ပုံ-၂) | • ဆီနှင့် ဆပ်ပြာရည် ဖျန်းပါ။ အေမီဒါကလိုပ ု ပရစ်(ဒိုဇာ) သုံးပါ။<br>• လက်ဖြင့် ဖယ်ရှားပါ၊ အေမီဒါကလိုပရစ် (သို့) အစီတာမီပရစ် (သို့) ဖျူရီဆေးဖျန်းပါ။ |
| • ဒေါင်းနီးရောဂါကြောင့် ဖြစ်ပေါ်နေသော သာ အဝါစက်များ၊ (ပုံ-၃)<br>• ဖားဥမှိုရောဂါကြောင့် ဖြ ဖြစ်ပေါ်နေသော အဖြ အဖြူရောင်ပေါင်ဒါမှုန့်များ အရွက်၏ အဖေ အပေါ် / အောက် မျက်နှာပြင် တွယ်ကပ်နေပုံ (ပုံ-၄) | • မန်ကိုဇက်(သို့)ယူနတီ ၁၀ရက်တစ်ကြိမ် ဖျန်းပါ။<br>• ယူနတီ (သို့) ဆာလဖာ (ကလောက်ဒီ) ဖျန်းပါ။ |



**၁။ ပျပိုး**



**၂။ ကျိုင်းနီ**



**၃။ ဒေါင်းနီမှု**



**၄။ ဖားဥမှို**

| | |
|---|---|
| ခူးဆွတ်ခြင်း | ရွှေ့စိုက်ပြီး ၄၅ရက်တွင် စတင်ခူးဆွတ်နိုင်သည်။ ပဲလင်းမြွေသီးများကို ၄-၅ရက်ခြား မှန်မှန်ခူးဆွတ်ရန် အရေးကြီးသည်။ အပင်ပေါ်တွင်အသီးများ ကြာကြာထားလျှင် အပင်ကြီးထွားမှု နေးပြီး အသီးသီးနှုန်း နည်းသွားမည်။ အေးသောအချိန်တွင် ခူးဆွတ်ပါ။ အရိပ်ထဲတွင်ထားပါ။ |
| အရည်အသွေး အတွက်လမ်းညွှန်များ | ရေနှင့် အာဟာရထိန်းထားပါ။ စင်ထိုးပေးခြင်းဖြင့် အသီးများ စွန်းထင်းခြင်း နှင့်ပုပ်ခြင်းကို ကာကွယ် ပေးသည်။ သိုလှောင်ချိန်တွင် ထိခိုက်မှုမရှိစေရန် ဂရုစိုက်ပါ။ |

## ခ၀ဲ စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ

| | | |
|---|---|---|
| မျိုးရွေးချယ်ခြင်း | ဈေးကွက်ကောင်းပြီး၊ အထွက်နှုန်းမြင့်သော မျိုးများကို ရွေးပါ။ (ဒေသမျိုး၊ စပ်မျိုး- Naga $F_1$) |  |
| ကြိုက်နှစ်သက်သော ရာသီဥတု | ခ၀ဲအား တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်သော်လည်း မိုးရာသီတွင် အရွက် ရောဂါများကျရောက်တတ်သည်။ | |
| သီးနှံသက်တမ်း | ရွှေ့ပြောင်းစိုက်ပြီးရက် ၄၅-၅၀ တွင် စတင် ခူးဆွတ်နိုင်ပြီး ၇၅-၉၀ ရက်အထိ သက်တမ်းရှိသည်။ | |
| အထွက်နှုန်း (ခန့်မှန်း) | ပျမ်းမျှအထွက်နှုန်း ၁၀၈၀ အသီး / ၀.၀၆ ဧက | |
| မျိုးစေ့ နှင့် အပင် ဦးရေ | ၂၀ ဂရမ် (၂ ထုပ်) ၁၃၆ ပင် / ၀.၀၆ ဧက | |
| နေရာရွေးချယ်ခြင်း | ရေမဝပ်ဘဲ မြေဆွေးများသောမြေကိုနှစ်သက်သည်။ | |
| မြေချဉ်/ငန်ကိန်း | ၆.၀ – ၇.၀ ကို ပိုမိုနှစ်သက်သည်။ | |
| ရေသွင်းခြင်း | စိုက်ခင်းကျယ်၌ရေပေးရာတွင် အစက်ချစနစ် နှင့် ရေပန်းကရားစနစ် တို့ကိုသုံးပြုနိုင်သည်။ စိုက်ခင်းငယ်အား လက်ဖြင့် လောင်းနိုင်သည်။ အပင်ပေါ်မှ ရေဖျန်းခြင်း(Sprinkler)ကို အရွက်ရောဂါ ကျရောက်တတ် သဖြင့် ရှောင်ရှားပါ။<br>ရွှေ့ပြောင်းစိုက်ချိန်မှ အသီးတင်ချိန်ထိ ရေတိုးလောင်းပေးရမည်။ အသီးများကြီးထွားရန် ရေမှန်မှန်လိုအပ်သည်။<br>(၁) အပင်ငယ်များသည်အပင်ကြီးများထက် ရေလိုအပ်မှုနည်းသည်။ (၂) စိုက်ဘောင်ရှိစိုက်တန်းကြား များကို အစက်ချစနစ် (သို့) ရေပန်းစနစ် အသုံးပြုခြင်းဖြင့် လုပ်အား နှင့် စိုက်ပျိုးရေချွေတာနိုင်သည်။<br>(၃) စိုက်ဘောင်တန်းကြား ရေသွင်းစိုက်ပျိုးခြင်းသည် စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးစေသည်။ ပေါင်းများစွာ ပေါက်ရောက်နိုင်ပြီး အရွက်များလည်း ရောဂါကျရောက်စေသည်။<br>**အာဟာရရည်ကျွေးခြင်း** -အစက်ချစနစ်သုံးလျှင် အာဟာရရည်ကျွေးခြင်း ပြုလုပ်နိုင်သည်။ | |
| လုပ်ငန်းဆောင်ရွက်ရမည့် အချိန်များ | **လုပ်ဆောင်ရမည့်လုပ်ငန်းများ**<br>မှတ်ချက်။ မိမိ၏ ရေမြေ ရာသီဥတု လိုအပ်ချက်နှင့် အညီ ချင့်ချိန် လုပ်ဆောင်ရန် ဖြစ်သည်။ | **ရေလောင်းခြင်း** |
| မစိုက်မီ ၁ လ | **မြေပြင်ခြင်း** - မြေကို ထယ်ရေးနက်နက် ( ၉-၁၂ )လက်မ နှင့် ထွန်ရေး (၂-၃) ကြိမ် ထိုးပါ။ | |
| မစိုက်မီ ၃ ပတ် | **ထုံးထည့်ခြင်း** - ၀.၀၆ဧက အတွက်ထုံးကို တစ်နှစ်လျှင် ၁၃ ပိဿာ နှုန်းဖြင့် သုံးနှစ် ဆက်တိုက် ထည့်ပါ။ | |
| | **ဘိုကာရှီမြေဆွေးပြုလုပ်ခြင်း၊ ငါးအမိုင်နီအက်ဆစ် အပင်အားဆေးရည် ပြုလုပ်ခြင်းနှင့် အီးအမ်-၅။** ကောင်းစွာ ဆွေးမြေ့စေရန် အပင်မစိုက်မီ ၃ပတ်အလိုတွင် ဘိုကာရှီမြေဆွေး၊ ငါးအမိုင်နီအက်ဆစ်၊ အီးအမ်-၅ တို့ကို ပြင်ဆင်ပါ။ (နောက်ဆက်တွဲတွင်ကြည့်ပါ) | ဘိုကာရှီအား အစိုဓါတ်ရှိအောင် ထားပါ။ |

| | | |
|---|---|---|
| မစိုက်မီ ၂ ပတ် | **စိုက်ဘောင်ပြင်ဆင်ခြင်း -** တစ်ဘောင်နှင့်တစ်ဘောင် ၉ပေခြား ပြီး ဘောင်အကျယ် ၃ပေ ၊ အမြင့် ၉-၁၂ လက်မ ဘောင်များပြုလုပ်ပါ။<br>ဘောင်တင်ခြင်း၏အကျိုးကျေးဇူးများ - (၁) ရေထုတ်ရန်၊ (၂) မြေတွင်း လေဝင်လေထွက် ကောင်းရန်၊ (၃) အမြစ်များ မြေတွင်း ထိုးဖောက်မှု လွယ်ကူစေရန်၊ (၄) ဘောင်ကြား ရေသွင်းနိုင်ရန်၊ (၅) မြေမှ အငွေ့ပျံခြင်းကို လျော့ကျနိုင်စေရန်၊ (၆) မြေတွင်သဘာဝ မြေသြဇာများတိုးပွားလာစေရန်။<br>**ပင်ကြားတန်းကြားစိုက်တန်းသတ်မှတ်ခြင်း -**<br>အပြင်ဆုံး၂ဘောင်၏ အလယ်တွင် တစ်တန်းထည်းသာစိုက်ပါ။<br>အလယ် ၂ ဘောင်ကို ၂ တန်းစိုက်စနစ်ဖြင့်၂ပေခြား စိုက်ပါ။<br>ဘောင်အစွန်၂ဘက်တွင် ၆ လက်မချန်ပြီးစိုက်ပါ။<br>စိုက်တန်းတစ်လျှောက် တစ်ပင်နှင့် တစ်ပင် ၃ပေအကွာ စိုက်ကျင်း သတ်မှတ်ပါ။<br>**ပျိုးထောင်ခြင်း -** အပေါက် ၆ဂ ပါသောပျိုးဗန်းကို အသုံးပြုပါ။<br>ပျိုးမြေအဖြစ် ရိုးရိုးမြေ၊ နွားချေးအဆွေး နှင့် ဖွဲပြာတို့ကို ဆတူ (၁း၁း၁)ရောစပ်ပြီး အသုံးပြု နိုင်ပါသည်။<br>(နောက်ဆက်တွဲတွင်ကြည့်ပါ)<br>တစ်ပေါက်ကို တစ်စေ့ စိုက်ပါ။ အပင်အမြင့် ၄ လက်မ (သို့) အရွက် ၄-၅ ရွက် ရှိလျှင် ရွှေ့ပြောင်းစိုက်နိုင်သည်။ | အစိုဓါတ်ရှိသော မြေသည် ပြုပြင်ရ လွယ်သည်။<br>နံနက်တိုင်း အပင်များ ကို ရေလောင်းပါ။ |
| မစိုက်မီ ၁ ပတ် | **မြေခံမြေသြဇာထည့်ခြင်း-** ဝ.ဝ၆ ဧက အတွက် ၁၅း၁၅း၁၅ ကွန်ပေါင်း ၆ ပိဿာ နှင့် ဘိုကာရှီမြေဆွေး ၃၇ - ၇၄ ပိဿာကိုမြေပြင်ချိန်တွင်သမအောင်ထည့်ပါ။ (၅ဂပေ အရှည် စိုက်ဘောင်တွင် ဘိုကာရှီမြေဆွေး ၃.၅ ပိဿာကို ၁ဂလက်မ x ၆ လက်မ မြောင်းငယ်တွင် ထည့်ပြီး သမအောင်ထည့်ပါ)<br>စိုက်ကျင်းတူးခြင်း - ၆လက်မပတ်လည်အကျယ် ၆လက်မ အနက်ရအောင် ကျင်းတူးပါ။ စိုက်ကျင်း တစ်ကျင်းလျှင် လက်တစ်ဆုပ်စာဘိုကာရှီမြေဆွေး ထည့်ပါ။ မစိုက်မီ၂ ရက်အလိုတွင် ထရိုင်ကိုဒါးမားဖျော်ရည် (၇ ဂရမ် နှင့် ရေ ၁ ဂလီတာ) ကို တစ်ပင်လျှင် နို့ဆီဘူးဝက်ခန့် လောင်းထည့်ပါ။<br>**မြေဖုံးပေးခြင်း-**<br>ပေါင်း၊ ရောဂါပျံ့နှံ့မှုနှင့် မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ရန်၊ မြေတွင်းအပူချိန်လျော့ကျစေရန်၊ ပေါင်းကာကွယ်စေရန် ကောက်ရိုးကို၆လက်မ အ ထူ (သို့)ပလပ်စတစ်စဖြင့် ဘောင်ပေါ်တွင်ဖုံးပါ။ ကောက်ရိုးများကို အပင်ခြေနှင့် မထိစေရ။ | မစိုက်မီ ၂ရက်အလိုတွင် ကျင်းတူးရလွယ်ကူစေရန်နှင့် အပင်ငယ်များ ရွှေ့ပြောင်း စိုက်ပျိုးရလွယ်ကူစေရန် လိုအပ်လျှင် ဘောင်ကိုအစိုဓာတ်ရရှိ အောင် ပြုလုပ်ပါ။ |
| စိုက်နည်းစနစ် | **ရွှေ့ပြောင်းစိုက်ပျိုးခြင်း** - ကျန်းမာသန်စွမ်းသော ပျိုးပင်များကို စိုက်ကျင်းတစ်ကျင်းတွင် တစ်ပင်နှုန်းဖြင့် စိုက်ပျိုးပါ။ မြေလုံးမကွဲစေရန် ဂရုစိုက် စိုက်ပျိုးပါ။<br>**တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း** - မျိုးစေ့အရွယ်အစား၏ ၂ဆ အနက်ထားပြီး စိုက်ပါ။ | ပြောင်းရွှေ့စိုက်ပြီးပြီး ချင်း အပင်များကို ရေလောင်းပါ။ |
| ရွှေ့စိုက်ပြီး ၁ ပတ် | **အပင်မှုန်းခြင်းနှင့်အပင်ဖာခြင်း-** တစ်ကျင်းတွင်သန်မာသောအပင် တစ်ပင်သာ ရှိစေရန်အပင်မှုန်းခြင်းနှင့် အပင်ဖာခြင်းအား ပြုလုပ်ရန် လိုအပ်ပါသည်။<br>**စင်တင်ခြင်း** - အမြင့် ၆ပေ ရှိသော ဝါးစင် (သို့) ပိုက်စင်များ | တစ်ရက်ခြားတစ်ကြိမ် တ တစ်ပင်လျှင် ရေ ၁ လီတာ ခန့် လောင်းပါ။ |

<table>
<tr><td></td><td>ပြုလုပ်ပါ။<br></td><td></td></tr>
<tr><td>ရွှေ့စိုက်ပြီး ၂-၄ ပတ်</td><td>ဘေးတက်ဖဲ့ခြင်း၊ခေါင်နှိမ်ခြင်း- အပင်မြင့် ၃ပေ မရောက်မီ အောက်တွင်ရှိသော ဘေးတက်များကို ဖဲ့ပါ။<br>ပေါင်းရှင်းခြင်း - အစာအာဟာရလုစားခြင်း၊ ပိုးနှင့်ရောဂါများ ခိုအောင်းခြင်း တို့မှ ကာကွယ်စေရန် ပေါင်းကို လိုအပ်သလိုရှင်းပါ။ အပင်ငယ်စဉ်တွင် ပေါင်းကင်းစင် စေရန်လိုအပ်သည်။<br>ပိုးနှင့်ရောဂါနှိမ်နင်းခြင်း - ပိုးနှင့်ရောဂါမှ ကြိုတင်ကာကွယ်ရန် အီးအမ်၅ နှင့် တမာ ပိုးသတ်ဆေးကို အပတ်စဉ်တိုင်းဖျန်းပါ။ အကယ်၍ မနိုင်ပါက နောက်ဆုံးအနေဖြင့် ဓာတုနည်းဖြင့် နှိမ်နင်းပါ။</td><td>နစ်ရက်ခြားတစ်ကြိမ် တစ်ပင်လျှင် ရေ ၂ လီတာခန့် လောင်းပါ။</td></tr>
<tr><td>ရွှေ့စိုက်ပြီး ၅ ပတ်</td><td>ပေါင်းရှင်းခြင်း - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>ဖြည့်စွက်မြေဩဇာကျွေးခြင်း - အပင်ခြေမှ ၆လ က်မ အကွာတွင် ၂လက်မ အကျယ် ၊ ၂လက်မ အနက်ရှိသောမြောင်းကို စိုက်တန်း တစ်လျှောက် တူးပါ။ တစ်ပင်လျှင် ဆားခါးလက်ဖက်စားဇွန်း တစ်ဇွန်းကျွေးပါ။ (၀.၀၆ဧကအတွက် ၃၀ ကျပ်သား )။ ပလပ်စ တစ်ဖုံးအုပ်ထားသောဘောင် အတွက် တစ်ပင်နှင့်တစ်ပင်ကြား ကျင်းတူးပြီး ကျွေးပါ။</td><td>နစ်ရက်ခြားတစ်ကြိမ် တစ်ပင်လျှင် ရေ ၃ လီတာခန့် လောင်းပါ။</td></tr>
<tr><td>ရွှေ့စိုက်ပြီး ၆- ၉ ပတ်</td><td>ပေါင်းရှင်းခြင်း - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>ဖြည့်စွက်မြေဩဇာကျွေးခြင်း - ကွန်ပေါင်း ၉း၂၅း၂၅ ကို တစ်ပင်လျှင် ထမင်းစားဇွန်း ၁ဇွန်းနှုန်းဖြင့် အပင်ခြေမှ အနည်းဆုံး ၁ပေခွာပြီး ကျွေးပါ။ ၀.၀၆ ဧက အတွက် ၃.၅ ပိဿာ ကုန်ကျမည် ဖြစ်သည်။</td><td>မြေဩဇာကျွေးပြီးပြီး ချင်း တစ်ပင်လျှင် ရေ ၃ လီတာ ခန့်လောင်းပါ။</td></tr>
<tr><td>ပိုးမွှားနှင့်ရောဂါ များ ကာကွယ်နှိမ်နင်းခြင်း</td><td colspan="2">ဓာတုဆေး နှင့် အော်ဂဲနစ်ဆေး ရွေးချယ်မှု<br>ပိုးနှင့်ရောဂါလက္ခဏာများမှန်မှန်စစ်ဆေးပါ။ အရွက်မျက်နှာပြင်၂ ခုလုံးနှင့် ပင်စည်တစ်လျှောက်ကြည့်ပါ။ သဘာဝဆေးများ နှင့် မနိုင်လျှင် အောက်တွင်ဖော်ပြထားသော ဓာတုဆေးများကို အသုံးပြုပါ။
<table>
<tr><th>ပိုးမွှားရောဂါနှင့် လက္ခဏာများ</th><th>ကာကွယ်နှိမ်နင်းနည်း</th></tr>
<tr><td>• ပျ ဖျက်ဆီးမှု လက္ခဏာ (ပုံ-၁)</td><td>• ဆီနှင့်ဆပ်ပြာရည်ဖျန်းပါ။ အေမီဒါကလိုပရစ် (ဒိုဇာ) သုံးပါ။</td></tr>
<tr><td>• ကျိုင်းနီ ဖျက်ဆီးမှု လက္ခဏာ (ပုံ-၂)</td><td>• လက်ဖြင့် ဖယ်ရှားပါ၊ အေမီဒါကလိုပရစ် (သို့) အစီတာမီပရစ် (သို့) ဖျူရီဆေးဖျန်း ပါ။</td></tr>
</table></td></tr>
</table>

| | | |
|---|---|---|
| | • ဒေါင်းနီးရောဂါကြောင့် ဖြစ်ပေါ်နေသော သာ အဝါစက်များ (ပုံ-၃)<br>• ဖားဥမှိုရောဂါကြောင့် ဖြစ်ပေါ်နေသော အဖြူရောင်ပေါင်ဒါမှုန့်များ အရွက်၏ အပေါ်/အောက် မျက်နှာပြင် တွယ်ကပ်နေပုံ။ (ပုံ-၄) | • မန်ကိုဇက်(သို့)ယူနတီ ၁၀ရက်တစ်ကြိမ် ဖျန်းပါ။<br>• ယူနတီ (သို့) ဆာလဖာ (ကလောက်ဒီ) ဖျန်းပါ။ |



၁။ ပျပိုး



၂။ ကျိုင်းနီ



၃။ ဒေါင်းနီမှိုရောဂါ




၄။ ဖားဥမှိုရောဂါ

| | |
|---|---|
| ခူးဆွတ်ခြင်း | ရွှေပြောင်းစိုက်ပြီး ၄၅-၅၀ ရက်တွင် စတင်ခူးဆွတ်နိုင်သည်။ ခဝဲသီးများကို ၄-၅ ရက်ခြား မှန်မှန်ခူးဆွတ်ရန် အရေးကြီးသည်။ အပင်ပေါ်တွင်အသီးများ ကြာကြာထားလျှင် အပင်ကြီးထွားမှု နှေးပြီး အသီးသီးနှုန်း နည်းသွားမည်။ အေးသောအချိန်တွင် ခူးဆွတ်ပါ။ အရိပ်ထဲတွင်ထားပါ။ |
| အရည်အသွေး အတွက်လမ်းညွှန်များ | ရေနှင့် အာဟာရထိန်းထားပါ။ စင်ထိုးပေးခြင်းဖြင့် အသီးများ စွန်းထင်းခြင်းနှင့် ပုပ်ခြင်းကို ကာကွယ် ပေးသည်။သိုလှောင်ချိန်တွင် ထိခိုက်မှုမရှိစေရန် ဂရုစိုက်ပါ။ |

## ကြက်ဟင်းခါး စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ

| | | |
|---|---|---|
| မျိုးရွေးချယ်ခြင်း | ဈေးကွက်ကောင်းပြီးအထွက်နှုန်းမြင့်သော မျိုးများကိုရွေးပါ။ (ဒေသမျိုး၊ စပ်မျိုး- PALEE EW F1) |  |
| ကြိုက်နှစ်သက်သော ရာသီဥတု | ကြက်ဟင်းခါးသည် တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်သော်လည်း မိုးရာသီတွင် ရောဂါဒဏ်ပိုမိုခံစားရနိုင်သည်။ | |
| သီးနှံသက်တမ်း | ရွှေ့ပြောင်းစိုက်ပြီးရက် ၄၅-၅၀ တွင် စတင် ခူးဆွတ် နိုင်ပြီး ၇၅-၁၁၀ ရက်အထိ သက်တမ်းရှိသည်။ | |
| အထွက်နှုန်း (ခန့်မှန်း) | ပျမ်းမျှအထွက်နှုန်း ၁,၅၃၀ အသီး/၀.၀၆ ဧက | |
| မျိုးစေ့ နှင့် အပင် ဦးရေ | ၂၀ ဂရမ် (၂ ထုပ်) ၁၃၆ ပင် / ၀.၀၆ ဧက | |
| နေရာရွေးချယ်ခြင်း | ရေမဝပ်ဘဲ မြေဆွေးများသောမြေကိုနှစ်သက်သည်။ | |
| မြေချဉ်/ငန်ကိန်း | ၆.၀ – ၇.၀ ကို ပိုမိုနှစ်သက်သည်။ | |
| ရေသွင်းခြင်း | စိုက်ခင်းကျယ်တွင်ရေပေးရာတွင် အစက်ချစနစ် နှင့် ရေပန်းကရားစနစ်ကိုအသုံးပြုနိုင်သည်။ အပင်ပေါ်မှ ရေ ဖျန်းခြင်း (Sprinkler) သည် အရွက်ရောဂါကျရောက်တတ်သဖြင့် ရှောင်ရှားပါ စိုက်ခင်းငယ်ပါက လက်ဖြင့်လည်း ရေလောင်း နိုင်သည်။<br><br>ရွှေ့ပြောင်းစိုက်ချိန်မှ အသီးတင်ချိန်ထိ ရေတိုးလောင်းပေးရမည်။ အသီးများကြီးထွားရန် ရေမှန်မှန်လို အပ်သည်။<br><br>(၁)အပင်ငယ်များသည်အပင်ကြီးများထက် ရေလိုအပ်မှုနည်းသည်။ (၂ ) စိုက်ဘောင်ရှိစိုက်တန်းကြားများကို အစက်ချစနစ် (သို့) ရေပန်းစနစ် အသုံးပြုခြင်းဖြင့် လုပ်အား နှင့် စိုက်ပျိုးရေချွေတာနိုင်သည်။<br><br>(၃) စိုက်ဘောင်တန်းကြား ရေသွင်းစိုက်ပျိုးခြင်းသည် စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးစေသည်။ ပေါင်းများစွာ ပေါက်ရောက်နိုင်ပြီး အရွက်များလည်း ရောဂါကျရောက်စေသည်။<br><br>**အာဟာရရည်ကျွေးခြင်း** -အစက်ချစနစ်သုံးလျှင် အာဟာရရည်ကျွေးခြင်း ပြုလုပ် နိုင်သည်။ | |
| လုပ်ငန်းဆောင်ရွက် ရမည့် အချိန်များ | **လုပ်ဆောင်ရမည့်လုပ်ငန်းများ**<br>မိမိ၏ ရေမြေ၊ ရာသီဥတု လိုအပ်ချက်နှင့် အညီ ချင့်ချိန် လုပ်ဆောင်ရန် ဖြစ်သည်။ | **ရေလောင်းခြင်း** |
| မစိုက်မီ ၁ လ | **မြေပြင်ခြင်း** - မြေကို ထယ်ရေးနက်နက် ( ၉-၁၂ )လက်မ နှင့် ထွန်ရေး (၂-၃)ကြိမ် ထိုးပါ။ | |
| မစိုက်မီ ၂ ပတ် | **စိုက်ဘောင်ပြင်ဆင်ခြင်း** - တစ်ဘောင်နှင့်တစ်ဘောင် ၉ပေခြား ပြီး ဘောင်အကျယ် ၃ပေ ၊ အမြင့် ၉-၁၂ လက်မ ဘောင်များပြုလုပ်ပါ။<br><br>ဘောင်တင်ခြင်း၏အကျိုးကျေးဇူးများ - (၁) ရေထုတ်ရန်၊ (၂) မြေတွင်း လေဝင်လေထွက် ကောင်းရန်၊ (၃) အမြစ်များ မြေတွင်း ထိုးဖောက်မှု လွယ်ကူစေရန်၊ (၄) ဘောင်ကြား ရေသွင်းနိုင်ရန်၊ (၅) မြေမှ အငွေ့ပျံခြင်းကို လျော့ကျနိုင်စေရန်၊ (၆) မြေတွင်သဘာဝ မြေဩဇာများတိုးပွားလာစေရန်။<br><br>**ပင်ကြားတန်းကြားစိုက်တန်းသတ်မှတ်ခြင်း** -အပြင်ဆုံး၂ဘောင်၏ အလယ်တွင် တစ်တန်းထည်းသာစိုက်ပါ။ အလယ် ၂ ဘောင်ကို ၂ တန်း စိုက်စနစ်ဖြင့် ၂ပေခြား စိုက်ပါ။ ဘောင်ဘေးနှင့် ဘောင်အစွန်၂ဘက်တွင် ၆လက်မချန်ပြီးစိုက်ပါ။<br>စိုက်တန်းတစ်လျှောက် တစ်ပင်နှင့် တစ်ပင် ၃ပေအကွာ စိုက်ကျင်း သတ်မှတ်ပါ။ | အစိုဓါတ်ရှိသော မြေသည် ပြုပြင်ရ လွယ်သည်။<br><br>နံနက်တိုင်း အပင်များ ကို ရေလောင်းပါ။ |

| | | |
|---|---|---|
| | **ပျိုးထောင်ခြင်း -** အပေါက် ၆၀ ပါသောပျိုးဗန်းကိုအသုံးပြုပါ။<br>ပျိုးမြေအဖြစ် ရိုးရိုးမြေ၊ နွားချေးအဆွေး နှင့် ဖွဲပြာ တို့ကို ဆတူ (၁း၁း၁)ရောစပ်ပြီး အသုံးပြု နိုင်ပါသည်။ (နောက်ဆက်တွဲတွင်ကြည့်ပါ)<br>တစ်ပေါက်ကို တစ်စေ့ စိုက်ပါ။ အပင်အမြင့် ၄ လက်မ (သို့) အရွက် ၄-၅ ရွက် ရှိလျှင် ရွှေ့ပြောင်းစိုက်နိုင်သည်။ | |
| မစိုက်မီ ၃ ပတ် | **ထုံးထည့်ခြင်း -** ၀.၀၆ဧက အတွက်ထုံးကို တစ်နှစ်လျှင် ၁၃ ပိဿာ နှုန်းဖြင့် သုံးနှစ် ဆက်တိုက် ထည့်ပါ။ | |
| | **ဘိုကာရှီမြေဆွေးပြုလုပ်ခြင်း ၊ ငါးအမိုင်နိုအက်ဆစ်ပြုလုပ်ခြင်း နှင့် အီးအမ် ၅။** ကောင်းစွာဆွေးမြေ့စေရန် အပင်မစိုက်မီ ၃ပတ်အလိုတွင် ဘိုကာရှီမြေဆွေး၊ ငါးအမိုင်နိုအက်ဆစ်၊ အီးအမ် ၅ တို့ကို ပြင်ဆင်ပါ။<br>(နောက်ဆက်တွဲတွင်ကြည့်ပါ) | ဘိုကာရှီအား အစိုဓာတ်ရှိ အောင်ထားပါ။ |
| မစိုက်မီ ၁ ပတ် | **မြေခံမြေသြဇာထည့်ခြင်း** - ၀.၀၆ဧက အတွက် ၁၅း၁၅း၁၅ ကွန်ပေါင်း ၆ ပိဿာ နှင့်ဘိုကာရှီ မြေဆွေး ၃၇ - ၇၄ ပိဿာကို စိုက်ဘောင်များပြင်ချိန်တွင် သမအောင်ထည့်ပါ။ (၅၀ပေ အရှည်စိုက်ဘောင် တွင် ဘိုကာရှီမြေဆွေး ၃.၅ ပိဿာကို ၁၀လက်မ x ၆ လက်မ မြောင်းငယ်တွင် ထည့်ပြီး သမအောင် ထည့်ပါ)<br>**စိုက်ကျင်းတူးခြင်း** - ၆လက်မပတ်လည် အကျယ် ၆လက်မ အနက်ရအောင် ကျင်းတူးပါ စိုက်ကျင်းတစ်ကျင်းလျှင် လက်တစ်ဆုပ်စာ ဘိုကာရှီမြေဆွေး ထည့်ပါ။ မစိုက်မီ၂ရက် အလိုတွင် ထရိုင်ကိုဒါးမားဖျော်ရည် (၇ ဂရမ် နှင့် ရေ ၁၀လီတာ)ကို တစ်ပင်လျှင် နို့ဆီဘူးဝက်ခန့် လောင်းထည့်ပါ။<br>**မြေဖုံးပေးခြင်း-**<br>ပေါင်း၊ ရောဂါပျံ့နှံ့မှုနှင့် မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ရန်၊ မြေတွင်းအပူချိန်လျော့ကျစေရန်၊ ပေါင်းကာကွယ်စေရန် ကောက်ရိုးကို ၆လက်မအထူ (သို့) ပလပ်စတစ်စဖြင့် ဘောင်ပေါ်တွင်ဖုံးပါ။ ကောက်ရိုးများ ကို အပင်ခြေနှင့် မထိစေရ။ | မစိုက်မီ ၂ရက်အလိုတွင် ကျင်းတူးရလွယ်ကူ စေရန်နှင့် အပင်ငယ် များ ရွှေ့ပြောင်း စိုက်ပျိုးရ လွယ်ကူစေရန် လိုအပ်လျှင် ဘောင်ကို အစိုဓာတ် ရရှိအောင်ပြုလုပ်ပါ။ |
| စိုက်နည်းစနစ် | **ရွှေ့ပြောင်းစိုက်ပျိုးခြင်း** - ကျန်းမာသန်စွမ်းသောပျိုးပင်များကို စိုက်ကျင်း တစ်ကျင်းတွင်တစ်ပင်နှုန်းဖြင့် စိုက်ပျိုးပါ။ မြေလုံးမကွဲစေရန် ဂရုစိုက် စိုက်ပျိုးပါ။<br>**တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း** - မျိုးစေ့အရွယ်အစား၏ ၂ ဆအနက်ထားပြီး စိုက်ပါ။ | ပြောင်းရွှေ့စိုက်ပြီးပြီးချင်း အပင်များကို ရေလောင်းပါပါ။ |
| ရွှေ့စိုက်ပြီး ၁ ပတ် | **အပင်မှုန်းခြင်း နှင့် အပင်ဖာခြင်း** - တစ်ကျင်းတွင် သန်မာသောအပင် တစ်ပင်သာ ရှိစေရန် အပင်မှုန်းခြင်း နှင့် အပင်ဖာခြင်းအား ပြုလုပ်ရန်လိုအပ်ပါသည်။<br>**စင်တင်ခြင်း -** အမြင့် ၆ပေ ရှိသော ဝါးစင် (သို့) ပိုက်စင်များ ပြုလုပ်ပါ။<br>( အောက်ပါ ပုံ ကို ကြည့်ပါ )<br> | တစ်ရက်ခြား တစ်ကြိမ် တစ်ပင် လျှင် ၔ ရ ၁ လီတာခန့် လောင်းပါ။ |

<table>
<tr><td>ရွှေ့စိုက်ပြီး ၂-၄ ပတ်</td><td>ဘေးတက်ဖဲ့ခြင်း၊ခေါင်းနှိမ်ခြင်း- အပင်မြင့် ၃ပေ မရောက်မီ အောက်တွင်ရှိသော ဘေးတက် များကိုဖဲ့ပါ။<br>ပေါင်းရှင်းခြင်း - အစာအာဟာရလုစားခြင်း၊ ပိုးနှင့်ရောဂါများ ခိုအောင်းခြင်းတို့မှ ကာကွယ်စေရန် ပေါင်းကိုလိုအပ်သလိုရှင်းပါ။ အပင်ငယ်စဉ်တွင် ပေါင်းကင်းစင် စေရန် လိုအပ်သည်။<br>ပိုးနှင့်ရောဂါနှိမ်နင်းခြင်း - ပိုးနှင့်ရောဂါမှ ကြိုတင်ကာကွယ်ရန် အီးအမ် ၅ နှင့် တမာ ပိုးသတ်ဆေး ကို အပတ်စဉ်တိုင်းဖျန်းပါ။ အကယ်၍ မနိုင်ပါက နောက်ဆုံး အနေဖြင့် ဓာတုနည်းဖြင့် နှိမ်နင်းပါ။</td><td>နှစ်ရက်ခြားတစ်ကြိမ် တစ်ပင်လျှင် ရေ ၂ လီတာခန့် လောင်းပါ။</td></tr>
<tr><td>ရွှေ့စိုက်ပြီး ၅ ပတ်</td><td>ပေါင်းရှင်းခြင်း - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>ဖြည့်စွက်မြေဩဇာကျွေးခြင်း - အပင်ခြေမှ ၆လက်မ အကွာတွင် ၂ လက်မ အကျယ်၊ ၂လက်မ အနက်ရှိသောမြောင်းကို စိုက်တန်းတစ်လျှောက် တူးပါ။ တစ်ပင်လျှင် ဆားခါး လက်ဖက်စားဇွန်းတစ်ဇွန်း ကျွေးပါ။ (၀.၀၆ ဧကအတွက် ၃၀ကျပ်သား)။ ပလပ်စတစ် ဖုံးအုပ်ထားသောဘောင်အတွက် တစ်ပင်နှင့်တစ်ပင်ကြား ကျင်းတူးပြီး ကျွေးပါ။</td><td>နှစ်ရက်ခြားတစ်ကြိမ် တစ်ပင်လျှင် ရေ၃ လီတာ ခန့် လောင်းပါ။</td></tr>
<tr><td>ရွှေ့စိုက်ပြီး ၆- ၉ ပတ်</td><td>ပေါင်းရှင်းခြင်း - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>ဖြည့်စွက်မြေဩဇာကျွေးခြင်း - ကွန်ပေါင်း ၉း၂၅း၂၅ ကို တစ်ပင်လျှင် ထမင်းစားဇွန်း ၁ဇွန်းနှုန်းဖြင့်အပင်ခြေမှအနည်းဆုံး ၁ပေခွာပြီး ကျွေးပါ။ ၀.၀၆ ဧက အတွက် ၃.၅ ပိဿာ ကုန်ကျမည် ဖြစ်သည်။</td><td>မြေဩဇာကျွေးပြီးပြီးချင်း တစ်ပင်လျှင် ရေ ၃ လီတာခန့် လောင်းပါ။</td></tr>
<tr><td>ပိုးမွှားနှင့်ရောဂါများ ကာကွယ်နှိမ်နင်းခြင်း</td><td colspan="2">ဓာတုဆေး နှင့် အော်ဂဲနစ်ဆေး ရွေးချယ်မှု<br>ပိုးနှင့်ရောဂါလက္ခဏာများမှန်မှန်စစ်ဆေးပါ။ အရွက်မျက်နှာပြင်၂ ခုလုံးနှင့် ပင်စည်တစ်လျှောက်ကြည့်ပါ။ သဘာဝဆေးများ နှင့် မနိုင်လျှင် အောက်တွင်ဖော်ပြထားသော ဓာတုဆေးများကို အသုံးပြုပါ။<br>
<table>
<tr><th>ပိုးမွှား၊ရောဂါနှင့် လက္ခဏာများ</th><th>ကာကွယ်နှိမ်နင်းနည်း</th></tr>
<tr><td>• ပျံ ဖျက်ဆီးမှု လက္ခဏာ၊ (ပုံ-၁)<br>• ကျိုင်းနီ ဖျက်ဆီးမှု လက္ခဏာ၊ (ပုံ-၂)</td><td>• ဆီနှင့်ဆပ်ပြာရည်ဖျန်းပါ။ အေမီဒါကလို ပရစ် (ဒိုဇာ) သုံးပါ။<br>• လက်ဖြင့် ဖယ်ရှားပါ၊ ကလိုရန်<br>• ထရန်နီလီပရိုး (သို့) အေမီဒါကလိုပရစ် (သို့) အစီတာမီပရစ် (သို့) ဖျူရီဆေးဖျန်းပါ။</td></tr>
<tr><td>• ဒေါင်းနီးရောဂါကြောင့် ဖြစ်ပေါ်နေသော အဝါစက်များ၊ (ပုံ-၃)<br>• ဖားဥမှိုရောဂါကြောင့် ဖြစ်ပေါ်နေသော အဖြူရောင် ပေါင်ဒါမှုန့်များ အရွက်၏ အပေါ် / အောက် မျက်နှာပြင် တွယ်ကပ်နေပုံ၊ (ပုံ-၄)</td><td>• မန်ကိုဇက်(သို့) ယူနတီ ၁၀ရက်တစ်ကြိမ် ဖျန်းပါ။<br>• ယူနတီ (သို့) ဆာလဖာ (ကလောက်ဒီ) ဖျန်းပါ။</td></tr>
</table></td></tr>
</table>



၁။ ပျပိုး



၂။ ကျိုင်းနီ




၃။ ဒေါင်းနီမှိုရောဂါ



၄။ ဖားဥမှိုရောဂါ

| | |
|---|---|
| ခူးဆွတ်ခြင်း | ရွှေ့ပြောင်းစိုက်ပြီးနောက် ၄၅-၅၀ ရက်တွင် စတင်ခူးဆွတ်နိုင်သည်။ ကြက်ဟင်းခါးသီးများကို ၄-၅ရက်ခြား မှန်မှန်ခူးဆွတ်ရန် အရေးကြီးသည်။ အပင်ပေါ်တွင်အသီးများ ကြာကြာထားလျှင် အပင်ကြီးထွားမှုနှေးပြီး အသီးသီးနှုန်းနည်းသွားမည်။ အေးသောအချိန်တွင် ခူးဆွတ်ပါ။ အရိပ်ထဲတွင်ထားပါ။ |
| အရည်အသွေး အတွက်လမ်းညွှန်များ | ရေနှင့် အာဟာရထိန်းထားပါ။ စင်ထိုးပေးခြင်းဖြင့် အသီးများ စွန်းထင်းခြင်းနှင့် ပုပ်ခြင်းကို ကာကွယ် ပေးသည်။ သိုလှောင်ချိန်တွင် ထိခိုက်မှုမရှိစေရန် ဂရုစိုက်ပါ။ |

| သခွား စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ | | |
|---|---|---|
| မျိုးရွေးချယ်ခြင်း | ရောဂါဒဏ်ခံနိုင်သောမျိုး၊ဒေသနှင့် ကိုက်ညီသောမျိုးများကို ရွေးချယ်ပါ။ ဈေးကွက်ရှိ သော စပ်မျိုးများကိုရွေးပါ။<br>ဥပမာ – ရွှေရတီ ၇၇၇ ၊ ချိယာထိုင်း ၉၉၉၊ ၉၆၄၊ ငပြုတ် (ဒေသမျိုး)။ |  |
| ကြိုက်နှစ်သက်သော ရာသီဥတု | သခွားသည်ခြောက်သွေ့သောရာသီတွင် အကောင်းဆုံး ဖြစ်သည်။<br>မိုးရာသီတွင်အရွက်ရောဂါအကျများသည်။ | |
| သီးနှံသက်တမ်း | ရွှေ့ပြောင်းစိုက်ပြီး ၄၅-၅ဝ ရက်တွင်စတင်ခူးဆွတ်နိုင်သည်။ သီးနှံသက်တမ်း ရက်ပေါင်း ၉ဝ ဖြစ်သည်။ | |
| အထွက်နှုန်း (ခန့်မှန်း) | ပျမ်းမျှအထွက်နှုန်း ၃၆၃ဝ အသီး/ဝ.ဝ၆ ဧက | |
| မျိုးစေ့ နှင့် အပင် ဦးရေ | ၁ဝ ဂရမ်နှစ်ထုပ်၊ ၇၂၆ ပင်/ဝ.ဝ၆ ဧက | |
| နေရာရွေးချယ်ခြင်း | သခွားပင်သည် မွပြီးရေစိမ့်အားကောင်းသောသဘာဝမြေဆွေးကို နှစ်သက်သည်။ | |
| မြေချဉ်/ငန်ကိန်း | ၅.၁ မှ ၅.၇ ကို ပိုမိုနှစ်သက်သည်။ | |
| ရေသွင်းခြင်း | စိုက်ခင်းကျယ်ပါက ရေသွင်းမြောင်း(furrow)ဖြင့်လည်းကောင်း၊ အစက်ချစနစ်နှင့် ရေပန်းကရားစနစ်တို့ လည်းအသုံးပြုနိုင်သည်။ စိုက်ခင်းငယ်ပါက ရေထမ်းလောင်းနိုင်သည်။ ရေဖျန်းခြင်း (Sprinkler)စနစ်သည် အရွက်ရောဂါများကိုဖြစ်စေသည်။<br>ရွှေ့ပြောင်းစိုက်ချိန်မှ အသီးတင်ချိန်ထိ ရေတိုးလောင်းပေးရမည်။ အသီးများကြီးထွားရန် ရေမှန်မှ မှန်လိုအပ်သည်။(၁) အပင်ငယ်များသည်အပင်ကြီးများထက် ရေလိုအပ်မှုနည်းသည်။ (၂) စိုက်ဘောင်ရှိစိုက်တန်းကြား များကို အစက်ချစနစ် (သို့) ရေပန်းစနစ် အသုံးပြုခြင်းဖြင့် လုပ်အား နှင့် စိုက်ပျိုးရေချွေတာနိုင်သည်။ (၃) စိုက်ဘောင်တန်းကြား ရေသွင်းစိုက်ပျိုးခြင် းသည်စိုက်ပျိုးရေလေလွင့်ရှုံးဆုံး စေသည်။ ပေါင်းများစွာပေါက်ရောက်နိုင်ပြီး အရွက်များလည်း ရောဂါကျရောက်စေသည်။<br>ရွှေပြောင်းစိုက်ချိန်မှ အဖူးဂင်ချိန်၊ပန်းပွင့်ချိန်၊ အသီး ကြီးထွားချိန် အထိ ရေမှန်မှန် တိုးလောင်းပေးပါ။ ပန်းပွင့်ချိန်နှင့် အသီး ကြီးထွားချိန်တွင် ရေမပြတ်ရန် အရေးကြီးသည်။<br>**အာဟာရရည်ကျွေးခြင်း** -အစက်ချစနစ်သုံးလျှင် အာဟာရရည်ကျွေးခြင်း ပြုလုပ် နိုင်သည်။ | |
| **လုပ်ငန်းဆောင်ရွက်ရ မည့်အချိန်များ** | **လုပ်ဆောင်ရမည့် လုပ်ငန်းများ**<br>မိမိ၏ ရေမြေ၊ ရာသီဥတု လိုအပ်ချက်နှင့် အညီ ချင့်ချိန် လုပ်ဆောင်ရန် ဖြစ်သည်။ | **ရေလောင်းခြင်း** |
| မစိုက်မီ ၁ လ | **မြေပြင်ခြင်း-** မြေကိုထယ်ရေးနက်နက် ၉ - ၁၂ လက်မနှင့် ထွန်ရေး ၂-၃ ကြိမ်ထိုးပါ။ | အစိုဓါတ်ရှိလျှင်ထွန်ထယ်ရ လွယ်သည်။ |
| | **ထုံးထည့်ခြင်း** - ဝ.ဝ၆ ဧက အတွက်ထုံးကို တစ်နှစ်လျှင် ၁၃ ပိဿာနှုန်းဖြင့် သုံးနှစ် ဆက်တိုက် ထည့်ပါ။ | |
| | **ဘိုကာရှီမြေဆွေးပြုလုပ်ခြင်း၊ ငါးအမိုင်နိုအက်ဆစ်ပြုလုပ်ခြင်း) နှင့် အီးအမ် ၅** - ကောင်းစွာဆွေးမြေ့စေရန် အပင်မစိုက်မီ ၃ပတ်အလိုတွင် ဘိုကာရှီမြေဆွေး၊ ငါးအမိုင်နိုအက်ဆစ်၊ အီးအမ် ၅ တို့ကို ပြင်ဆင်ပါ။ (နောက်ဆက်တွဲ) တွင်ကြည့်ပါ။ | ဘိုကာရှီအား အစိုဓါတ်ရှိအောင်ထားပါ။ |
| မစိုက်မီ ၂ပတ် | **မျိုးခင်း တည်ထောင်ခြင်း** - အပေါက် ၆ဝ ပေါက်ပါသော မျိုးဗန်း ( သို့ ) မျိုးအိတ်ကို အသုံးပြုပြီး မျိုးမြေအဖြစ် (အုန်းဆံမှုန့် ၁ဆ၊ ရိုးရိုးမြေ၁ဆ၊ နွားချေး အဆွေး၁ဆ (သို့မဟုတ်) | |

| | | |
|---|---|---|
| | နွားချေးအဆွေး၂ဆ၊ ရိုးရိုးမြေ၁ဆ၊ ဖွဲပြာ၁ဆ) တို့ကို ၁း၁း၁ ရောစပ် အသုံးပြု နိုင်ပါသည်။ တစ်ပေါက်ကို တစ်စေ့ စိုက်ပါ။ ပထမအရွက် သည် ၃-၄ ရက်ကြာက ထွက်လာမည်။ | |
| မစိုက်မီ ၁ပတ် | **စိုက်ဘောင်ပြုပြင်ခြင်း** - ဝင်ထွက်သွားလာရေးနှင့် လေဝင်လေထွက်ကောင်းမွန်ရေးအတွက် စိုက်ဘောင်များကို စနစ်တကျဖော်ဆောင်ပါ။ ၃ပေအကျယ် ၆-၈ လက်မအမြင့်ဘောင်များပြုလုပ်ပါ။ဘောင်ကြား ၂ ပေထားပါ။<br>ဘောင်တင်ခြင်း၏အကျိုးကျေးဇူးများ - (၁) ရေထုတ်ရန်၊ (၂) မြေတွင်း လေဝင်လေထွက် ကောင်းရန်၊ (၃) အမြစ်များ မြေတွင်း ထိုးဖောက်မှု လွယ်ကူစေရန်၊ (၄) ဘောင်ကြား ရေသွင်းနိုင်ရန်၊ (၅) မြေမှ အငွေ့ပျံခြင်းကို လျော့ကျနိုင်စေရန်၊ (၆) မြေတွင်သဘာဝမြေဩဇာများတိုးပွားလာစေရန်။ | |
| မစိုက်မီ ၂ရက် | **မြေခံမြေဩဇာထည့်ခြင်း** - ၀.၀၆ ဧကအတွက် ကွန်ပေါင်း ၁၅း၁၅း၁၅- ၆ ပိဿာကို မြေခံအဖြစ်ထည့်ပါ။ စိုက်ဘောင်ပေါ်တွင် ၈ လက်မအဝန်းရှိပြီး ၈ လက်မအနက်ကျင်းများ ပြုလုပ်ပြီး (ထရိုင်ကိုဒါးမား ၂ ထုပ်(၁၇၀၀ဂရမ်) နှင့် ဘိုကာရှီ မြေဆွေး ၃၇ - ၇၄ ပိဿာ) အရောကို စိုက်ကျင်းတစ်ကျင်းလျှင် လက်တစ်ဆုပ်စာထည့်ပါ။ တန်းကြား ၁.၅ပေ၊ အပင်ကြား ၁.၅ ပေ ထား၍ (သုံးပွင့်ဆိုင်ပုံစံ) စိုက်ပါ။<br>**မြေဖုံးပေးခြင်း။**-ပေါင်း၊ရောဂါပိုးမွှားနှင့်မြေဆီလွှာတိုက်စားမှု မှကာကွယ်ရန်စိုက်ဘောင်ပေါ်တွင် ကောက်ရိုး ၆ လက်မခန့် အထူဖုံးပေးပါ။ ကောက်ရိုးများကို အပင် ခြေနှင့်မထိစေရ။ | |
| စိုက်နည်းစနစ် | **ပင်ကြားတန်းကြားစိုက်တန်းသတ်မှတ်ခြင်း**<br>တန်းကြား ၁.၅ ပေ၊ပင်ကြား၁.၅ပေထားပြီးသုံးပွင့်ဆိုင်စိုက်ပါ။<br>**ရွှေ့ပြောင်းစိုက်ပျိုးခြင်း** အပင်အမြင့် ၄ လက်မ (မူမှန်ရွက် ၃-၄ ရွက်)ရှိ ချိန်တွင် ရွှေ့စိုက်နိုင်သည်။ သန်စွမ်းသော ပျိုးပင်များကိုသာ စိုက်ကျင်း တစ်ကျင်းလျှင် တစ်ပင်နှုန်း စိုက်ပါ။ မြေလုံးမကွဲစေရန် ဂရုစိုက်ပါ။<br>**တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း**<br>မျိုးစေ့အရွယ်အစား၏ နှစ်ဆခန့်အထိမြုပ်အောင်စိုက်ပါ။ | အပင်ရွှေ့စိုက်ပြီးလျှင် အပင်ခြေသိပ်စေရန်ရေလောင်းပေးပါ။ |
| စိုက်ပြီး ၁-၂ပတ် အကြာ | **တိုင်ထောင်ခြင်း** - သခွားကို စင်မတင်ဘဲ မြေပေါ်တွင်လည်း ဖြန့်ပြီးစိုက်နိုင်သည်။ သို့သော် အရည်အသွေးကောင်းရန် ဝါးဖြင့် တိုင်ထောင်ပေးပါ။<br>**ပေါင်းရှင်းခြင်း** - ပေါင်းများကို အချိန်မှန်မှန်ရှင်းပေးပါ။<br>**ဖြည့်စွက်မြေဩဇာကျွေးခြင်း** - ဆားခါးလက်ဖက်စားဇွန်း ၁ ဇွန်းကို အပင်ခြေနှင့် ၃လက်မခွာ ထည့်ပေးပါ။ ၀.၀၆ ဧကအတွက် ဆားခါး ၂.၅ ပိဿာ လိုအပ်သည်။<br>**အပင်မှုန်းခြင်းနှင့်အပင်ဖာထေးခြင်း** - တစ်ကျင်းတွင် သန်စွမ်းသောအပင် ၁ ပင်သာရှိစေရန် အပင်မှုန်းခြင်း သို့မဟုတ် အပင်ဖာထေးခြင်းပြုလုပ်ပေးရန်လိုပါသည်။ | စိုက်ပြီးချိန်မှစပြီးနှစ်ရက်ခြားလျှင် တစ်ကြိမ် တစ်ပင် ရေ ၂ လီတာ ရရန်ရေပေးပါ။ |
| စိုက်ပြီး ၂-၃ ပတ် | **ဘေးတက်ဖဲ့ခြင်းနှင့်ခေါင်နှိမ်ခြင်း** - အပင်အမြင့် ၂ပေခန့် အထိ ဘေးတက်များကိုဖယ်ရှားပေးလျှင်အပင်များ ထောင်မတ်မည်။ | ၂ ရက်ခြား ၁ ကြိမ် တစ်ပင် ရေ (၂) လီတာ ခန့် လောင်းပါ။ |

| | | |
|---|---|---|
| စိုက်ပြီး ၄ ပတ် | **ပေါင်းရှင်းခြင်းနှင့် မြေသြဇာကျွေးခြင်း** - စိုက်ပင်နှင့် ပြိုင်ပြီး အစာလုစားခြင်းနှင့် ပိုးမွှားနှင့်ရောဂါ မခိုအောင်းနိုင်ရန် ပေါင်းကို ပုံမှန်ရှင်းပါ။ပေါင်းနုတ်ရာတွင် အပင်ငယ်မထိရန်ဂရုစိုက်ပါ။<br>**ဖြည့်စွက်မြေသြဇာကျွေးခြင်း** - တစ်ပင်လျှင် ကွန်ပေါင်း ၉း၂၅း၂၅ ထမင်းစားဇွန်း ၁ဇွန်း နှုန်းဖြင့်ကျွေးပါ။ ၀.၀၆ ဧက အတွက် မြေသြဇာ ၅ ပိဿာ ကုန်ကျမည် ဖြစ်သည်။ မြေသြဇာ ထည့်ပြီးပါက မြေနှင့် ပြန်ဖုံးပေးပါ။<br>**ပိုးနှင့်ရောဂါကာကွယ်နှိမ်နင်းခြင်း။**<br>အီးအမ် ၅ သို့မဟုတ် တမာပိုးသတ်ဆေးကို အပတ်စဉ် ဖျန်းပေးပါ။ မထိရောက်က ဓာတုဆေးဖြင့် နှိမ်နင်းပါ။ | နှစ်ရက်ခြား၁ ကြိမ်၊ တစ်ပင် လျှင် ရေ (၂) လီတာခန့် လောင်းပါ။ ပန်းပွင့်ချိန်နှင့်အသီးဖြိုင်ဖြိုင်သီးချိန်တွင်အစို ဓါတ်လုံလောက်စွာရှိသင့်သည်။ |
| စိုက်ပြီး ၅ ပတ် | **ပေါင်းရှင်းခြင်း။** လိုအပ်သလိုပေါင်းရှင်းပါ။<br>**ရွက်ဖျန်းအားဆေးဖျန်းခြင်း** - ပိုတက်စီယမ်နိုက်ထရိတ် (ယမ်းစိမ်း)ကို ၄ဂါလံဝင် ဆေးဖျန်းပုံးတစ်ပုံးလျှင် ၁၀ ကျပ်သား နှုန်းဖြင့် ဖျော်စပ်ပြီး နံနက်ပိုင်းတွင် အရွက်များပေါ် သို့ ရွှဲရွှဲဖျန်းပါ။<br>**ဖြည့်စွက်မြေသြဇာကျွေးခြင်း**<br>အပင်ခြေမှ ၆လက်မ အကွာ၂ လက်မ အကျယ်၊ ၂ လက်မ အနက် ဖေါ်ထားသော မြောင်းတစ်လျှောက်တွင် တစ်ပင်လျှင် ဆားခါး လက်ဖက် စားဇွန်း ၁ ဇွန်းစာ ကျွေးပါ။ (၀.၀၆ ဧက အတွက် ဆားခါး ၂ ပိဿာ) | နှစ်ရက်ခြား ၁ ကြိမ်၊ တစ်ပင် ရေ ၃ လီတာ ခန့် လောင်းပါ။ |
| စိုက်ပြီး ၆-၉ ပတ် | **ပေါင်းရှင်းခြင်း-** လိုအပ်သလိုပေါင်းကိုရှင်းပေးပါ။<br>**ဖြည့်စွက်မြေသြဇာကျွေးခြင်း**<br>ပထမအကြိမ်အသီးရူးဆွတ်ပြီးချိန်တွင် ၀.၀၆ ဧက အတွက် ကွန်ပေါင်း ၁၅း၁၅း၁၅ ၆ ပိဿာကို ထပ်မံထည့်သွင်းပေးပါ။ | ရေကိုနှစ်ရက်ခြားတစ်ကြိမ် တစ်ပင်လျှင် ရေ ၃ လီတာ လောင်းပါ။ |
| စိုက်ပြီး ၁၀-၁၂ ပတ် | **ပေါင်းရှင်းခြင်း**<br>ပေါင်းပင်များကို အချိန်မှန်မှန် ရှင်းပေးပါ။ | နှစ်ရက်ခြားတစ်ကြိမ် တစ်ပင် ရေ ၃ လီတာ လောင်းပါ။ အပွင့်အသီး ဝင်လာက နှစ်ရက်ခြား တစ်ကြိမ် တစ်ပင်လျှင် ရေ ၄လီတာ လောင်းပါ။ |
| သီးနှံ ၁၂ ပတ် မှ ရိတ်သိမ်းချိန်အထိ | | ရေမြေရာသီဥတုပေါ် မူတည်ပြီး ရေပေးသွင်းပါ။ |
| **ပိုးမွှားနှင့်ရောဂါ များ ကာကွယ်နှိမ်နင်းခြင်း** | **ဓာတုဆေး နှင့် အော်ဂဲနစ်ဆေး ရွေးချယ်မှု**<br>ပိုးနှင့်ရောဂါလက္ခဏာများမှန်မှန်စစ်ဆေးပါ။ အရွက်မျက်နှာပြင်၂ ခုလုံးနှင့် ပင်စည်တစ်လျှောက်ကြည့်ပါ။ သဘာဝဆေးများ ဖြင့် မနိုင်လျှင် အောက်တွင်ဖော်ပြထားသော ဓာတုဆေးများကို အသုံးပြုပါ။ | |


| ပိုးမွှား၊ရောဂါနှင့် လက္ခဏာများ | ကာကွယ်နှိမ်နင်းနည်း |
|---|---|
| • သခွားတွင် ကျရောက်သော ကျိုင်းဝါ၊ (ပုံ-၁)<br>• သရစ် လေးပိုး ဖျက်ဆီးမှု အစိမ်းရောင်ဖျော့ ကွက်ကြားများ၊ ကြီးထွားမှုရပ်၊ (ပုံ-၂) | • တမာပိုးသတ်ဆေး၊ အဘာမက်တင် ဖျန်းပါ။<br>• ဆီနှင့် ဆပ်ပြာဖျန်း၊ တမာပိုးသတ် ဆေး ဖျန်းပါ။ |
| • ဒေါင်းနီးရွက်ခြောက်ရောဂါ အရွက်ကြောများ အတိုင်း အကွက်လိုက် ခြောက်၊ (ပုံ-၃)<br>• ဖားဥမှိုရောဂါ အဖြူရောင်အမှုန့်များမြင်ရ၊ (ပုံ-၄) | • မန်ကိုဇက်၊ဒိုင်မီသိုမော့၊ ဆိုင်မောက်စနေး၊ ယူနတီ ဖျန်းပါ။<br>• ကန့် (ဆာလဖာ) ၁ ဧက ၂၅ပေါင်နှုန်း ဖျန်းပါ။ |



၁။ သခွားကျိုင်းဝါ



၂။ သရစ် လေးပိုး ဖျက်ဆီးမှု လက္ခဏာ



၃။ ဒေါင်းနီးရွက်ခြောက် မှိုရောဂါ



၄။ ဖားဥမှိုရောဂါ

| | |
|---|---|
| ခူးဆွတ်ခြင်း | သခွားသီးများကိုမှန်မှန် ခူးဆွတ်ရန် အရေးကြီးသည်။ အပင်ပေါ်တွင်အသီးများ ကြာကြာထားလျှင် အပင်ကြီးထွားမှု နှေးပြီး နှင့် အသီးသီးနှုန်းနည်းသွားမည်။ |
| အရည်အသွေး | အပူချိန်မြင့်လွန်းခြင်း၊ မြေချဉ်လွန်းခြင်း၊ အာဟာရချို့တဲ့ခြင်း၊ ရေများများပေးနေခြင်းမှ ရေပြတ် တောက်သွားခြင်း တို့သည် အသီးခါးခြင် းကိုဖြစ်ပေါ်စေတတ်သည်။ အသီးခါးခြင်းမဖြစ်ပေါ်စေရန် ရေနှင့် အာဟာရမပြတ်စေရန် အရေးကြီးသည်။ စင်ထိုးပေးခြင်းဖြင့်အသီးနာခြင်းနှင့် ပုပ်ခြင်း ကာကွယ်ပေးသည်။ |

## ဖရဲ စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ

| | | |
|---|---|---|
| မျိုးရွေးချယ်ခြင်း | ဈေးကွက်ဝင်သောမျိုးကိုစိုက်ပါ။<br><br>**အဓိကစိုက်ပျိုးသင့်သောမျိုးများ**<br>**(၁) Chia Thai ကုမ္ပဏီမှထုတ်သော Heraနှင့် Heroမျိုး**<br>Hera မျိုး၏အရောင်မှာအစိမ်းကြားဖြစ်ပြီး Hero မျိုးသည် အစိမ်းနက်ပြောင်မျိုး ဖြစ်သည်။ နှစ်မျိုးစလုံးသည် တပင်လျှင် ၂-၃ လုံးထားနိုင်သည်။ အလုံးသေးမျိုးများ ဖြစ်သည်။ လုံးရှည်ပုံစံရှိသည်။ အတွင်းသားအနီရောင်ရှိသည်။ အပင်သန်မာပြီး အသီးမှာ ခရီးဝေးသယ်ယူပို့ဆောင်သည့်ဒဏ် အထူးခံနိုင်ရည်ရှိသည်။<br>**(၂) မျှားနီကုမ္ပဏီမှထုတ်သော Golden Sweet 80 F1 မျိုး**<br>အရောင်မှာ အပြာကြားဖြစ်ပြီး အလုံးလတ်မျိုးဖြစ်သည်။ လုံးရှည်ပုံရှိပြီး တစ်ပင်လျှင် ၂ လုံး ထားနိုင်သည်။ အထားခံပြီး အဝေးတင်ပို့ရန် သင့်တော်သည်။ အတွင်းသားမှာ လိမ္မော်ရောင်ရှိပြီး အချိုဓာတ်မြင့်မားသည်။ လုံပတ် ၆လက္မခွဲနှင့် အလျား ၁ပေခန့်ရှည်သည်။<br>**(၃) Known You ကုမ္ပဏီထုတ် ၈၅၅မျိုးနှင့် မျှားနီမှထုတ်သော ပတ္တမြားမျိုး**<br>အလုံးကြီးမျိုးများဖြစ်သည်။ တစ်ပင်လျှင် တစ်လုံးသာထားသင့်သည်။ အတွင်းသားအနီရောင်ရှိသည်။ အချိုဓာတ်မြင့်မားသည်။ | |
| ကြိုက်နှစ်သက်သော ရာသီဥတု | အကောင်းဆုံးစိုက်ရန် အချိန်မှာ ခြောက်သွေ့သော ရာသီ ဖြစ်သည်။ မိုးရာသီတွင်စိုက်က အရွက်ရောဂါများပိုမိုရရှိသည်။ ရခိုင်ပြည်နယ်အတွက် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့မှာ စိုက်ပျိုးရန်အသင့်တော်ဆုံးဖြစ်သည်။ | |
| သီးနှံသက်တမ်း | သက်လျင်မျိုးများအတွက် စိုက်ပြီး ၆၅-၇၀ ရက်ဖြစ်သည်။ သ က်လတ်များအတွက် စိုက်ပြီး ၇၅-၈၀ ရက်ဖြစ်ပြီး သက်ကြီးမျိုးများမှာ ရွှေ့စိုက်ပြီး ရက် ၉၀တွင် ခူးဆွတ်နိုင်သည်။ | |
| အထွက်နှုန်း (ခန့်မှန်း) | ပျမ်းမျှအထွက်/ဧက<br>(၁) သက်လျင် = ၄၀၈ လုံး<br>(၂) သက်လတ် = ၂၇၂ လုံး<br>(၃) သက်ကြီး = ၁၃၆ လုံး | |
| မျိုးစေ့နှင့် အပင် ဦးရေ | မျိုးစေ့၄၀၀ စေ့/ထုပ်၂၀ ဂရမ်/ထုပ်။ ၁၃၆ ပင်/၀.၀၆ဧက။ | |
| နေရာရွေးချယ်ခြင်း | ရေစီးရေလာ အသင့်အတင့်ကောင်း၍ သဘာဝမြေဆွေး မြင့်မားသောမြေကို ကြိုက်နှစ်သက်သည်။ | |
| မြေချဉ်/ငန်ကိန်း | ၆ - ၆.၈ ရှိသောမြေကိုပိုနှစ်သက်သည်။ | |
| ရေသွင်းခြင်း | စိုက်ခင်းကျယ်ပါက<br>ရေသွင်းမြောင်း(furrow)ဖြင့်လည်းကောင်း၊ အစက်ချစနစ်နှင့်ရေပန်းကရားစနစ်တို့လည်း အသုံးပြုနိုင်သည်။ စိုက်ခင်းငယ်ပါက ရေထမ်းလောင်းနိုင်သည်။ ရေဖျန်းခြင်း (Sprinkler)စနစ်သည် အရွက်ရောဂါများကိုဖြစ်စေသည်။<br>အပင်ငယ်များသည် အပင်ကြီးများနှင့်စာလျှင် ရေလိုအပ်မှု နည်းပါသည်။ အပင်ကြားသို့မဟုတ် မြောင်းကြားတစ်လျှောက်ရေပန်းခရားဖြင့်သော်လည်းကောင်း၊အစက်ချစနစ်ဖြင့်သော်လည်းကောင်း ရေပေးခြင်းဖြင့် ရေနှင့်လုပ်အားကိုချွေတာနိုင်ပါသည်။ ရေမြောင်းဖြင့် ရေသွင်းခြင်းသည် ရေလေလွင့်မှုများရှုံသာမက ပေါင်းပိုမိုပေါက်စေပြီး၊ အရွက်များကို ရောဂါ ပိုဖြစ်စေနိုင်ပါသည်။ | |
| လုပ်ငန်း ဆောင်ရွက်ရမည့် အချိန်များ | **လုပ်ဆောင်ရမည့်လုပ်ငန်းများ -**<br>မိမိ၏ ရေမြေ၊ ရာသီဥတု လိုအပ်ချက်နှင့် အညီ ချင့်ချိန် လုပ်ဆောင်ရန် ဖြစ်သည်။ | **ရေလောင်းခြင်း** |

| | | |
|---|---|---|
| မစိုက်မီ ၁ လ | **မြေပြင်ခြင်း**<br>မြေကို ၁ဂလက်မ အနက်ထယ်ထိုးပါ။ ထွန်ရေးညက်အောင် ထွန် ၂-၃ စပ်ခန့်မွှေပါ။ | စိုစွတ်သောမြေသည် ထွန်ယက်ရ လွယ်ကူသည်။ |
| | **ထုံးထည့်ခြင်း**<br>၀.၀၆ဧကအတွက်ထုံးကို တစ်နှစ်လျှင် ၁၃ ပိဿာနှုန်းဖြင့် သုံးနှစ်ဆက်တိုက်ထည့်ပါ။ | |
| မစိုက်မီ ၃ ပတ် | **ဘိုကာရှီမြေဆွေးပြုလုပ်ခြင်း ၊ ငါးအမိုင်နိုအက်ဆစ်ပြုလုပ်ခြင်း နှင့် အီးအမ် ၅** - ကောင်းစွာဆွေးမြေ့စေရန် ဘိုကာရှီမြေဆွေး၊ ငါးအမိုင်နိုအက်ဆစ်၊ အီးအမ်-၅ တို့ကို ပြင်ဆင်ပါ။<br>(နောက်ဆက်တွဲ ---- ) တွင် ကြည့်ပါ။ | ဘိုကာရှီအား အစိုဓါတ် ရှိအောင်ထားပါ။ |
| မစိုက်မီ ၂ ပတ် | **ပျိုးထောင်ခြင်း** အပေါက် ၆ဂ ပါသောပျိုးဗန်းကို အသုံးပြုပြီး ပျိုးမြေအဖြစ် မြေဆွေး၂ဆ၊ နွား ချေး ၁ဆ၊ ဖွဲပြာ ၄ ဆရောစပ်ပြီး အသုံးပြုနိုင်သည်။ သို့မဟုတ် (အုန်းဆံမှုန့်၁ဆ၊ ရိုးရိုးမြေ ၁ ဆ၊ နွားချေးအဆွေး၁ဆ(သို့မဟုတ်) နွားချေးဆွေး၂ဆ၊ ရိုးရိုးမြေ ၁ ဆ၊ ဖွဲပြာ ၁ ဆ) တို့ကို ရောစပ်အသုံးပြုနိုင်ပါသည်။ တစ်ပေါက်ကို တစ်စေ့ စိုက်ပါ။<br>ပျိုးဗန်းများကိုပျိုးစင်ဖြင့် စနစ်တကျထားပါ။ | နံနက်တိုင်းအပင်များကို ရေလောင်းပါ။ လိုအပ်ပါက ရေပိုလောင်းပါ။ |
| မစိုက်မီ ၁ ပတ် | **စိုက်ဘောင်ပြုပြင်ခြင်း**<br>ဝင်ထွက်သွားလာရေးနှင့် လေဝင်လေထွက်ကောင်းမွန် ရေးအတွက် စိုက်ဘောင်များကို စနစ်တကျဖော်ဆောင်ပါ။ ၃ပေအကျယ် ၁ ပေ အမြင့်ဘောင်များပြုလုပ်ပါ။<br>ဘောင်တင်ခြင်း၏အကျိုးကျေးဇူးများ - (၁) ရေထုတ်ရန်၊ (၂) မြေတွင်း လေဂင်လေထွက် ကောင်းရန်၊ (၃) အမြစ်များ မြေတွင်း ထိုးဖောက်မှု လွယ်ကူစေရန်၊ (၄) ဘောင်ကြား ရေသွင်း နိုင်ရန်၊ (၅) မြေမှ အငွေ့ပျံခြင်းကို လျှော့ကျနိုင်စေရန်။<br>**မြေခံမြေဩဇာ ထည့်ခြင်း** စိုက်ဘောင်ပေါ်တွင် ၆ လက်မအဝန်း ရှိပြီး ၆လက်မ အနက်ကျင်းများပြုလုပ်ပြီး (ထရိုင်ကိုဒါးမား ၂ ထုပ် (၁၇ဂ ဂရမ်) နှင့် ဘိုကာရှီမြေဆွေး ၃၇ - ၇၄ ပိဿာ) အရောကို ၆ လက်မပတ်လည်၊ ၆ လက်မအနက်ရှိ စိုက်ကျင်းတစ်ကျင်းတွင် လက်တစ်ဆုပ်စာ ထည့်ပါ။<br>၀.၀၆ ဧက အတွက် ကွန်ပေါင်း၊ ၁၅း၁၅း၁၅-၆ပိဿာကို မြေခံ အဖြစ်ထည့်ပါ။<br>**ပင်ကြားတန်းကြားသတ်မှတ်ခြင်း**<br>တန်းကြား ၁၃ ပေ နှင့် ပင်ကြား ၂ ပေထားပါ၊ တန်းကြား x ပင်ကြား သတ်မှတ်ခြင်း -<br>တစ်ဘောင်အတွင်း တန်းကြား၂ပေ× ပင်ကြား ၃ ပေ ထားစိုက်ပါ။<br>အစွန်နှစ်ဖက်ကို၆လက်မချန်ပြီး စိုက်ပါ။ စိုက်ခင်း၏ အပြင်ဘက် အကျဆုံး ဘောင်များတွင် စိုက်တန်းတစ်တန်းသာထားပါ။<br>စိုက်ဘောင်ပေါ်တွင် စိုက်ကျင်းများကို တစ်ကျင်းနှင့်တစ်ကျင်း ၃ ပေခွာပြီး အမှတ်အသားပြုပါ။ စိုက်ကျင်းများကို ဘောင်ပေါ်တွင် ဖိုခနောက်ဆိုင် အနေအထားဖြစ်အောင်တူးပါ။<br>**စိုက်ကျင်းတူးခြင်း** - ၆ လက်မပတ်လည်အကျယ် ၆ လက်မအနက် | |

| | | |
|---|---|---|
| | ရအောင် ကျင်းတူးပါ။ မစိုက်မီ ၂ ရက်အလိုတွင် ထရိုင်ကိုဒါးမား ၇ ဂရမ်နှင့် ရေ၁၀ လီတာကို ရောစပ်ပြီး တစ်ပင်လျှင် နို့ဆီဘူး ဝက်ခန့်လောင်းထည့်ပါ။<br><br>၀.၀၆ ကေအတွက် ထရိုင်ကိုဒါးမား ၁၅၀ ဂရမ်အထုပ် ၁ ထုပ် ကုန်ကျမည်။<br><br>မြေခံမြေသြဇာထည့်ရန် ဘောင်ပေါ်ရှိ စိုက်တန်း ၂တန်းကြားတွင် ၆ လက်မနက်ပြီး၊ ၁၀ လက်မကျယ်သော မြောင်းငယ်တစ်ခု ကိုဖော်ပါ။<br><br>စိုက်ဘောင်များ နေရာချထားပုံကို ပုံ ၁ နှင့် ၂ တွင်ကြည့်ပါ။<br><br>**ဘောင်များနေရာချပုံကို အောက်တွင်ဖော်ပြထားသည်။** ဘောင်တတစ်ခုစီ၏ စိုက်တန်း၂တန်းကြာတွင် ရေသွင်းရန်နှင့် မြေသြဇာကျွေးလွယ်ကူစေရန် အနက်၆ လက်မ၊ အကျယ် ၁၀ လက်မရှိသော မြောင်းငယ်ကိုဖော်ထားပါ။<br><br>**မြေဖုံးပေးခြင်း -**<br>ပေါင်း၊ ရောဂါပျံ့နှံ့မှုနှင့် မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ရန်၊ မြေတွင်းအပူချိန်လျော့ကျစေရန်၊ ပေါင်းကာကွယ်စေရန် ကောက်ရိုးကို ၆လက်မအထူ (သို့) ပလပ်စတစ်စဖြင့် ဘောင်ပေါ်တွင်ဖုံးပါ။ ကောက်ရိုးများကို အပင်ခြေနှင့် မထိစေရ။ | |
| စိုက်ပျိုးချိန် | **ရွှေ့ပြောင်းစိုက် ခြင်း**<br><br>ကျန်းမာသန်စွမ်းသောပျိုးပင်များကိုစိုက်ကျင်း၁ကျင်းလျှင်၁ ပင် စိုက်ပါ။မြေလုံးမကွဲစေရန်ဂရုစိုက်ပါ။ပျိုးသက် ၁၀-၁၅ ရက်သားတွင်စိုက်ပါ။<br><br>တိုက်ရိုက်မျိုးစေ့ချစိုက်ပါကမျိုးစေ့အရွယ်အစား၏ ၂ ဆ အနက်ထားပြီးစိုက်ပါ။ | စိုက်ပြီးလျှင်အပင်ခြေ သိပ်စေရန် ရေလောင်းပေးပါ။ |
| စိုက်ပြီး ၁-၂ ပတ် | **အပင်မှုန်းခြင်း၊အပင်ဖာခြင်း**<br><br>တစ်ကျင်းတွင်သန်မာသောအပင်တစ်ပင်သာရှိစေရန် အပင်မှုန်းခြင်း သို့မဟုတ် အပင်ဖာခြင်းပြုလုပ်ပေးပါ။<br><br>**အတက်ဖဲ့ခြင်း**<br><br>ရွှေ့စိုက်ပြီး ၁၀ ရက်အကြာ မူမှန်ရွက် ၄-၅ ရွက် ထွက်ချိန် ခေါင်ညွှန့် ဖြတ်ပေးပါ။ ကိုင်း ၄-၅ ကိုင်းမှအသန်ဆုံး ၃ ကိုင်း ချန်ပြီး ကျန်ကိုင်းများအား ဖြတ်ပေးပါ။ ကိုင်း ၃ ကိုင်းမှ (၁၀) ဆစ်အောက်ရှိ ဘေးတက်များ ကိုဖယ်ပေးပါ။<br><br>**ပေါင်းရှင်းခြင်း-**<br>အစာအာဟာရလုစားခြင်း၊ပိုးနှင့်ရောဂါများခိုအောင်းခြင်းတို့မှ ကာကွယ်ရန်ပေါင်းရှင်းပေးပါ။ အပင်ငယ်စဉ်တွင်ပေါင်းရှင်းရန်လိုအပ်သည်။<br><br>**ပိုးနှင့်ရောဂါနှိမ်နင်းခြင်း။** အီးအမ် ၅နှင့်တမာပိုးသတ်ဆေးကို အပတ်စဉ်ဖျန်းပါ။ မနိုင်ပါက နောက်ဆုံးအနေဖြင့်ဓါတုနည်းကို သုံးပါ ။ | ၂ ရက်ခြား ၁ ကြိမ် ၁ ပင်<br><br>ရေ ၂လီတာ ရရန် ဆောင်ရွက်ပါ။ |
| စိုက်ပြီး ၃ ပတ် | **အပင်ပြုစုခြင်း** နွယ်များဖြောင့်တန်းစွာ ဆင်းရန်ဆင်ခြေလျှော လုပ်ပေးခြင်း အညွှန့်ပြေး လမ်းတွင်ပိုးသတ်ဆေး၊ မှိုသတ်ဆေး ဖျန်းပြီး နေလှန်းထားသော အကိုင်းအခက်များ၊ | တစ်ပင်လျှင် ၂ ရက်ခြား တစ်ကြိမ် ရေ ၃ လီတာ ပေးပါ။ |

| | | |
|---|---|---|
| | ကောက်ရိုးခြောက်များကို ဖြန့်ခင်းထားပေးပါ။<br>**ရွက်ဖျန်းအားဆေးဖျန်းခြင်း**<br>ပိုတက်စီယမ်နိုက်ထရိတ် (ယမ်းစိမ်း)ကို ၄ ဂါလံဝင် ဆေးဖျန်းပုံး တစ်ပုံးလျှင် ၂၀ ကျပ်သား နှုန်းဖြင့် ဖျော်စပ်ပြီး နံနက်ပိုင်းတွင် အရွက်များပေါ်သို့ ရွဲရွဲဖျန်းပါ။ (ပန်းပွင့်ချိန် မှ ရိတ်သိမ်းချိန်အထိ ၂ ကြိမ်မှ ၆ ကြိမ် ဖျန်းပေးသင့်ပါသည်)။ | |
| စိုက်ပြီး ၄-၅ ပတ် | **ပေါင်းရှင်းခြင်းနှင့်ဖြည့်စွက်မြေသြဇာ ကျွေးခြင်း**<br>လိုအပ်လျှင်လက်ပေါင်းလိုက်ခြင်းပြုလုပ်ပါ။ ၃၀ ရက်သားခန့်တွင် ၉-၂၅-၂၅ ကွန်ပေါင်းမြေသြဇာ ၄၅ ပိဿာကို အသင့်ဖော်ထားသော မြောင်းတလျှောက် ကျွေးပေးပါ။<br>ပလပ်စတစ်အုပ်ထားသောဘောင်များတွင် စိုက်တန်းတလျှောက် အပင်၂ ပင်ကြားတွင် အပေါက်ဖောက်ပြီးကျွေးပါ။<br>**အာဟာရရည်ကျွေးခြင်း**။-အစက်ချစနစ်သုံးလျှင် စနစ်တကျ ဖျော်ထားသောဓါတ်မြေသြဇာအရည်ကို အစက်ချပိုက်များမှ တစ်ဆင့်ကျွေးနိုင်သည်။ (နောက်ဆက်တွဲတွင်ကြည့်ပါ။) | တစ်ပင်လျှင် ၂ ရက်ခြား တစ်ကြိမ် ရေ ၃ လီတာပေးပါ။ မြေသြဇာ ကျွေးပြီးပါက စိုက်တန်း ၂ တန်းကြား အသင့်ဖော်ထားသော မြောင်း တလျှောက် ရေသွင်းပေးပါ။ ရေမြောင်းငယ်လျှံကျသွားသည် အထိ မသွင်းပါနှင့်။ စိုက်ဘောင်မြင့် အတွင်းနှံ့စပ်ရုံသာသွင်းပါ။ |
| ရွှေ့စိုက်ပြီး ၆-၇ ပတ် | **အပင်ပြုစုခြင်း**<br>အလုံးသေးမျိုးများအတွက် တပင်လျှင် ၃ လုံးအထိထားနိုင်သည်။ အလတ်မျိုးများကို တစ်ပင်လျှင် ၂ လုံးထားပါ။ အလုံးသေးများနှင့် အလုံးလတ်မျိုးများကို ၁၃ ဆစ်မှ စပြီးအသီးဖမ်းပါ။ အလုံးကြီး မျိုးများတွင် တစ်ပင်လျှင် ၁ လုံးသာထားပါ။ ၁၄ ဆစ်မှ ၁၈ ဆစ် အတွင်း အသီးဖမ်းနိုင်သည်။<br>**ပေါင်းများကို ပုံမှန်ရှင်းပါ။**<br>ကြက်ဥလုံးအရွယ် အသီးတစ်လုံးသာ ထားပြီး ကျန်အသီးကင်း များအား ခြွေပေးပါ။<br>**ဖြည့်စွက်မြေသြဇာကျွေးခြင်း** - အသီးဖမ်းပြီးပါက ဂ.၀၆ ဧကအတွက် ကယ်လစီယမ်နိုထရိတ် ၃ ပိဿာကို စိုက်မြောင်းတစ်လျှောက် ကျွေးပေးပါ။ အသီးငယ်ကို မြေကြီးနှင့် တိုက်ရိုက်မထိစေရန် စီစဉ်ပါ။ နေလောင်ကွက် မဖြစ်ရန် မြက်ခြောက်ဖြင့် အသီးပေါ်တွင် အုပ်ပေးခြင်း။ အသီးကို ပုံမှန်လှည့်ပေးခြင်းများပြုလုပ်ပေးပါ။<br>**ရွက်ဖျန်းအားဆေးဖျန်းခြင်း**<br>ပိုတက်စီယမ်နိုက်ထရိတ်(ယမ်းစိမ်း)ကို ၄ ဂါလံဝင် ဆေးဖျန်းပုံး တစ်ပုံးလျှင် ၂၀ ကျပ်သားနှုန်းဖြင့် ဖျော်စပ်ပြီး နံနက်ပိုင်းတွင် အရွက်များပေါ်သို့ ရွဲရွဲဖျန်းပါ။ (တစ်ဧကအတွက် ၂၀ ကျပ်သား သုံးပါ) | နှစ်ရက်ခြားတစ်ကြိမ်<br>တစ်ပင်ကိုရေ ၃ လီတာနှုန်း ရရှိအောင် ပေးပါ။<br>အပင်ကြီးလာသည်နှင့်အမျှရေ လိုအပ်မှုပိုလာ သည်။<br>**စိုက်ခင်းအတွင်း ရေ မဝပ်စေရန်သတိပြုပါ။**<br>မြေသြဇာကျွေးပြီးပါက စိုက်တန်း၂တန်းကြား အသင့်ဖော်ထားသော မြောင်းတလျှောက် ရေသွင်းပေး ပါ။ ရေမြောင်းငယ်လျှံကျသွား သည်အထိ မသွင်းပါနှင့်။ စိုက်ဘောင် မြင့်အတွင်းနှံ့စပ်ရုံသာသွင်းပါ။ |
| ရွှေ့စိုက်ပြီး ၈ ပတ် | **ပေါင်းရှင်းခြင်း** -ပေါင်းများကိုပုံမှန်ရှင်းပေးပါ။<br>**ဖြည့်စွက်မြေသြဇာကျွေးခြင်း**<br>အပင် ၈ ပတ်သားတွင် ၉း၂၅း၂၅ ကွန်ပေါင်း ထမင်းစားဇွန်း ၁ ဇွန်း ကို ပင်ခြေနှင့် အနည်းဆုံး ၄ လက်မခွာပြီး ကျွေးပါ။ | ၂ ရက်ခြား တ စ်ကြိမ် ၁ ပင် ရေ ၄ လီတာ မှ ၆လီတာ ပေးပါ။ မြေသြဇာကျွေးပြီးပါက စိုက်တန်း ၂ တန်းကြား အသင့်ဖော်ထားသော မြောင်းတလျှောက် ရေသွင်းပေး ပေးပါ။ ရေမြောင်းငယ်လျှံကျသွား သည်အထိ မသွင်းပါနှင့်။ စိုက်ဘောင် မြင့်အတွင်းနှံ့စပ်ရုံသာသွင်းပါ။ |

| | | |
|---|---|---|
| ရွှေ့စိုက်ပြီး ၉-၁၅ ပတ် | **ရွက်ဖျန်းအားဆေးဖျန်းခြင်း**<br>ပိုတက်စီယမ်နိုက်ထရိတ်(ယမ်းစိမ်း)ကို ၄ဂါလံဝင်ဆေးဖျန်းပုံးတစ်ပုံးလျှင် ၂ဂကျပ်သားနှုန်းဖြင့် ဖျော်စပ်ပြီး နံနက်ပိုင်းတွင်အရွက်များပေါ်သို့ ရွဲရွဲဖျန်းပါ။ (၂ဂကျပ်သား/၁.ဂ၆ ဧက) | ၂ ရက်ခြား တစ်ကြိမ်ဝပင် ရေ ၂လီတာပေးပါ။ |
| **ပိုးမွှားနှင့်ရောဂါများ ကာကွယ် နှိမ်နင်းခြင်း** | **ဓာတုဆေး နှင့် အော်ဂဲနစ်ဆေး ရွေးချယ်မှု**<br>ပိုးနှင့်ရောဂါလက္ခဏာများမှန်မှန်စစ်ဆေးပါ။ အရွက်မျက်နှာပြင်၂ ခုလုံးနှင့် ပင်စည်တစ်လျှောက်ကြည့်ပါ။ သဘာဝဆေးများ နှင့် မနိုင်လျှင် အောက်တွင်ဖော်ပြထားသော ဓာတုဆေးများကို အသုံးပြုပါ။ | |

| ပိုးမွှား၊ရောဂါနှင့် လက္ခဏာများ | ကာကွယ်နှိမ်နင်းနည်း |
|---|---|
| • ဗူးဖရုံကျိုင်းနီ (ပုံ-၁)<br>• ပျ ပိုးဖျက်ဆီးမှု (ပုံ-၂) | • အဆီဖိတ်ဆေး<br>• ဆီနှင့်ဆပ်ပြာရည်ဖျန်းပါ။ အေမီဒါကလိုပရစ် (ဒိုဇာ) သုံးပါ။ |
| • ဖျူစေရီယမ်ပင်ညှိုးရောဂါ (ပုံ-၃)<br>• ဖါးဥမှိုရောဂါ (ပုံ-၄) | • ခံနိုင်ရည်ရှိသောမျိုးကိုသုံးပါ။<br>• ယူနတီ (သို့) ဆာလဖာ (ကလောက်ဒီ) ဖျန်းပါ။ စိုက်ခင်းရောဂါကင်းစင်အောင်ဆောင်ရွက်ပါ။ |



၁။ ဖျူစေရီယမ်ပင်ညှိုးရောဂါ



၂။ ဖားဥမှို ရောဂါ



၃။ပျပိုး




၅။ဒေါင်းနီးရွက်ခြောက်ရောဂါ

**ခူးဆွတ်ခြင်း**- ဝတ်မှုန်ကူး (၃၀-၃၅) ရက်သား (အသီး အညှာထိပ်ရှိ နှာမောင်းခြောက်ခြင်း။ လိုက်ခေါင်း သံထွက်ပေါ်လာခြင်း ဖြစ်လာပါက) ခူးဆွတ်နိုင်သည်။




ပင်စည်ခြောက်ခြင်း



အခွံမာလာခြင်း



လိုက်ခေါင်းသံထွက်ပေါ်လာခြင်း

**အရည်အသွေးလမ်းညွှန်**- အရိပ်အောက်တွင် ခူး ဆွတ်ပြီး ၂ပါတ်ကြာသည်အထိထားနိုင်သည်။ မြက်ခြောက်များခံ၍ သယ်ယူပို့ဆောင်နိုင်သည်။


**ဖရဲမျိုးများ**




(၁) Known You Seed Company မှထုတ်လုပ်သည့် ၈၅၅ F1 (အလုံးကြီး)မျိုး





(၂) မျှားနီကုမ္ပဏီထုတ် Golden Sweet 80 F1 (အလုံးလတ်မျိုး




(၃) Chia Thai Companyထုတ် Hera F1 (အလုံးသေးမျိုး)

**စိုက်ဘောင်များနေရာချထားပုံ**




(၁) စိုက်ဘောင်များနေရာချထားပုံ နမူနာပုံစံ



(၁) ဖရဲစိုက်တောင်သူတစ်ဦး၏ စိုက်ဘောင်များနေရာချထားပုံ နမူနာပုံစံ

| | | | |
|---|---|---|---|
| အရည်အသွေး လမ်းညွှန် | အရိပ်အောက်တွင် ခူး ဆွတ်ပြီး သယ်ယူပို့ဆောင်နိုင်သည်။ | ၂ | ပတ်ကြာသည်အထိထားနိုင်သည်။ မြက်ခြောက်များခံ၍ |

## ရွှေဖရုံ စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ

| | | |
|---|---|---|
| **မျိုးရွေးချယ်ခြင်း** | ဈေးကွက်ကောင်းပြီးအထွက်နှုန်းမြင့်သော မျိုးများကိုရွေးပါ။ (ဒေသမျိုး၊စပ်မျိုး- Seminis-ကျောက်စိမ်း) |  |
| ကြိုက်နှစ်သက်သော ရာသီဥတု | တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်သော်လည်း မိုးရာသီ သီတွင် အရွက်ရောဂါများ ကျရောက် တတ်သည်။ | |
| သီးနှံသက်တမ်း | စိုက်ပြီးရက် ၁၀၀-၁၂၀ တွင် စတင် ခူးဆွတ်နိုင်သည်။ သက်ငယ် ၁၀၀ ရက်၊ သက်ကြီး ၁၂၀ နှင့်အထက်။ | |
| အထွက်နှုန်း (ခန့်မှန်း) | ပျမ်းမျှအထွက်နှုန်း ၂၅၆ လုံး /၀.၀၆ ဧက | |
| မျိုးစေ့ နှင့် အပင်ဦးရေ | ၂၀ထုပ် (၈ စေ့/ ထုပ်) ၁၂၈ ပင် / ၀.၀၆ ဧက | |
| နေရာရွေးချယ်ခြင်း | ရေမဝပ်ဘဲ မြေဆွေးများသောမြေကိုနှစ်သက်သည်။ | |
| မြေချဉ်/ငန်ကိန်း | ၅.၅ – ၇.၀ ကို ပိုမိုနှစ်သက်သည်။ | |
| **ရေသွင်းခြင်း** | စိုက်ခင်းကျယ်၌ရေပေးရာတွင် အစက်ချစနစ် နှင့် ရေပန်းကရားစနစ် တို့ကိုသုံးပြုနိုင်သည်။ စိုက်ခင်းငယ်အား လက်ဖြင့် လောင်းနိုင်သည်။ အပင်ပေါ်မှ ရေဖျန်းခြင်း(Sprinkler)ကို အရွက်ရောဂါ ကျရောက်တတ် သဖြင့် ရှောင်ရှားပါ။<br><br>ရွှေ့ပြောင်းစိုက်ချိန်မှ အသီးတင်ချိန်ထိ ရေတိုးလောင်းပေးရမည်။ အသီးများကြီးထွားရန် ရေမှန်မှန်လိုအပ်သည်။(၁)အပင်ငယ်များသည်အပင်ကြီးများထက် ရေလိုအပ်မှုနည်းသည်။ (၂ ) စိုက်ဘောင်ရှိစိုက်တန်းကြား များကို အစက်ချစနစ် (သို့) ရေ ပန်းစနစ် အသုံးပြုခြင်းဖြင့် လုပ်အား နှင့် စိုက်ပျိုးရေချွေတာနိုင်သည်။ (၃) စိုက်ဘောင်တန်းကြား ရေသွင်းစိုက်ပျိုးခြင်းသည် စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးစေသည်။ ပေါင်းများစွာပေါက်ရောက်နိုင်ပြီး အရွက်များလည်း ရောဂါကျရောက်စေသည်။<br><br>အညွန့်ထွက်ချိန်၊ ပန်းပွင့်ချိန် နှင့်အသီးကြီးချိန်များတွင် ရေတိုးလောင်းပါ။<br><br>**အာဟာရရည်ကျွေးခြင်း** -အစက်ချစနစ်သုံးလျှင် အာဟာရရည်ကျွေးခြင်း ပြုလုပ် နိုင်သည်။ | |
| **လုပ်ငန်းဆောင်ရွက်ရမည့် အချိန်များ** | **လုပ်ဆောင်ရမည့် လုပ်ငန်းများ**<br>မိမိ၏ ရေမြေ ရာသီဥတု လိုအပ်ချက်နှင့် အညီ ချင့်ချိန် လုပ်ဆောင်ရန် **ဖြစ်သည်။** | **ရေလောင်းခြင်း** |
| **မစိုက်မီ ၁ လ** | **မြေပြင်ခြင်း -** မြေကို ထယ်ရေးနက်နက် ( ၉-၁၂ )လက်မ နှင့် ထွန်ရေး (၂-၃) ကြိမ် ထိုးပါ။ | အစိုဓါတ်ရှိသော မြေသည် ပြုပြင်ရလွယ်သည်။ |
| | **ထုံးထည့်ခြင်း -** ၀.၀၆ ဧက အတွက်ထုံးကို တစ်နှစ်လျှင် ၁၃ ပိဿာနှုန်းဖြင့် သုံးနှစ် ဆက်တိုက် ထည့်ပါ။ | |
| | **ဘိုကာရှီမြေဆွေးပြုလုပ်ခြင်း ၊ ငါးအမိုင်နိုအက်ဆစ်ပြုလုပ်ခြင်း နှင့် အီးအမ် ၅** - ကောင်းစွာဆွေးမြေ့စေရန် အပင်မစိုက်မီ ၃ပတ်အလိုတွင် ဘိုကာရှီမြေဆွေး၊ ငါးအမိုင်နိုအက်ဆစ်၊ အီးအမ် ၅ တို့ကို ပြင်ဆင်ပါ။ (နောက်ဆက်တွဲတွင် ကြည့်ပါ။) | **ဘိုကာရှီအား အစိုဓါတ် ရှိအောင်ထားပါ။** |

| | | |
|---|---|---|
| | **စိုက်ဘောင်ပြင်ဆင်ခြင်း -** တစ်ဘောင်နှင့်တစ်ဘောင် ၉ပေခြားပြီး ဘောင်အကျယ် ၃ပေ ၊ အမြင့် ၉-၁၂ လက်မ ဘောင်များ ပြုလုပ်ပါ။<br><br>ဘောင်တင်ခြင်း၏အကျိုးကျေးဇူးများ - (၁) ရေထုတ်ရန်၊ (၂) မြေတွင်း လေဝင်လေထွက် ကောင်းရန်၊ (၃) အမြစ်များ မြေတွင်း ထိုးဖောက်မှု လွယ်ကူစေရန်၊ (၄) ဘောင်ကြား ရေသွင်းနိုင်ရန်၊ (၅) မြေမှ အငွေ့ပျံခြင်းကို လျော့ကျနိုင်စေရန်။<br><br>**ပင်ကြားတန်းကြားသတ်မှတ်ခြင်း -**<br>အပြင်ဆုံး၂ဘောင်၏အလယ်တွင် တစ်တန်းထည်းသာစိုက်ပါ။ အလယ် ၂ ဘောင်ကို ၂ တန်းစိုက်စ နစ်ဖြင့် ၃ပေခြား စိုက်ပါ။ ဘောင်အစွန် ၂ ဘက်တွင် ၆ လက်မချန်ပြီး စိုက်ပါ။ စိုက်တန်းတစ်လျှောက် ၃ပေအကွာ စိုက်ကျင်းသတ်မှတ်ပါ။<br><br>**မျိုးထောင်ခြင်း -** အပေါက် ၆၀ ပါသောမျိုးဗန်းကိုအသုံးပြုပါ။ မျိုးမြေအဖြစ် ရိုးရိုးမြေ၊ နွားချေးအဆွေး နှင့် ဖွဲပြာတို့ကို ဆတူ (၁း၁း၁) ရောစပ်ပြီး အသုံးပြု နိုင်ပါသည်။ **(နောက်ဆက်တွဲ)** တွင်ကြည့်ပါ။ တစ်ပေါက်ကို တစ်စေ့ စိုက်ပါ။ အပင်အမြင့် ၄ ၄လက်မ (သို့) အရွက် ၄-၅ ရွက် ရှိလျှင် ရွှေ့ပြောင်း စိုက်နိုင်သည်။ | နံနက်တိုင်း အပင်များ ကိုရေလောင်းပါ။ |
| မစိုက်မီ ၁ ပတ် | **မြေခံမြေဩဇာထည့်ခြင်း -** ၀.၀၆ဧကအတွက် ၁၅း၁၅း၁၅ ကွန်ပေါင်း ၆ ပိဿာနှင့် ဘိုကာရှီ မြေဆွေး ၃၇ - ၇၄ ပိဿာကို စိုက်ဘောင်များပြင်ချိန်တွင် သမအောင်ထည့်ပါ။ (၅၀ပေ အရှည် စိုက်ဘောင် တွင် ဘိုကာရှီမြေဆွေး ၃.၅ ပိဿာကို ၁၀လက်မ x ၆ လက်မ မြောင်းငယ် တွင် ထည်းပြီး သမအောင်ထည့်ပါ)<br><br>**စိုက်ကျင်းတူးခြင်း** - ၆ လက်မ ပတ်လည်အကျယ် ၆ လက်မ အနက်ရအောင် ကျင်းတူးပါ။ စိုက်ကျင်းတစ်ကျင်းလျှင် လက်တစ်ဆုပ်စာဘိုကာရှီမြေဆွေးထည့်ပါ။ မစိုက်မီ ၂ ရက် အလိုတွင် ထရိုင်ကို ဒါးမားဖျော်ရည် (၇ ဂရမ် နှင့် ရေ ၁၀လီတာ) ကို တစ်ပင်လျှင် နို့ဆီဘူးဝက်ခန့် လောင်းထည့်ပါ။<br><br>**မြေဖုံးပေးခြင်း-**<br>ပေါင်း၊ ရောဂါပျံ့နှံမှုနှင့်မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ရန်၊ မြေတွင်း အပူချိန်လျော့ကျစေရန် ၊ ပေါင်းကာကွယ်စေရန် ကောက်ရိုးကို ၆လက်မ အထူ (သို့) ပလပ်စတစ်စဖြင့် ဘောင်ပေါ်တွင်ဖုံးပါ။ကောက်ရိုးများကို အပင် ခြေနှင့်မထိစေရ။ | မစိုက်မီ ၂ ရက် အလိုတွင် ကျင်းတူးရ လွယ်ကူစေရန်နှင့် အ အပင်ငယ်များ ရွှေ့ပြောင်း စိုက်ပျိုးရ လွယ်ကူစေရန် လိုအပ်လျှင် ဘောင်ကို အစိုဓာတ် ရရှိအောင်ပြုလုပ်ပါ။ |
| **စိုက်နည်းစနစ်** | **ရွှေပြောင်းစိုက်ပျိုးခြင်း-** ကျန်းမာသန်စွမ်းသောပျိုးပင်များကို စိုက်ကျင်း တစ်ကျင်းတွင် တစ်ပင်နှုန်းဖြင့် စိုက်ပျိုးပါ။ မြေလုံး မကွဲစေရန် ဂရုစိုက် စိုက်ပျိုးပါ။ အပင်ခြေ ကို ရေ မအိုင်ဘဲ၊ လေဝင်လေထွက် ကောင်းစေရန် နှင့် ရောဂါ မကျရောက်စေရန် အပင်ခြေ နှင့် ဘောင် တတန်းထဲ ရှိစေရန် မြေဖို့ ရမည်။<br><br>**တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း** - မျိုးစေ့အရွယ်အစား၏ ၂ ဆ အနက်ထား ပြီး စိုက်ပါ။ | ပြောင်းရွှေ့စိုက်ပြီးပြီးချင်း အပင်များကို ရေလောင်းပါ။ |
| **ရွှေ့စိုက်ပြီး ၁ ပတ်** | **အပင်မှုန်းခြင်းနှင့်အပင်ဖာခြင်း** - တစ်ကျင်းတွင်သန်မာသော အပင်တစ်ပင်သာရှိစေရန်အပင်မှုန်းခြင်းနှင့် အပင်ဖာခြင်းအား ပြုလုပ်ရန်လိုအပ်ပါ သည်။ | တစ်ရက်ခြားတစ်ကြိမ် တစ်ပင်လျှင် ရေ ၁ လီတာခန့် လောင်းပါ။ |

| | | |
|---|---|---|
| **ရွှေ့စိုက်ပြီး ၂-၄ ပတ်** | **ဘေးတက်ဖဲ့ခြင်း၊ခေါင်နှိမ်ခြင်း-**<br>လိုအပ်ပါက ဘေးတက်များခေါင်ညွှန့် များကို ဖဲ့ပါ။<br>**ပေါင်းရှင်းခြင်း** - အစာအာဟာရ လုစားခြင်း ၊ ပိုးနှင့်ရောဂါများ ခိုအောင်းခြင်းတို့မှ ကာကွယ်စေရန် ပေါင်းကို လိုအပ်သလို ရှင်းပါ။ အပင်ငယ်စဉ်တွင် ပေါင်းကင်းစင်စေရန် လိုအပ်သည်။<br>**ဖြည့်စွက်မြေဩဇာ ကျွေးခြင်း**<br>အပင်ခြေမှ ၆ လက်မ အကွာတွင် ၂ လက်မ အကျယ်၊ ၂ လက်မ အနက်ရှိသောမြောင်းကို စိုက်တန်း တစ်လျှောက်တူးပါ။ တစ်ပင်လျှင် ဆားခါး လက်ဖက်စားဇွန်း တစ်ဇွန်းကျွေးပါ။ (၁.၁၆ ဧက အတွက် ၂ ပိဿာ)။ ပလပ်စတစ် ဖုံးအုပ်ထားသော ဘောင်အတွက် တစ်ပင်နှင့် တစ်ပင်ကြား ကျင်းတူးပြီး ကျွေးပါ။<br>**ပိုးနှင့်ရောဂါနှိမ်နင်းခြင်း** - ပိုးနှင့်ရောဂါမှ ကြိုတင်ကာကွယ်ရန် အီအီးအမ် ၅ နှင့်တမာ ပိုးသတ်ဆေးကို အပတ်စဉ်တိုင်းဖျန်းပါ။ အကယ်၍ မနိုင်ပါက နောက်ဆုံး အနေဖြင့် ဓာတုနည်းဖြင့် နှိမ်နင်းပါ။ | နစ်ရက်ခြားတစ်ကြိမ် တစ်ပင်လျှင် ရေ ၂ လီတာခန့် လောင်းပါ။ |
| **ရွှေ့စိုက်ပြီး ၅-၈ ပတ်** | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>**ဖြည့်စွက်မြေဩဇာကျွေးခြင်း** - ကွန်ပေါင်း ၉း၂၅း၂၅ ကို တစ်ပင်လျှင် ထမင်းစားဇွန်း ၁ဇွန်းနှုန်းဖြင့် အပင်ခြေမှ အနည်းဆုံး ၁ပေခွာပြီး ကျွေးပါ။ ၀.၀၆ ဧက အတွက် ၃.၅ ပိဿာ ကုန်ကျမည် ဖြစ်သည်။<br>**အာဟာရရည်ကျွေးခြင်း** - အစက်ချစနစ်သုံးလျှင် အာဟာရရည် ကျွေးခြင်း ပြုလုပ်နိုင်ပါသည်။ | နစ်ရက်ခြားတစ်ကြိမ် တစ်ပင်လျှင် ရေ ၃ လီတာခန့် လောင်းပါ။ |
| **ရွှေ့စိုက်ပြီး ၉- ၁၂ ပတ်** | **ပေါင်းရှင်းခြင်း** - လိုအပ်သလို ပေါင်းရှင်းခြင်းနှင့် အသီးချွေ ခြင်းပြုလုပ်ပါ။ တစ်ပင်တွင် အသီး ၁ -၂ လုံးထက်မပိုရပါ။<br>**ဖြည့်စွက်မြေဩဇာကျွေးခြင်း** - ကွန်ပေါင်း ၉း၂၅း၂၅ ကို တစ်ပင်လျှင် ထမင်းစားဇွန်း ၁ဇွန်းနှုန်းဖြင့် အပင်ခြေမှအနည်းဆုံး ၁ပေခွာပြီး၂လက်မ အကျယ်၊၂လက်မအနက်ရှိသောမြောင်းကို စိုက်တန်းတစ်လျှောက် တူးပြီး ကျွေးပါ။ ၀.၀၆ ဧက အတွက် ၃.၅ ပိဿာ ကုန်ကျမည် ဖြစ်သည်။ | မြေဩဇာကျွေးပြီးပြီးချင်း တစ်ပင်လျှင်<br>ရေ ၃ လီတာခန့် လောင်းပါ။ |
| **သီးနှံ ၁၂ ပတ် မှ ရိတ်သိမ်းချိန်အထိ** | | ရေမြေရာသီဥတုပေါ်မူတည်ပြီး ရေပေးသွင်းပါ။ |

**ပိုးမွှားနှင့်ရောဂါ များ ကာကွယ်နှိမ်နင်းခြင်း**


**ဓာတုဆေးနှင့် အော်ဂဲနစ်ဆေးရွေးချယ်မှု**

ပိုးနှင့်ရောဂါလက္ခဏာများမှန်မှန်စစ်ဆေးပါ။ အရွက်မျက်နှာပြင် ၂ ခုလုံးနှင့် ပင်စည်တစ်လျှောက်ကြည့်ပါ။
သဘာဝဆေးများ နှင့် မနိုင်လျှင် အောက်တွင်ဖော်ပြထားသော ဓာတုဆေးများကို အသုံးပြုပါ။

| ပိုးမွှား၊ရောဂါနှင့် လက္ခဏာများ | ကာကွယ်နှိမ်နင်းနည်း |
|---|---|
| • ဖျူစေရီယမ်အပင်ညှိုးခြင်း၊ (ပုံ-၁)<br>• ဒေါင်းနီးရောဂါကြောင့် ဖြစ်ပေါ်နေသောသာ အဝါစက်များ၊ (ပုံ-၂)<br>• သီးထိုးယင်၊ (ပုံ- ၃)<br><br>• ဖားဥမှိုရောဂါကြောင့် ဖြစ်ပေါ်နေသော အဖြူရောင်ပေါင်ဒါမှုန့်များ အရွက်၏အပေါ်/အောက် မျက်နှာပြင် တွယ်ကပ်နေပုံ၊ (ပုံ -၄) | • ခံနိုင်ရည်ရှိသောမျိုးကိုသုံးပါ။ သီးလှည့်စိုက်ပါ။ ကာစူဂါမိုက်ဇင် သုံးပါ။<br>• မန်ကိုဇက်/ကလိုရိုသာလိုနေး (သို့)ဆာလဖါ/ယူနတီ ၁၀ရက်တစ်ကြိမ် ဖျန်းပါ။<br>• ပိုးကောင်ကို ရှာဖွေနှိမ်နင်းပါ။ သီးထိုးယင်ထောင်ချောက်အသုံးပြုပါ။ အဘာမီတင်ဆေးဖျန်းပါ။<br>• ရောဂါကျရောက်သော အရွက်းများကို ဖယ်ရှားပါ။ယူနတီ (သို့) ဆာလဖာ (ကလောက်ဒီ) ဖျန်းပါ။ |



၁။ ဖျူစေရီယမ် ပင်ညှိုးရောဂါ




၂။ ဒေါင်းနီးရွက်ခြောက်ရောဂါနှင့် ဖားဥမှိုရောဂါ



၃။ သီးထိုးယင်



၄။ ဖရုံကျိုင်း

| | |
|---|---|
| **ခူးဆွတ်ခြင်း** | ပင်စည်စပြီးခြောက်လာပါက အသီးခူးရန် အချိန်ကျသည်။ |
| **အရည်အသွေး အတွက်လမ်းညွှန်များ** | အသီးအရောင်လှ ရန် နေရောင် ရသည့်ဘက် လှည့်ပေးပါ။ ရေ နှင့် အာဟာရထိန်းထားပါ။<br>ရွှေဖရုံသီးများကို အရိပ်တွင် ရက်သတ္တပါတ်များစွာ ထားနိုင်သည်။<br>မြက်ခြောက်များခံပြီး သယ်ယူပို့ ဆောင်နိုင်သည်။ သိုလှောင်ချိန်တွင် ထိခိုက်မှုမရှိစေရန် ဂရုစိုက်ပါ။ |

## မြေပဲ (ကွင်းသီးနှံ) စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ

| | | |
|---|---|---|
| မျိုးရွေးချယ်ခြင်း | ဈေးကွက်ကောင်း အထွက်ကောင်းပြီး ပိုးမွှားရောဂါ ခံနိုင်ရည်ရှိသောမျိုးများကို ရွေးချယ်စိုက်ပျိုးပါ။ ဥပမာ-ဆင်းပဒေသာ ၆၊ ဆင်းပဒေသာ ၇၊ ဆင်းပဒေသာ ၁၁၊ ဒေသမျိုး |  |
| ကြိုက်နှစ်သက်သော ရာသီဥတု | မိုးနှောင်းကာလနှင့် ဆောင်းရာသီ | |
| သီးနှံသက်တမ်း | ၉၀-၁၀၅ ရက် | |
| အထွက်နှုန်း (ခန့်မှန်း) | တစ်ဧကပျမ်းမျှအထွက်နှုန်း ၅၀-၆၀ တင်း (မြေဩဇာကောင်းသောကိုင်းမြေများတွင် ယခုအထွက်နှုန်းထက် များစွာပိုနိုင်သည်) | |
| မျိုးစေ့ နှင့် အပင် ဦးရေ | တစ်ဧက အတောင့် ၆ တင်း | |
| နေရာရွေးချယ်ခြင်း | မြေမရွေးစိုက်ပျိုးနိုင်သော်လည်း သဲဆန်သော နုန်းမြေတွင် ပိုမိုဖြစ်ထွန်းသည်။ | |
| မြေချဉ်/ငန်ကိန်း | ၅.၅ - ၇ | |
| ရေသွင်းခြင်း | ယေဘူယျအားဖြင့် ရေသွင်းရန်မလိုပါ။ အကယ်၍ရေငတ်ပါက ရေသွင်းမြောင်း (သို့) ရေဖျန်းစနစ်ဖြင့် ရေသွင်းပေးနိုင်သည်။ | |
| လုပ်ငန်းဆောင်ရွက်ရမည့် အချိန်များ | လုပ်ဆောင်ရမည့်လုပ်ငန်းများ (မိမိ၏ ရေမြေဒေသ ကွာဟချက်ပေါ် မူတည်ပြီး ချိန်ဆလုပ်ကိုင်ရန်) | ရေလောင်းခြင်း |
| မစိုက်မီ ၁ လ | **မြေပြင်ခြင်း -** မြေကို ထယ်ရေးနက်နက် ( ၉-၁၂ ) လက်မ နှင့် ထွန်ရေး (၂-၃) ကြိမ်မွှေပေးပါ။<br>**ထုံးထည့်ခြင်း -** ၁ ဧကလျှင် ထုံးကို တစ်နှစ်လျှင် ၂၀၀ ပိဿာနှုန်းဖြင့် သုံးနှစ် ဆက်တိုက် ထည့်ပါ။ ထုံးထည့်ခြင်းသည် အထွက်နှုန်းတိုးနိုင်သော်လည်း ကုန်ကျစရိတ်နှင့် အကျိုးအမြတ်အား ချင့်ချိန်သင့်ပါသည်။ | အစိုဓာတ်ရှိသောမြေသည် ထွန်ယက်ရန် ပိုမို လွယ်ကူသည်။ |
| မစိုက်မီ ၃ ပတ် | **ဘိုကာရှီမြေဆွေးပြုလုပ်ခြင်းပြုလုပ်ပါ။ တစ်ဧကလျှင် ၄၀၀-၈၀၀ ပိဿာလိုအပ်မည်။**<br>(နောက်ဆက်တွဲတွင် ကြည့်ပါ။) | |
| မစိုက်မီ ၁ ပတ် | **မြေခံမြေ ဩဇာထည့်ခြင်း** ၁ ဧကလျှင် ပုလဲ ၄ ပိဿာ၊ တီစူပါ ၁၀ ပိဿာ၊ ပိုတက်ရှ် ၄ ပိဿာကို ကြိပက်ပြီးလျှင် ကြမ်းရိုက်ပြန်ဖုံးပါ။ ဘိုကာရှီ မြေဆွေး ၄၀၀-၈၀၀ ပိဿာကို ထရိုင်ကိုဒါးမား ၂၅ ကီလိုဂရမ်နှင့်နောက်ဆုံးမြေပြင်ချိန်တွင် သမအောင်ထည့်ပါ။ | မစိုက်မီ ထွန်ယက်ရ လွယ်ကကွင်းတစ်ကွင်းလုံး အစိုဓာတ်ရှိညီညာစွာ ရရှိနေရန် လိုအပ်သည်။ |
| စိုက်နည်းစနစ် | **မြေပြင်ခြင်း** - ထွန် ၂ ကြိမ်မွှေပြီးပါက စိုက်ပျိုးရန်အတွက် မြေညီညာစေရန် ပြုလုပ်ပါ။<br>**တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း** -မစိုက်ခင် ပဲမြစ်ဖုမြေဩဇာ ၁ ထုပ်နှင့် လူးနယ်ပါ။ တစ်ကျင်းကို တစ်စေ့ စိုက်ပါ။ စိုက်ပျိုးရာတွင် အနက် ၁ -၂ လက်မခန့်နှင့် တန်းကြား x ပင်ကြာ- ၁၂ လက်မ x ၆ လက်မ (သို့) ၁ ၅ လက်မ x ၄ လက်မ ထားစိုက်ပါ။ | မျိုးစေ့စိုက်ချိန်တွင် မြေတွင်း အစိုဓာတ်ရှိလုံလောက်စွာ ရရှိရန် အရေးကြီးသည်။<br>အစိုဓာတ်များလွန်းပါက အပင်ပေါက်ရန် အဟန့်အတားဖြစ်မည်။ |
| စိုက်ပြီး ၁-၂ ပတ် | စိုက်ပြီး ၆ - ၈ ရက်ကြာလျှင် အပင်များ အညှောင့်ပေါက်လာမည်။<br>**ပေါင်းရှင်းခြင်း** - အစာအာဟာရလုစားခြင်း၊ ပိုးနှင့်ရောဂါများ | မြေတွင်းအစိုဓာတ် လုံလောက်ပါစေ။ |

| | | |
|---|---|---|
| | ခိုအောင်း ခြင်း တို့မှ ကာကွယ်စေရန် ပေါင်းကိုလို အပ်သလို ရှင်းပါ။ အပင်ငယ်စဉ်တွင် ပေါင်းကင်းစင်စေရန်လိုအပ်သည်။ | |
| စိုက်ပြီး ၃ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်သလိုပေါင်းရှင်းပါ။<br>**ပိုးနှင့်ရောဂါနှိမ်နင်းခြင်း** - ပိုးနှင့်ရောဂါမှ ကြိုတင်ကာကွယ်ရန် အီးအမ် ၅ နှင့် တမာပိုးသတ်ဆေးကို အပတ်စဉ်တိုင်းဖျန်းပါ။ အကယ်၍ မနိုင်ပါက နောက်ဆုံးအနေဖြင့် ဓာတုနည်းဖြင့် နှိမ်နင်းပါ။<br>**ဖြည့်စွက်မြေဩဇာကျွေးခြင်း-** ကောမကဘီတာ ရွက်ဖျန်းအားဆေးက ၂- ကြိမ်ခန့် ပန်းပွင့်ချိန်ထိ ဖျန်းပါ။ ၄ဂါလံဆေးဖျန်းပုံး တစ်ပုံးလျှင် ၅၀စီစီနှုန်း (တစ်ဧကအတွက် ၂၅၀စီစီနှုန်း) ထည့်ဖြန်းပါ။ | မြေတွင်းအစိုဓာတ် မလုံလောက်ပါက ၂ ပတ် တစ်ကြိမ် ရေမြောင်းဖြင့် ရေသွင်းရန် လိုအပ်သည်။ |
| စိုက်ပြီး ၄-၆ ပတ် | **လိုအပ်ပါက ပေါင်းရှင်းပါ။**<br>**ပိုးမွှားရောဂါများကို ပုံမှန်နှိမ်နင်းပါ။**<br>**ဖြည့်စွက်မြေဩဇာကျွေးခြင်း** အတောင့်ဖြစ်ပေါ်မှု ကောင်းစေရန် တစ်ဧကလျှင် ကျောက်မှုန့်မြေဩဇာ ၇၆.၂၅ ပိဿာ ကို မြေပဲပင်ခြေတွင် ပန်းမပွင့်မီ ဖြူးပေးပါ။<br>**ရွက်ဖြန်းအားဆေးဖြန်းခြင်း** - အသီးအပွင့်အားကောင်းစေရန် ပန်းပွင့်ကာလတွင် ကောမက်အားကောင်း ရွက်ဖြန်းအားဆေးကို ၇ ရက်ခြားပြီးသုံးကြိမ်ခန့် ပက်ဖျန်းပါ။ ၄ဂါလံဆေးဖျန်းပုံး တစ်ပုံးလျှင် ၃၅ ဂရမ်နှုန်းဖြင့် (တစ်ဧကအတွက် ၁၇၅ ဂရမ်) ထည့်ဖြန်းပါ။<br>**မြေဆွမြေဖုံးခြင်း-**<br>ကျောက်မှုန့်ဖြူးပြီးနောက် မြေပဲမြောင်းကြားမှ မြေများကို ဘောင်ဖော်ခြင်းဖြင့် ကျောက်မှုန့်များကို ဖုံးအုပ်ပေးရန် လိုအပ်သည်။ | ကျောက်မှုန့်များပျော်ဝင်စေရန် ရေပေးပါ။ |
| စိုက်ပြီး ၇-၁၄ ပတ် | ပိုးမွှားရောဂါများကို ပုံမှန်နှိမ်နင်းပါ။ | အစိုဓာတ်လိုအပ်ပါက ၂ ပတ် တစ်ကြိမ် ရေပေးပါ။ |

**ပန်းပွင့်ချိန်မှ မြေပဲတောင့် ဖြစ်ပေါ်ပုံ အဆင့်ဆင့်**



ပန်းပွင့်



စွယ်ဆင်းနေပုံ



စွယ်အဆုံးတွင် မြေပဲတောင့် ဖြစ်ပေါ်ပုံ

| ရောဂါနှင့် ပိုးမွှားများ ကာကွယ်နှိမ်နင်းခြင်း | ဓာတုနည်း နှင့် ဩဂဲနစ်နည်း | |
|---|---|---|
| | **ဖော်ပြချက်** | **ကာကွယ်နှိမ်နင်းနည်း** |
| | • အရွက်များတွန့်လိမ်ကာ ပူးကပ်ခြင်း၊ (ပုံ-၁)<br>• သီးနှံသက်တမ်း တစ်လျှောက်တွင် ကျရောက်နိုင်သော ပိုးလောက်ကောင်သည် အရွက်အတွင်း ဝင်ရောက်စားခြင်း၊ (ပုံ-၂)<br>• အပင်များ ညှိုးခြောက်ကာ သေခြင်း၊ (ပုံ-၃)<br>• အနီရောင် စက်ဝိုင်းပုံများ (သို့) အညိုရောင်အစက်အပြောက်များ အရွက်ပေါ်တွင် တွေ့ရပြီး အောက်ကြွေကျ၊ (ပုံ-၄)<br>• အနီရောင် (သို့) အမဲရောင် အဖုကလေးများ အရွက်၏ အောက်မျက်နှာပြင်တွင် ဖြစ်ပေါ်ပြီး တဖြည်းဖြည်း အပင်သေသွားသည်၊ (ပုံ-၅)<br>• မှိုရောဂါသည် အပင်သက်တမ်း တစ်လျှောက်တွင် ဖြစ်စေသည်။ (ပုံ-၆) | • အဆီဖိတ်ပိုးသတ်ဆေး ဖျန်းနိုင်သည်။<br>• တမာပိုးသတ်ဆေး၊ အင်မီတာကလိုပစ် ဖျန်းပါ။<br>• မျိုးစေ့ကို အင်မီတာကလိုပရစ် (ဂေါ်ချို) ဖြင့် လူးနယ်စိုက်ပါ။ မြေဆွချိန်တွင် ထွန်ကြောင်းနက်နက်ထိုးပါ။<br>• ထရိုက်ခိုဒါးမားဖျော်ရည်လောင်းပါ။ သီးလှည့်စနစ် အသုံးပြုပါ။ မန်ကိုဇက် ၂ ပတ်ခြား ဖျန်းပါ။<br>• ရိတ်သိမ်းပြီးပါက အပင်အကြွင်းအကျန်များကို ရှင်းလင်းပါ။ မန်ကိုဇက် ၂ ပတ်ခြား ဖျန်းပါ။<br>• မျိုးစေ့လူးနယ်ဆေး သုံးပါ။ (သိုင်ရမ်မှိုဆေး) |



၁။ မြေပဲ ရွက်လိပ်ရွက်ကပ်ပိုး



၂။ ရွက်တွင်းပိုး




၃။ ဖိုးလမင်းကျိုင်း




၄။ ရွက်ပြောက်ရောဂါ



၅။ သံချေးရောဂါ



၆။ ပင်ရင်းပုတ်ရောဂါ

ရိတ်သိမ်းခူးဆွတ်ခြင်းနှင့် ရိတ်သိမ်းချိန်လွန်ကာလ

**မြေပဲတွင် ကျရောက်သော မှိုရောဂါ (Aflatoxins) ကို ကာကွယ်ခြင်း-** မြေပဲတွင် ကျရောက်သော မှိုအနက်မှုင်များသည် အလွန်အဆိပ်သင့်စေသည်။ မှိုအနက်အဖြစ် လက္ခဏာပြသော မည်သည့်မြေပဲကိုမဆို ဖယ်ရှားသင့်သည်။၎င်းမှိုမျိုးဖြစ်ပွားမှုကို လျော့ကျစေရန်-

- ရိတ်သိမ်းခါနီး ၄ ပတ်အလိုတွင် မြေကိုအလွန် မခြောက်ပါစေနှင့်။
- ရိတ်သိမ်းပြီးပါက အပင်ကိုဇောက်ထိုးထားပြီး အခြောက်လှန်းပါ။
  အခြောက်လှန်းပြီးပါက ဖြစ်နိုင်သမျှ စောစောအတောင့်ခြွေပါ။ ခြွေပြီးသော အတောင့်များကို ဖျာ (သို့) တာပေါ်လင်(မိုးကာ) ပေါ်တွင် နေလှန်းပါ။ လှန်းထားသောမြေပဲများကို တနေ့တကြိမ် အထက်အောက်လှန်ပါ။
- မှိုကျရောက်နေသော မြေပဲတောင့်များကို ဖယ်ရှားပါ။



မှိုတက်သော သီးတောင့်များ



အရည်အသွေးကောင်းသော မြေပဲများ (၃ရက်ခန့်နေလှန်းပြီး အခွံခွာထားပုံ။ မြေပဲရင့်မှည့်ပါက အခွံအတွင်းသားသည် အညိုရောင်(သို့) အမဲရောင် ရှိမည်။)

| | |
|---|---|
| တူးဖော်ခြင်း | မြေပဲအရွက်များ ၇၅ ရာခိုင်နှုန်းခန့် ဝါလာသောအခါ စတင်တူးဖော်နိုင်သည်။ |
| အရည်အသွေး လမ်းညွှန်များ | ညီညာသော မြေပဲစေ့များကို ရွေးချယ်ပါ။ ဈေးကောင်းရရန် အရောင်ပျက်နေသော မြေပဲစေ့များနှင့် ကွဲကြေနေသော မြေပဲစေ့များကို ဖယ်ရှားပါ။ |

## ဖူးစားပြောင်း (ကွင်းသီးနှံ) စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ

| | | |
|---|---|---|
| မျိုးရွေးချယ်ခြင်း | ဈေးကွက်ဝင်ပြီး အထွက်ကောင်းသောမျိုးကို ရွေးချယ်ပါ။ စပ်မျိုးများသည် အထွက်နှုန်း ကောင်းသော်လည်း မြေဩဇာနှင့်ရေလိုအပ်မှုများ သည်။ လက်ရှိစိုက်ပျိုးလျက်ရှိသောမျိုးများမှာ ပံ ရွှေ၊ ပံ ၇၅၊ ပံ ကာလာဖိုက်၊ ပံဖြူတို့ဖြစ်သည်။ |  |
| စိုက်ပျိုးရာသီ | ဖူးစားပြောင်းကို မိုးနှောင်းပိုင်း (အောက်တိုဘာ - နိုဝင်ဘာ) တွင် စိုက်သင့်သည်။ မြေတွင်းအစိုဓာတ် ကောင်းစွာကျန်နေသေးသဖြင့် အပင်ပေါက်နှုန်းနှင့် အပင်ပိုင်းကြီးထွားမှုကို သေချာစေသည်။ | |
| သီးနှံသက်တမ်း | မျိုးနှင့် ရာသီဥတုပေါ်မူတည်ကာ စိုက်ပြီးရက် ၇၀-၉၀ အတွင်း ခူးဆွတ်နိုင်သည်။ | |
| အထွက်နှုန်း | တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ ၁၇,၄၂၄ ဖူး ဖြစ်သည်။ | |
| **မျိုးစေ့နှုန်း** | ပံ ကာလာဖိုက် စိုက်ပါက တစ်ဧကအတွက် ၅၀၀-ဂရမ် အထုပ် ၉ ထုပ် မှ ၁၂ ထုပ် လိုအပ်သည်။<br>ပံ ရွှေစိုက်ပါက ၇ ထုပ်မှ ၈ ထုပ်သာ လိုအပ်သည်။ | |
| မြေနေရာ ရွေးချယ်ယ်ခြင်း | ဖူးစားပြောင်းသည် မြေအမျိုးမျိုးတွင်ဖြစ်ထွန်းနိုင်သော်လည်း ရေဝပ်ခြင်းကို မကြိုက်ပေ။ သဲနုန်းမြေသည် အသင့်တော်ဆုံးဖြစ်သည်။ | |
| **မြေချဉ်/ငန်ကိန်း** | ၅.၈ - ၆.၈ | |
| **ရေသွင်းခြင်း** | ဖူးစားပြောင်းကို ရေမြောင်းဖြင့်လည်းကောင်း၊အစက်ချစနစ်ဖြင့်လည်းကောင်း၊ ရေပေးနိုင်သည်။ အစက်ချစနစ်သည် လိုအပ်သောရေပမာဏကို တိတိကျကျ တွက်ချက်ပေးသွင်းနိုင်သည့်အတွက် အသင့်တော်ဆုံးဖြစ်သည်။ အပင်ငယ်များသည် အပင်ကြီးများနှင့်ယှဉ်လျှင် ရေလိုအပ်မှုနည်းသည်။ ဘောင်များပေါ်အပင်နစ်တန်းကြားတွင် အစက်ချစနစ် (သို့) ရေပန်းစနစ်ဖြင့် ရေပေးခြင်းသည် ရေနှင့် လုပ်အားလိုအပ်ချက်ကို လျှော့ချနိုင်ပါသည်။ ဘောင်များကြားတွင် ရေသွင်းခြင်းသည် ရေလိုအပ်မှုများ သဖြင့် ရေဆုံးရှုံးမှုများစေသည်။ အရွက်ရောဂါဖြစ်ပွားမှုကိုလည်း အားပေးသည်။<br>အပင်ငယ်စဉ်တွင် ရေလိုအပ်ချက်နည်းပြီး အပင်ကြီးလာသည်နှင့်အမျှ ရေလိုအပ်ချက် တဖြည်းဖြည်း များလာကာ ရင်မှည့်သည့်အဆင့်တွင် ရေလိုအပ်ချက်နည်းသွားမည်ဖြစ်သည်။ မြိတ်ဆာထွက်ချိန်တွင် ရေပြတ်ပါက မြိတ်ဆာများ ခြောက်သွေ့ပြီး အနံ့မှုဝတ်မှုန်များ ဆောလျင်စွာထုတ်လွှင့်ကာ ဝတ်မှုန် မကူးနိုင်သောကြောင့် အထွက်နှုန်း ကျဆင်းနိုင်သည်။ | |

| လုပ်ဆောင်ရမည့် အချိန်များ | **လုပ်ဆောင်ရမည့်လုပ်ငန်းများ** (မိမိ၏ ရေမြေဒေသ ကွာဟချက်ပေါ် မူတည်ပြီး ချိန်ဆလုပ်ကိုင်ရန်) | **ရေပေးခြင်း** |
|---|---|---|
| မစိုက်မီ တစ်လ | **မြေပြင်ခြင်း -** မြေကိုအနက် ၉-၁၂ လက်မရအောင် ထယ်ထိုးပါ။ လိုအပ်သောထယ်ရေးညက်ညက်ရအောင် ၃-၄ စပ်ထွန် မွှေပေးပါ။ | ထွန်ယက်ရ လွယ်ကူစေရန် မြေတွင်းအစိုဓာတ် လုံလောက်ပါစေ။ |
| မစိုက်မီ ၃ ပတ် | **ထုံးထည့်ခြင်း -** ၁ ဧက အတွက် ထုံးကို တစ်နှစ်လျှင် ၂၀ ၂၀၀ ပိဿာနှုန်းဖြင့် သုံးနှစ်ဆက်တိုက် ထည့်ပါ။<br>**ဘိုကာရှီမြေဆွေးပြုလုပ်ခြင်း ၊ ငါးအမိုင်နိုအက်ဆစ်ပြုလုပ်ခြင်း နှင့် အီးအမ် ၅ပြုလုပ်ခြင်း** - ကောင်းစွာဆွေးမြေ့စေရန် အပင်မစိုက်မီ ၃ပတ်အလိုတွင် ဘိုကာရှီမြေဆွေး၊ ငါးအမိုင်နိုအက်ဆစ်၊ အီးအမ် ၅ တို့ကို ပြင်ဆင်ပါ။ တစ်ဧကလျှင် ဘိုကာရှီမြေဆွေး ၄၀၀-၈၀၀ ပိဿာလိုအပ်သည်။(နောက်ဆက်တွဲတွင် ကြည့်ပါ။) | မြေတွင်းအစိုဓာတ် လုံလောက်ပါစေ။ |

| | | |
|---|---|---|
| မစိုက်မီ ၂ ပတ် | **စိုက်ဘောင်ပြင်ဆင်ခြင်း -** တစ်ဘောင်နှင့်တစ်ဘောင် ၁.၅ ပေခြားပြီး ဘောင် အကျယ် ၃ ပေ၊ အမြင့် ၈ လက်မ ဘောင်များပြုလုပ်ပါ။<br>ဘောင်တင်ခြင်း၏အကျိုးကျေးဇူးများ - (၁) ရေထုတ်ရန်၊ (၂) မြေတွင်း လေဝင်လေထွက် ကောင်းရန်၊ (၃) အမြစ်များ မြေတွင်း ထိုးဖောက်မှု လွယ်ကူစေရန်၊ (၄) ဘောင်ကြား ရေသွင်းနိုင်ရန်၊ (၅) မြေမှ အငွေ့ပျံခြင်းကို လျော့ကျနိုင်စေရန်။ | စိုက်ဘောင်ဆွဲရ လွယ်ကူစေရန် မြေတွင်းအစိုဓာတ် လုံလောက်ပါစေ။ |
| မစိုက်မီ ၁ ပတ် | **မြေခံမြေဩဇာထည့်ခြင်း -** ၁ ဧကအတွက် ၁၅း၁၅း၁၅ ကွန်ပေါင်း ၃၀ ပိဿာ နှင့် ဘိုကာရှီမြေဆွေး ၄၀၀-၈၀၀ ပိဿာကို စိုက်ဘောင်များပြင်ချိန်တွင် ဘောင်အတွင်းထည့်ပြီးနှံ့စပ်အောင် မွှေပေးပါ။ | မစိုက်မီ ၂ ရက်အလိုတွင် စိုက်ပျိုးရ လွယ်ကူစေရန် လိုအပ်လျှင် ဘောင်ကိုအစိုဓာတ်ရရှိအောင်ပြုလုပ်ပါ။ |
| စိုက်နည်းစနစ် | **တန်းကြား x ပင်ကြား စိုက်တန်းသတ်မှတ်ခြင်း -** တစ်ဘောင်အတွင်းတန်းကြား ၂ ပေ× ပင်ကြား ၁ ပေ ထားစိုက်ပါ။ အစွန်နှစ်ဖက်ကို ၆ လက်မချန်ပြီး စိုက်ပါ။ စိုက်တန်းတစ်လျှောက် ၁ ပေ အကွာ ဖိုခနောက်ဆိုင် စိုက်ပါ။<br>**မြေဖုံးပေးခြင်း -**<br>မျိုးစေ့ချပြီးပါက ပေါင်း၊ ရောဂါပျံ့နှံ့မှုနှင့် မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ရန်၊ မြေတွင်းအပူချိန် လျော့ကျစေရန် ကောက်ရိုးကို ၆ လက်မအထူ (သို့) ပလပ်စတစ်စဖြင့် ဘောင်ပေါ်တွင် ဖုံးပါ။ ကောက်ရိုးများကို အပင်ခြေနှင့်မထိစေရ။<br>**တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း- မျိုးစေ့ကို ၁/၄ လက်မ အနက်ထားပြီး တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးပါ။** | မျိုးစေ့စိုက်ချိန်တွင် မြေတွင်း အစိုဓာတ်လုံလောက်ပါက အပင်ပေါက်ကောင်းရန် အားပေးသည်။ |
| စိုက်ပြီး ၁ -၂ ပတ် | **အပင်မှန်းခြင်း နှင့် အပင်ဖာခြင်း -** စိုက်ကျင်းတစ်ကျင်းတွင် တစ်ပင်ထက်ပိုပေါက်နေပါက သန်မာသောအပင်တစ်ပင်သာ ထားပြီး အပင်မှန်းခြင်းပြုလုပ်ပါ။ လိုအပ်ပါက အပင်ဖာခြင်း ပြုလုပ်ပါ။ | တစ်ပတ်လျှင် ၃ ကြိမ် ရေသွင်းပါ။<br>(၃၆ ပပတ်လည်အတွက် ရေ ၄ လီတာဂန်းကျင် ရရှိအောင် ချိန်ဆပေးပါ။) |
| စိုက်ပြီး ၃-၄ ပတ် | **ပေါင်းရှင်းခြင်း -**<br>အစာအာဟာရလုစားခြင်း၊ ပိုးမွှားရောဂါများ ခိုအောင်းခြင်း တို့မှကာကွယ်စေရန် ပေါင်းကိုလိုအပ်သလိုရှင်းပါ။ အပင်ငယ်စဉ်တွင် ပေါင်း ကင်းစင်စေရန်လိုအပ်သည်။<br>**ပိုးနှင့်ရောဂါနှိမ်နင်းခြင်း -** ပိုးနှင့်ရောဂါ ကြိုတင်ကာကွယ်ရန် အီးအမ် ၅ (သို့) တမာပိုးသတ်ဆေးကိုအပတ်စဉ်ပက်ဖျန်းပါ။ အကယ်၍ မနိုင်ပါက နောက်ဆုံးအနေဖြင့် ဓာတုနည်းကိုသုံးပြီး နှိမ်နင်းပါ။<br>**ဖြည့်စွက်မြေဩဇာကျွေးခြင်း -**<br>စိုက်တန်းနှစ်တန်း၏ အလယ်တည့်တည့်တွင် ၂လက်မ အကျယ်၊ ၂ လက်မ အနက်ရှိသောမြောင်းကို တူးပါ။ ၁ ဧက အတွက် ပုလဲမြေဩဇာကို ၃၀ ပိဿာနှင့် ၉-၂၅-၂၅ ကွန်ပေါင်း မြေဩဇာ ၃၀ ပိဿာကို တူးထားသောမြောင်းတစ်လျှောက် ထည့်ပါ။ မြေပြန်ဖုံးပေးပြီး မြေခြောက်သွေ့ပါက ရေလောင်းပေးပါ။ ပလပ်စတစ်အုပ်ထားပါက တစ်ပင်နှင့်တစ်ပင်ကြားတွင် အပေါက်ဖောက်ပြီးထည့်ပါ။<br>**အစက်ချရေပေးစနစ်ကိုအသုံးပြုပါက မြေဩဇာများကို ရေဖျော်ပြီး အစက်ချပိုက်လိုင်းမှတဆင့် သွင်းရေနှင့်အတူ ထည့်သွင်း** | မြေဩဇာထည့်ပြီးပါက ၃ ရက် တစ်ကြိမ်ရေသွင်းပါ။<br>(၃ ပေပတ်လည်တွင် ရေ ၂၀ လီတာဂန်းကျင် ရရှိအောင် ချိန်ဆပေးပါ။) |

| | | |
|---|---|---|
| | **နိုင်သည်။** | |
| စိုက်ပြီး ၅ -၆ ပတ် | **ပေါင်းရှင်းခြင်း -** အစာအာဟာရလုစားခြင်း၊ ပိုးမွှားရောဂါများ ခိုအောင်းခြင်းတို့မှကာကွယ်စေရန် ပေါင်းကိုလိုအပ်သလိုရှင်းပါ။<br>**ပိုးနှင့်ရောဂါနှိမ်နင်းခြင်း** - အီးအမ် ၅ သို့မဟုတ် တမာပိုးသတ်ဆေးကို တစ်ပတ်ခြားဖြန်းပါ။ အီးအမ် ၅ ကို ပိုးနှင်ဆေးအနေဖြင့် ၃ရက်တစ်ကြိမ် ဖြန်းပါ။ သဘာဝပိုးသတ်ဆေးများဖြင့် မနိုင်မှသာ ဓာတုပိုးသတ်ဆေးကို နောက်ဆုံးရွေးချယ်စရာအနေဖြင့် သုံးသင့်သည်။ | ၃ ရက်တစ်ကြိမ် ရေသွင်း ပါ။<br>(၃ ပေပတ်လည်အတွက် ရေ ၂ဝ လီတာဝန်းကျင် ရရှိအောင် ချိန်ဆပေးပါ။ |
| စိုက်ပြီး ၇ -၁ဝ ပတ် | **ပေါင်းရှင်းခြင်း -** ပေါင်းကိုလိုအပ်သလိုရှင်းပါ။<br>**ပိုးနှင့်ရောဂါနှိမ်နင်းခြင်း** - အီးအမ် ၅ သို့မဟုတ် တမာပိုးသတ်ဆေးကို တစ်ပတ်ခြားဖြန်းပါ။ အီးအမ် ၅ ကို ပိုးနှင်ဆေးအနေဖြင့် ၃ ရက်တစ်ကြိမ် ဖြန်းပါ။ သဘာဝ ပိုးသတ်ဆေးများဖြင့် မနိုင်မှသာ ဓာတုပိုးသတ်ဆေးကို နောက်ဆုံးရွေးချယ်စရာအနေဖြင့် သုံးသင့်သည်။ | ၃ ရက်တစ်ကြိမ် ရေသွင်း ပါ။<br>(၃ ပေပတ်လည်အတွက် ရေ ၆ဝ လီတာဝန်းကျင် ရရှိအောင် ချိန်ဆပေးပါ။ |
| စိုက်ပြီး ၁၁ ပတ် | ပျမ်းမျှသက်တမ်း ၁၁ ပတ်တွင်း ချူးဆွတ်နိုင်သည်။ | ရိတ်သိမ်းချိန် နီးကပ်လာသည်နှင့် အမျှ ရေကို ၃ပေပတ်လည်လျှင် ၂၅လီတာနှုန်းခန့်သာရအောင်း |


ပြောင်းအမပွင့် (မြိတ်ဆာ)


ပြောင်းအဖိုပွင့်(အန့်)


ဘောင်များပေါ်တွင် ဖိုခနောက်ဆိုင် စိုက်ထားပုံ

<table>
<tr>
<td>ရောဂါနှင့် ပိုးမွှားများ ကာကွယ်နှိမ်နင်းခြင်း</td>
<td>
ပိုးမွှားနှင့်ရောဂါ လက္ခဏာများကို ပုံမှန်စစ်ဆေးပါ။ အရွက်အောက်မျက်နှာပြင်ရော အပေါ်မျက်နှာပြင်ပါ စစ်ဆေးပါ။<br><br>
သဘာဝပိုးသတ်ဆေးနှင့် ဓာတုပိုးသတ်ဆေးများ ရွေးချယ်သုံးစွဲခြင်း<br><br>
<table>
<tr><th>ဖော်ပြချက်</th><th>ကာကွယ်နှိမ်နင်းနည်း</th></tr>
<tr>
<td>• အောက်ရွက်များပေါ်တွင်အဝါစက်များပေါ်လာ၍ တဖြည်းဖြည်း ခြောက်လာပြီး အပေါ်ရွက်များဆီသို့ ကူးစက်ကာ တပင်လုံးဝါလာခြင်း၊ (ပုံ-၁)<br>• ပင်စည်ပုတ်ပြီးသေခြင်း၊ (ပုံ-၂)<br>• ငမြောင်တောင်ပိုးများကျရောက်ခြင်း၊ (ပုံ-၃)</td>
<td>• ရောဂါရ အရွက်များကို ဖယ်ရှားပါ။ ကာဗင်းဒါဇင်ဖျန်းပါ။ ဟက်ဇာကိုနာဇော ဖျန်းပါ။ သီးလှည့်စိုက်ပါ။<br>• ရောဂါရအပင်များကို ဖယ်ရှားပါ။ သီးလှည့်စိုက်ပါ။<br>• ပရီဗာသွန်၊ ဘီတီ၊ သိုင်ယာမီသောက်စီ၊ အလန်းစသည့်ဆေးများဖျန်းပါ။</td>
</tr>
</table>
</td>
</tr>
</table>



၁။ ရွက်ခြောက်ရောဂါ



၂။ ပင်စည်ပုတ်ရောဂါ



၃။ ငမြောင်တောင်ပိုး

| | |
|---|---|
| ရိတ်သိမ်းခြင်း | ပျမ်းမျှသက်တမ်း ၁၁ ပတ်တွင်ခူးဆွတ်နိုင်သည်။<br>**မြိတ်ဆာများ**ခြောက်လာပါကလည်း စတင်ခူးဆွတ်နိုင်ပြီဖြစ်သည်။ |
| အရည်အသွေး လမ်းညွှန်ချက်များ | အစေ့အဆံပြည့်စေရန် မြိတ်ဆာထွက်ချိန်တွင် ရေလုံလောက်စွာရရှိရန် အရေးကြီးသည်။ |

## ငရုတ် (ကွင်းသီးနံ့) စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ

| | |
|---|---|
| **မျိုးရွေးချယ်ခြင်း** | ဈေးကွက်ဝင်သောမျိုးကိုစိုက်ပါ။ အကယ်၍ စပ်မျိုးကိုသုံးလျှင် မျိုးတစ်မျိုးခြင်းစီအလိုက် ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိမှုကို ကြိုတင် လေ့လာသင့်သည်။ အဓိက စိုက်ပျိုးလျက်ရှိသော မျိုး ၂ မျိုး၏ ယေဘုယျလက္ခဏာများကို အောက်တွင် ဖော်ပြထားသည်။ ဒေသမျိုးများသည်လည်း စားသုံးသူများ ကြိုက်နှစ်သက်မှုရှိသဖြင့် ရွေးချယ်စိုက်ပျိုးသင့်သည်။ <br>**တွန်ကလာ (၆၉၂) မျိုး**<br>အပင်သန်မာပြီး အပင်အုံကြီးသည်။ အသီးမှာ ကျောက်စိမ်းရောင်ရှိသည်။ မိုးထောင်သီးသည့် အမျိုးအစားဖြစ်သည်။ အသီးထွက်နှုန်းမြင့်မားပြီး အရသာမှာ အလွန်စပ်သည်။ ပင်ညိုးရောဂါဒဏ်ခံနိုင်ရည် မရှိပေ။ ရေလိုအပ်ချက်များသည်။<br>**ဒီမွန်မျိုး**<br>တွန်ကလာနှင့်နှိုင်းယှဉ်လျှင် အပင်ပုသည်။ အသီးမှာ အစိမ်းပျော့ရောင်ရှိသည်။ မိုးထောင်သီးသည့် အမျိုးအစားဖြစ်သည်။ အသီးထွက် မြင့်မားသည်။ အစပ်မျိုးဖြစ်သည်။ ပင်ညိုးရောဂါဒဏ်ကို ခံနိုင်ရည်ရှိသည်။ တွန်ကလာနှင့်နှိုင်းယှဉ်လျှင် ရေလိုအပ်မှုနည်းသည်။ |
| ကြိုက်နှစ်သက်သော ရာသီဥတု | ငရုတ်သည် ခြောက်သွေ့သောရာသီတွင် အသီးအားကောင်းပြီး ရောဂါကျရောက်မှုနည်းပါးသည်။<br>မြေပြန့်ဒေသများတွင် တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်သော်လည်း ပူလွန်းသောကာလများတွင် စိုက်ပါက ရေရရှိရန်သေချာမှသာ စိုက်ပျိုးသင့်သည်။ |
| သီးနှံသက်တမ်း | တွန်ကလာ(၆၉၂)မျိုးနှင့် ဒီမွန်မျိုးကို စိုက်ပါက ရွှေ့စိုက်ပြီး ၅၀-၅၅ ရက်သားခန့်တွင် ပထမအကြိမ် စတင်ခူးဆွတ်နိုင်သည်။<br>စိုက်ပျိုးမြေ၏ မြေဆီလွှာထက်သန်မှုပေါ် မူတည်ကာ ရွှေ့ပြောင်းစိုက်ပြီး အပင်သက်တမ်း ၅-၆ လအထိ ခူးဆွတ်ချိန်ကြာမြင့်သည်။ |
| အထွက်နှုန်း (ခန့်မှန်း) | တွန်ကလာ(၆၉၂)မျိုးနှင့် ဒီမွန်မျိုးကို စိုက်ပါက တစ်ဧကတွင် ၅,၀၀၈-ပင်ဝင်ဆန့်ပြီး တစ်ပင်လျှင် ၆၀-ကျပ်သားနှုန်းထွက်ပါက တစ်ဧက အထွက်နှုန်း ၃,၄၈၅ ပိဿာထွက်ရှိမည်ဖြစ်သည်။ မြေဆီသြဇာထက်သန်သောမြေတွင်စိုက်ပါက ဤအထွက်နှုန်းထက်ပိုနိုင်သည်။ ဒေသမျိုးကို စိုက်ပါက တစ်ဧကလျှင် ၁၁၆၁၆ ပင် ဝင်ဆန့်ပြီး ၁၇၄၂ ပိဿာ (တစ်ပင်လျှင် ၁၅ ကျပ်သားနှုန်း) ထွက်ရှိနိုင်သည်။ မြေကောင်းပါက ထိုထက်ပိုထွက်နိုင်သည်။ |
| မြေချဉ်/ငန်ကိန်း | ငရုတ်သည် မြေချဉ်ငန်ကိန်း ၅.၀-၅.၇ အတွင်း ကောင်းစွာဖြစ်ထွန်းနိုင်သည်။ |
| မျိုးစေ့ နှင့် အပင်ဦးရေ | တွန်ကလာ (၆၉၂) မျိုးနှင့် ဒီမွန်မျိုးကို စိုက်ပါက တစ်ဧကလျှင် မျိုးစေ့ ၅-ဂရမ်ထုပ် ၅ ထုပ် ကုန်ကျမည်ဖြစ်သည်။ ဒေသမျိုးကိုစိုက်ပါက တစ်ဧကလျှင် မျိုးစေ့ ၅ ကျပ်သားခန့် လိုမည်ဖြစ်သည်။ |
| နေရာရွေးချယ်ခြင်း | ငရုတ်သည် မြေအမျိုးမျိုးတွင်ဖြစ်ထွန်းနိုင်သေည်လည်း ရေဝပ်ဒဏ် မခံနိုင်ပါ ။<br>ရေစီးရေလာကောင်းသော သဲနှုန်းမြေသည် အကောင်းဆုံးဖြစ်သည်။ |
| **ရေသွင်းခြင်း** | ငရုတ်ကို ရေမြောင်းဖြင့်လည်းကောင်း၊ အစက်ချစနစ်ဖြင့်လည်းကောင်း၊ ရေပန်းစနစ်ဖြင့်လည်ကောင်း၊ ထမ်းပိုးလောင်းစနစ်ဖြင့်လည်းကောင်း ရေပေးနိုင်သည်။ ရေဖျန်းစနစ်သုံးပါက ပိုမိုဈေးသက်သာသော အပေါက်ငယ်များပါဝင်သည့် ရေဖျန်းစနစ်များ ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။ ၎င်းရေဖျန်းစနစ်သည် ပိုက်လိုင်းတစ်လျှောက်တွင် ရေထွက်ရန် အပေါက်ငယ်များစွာ ပါဝင်ပြီး ရေပမာဏကိုလည်း စိုက်တန်းနှစ်တန်းကြား အပင်ခြေအနီးတွင်သာ လိုသလောက်ကျအောင် ထိန်းညှိနိုင်သည်။ ဈေးနှုန်းသက်သာသော ရေဖျန်းစနစ်သုံးပစ္စည်းများကို မြန်မာနိုင်ငံတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။ |

<table>
<tr><td></td><td colspan="2">အပင်ငယ်များသည်အပင်ကြီးများနှင့်ယှဉ်လျှင် ရေလိုအပ်မှုနည်းသည်။ ဘောင်များပေါ် အပင်နှစ်တန်းကြားတွင် အစက်ချစနစ်(သို့) ရေပန်းကရားစနစ်ဖြင့် ရေပေးခြင်းသည် ရေနှင့် လုပ်အားလိုအပ်ချက်ကို လျှော့ချနိုင်ပါသည်။ ဘောင်များကြားတွင် ရေသွင်းခြင်းသည် ရေလိုအပ်မှုများစေပြီး ရေဆုံးရှုံးမှုများစေသည်။ အရွက်ရောဂါဖြစ်ပွားမှုကိုအားပေးသည်။<br>အပင်စစိုက်ပြီးချိန်မှ အသီးတင်ပြီး အသီးကြီးထွားသည်အထိ ရေကို တဖြည်းဖြည်း တိုးပေးသွားရန်လိုသည်။</td></tr>
<tr><th>လုပ်ငန်းဆောင်ရွက်ရမည့် အချိန်များ</th><th>လုပ်ဆောင်ရမည့်လုပ်ငန်းများ (မိမိ၏ ရေမြေဒေသ ကွာဟချက်ပေါ် မူတည်ပြီး ချိန်ဆလုပ်ကိုင်ရန်)</th><th>ရေပေးခြင်း</th></tr>
<tr><td>မစိုက်မီ ၁ လ</td><td>မြေပြင်ခြင်း - ငရုတ်ပင်တွင် သန်မာသောရေသောက်မြစ်ရှိသဖြင့် မြေကိုအနက် ၁၂ ၁၂ လက်မရအောင် ထယ်ထိုးပါ။ လိုအပ်သောထယ်ရေးညက်ညက်ရအောင် ၃-၄ စပ်ထွန် မွှေပေးပါ။</td><td>မြေတွင်း အစိုဓာတ် လုံလောက်ပါကထွန်ယက်ရ လွယ်ကူစေသည်။</td></tr>
<tr><td>မစိုက်မီ ၃ ပတ်</td><td>ထုံးထည့်ခြင်း - ၁ ဧက အတွက် ထုံးကို တစ်နှစ်လျှင် ၂၀၀ ပိဿာနှုန်းဖြင့် သုံးနှစ်ဆက်တိုက် ထည့်ပါ။<br>ဘိုကာရှိမြေဆွေးပြုလုပ်ခြင်း ၊ ငါးအမိုင်နိုအက်ဆစ်ပြုလုပ်ခြင်း နှင့် အီးအမ် ၅ - ကောင်းစွာဆွေးမြေ့စေရန် အပင်မစိုက်မီ ၃ပတ်အလိုတွင် ဘိုကာရှိမြေဆွေး(၄၀၀-၈၀၀ ပိဿာ/ဧက) ငါးအမိုင်နိုအက်ဆစ်၊ အီးအမ် ၅ တို့ကို ပြင်ဆင်ပါ။ (နောက်ဆက်တွဲတွင် ကြည့်ပါ။)<br>ပျိုးထောင်ခြင်း - အပေါက် ၁၀၅ ပေါက်ပါသော ပျိုးဗန်း(သို့) ပျိုးအိတ်ကို အသုံးပြုပါ။ ပျိုးမြေအဖြစ် ရိုးရိုးမြေ ၊ နွားချေးဆွေး နှင့် ဖွဲပြာ တို့ကို ဆတူရောစပ်ပြီး အသုံးပြု နိုင်ပါသည်။ (နောက်ဆက်တွဲတွင် ကြည့်ပါ)။ တစ်ပေါက်ကို တစ်စေ့ စိုက်ပါ။ ဒေသမျိုးများစိုက်ပါက အပင်များစွာ လိုအပ်မည်ဖြစ်သဖြင့် ပျိုးဘမ်းကုန်ကျစရိတ်ကို ချွေတာရန် ပျိုးဘောင်ဖြင့် ပျိုးထောင်စိုက်ပျိုးနိုင်သည်။ ပျိုးသက် ၂၅-၃၀ ရက်တွင် ရွှေ့စိုက်ပါ။</td><td>ပျိုးပင်ငယ်များကို နံနက်တိုင်း ရေဝအောင် လောင်းပေးပါ။</td></tr>
<tr><td>မစိုက်မီ ၁ ပတ်</td><td>စိုက်ဘောင်ပြင်ဆင်ခြင်း - တစ်ဘောင်နှင့်တစ်ဘောင် ၂ ပေ ပေခြားပြီး ဘောင် အကျယ် ၃ပေ ၊ အမြင့် ၈ လက်မ ဘောင်များပြုလုပ်ပါ။<br>ဘောင်မြင့်ပြုလုပ်ခြင်း ၏အကျိုးကျေးဇူးများမှာ(၁) ရေသွင်း ရေထုတ် ကောင်းမွန်ခြင်း (၂) မြေတွင်း လေဝင် လေထွက်ကောင်းမွန်ခြင်း (၃) အမြစ်များ မြေတွင်းသို့ ထိုးဖောက်မှု ပိုမိုကောင်းမွန်ခြင်း (၄) ဘောင်များကြား ရေသွင်းနိုင်ခြင်း (၅) မြေဌွေပုံ့မှု လျော့ကျစေခြင်း နှင့် (၆) မြေတွင် ဩဂဲနစ်ပစ္စည်း မြင့်မားလာခြင်းတို့ဖြစ်သည်။<br>တန်းကြား x ပင်ကြား သတ်မှတ်ခြင်း - တစ်ဘောင်အတွင်း တန်းကြား၂ ပေ × ပင်ကြား ၃ ပေ ထားစိုက်ပါ။ အစွန်နှစ်ဖက်ကို ၆ လက်မချန်ပြီး စိုက်ပါ။ စိုက်တန်းတစ်လျှောက် ၃ ပေ(ဒေသမျိုးများအတွက် ၁.၅ ပေ) အကွာ ဖိုခနောက်ဆိုင် စိုက်ပါ။<br>မြေခံမြေဩဇာထည့်ခြင်း - ၁ ဧကအတွက် ၁၅း၁၅း၁၅ ကွန်ပေါင်း ၄၅ ပိဿာ နှင့် ဘိုကာရှိမြေဆွေး ၄၀၀-၈၀၀ ပိဿာ ကို စိုက်ဘောင်များပြင်ချိန်တွင် ဘောင်အတွင်းထည့်ပြီး နှံ့စပ်အောင် မွှေပေးပါ။</td><td>မစိုက်မီ ၂ ရက်အလိုတွင် ကျင်းတူးရလွယ်ကူစေရန်နှင့် အပင်ငယ်များ ရွှေ့ပြောင်း စိုက်ပျိုးရ လွယ်ကူစေရန် လိုအပ်လျှင် ဘောင်ကို အစိုဓာတ်ရရှိအောင်ပြုလုပ်ပါ။</td></tr>
</table>

| | | |
|---|---|---|
| | **စိုက်ကျင်းတူးခြင်း** - ၆ လက်မပတ်လည်အကျယ် ၆ လက်မအနက် ရအောင် ကျင်းတူးပါ။ မစိုက်မီ ၂ ရက်အလိုတွင် ထရိုင်ကို ဒါးမားဖျော်ရည် (၇ ဂရမ် နှင့် ရေ ၁ ဝ လီတာ) ကို တစ်ပင်လျှင် နို့ဆီဘူးဝက်ခန့်လောင်းထည့်ပါ။ ၁ ဧကအ တွက် ထရိုင်ကိုဒါးမား ၁၅ဝ ဂရမ် အထုပ် ၃ ထုပ် ကုန်ကျမည်။<br>**မြေဖုံးပေးခြင်း** -<br>ပေါင်း၊ ရောဂါပျံ့နှံ့မှုနှင့် မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ရန်၊ မြေတွင်းအပူချိန် လျော့ကျစေရန်၊ ပေါင်းကာကွယ်စေရန် ကောက်ရိုးကို ၆ လ က်မအထူ (သို့) ပလပ်စတစ်စဖြင့် ဘောင်ပေါ်တွင်ဖုံးပါ။ ကောက်ရိုးများကို အပင်ခြေနှင့်မထိစေရ။ | |
| **စိုက်နည်းစနစ်** | **ရွှေ့ပြောင်းစိုက်ပျိုးခြင်း** - ကျန်းမာသန်စွမ်းသောပျိုးပင်များကို စိုက်ကျင်းတစ်ကျင်းတွင် တစ်ပင်နှုန်းဖြင့် စိုက်ပျိုးပါ။ မြေလုံးမကွဲစေရန် ဂရုစိုက် စိုက်ပျိုးပါ။<br>**တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း** - တိုက်ရိုက်မစိုက်ပျိုးသင့်ပါ။ | ပြောင်းရွှေ့စိုက်ပြီးပြီးချင်း အပင်များကို ရေလောင်းပါ။ |
| **ရွှေ့စိုက်ပြီး ၁ ပတ်** | **အပင်မှန်းခြင်း နှင့် အပင်ဖာခြင်း** - **အကယ်၍** ပျိုးအိတ်တစ်အိတ်တွင် တစ်စေ့ထက်ပိုပြီး စိုက်ပျိုးထားမိပါကတစ်ကျင်းတွင် သန်မာသောအပင်တစ်ပင်သာရှိစေရန်အပင်မှန်းခြင်းပြုလုပ်ပါ။ လိုအပ်ပါက အပင်ဖာခြင်း ပြုလုပ်ပါ။ | **တစ်ရက်ခြားတစ်ကြိမ်** တစ်ပင်လျှင် ရေ ၁ လီတာ ခန့်လောင်းပါ။ |
| **ရွှေ့စိုက်ပြီး ၂ ပတ်** | **ဘေးတက်ဖဲ့ခြင်း ခေါင်နှိမ်ခြင်း ပြုလုပ်ရန်မလိုပါ။** ဝှသီးများသည် အပင်အားယုတ်စေသောကြောင့် ခူးဆွတ်ဖယ်ရှားပါ။<br>**ပေါင်းရှင်းခြင်း** - အစာအဟာရလုစားခြင်း၊ ပိုးမွှားရောဂါများ ခိုအောင်းခြင်း တို့မှကာကွယ်စေရန် ပေါင်းကိုလိုအပ်သလိုရှင်းပါ။ အပင်ငယ်စဉ်တွင် ပေါင်း ကင်းစင်စေရန်လိုအပ်သည်။<br>**ပိုးနှင့်ရောဂါနှိမ်နင်းခြင်း** - ပိုးနှင့်ရောဂါ ကြိုတင်ကာကွယ်ရန် အီးအမ် ၅ (သို့) တမာပိုးသတ်ဆေးကို အပတ်စဉ် ပက်ဖျန်းပါ။ အကယ်၍ မနိုင်ပါက နောက်ဆုံး အနေဖြင့် ဓာတုနည်းကိုသုံးပြီး နှိမ်နင်းပါ။ | နှစ်ရက်ခြားတစ်ကြိမ် တစ်ပင်လျှင် ရေ ၂ လီတာခန့် လောင်းပါ။ |
| **ရွှေ့စိုက်ပြီး ၃ ပတ်** | **လိုအပ်သလို ပေါင်းရှင်းပါ။ လက်ပေါင်းလိုက်ပါက ပိုကောင်းသည်။** | နှစ်ရက်ခြားတစ်ကြိမ် တစ်ပင်လျှင် ရေ ၂ လီတာခန့် လောင်းပါ။ |
| ရွှေ့စိုက်ပြီး ၄ ပတ် | **လိုအပ်သလို ပေါင်းရှင်းပါ။ လက်ပေါင်းလိုက်ပါက ပိုကောင်းသည်။**<br>**ဖြည့်စွက်မြေဩဇာကျွေးခြင်း** - အပင်ခြေမှ ၆ လက်မ အကွာတွင် ၂ လက်မ အကျယ်၊ ၂ လက်မအနက်ရှိသောမြောင်းကို စိုက်တန်း တစ်လျှောက်တူးပါ။ ၁၅း၁၅း၁၅ ကွန်ပေါင်းမြေဩဇာကို တစ်ဧကလျှင် ၄၅ ပိဿာ နှုန်းဖြင့် တူးထားသောမြောင်းတစ်လျှောက်ထည့်ပါ။ မြေပြန်ဖုံးပေးပြီး မြေခြောက်သွေ့ပါက ရေလောင်းပေးပါ။ ပိုတက်ဆီယမ်နိုက်ထရိတ်ကို ရေ ၄ ဂါလံဝင် ဆေးဖျန်းပုံးတစ်ပုံးတွင် ၁ဝ ကျပ်သားနှုန်းဖြင့် ဖျော်စပ်ပြီး နံနက်ပိုင်းတွင် အရွက်များပေါ်သို့ ရွဲရွဲဖျန်းပါ။ တစ်ဧကလျှင် ၅ ပုံးစာအတွက် ပိုတက်ဆီယမ်နိုက်ထရိတ် ၅ဝ ကျပ်သား ကုန်ကျမည်။ | ၄ ရက်ခြား တစ်ကြိမ် တစ်ပင်လျှင် ၅လီတာနှုန်းရအောင်ပေးပါ ရေပုံမှန် ပေးသွင်းပါ။ |
| ရွှေ့စိုက်ပြီး ၅-၇ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>**ဖြည့်စွက်မြေဩဇာကျွေးခြင်း** - ပိုတက်ဆီယမ်နိုက်ထရိတ်ကို ရေ ၄ ဂါလံဝင်ဆေးဖျန်းပုံးတစ်ပုံးတွင် ၁ဝ ကျပ်သားနှုန်းဖြင့် ဖျော်စပ်ပြီး နံနက်ပိုင်းတွင် အရွက်များပေါ်သို့ ရွဲရွဲဖျန်းပါ။ တစ်ဧကလျှင် ၅ ပုံးစာအတွက် ပိုတက်ဆီယမ်နိုက်ထရိတ် ၅ဝ ကျပ်သား | ၄ ရက်ခြားတစ်ကြိမ် တစ်ပင်လျှင် ၇လီတာနှုန်း ရေပုံမှန် ပေးသွင်းပါ။<br>(မြေအစိုဓာတ် စမ်းသပ်နည်း လမ်းညွှန်ကို ယခုစာအုပ် နောက် |

<table>
<tr><td></td><td>ကုန်ကျမည်။<br>ကယ်လစီယမ် နိုက်ထရိတ်ကို ၁ ကေလျှင် ၃၀ပိသာနှုန်းဖြင့် တူးထားသောမြောင်းတစ်လျှောက် ထည့်ပါ။ မြေပြန်ဖုံးပေးပြီး မြေခြောက်သွေ့ပါက ရေလောင်းပေးပါ။</td><td>ကျောဘက်တွင် ဖော်ပြထားသည်။)</td></tr>
<tr><td>ရွှေ့စိုက်ပြီး ၈-၁၀ ပတ်</td><td>ပေါင်းရှင်းခြင်း - လိုအပ်လျှင် လက်ပေါင်းလိုက် ခြင်းပြုလုပ်ပါ။<br>ဖြည့်စွက်မြေသြဇာကျွေးခြင်း - ပိုတက်ဆီယမ်နိုက်ထရိတ်ကို ရေ ၄ ဂါလံဝင်ဆေးဖျန်းပုံး တစ်ပုံးတွင် ၁၀ ကျပ်သားနှုန်းဖြင့် ဖျော်စပ်ပြီး နံနက်ပိုင်းတွင်အရွက်များပေါ်သို့ ရွဲရွဲဖျန်းပါ။ တစ်ကေလျှင် ၅ ပုံးစာအတွက် ပိုတက်ဆီယမ်နိုက်ထရိတ် ၅၀ ကျပ်သား ကုန်ကျမည်။</td><td>၄ ရက်ခြားတစ်ကြိမ် တစ်ပင်လျှင် ၉ လီတာနှုန်း ရအောင် ရေပုံမှန် ပေးသွင်းပါ။ (မြေအစိုဓာတ် စမ်းသပ်နည်းလမ်းညွှန်ကို ယခုစာအုပ် နောက်ကျောဘက်တွင် ဖော်ပြထားသည်။)</td></tr>
<tr><td>ရွှေ့စိုက်ပြီး ၁၁ ပတ်</td><td>ဖြည့်စွက်မြေသြဇာကျွေးခြင်း -<br>စိုက်တန်းနှစ်တန်း၏ အလယ်တည့်တည့်တွင် ၂ လက်မ အကျယ်၊ ၂ လက်မအနက်ရှိသောမြောင်းကို တူးပါ။ ၁၅း၁ ၅း၁၅ ကွန်ပေါင်းမြေသြဇာကို တစ်ကေလျှင် ၃၀ ပိသာ နှုန်းဖြင့် တူးထားသောမြောင်းတစ်လျှောက် ထည့်ပါ။ မြေပြန်ဖုံးပေးပြီး မြေခြောက်သွေ့ပါက ရေလောင်းပေးပါ။</td><td>မြေသြဇာကျွေးပြီးတိုင်း ရေသွင်းရန်လိုအပ်သည်။ ၄ ရက်ခြားတစ်ကြိမ် တစ်ပင်လျှင် ၉လီတာနှုန်း ရအောင် ရေပုံမှန် ပေးသွင်းပါ။<br>(မြေအစိုဓာတ်စမ်းသပ်နည်းလမ်းညွှန်ကို ယခုစာအုပ် နောက်ကျောဘက်တွင် ဖော်ပြထားသည်။)</td></tr>
<tr><td>ရွှေ့စိုက်ပြီး ၁၂ ပတ်- ၁၅ ပတ်</td><td>ကယ်လစီယမ် နိုက်ထရိတ်ကို ၁ ကေလျှင် ၃၀ ပိသာ နှုန်းဖြင့် စိုက်မြောင်းတလျှောက်ထည့်ပါ။</td><td>မြေသြဇာကျွေးပြီးတိုင်း ရေသွင်းရန်လိုအပ်သည်။ ၄ ရက်ခြားတစ်ကြိမ် တစ်ပင်လျှင် ၉လီတာနှုန်း ရအောင် ရေပုံမှန် ပေးသွင်းပါ။<br>(မြေအစိုဓာတ်စမ်းသပ်နည်းလမ်းညွှန်ကို ယခုစာအုပ် နောက်ကျောဘက်တွင် ဖော်ပြထားသည်။)</td></tr>
<tr><td>ရောဂါနှင့် ပိုးမွှားများ ကာကွယ်နှိမ်နင်းခြင်း</td><td colspan="2">ဓာတုနည်း နှင့် သြဂဲနစ်နည်း<br><table>
<tr><th>ဖော်ပြချက်</th><th>ကာကွယ်နှိမ်နင်းနည်း</th></tr>
<tr><td>• စုပ်စားပိုး (လှေး၊ ပျ၊ ယင်ဖြူ)၊ ပုံ-၁)<br>• သီးလုံးဖောက်ပိုး၊ (ပုံ-၂)</td><td>• အီမီဒါကလိုပရစ် ၇၀ WP ၊<br>• တမာပိုးသတ်ဆေး(သို့) အီးအမ် ၅ ကြိုတင်ဖျန်းပါ။ ဆေးအမည်- အလန်း ဖျန်းပါ။ (ဆေးညွှန်းကို သေချာစွာလိုက်နာပါ။)</td></tr>
<tr><td>• မှဲ့ပျောက်စွန်းရောဂါ၊ (ပုံ-၃)<br>• ရုတ်တရက်အပင်ညှိုးခြင်း၊ ရေလောင်းပြီး နောက်ပိုင်းဆက်ညှိုးနေခြင်း၊ (ပုံ-၄)</td><td>• ဆေးအမည် - ယူနတီ ဖျန်းပါ။<br>• သီးလှည့် စိုက်ရန်နှင့်အပင်နုတ်မီးရှို့ရန်။<br>• ဆေးအမည်-ဒီမက် လာဘီလိုက်</td></tr>
</table></td></tr>
</table>



၁။ ပျ



၂။ သီးလုံးဖောက်ပိုး ဖျက်ဆီးထားပုံ



၃။ မှဲ့ပျောက်စွန်းရောဂါ



၄။ ပင်ညှိုးရောဂါ

| | |
|---|---|
| **ခူးဆွတ်ခြင်း** | ဈေးကွက်ပေါ်မူတည်ပြီး အစိမ်းသို့မဟုတ် အမှည့် ခူးဆွတ်နိုင်သည်။ ၁ ပတ် ၁ ကြိမ်ခန့် ခူးဆွတ်နိုင်သည်။ |
| **အရည်အသွေး လမ်းညွှန်များ** | နိုက်ထရိုဂျင်ထည့်သွင်းမှုနောက်ကျလျှင် အပင်သက်တမ်းပိုရှည်သည်။ အသီးရင့်မှည့်ချိန် ရေပေးသွင်းမှုများလျှင် အသီးပုပ်တတ်သည်။ |

## ကြက်သွန်နီ (ကွင်းသီးနံ့) စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ



| | |
|---|---|
| မျိုးရွေးချယ်ခြင်း | စျေးကွက်ဝင်သောမျိုး၊ ရောဂါဒဏ် ခံနိုင်သောမျိုးကို ရွေးချယ်ပါ။<br>အရည်အသွေးကောင်းသော ဒေသမျိုးကောင်းများကို စိုက်ပျိုးမှု များသည်။ (ဥပမာ - ရွှေဖလား ဒေသမျိုး၊ ဘောင်စောက် ဒေသမျိုး၊ အိန္ဒိယ စပ်မျိုး Nasik red F-1) |
| ကြိုက်နှစ်သက်သော ရာသီဥတု | မိုးနှောင်းမှ ဆောင်ဦးရာသီတွင် စိုက်ရန် ကောင်းသည် ။ စက်တင်ဘာလမှ ဒီဇင်ဘာလ ထိ စိုက်နိုင်သည်။ နှုတ်သိမ်းချိန် ခြောက်သွေ့လျှင် ပိုအဆင်ပြေသည်။ |
| သီးနှံသက်တမ်း | ရွှေ့ပြောင်းစိုက်ပျိုးပြီး ၉၀ - ၁၅၀ ရက် |
| အထွက်နှုန်း (ခန့်မှန်း) | ပျမ်းမျှအထွက် ၃၅၀၀ ပိဿာ/ ဧက |
| မျိုးစေ့ နှင့် အပင် ဦးရေ | နို့ဆီ ၂၀ ဗူး/ဧက (၂ ပြည်ခွဲ) |
| နေရာရွေးချယ်ခြင်း | မြေအမျိုးအစားမရွေးစိုက်ပျိုးနိုင်သော်လည်း၊ ရေမဝပ်ပဲ ရေအစိုဓာတ် ထိန်းနိုင်သော သဲနုန်းမြေတွင် အဖြစ်ထွန်း ဆုံးဖြစ်သည်။ |
| မြေချဉ်/ငန်ကိန်း | ၆ - ၇ |
| ရေသွင်းခြင်း | စိုက်ခင်းကြီးများ၌ရေပေးရာတွင် အစက်ချစနစ်၊ ရေပန်းစနစ်၊ ရေမြောင်းစနစ် နှင့် ရေပန်းကရားစနစ် တို့သုံးပြုနိုင်သည်။ Sprinkler ရေပေးစနစ်သည် ကြက်သွန်အတွက် အကောင်းဆုံးဖြစ်သည်။ စိုက်ခင်းကျယ်ပါက ကုန်ကျစရိတ်သက်သာရန် ပုံးဖြင့်ထမ်းလောင်းနိုင်သလို စိုက်တန်းနှစ်တန်းကြား ရေဖြန်းပိုက်ဖြင့်လည်း ရေပေးနိုင်သည်။<br>(၁) အပင်ငယ်များသည်အပင်ကြီးများထက် ရေလိုအပ်မှုနည်းသည်။ (၂ ) စိုက်ဘောင်ရှိစိုက်တန်းကြား များကို အစက်ချစနစ် (သို့) ရေ ပန်းစနစ် အသုံးပြုခြင်းဖြင့် လုပ်အား နှင့် စိုက်ပျိုးရေချွေတာနိုင်သည်။ (၃) စိုက်ဘောင်တန်းကြား ရေသွင်းစိုက်ပျိုးခြင်းသည် စိုက်ပျိုးရေလေ လွင့်ရှုံးဆုံး စေသည်။ ပေါင်းများစွာ ပေါက်ရောက်နိုင်ပြီး အရွက်များလည်း ရောဂါကျရောက်စေသည်။<br>ကြက်သွန်ပင်သည် အမြစ် သေးငယ်သောကြောင့် ရေမှန်မှန် လောင်းရမည်။ ဥဆင်းချိန်တွင် ရေမခြောက် သွားစေရန် အရေးကြီးသည်။ အမိတ်များ ကျသွားလျှင် ရေဖြတ်ပါ။<br>**အာဟာရရည်ကျွေးခြင်း** -အစက်ချစနစ်သုံးလျှင် အာဟာရရည်ကျွေးခြင်း ပြုလုပ် နိုင်သည်။<br>ရင့်မှည်မှု မြန်ဆန်စေရန် မရိတ်သိမ်ခင် ၃ ပတ်အလိုတွင် ရေဖြတ်သင့်သည်။ |


| လုပ်ငန်းဆောင်ရွက်ရမည့် အချိန်များ | လုပ်ဆောင်ရမည့်လုပ်ငန်းများ (မိမိ၏ ရေမြေဒေသ ကွာဟချက်ပေါ် မူတည်ပြီး ချိန်ဆလုပ်ကိုင်ရန်) | ရေလောင်းခြင်း |
|---|---|---|
| မစိုက်မီ ၁ လ | **မြေပြင်ခြင်း -** မြေကို ထယ်ရေးနက်နက် ( ၉ )လက်မ နှင့် ထွန်ရေး (၂-၃)ကြိမ်ထိုးပါ။ ကြက်သွန်သည် အမြစ်အလွန်တိမ်သောကြောင့် ထယ်ရေး ကောင်းစွာ ညက်ရန် လိုသည်။ | ထွန်ယက်ရလွယ်ကူစေရန် မြေတွင်းအစိုဓာတ်လုံလောက်ပါ စေ။ |
| | **ထုံးထည့်ခြင်း -** ထုံးကို ၁ ဧက အတွက် တစ်နှစ်လျှင် ၂၀၀ ပိဿာနှုန်းဖြင့် သုံးနှစ် ဆက်တိုက် ထည့်ပါ။ | |
| | **ဘိုကာရှီမြေဆွေးပြုလုပ်ခြင်း ၊ ငါးအမိုင်နီအက်ဆစ်ပြုလုပ်ခြင်း နှင့် အီးအမ် ၅** - ကောင်းစွာဆွေးမြေ့စေရန် အပင်မစိုက်မီ ၃ပတ်အလိုတွင် ဘိုကာရှီမြေဆွေး၊ ငါးအမိုင်နီအက်ဆစ်၊ အီးအမ် ၅ တို့ကို ပြင်ဆင်ပါ။ (နောက်ဆက်တွဲတွင် ကြည့်ပါ။) | ဘိုကာရှီအား အစိုဓါတ်ရှိအောင်ထားပါ။ |

| | | |
|---|---|---|
| | **ပျိုးထောင်ခြင်း-** ၃၀% အရိပ်ရပျိုးခင်းတွင်ပျိုးဘောင် ၃ပေ၊ ၅၀ ပေ ပြုလုပ်ပြီး နွားချေးဆွေး၂ - ၄ တင်း ၊ ဖွဲပြာ ၂ - ၄ တင်း ၊ နန်းမြေ ၁ - ၂ တင်း ၊ ၁၅း၁၅း၁၅ ကွန်ပေါင်း ဓာတ်မြေဩဇာ ၅၀ ကျပ်သား တို့ကို ထည့်မွှေ၍ မျက်နှာပြင်ညီရအောင် ဖိသိပ်ပေးပါ။ ဘောင်ပေါ်တွင်ကြက်သွန်မျိုး စေ့များကို ညီညာစွာ ပါးပါးကြဲပြီး၊ သဲ (သို့) ဖွဲပြာ ဖြင့် ပါးပါးအုပ်၍ ရေဝဝ လောင်းပေး ပါ။ ပျိုးသက် ၂၅-၄၅ ရက်ခန့် ရပါက စိုက်ခင်းသို့ ရွှေ့ပြောင်းစိုက်ရန် အဆင့်သင့်ဖြစ်သည်။ တစ်ဘောင်ပျိုးလျှင် ၁၁ ဘောင် x (၃ပေx ပေ၅၀) စိုက်နိုင်သ ည်။ (ပျိုးခင်း ၀.၀၅ ဧက ( ၃ပေ x ပေ၅၀ ဘောင် ၁၀ဘောင်) ပျိုးလျှင် – တစ်ဧက စိုက်နိုင်သည်)။ | ပျိုးဘောင်ကို တစ်နေ့တစ်ကြိမ် နံနက်ပိုင်းတွင် ရေလောင်းပါ။ |
| မစိုက်မီ ၁-၂ ပတ် | **စိုက်ဘောင်ပြင်ဆင်ခြင်း -** တစ်ဘောင်နှင့် တစ်ဘောင် ၁.၅ ပေ ခြားပြီး ဘောင်အကျယ် ၃ပေ ၊ အမြင့် ၆ - ၈ လက်မ ဘောင်များပြုလုပ်ပါ။<br>**မြေခံမြေဩဇာထည့်ခြင်း** - ၁ ဧကအတွက် ၁၅း ၁၅း ၁၅ ကွန်ပေါင်း ၃၀ ပိဿာ၊ ဂျစ်ပဆမ် ကျောက်မှုန့် ၆၁ ပိဿာနှင့်ဘိုကာရှီ မြေဆွေး ၄၀၀-၈၀၀ ပိဿာတို့ကို ရောစပ်၍ ဘောင်အတွင်းထည့်ပြီ သမအောင် လုပ်ပါ။ | မစိုက်ခင် ၂ ရက်အလိုတွင် တူးဆွရလွယ်ကူစေရန်အတွက် မြေဘောင်ကို စိုစွတ်နေပါစေ. ရွှေစိုက်ပြီးအပင် ငယ်များကို ရေကို လိုအပ်သလိုလောင်းပေးပါ။<br>(၅၀ပေ x ၃ ပေ ဘောင်/စိုက်ကျင်း အတွက် ရေ ၅၀ လီတာလိုမည်။) |
| စိုက်နည်းစနစ် | **ရွှေ့ပြောင်းစိုက်ပျိုးခြင်း** - ၆ လက်မခြား ဆွဲထားသော စိုက်ကြောင်း ထဲတွင်၊ တစ်ပင်နှင့် တစ်ပင် ၄ လက်မခြားပြီး၊ အနက် ၁ လက်မခန့် မြုပ် စိုက်ရမည်။<br>ထွန်ခြစ်ဖြင့် ဆွဲပြီး စိုက်ကြောင်းများ ဖော်ထားပါ။ | အပင်ငယ် များကို နှစ်ရက်ခြားတစ်ကြိမ် ရေပါးပါ ပါး လောင်းပါ။ ကျင်းစွက်ဖြင့် စိုက်လျှင် မြေမြုပ်ရုံ ရေလွှမ်းရုံ သွင်းပေးပါ။<br>(၅၀ပေ x ၃ ပေ ဘောင်/စိုက်ကျင်း အတွက် ရေ ၅၀ လီတာလိုမည်။) |
| ရွှေ့စိုက်ပြီး ၁ ပတ် | **အပင်မှန်းခြင်းနှင့် အပင်ဖာခြင်း** - ကြက်သွန်သည် ရွှေ့ပြောင်း စိုက်သော အပင်ဖြစ်၍ အပင်မှန်းရန် မလိုပါ။ သို့သော် သေပျောက်သော အပင် ရှိခဲ့လျှင် အပင်ဖာ ရမည်။<br>**မြေဖုံးပေးခြင်း** - ရောဂါပျံ့နှံ့မှုနှင့်မြေဆီလွှာတိုက်စားခြင်းကို ကာကွယ် ရန်၊ မြေတွင်းအပူချိန်လျော့ကျစေရန်၊ ပေါင်းပေါက်မှု သက်သာစေရန် ကောက်ရိုးကို ၆လက်မအထူ ဖုံးပါ။ **ကြက်သွန်ပင်စည်ရောဂါ မဝင်စေရန် အခြေကို ဖုံးထားသည့်အရာများနှင့် မထိစေရန် သတိပြုပါ။** | စိုက်ဘောင်မြေ တစ်ပေပတ်လည်တွင် ရေ၁လီတာနှုန်း ရရှိအောင် နှစ်ရက်တစ်ကြိမ် ရေပေးပါ။ |
| ရွှေ့စိုက်ပြီး ၂ - ၄ ပတ် | **ပေါင်းရှင်းခြင်း** - အစာအဟာရလုစားခြင်း၊ ပိုးနှင့်ရောဂါများ ခိုအောင်းခြင်း တို့မှ ကာကွယ်စေရန် ပေါင်းကိုလိုအပ်သလိုရှင်းပါ။<br>**ပိုးနှင့်ရောဂါနှိမ်နင်းခြင်း** - ပိုးနှင့်ရောဂါမှ ကြိုတင်ကာကွယ်ရန် အီးအမ်၅ နှင့် တမာပိုးသတ်ဆေးကို အပတ်စဉ် ဖျန်းပါ။ သဘာဝပိုးသတ်းဆေးများဖြင့် နှိမ်နင်း၍မနိုင်တော့မှသာ ဓာတုပိုးသတ်ဆေးများကို နောက်ဆုံးရွေးချယ်စရာအနေဖြင့် သုံးသင့်သည်။ | စိုက်ဘောင်မြေ တစ်ပေပတ်လည်တွင် ရေ၁လီတာနှုန်း ရရှိအောင် နှစ်ရက်တစ်ကြိမ် ရေပေးပါ။ |
| ရွှေ့စိုက်ပြီး ၅ - ၆ ပတ် | **ပေါင်းရှင်းခြင်း** - ရွှေ့စိုက်ပြီး ၄-၈ ပတ်အတွင်း ပေါင်းကင်းစင်ရန် အထူး အရေးကြီးသည်။ | ရာသီဥတု၊ မြေအစိုဓာတ်ပေါ် မူတည်ပြီး စိုက်ဘောင်မြေ |

| | | |
|---|---|---|
| | **ဖြည့်စွက်မြေဩဇာကျွေးခြင်း** - စိုက်တန်းနှစ်ခုကြားတွင် ၂ လက်မ အကျယ်၊ ၂ လက်မ အနက်ရှိသောမြောင်းဖော်ပြီး မြောင်းအတွင်း တစ်ဧကလျှင် ၂၈-၁၈-၁၈ ကွန်ပေါင်းဓာတ်မြေဩဇာ ၃၈ ပိဿာကျွေးပါ။ ပိုတက်ဆီယမ် နိုက်ထရိတ်ကို ဆေးဖျန်းပုံး တပုံးလျှင် ၁၈ ကျပ်သားနှုန်းထည့်ပြီးဖြန်းပါ။ တစ်ဧကအတွက် ပိုတက်စီယမ်နိုက်ထရိတ် ၁ ပိဿာလိုအပ်မည်ဖြစ်သည်။ | တစ်ပေပတ်လည်တွင် ရေ၃လီတာနှုန်း ရရှိအောင် တစ်ပတ်တစ်ကြိမ် ရေပေးပါ။ |
| ရွှေ့စိုက်ပြီး ၇ - ၈ ပတ် | **ပေါင်းရှင်းခြင်း** - လိုအပ်လျှင် ပြုလုပ်ပါ။<br>**ဖြည့်စွက်မြေဩဇာကျွေးခြင်း** - ၁၅-၁၅-၁၅ ကွန်ပေါင်း ဓာတ်မြေဩဇာ ၁ ဧက အတွက် ၃၈ ပိဿာနှုန်း ကျွေးပါ။ ဂျစ်ပဆမ် ကျောက်မှုန့် ၃၁ ပိဿာ ကို ရွှေ့စိုက်ပြီး ၇ပတ်တွင်ထပ်ထည့်ပါ။<br>ပိုတက်ဆီယမ် နိုက်ထရိတ်ကို ဆေးဖျန်းပုံးတပုံးလျှင် ၁၈ ကျပ်သားနှုန်းထည့်ပြီး ဖျန်းပါ။ တစ်ဧကအတွက် ပိုတက်စီယမ်နိုက်ထရိတ် ၁ ပိဿာလိုအပ်မည်ဖြစ်သည်။<br>ဥအရည်အသွေးကောင်းစေရန်နှင့် ကြာရှည် သိုလှောင်နိုင်ရန် ရွှေ့စိုက်ပြီး ၈ပတ်အကြာတွင် ပိုတက်ရှ် ဓာတ်မြေဩဇာကို တစ်ဧကလျှင် ၃၈ ပိဿာနှုန်းထည့်ပါ။<br>**ပိုးနှင့်ရောဂါနှိမ်နင်းခြင်း** - ပိုးနှင့်ရောဂါ ကျမှုကို ဂရုပြု စောင့်ကြည့်ပါ။ အချိန်မီ နှိမ်နင်းပါ။ | ရာသီဥတု၊ မြေအစိုဓာတ်ပေါ် မူတည်ပြီး ၁ ပတ် ကြိမ် (မြေဩဇာ ထည့်ပြီးပြီးခြင်း) ရေသွင်းပေးပါ။<br>စိုက်ဘောင်မြေ တစ်ပေပတ်လည်တွင် ရေ၃လီတာနှုန်း ရရှိအောင် ပေးပါ။ |
| ရွှေ့ စိုက် ပြီး ၉ - ၁၅ ပတ် | **ပေါင်းရှင်းခြင်း** - မြေအောက်ရှိ ကြက်သွန်ဥများကို မထိခိုက်စေရန်အတွက် ဂရုတစိုက်ပေါင်းရှင်းပါ။<br>**ပိုးနှင့်ရောဂါနှိမ်နင်းခြင်း** - ပိုးနှင့်ရောဂါ ကျမှုကို ဂရုပြု စောင့်ကြည့်ပါ။ ကျလျှင် အချိန်မီထိထိရောက်ရောက် နှိမ်နင်းပါ။ | ရာသီဥတု၊ မြေအစိုဓာတ်ပေါ် မူတည်ပြီး ၁ ပတ် ၁ ကြိမ် ရေသွင်းပေးပါ။ စိုက်ဘောင်မြေ ၁ ပေပတ်လည်တွင် ရေ ၄ လီတာ နှုန်းရအောင်း ပေးပါ။<br>ကြက်သွန်နတ်ချိန်နီးလာသည်နှင့် အမျှ ရေကို လျှော့ပေးသင့်သည်။ |
| သီးနှံ၁၅ ပတ် မှ ရိတ်သိမ်းချိန်အထိ | **ပေါင်းရှင်းပါ။**<br>**ပိုးမွှားရောဂါများကို လိုအပ်သလို နှိမ်နင်းပါ။** | ရေကို တစ်ပတ်လျှင် တစ်ကြိမ် ပေးပါ။ စိုက်ဘောင်မြေ ၁ ပေ ပတ်လည်တွင် ရေ ၁ လီတာနှုန်း ရအောင် ပေးပါ။<br>မရိတ်သိမ်းမီ ၁၅ ရက်အလို တွင် ရေဖြတ်သင့်သည်။ |
| **ပိုးမွှားနှင့်ရောဂါ များ ကာကွယ်နှိမ်နင်းခြင်း** | **ဓာတုဆေး နှင့် အော်ဂဲနစ်ဆေး ရွေးချယ်မှု**<br>ပိုးနှင့်ရောဂါလက္ခဏာများမှန်မှန်စစ်ဆေးပါ။ အရွက်မျက်နှာပြင်၂ ခုလုံးနှင့် ပင်စည်တစ်လျှောက်ကြည့်ပါ။ သဘာဝဆေးများ နှင့် မနိုင်လျှင် အောက်တွင်ဖော်ပြထားသော ဓာတုဆေးများကို အသုံးပြုပါ။ | |

| ပိုးမွှား၊ရောဂါနှင့် လက္ခဏာများ | ကာကွယ်နှိမ်နင်းနည်း |
|---|---|
| • သရစ်လေးပိုးနှင့် ဖျက်ဆီးမှု( ပုံ-၁)<br>• ရွက်ထွင်းပိုး ဖျက်ဆီးမှု (ပုံ-၂) | • ကလိုရွမ်ထွမ်နီလီပရိုး (ပရီဗာသွန်)။ ဖျန်းပါ။<br>• အဘာမီတင် (ဒီမွန်)၊ အေမီဒါကလိုပရစ် (ဒိုဇာ) ဖျန်းပါ။ |
| • တောက်တဲ့မြီး (မှိုရောဂါကြောင့် ဖြစ်ပေါ်သော ခရမ်းရောင်အကွက် လက္ခဏာ( ပုံ-၃))<br>• ဥပုပ် မှိုရောဂါ လက္ခဏာ ( ပုံ-၄) | • ပိုတက်ရှ် ဓာတ်မြေဩဇာကို သုံးရန်၊ မှိုသတ်ဆေး ဖျန်းပါ။ အစ်ပရို ဒီယွန် (ရိုဗရယ်)၊ အဇိုဆီစထရိုဘင် + ဒိုင်ဖီနိုကိုနာဇော (ယူနတီ)<br>• ပုလဲ ဓာတ်မြေဩဇာကို လွန်ကဲစွာကျွေးခြင်း ရှောင်ပါ။ ကလိုရိုသာလိုနေး၊ (ယူနတီ) ၁၀ ရက် တစ်ကြိမ် ဖျန်းပါ။ |

| | | | |
|---|---|---|---|
| | | | • (အပင်ရောဂါအားလုံးဖြစ်မှု သက်သာစေရန် ပိုတက်ဆီယမ်ဓာတ်မြေသြဇာ ပိုသုံးပါ။ ဒဏ်ခံနိုင်ရည်ရှိသော မျိုးစေ့သုံးပါ။ ရောဂါရပင်များ ဖယ်ရှားပါ။<br>သီးလှည့်စိုက်ပါ။ ရောဂါကျအပင်ကို ဖယ်ရှားပြီး မီးရှို့ပါ။<br>အပင်ကြား လေဝင်လေထွက်<br>ကောင်းအောင် ဆောင်ရွက်ပါ)။ |



၁။ သရစ်လေ့းပိုးနှင့် ဖျက်ဆီးမှု၊ (ပုံ-၁)



၂။ ရွက်ထွင်းပိုး ဖျက်ဆီးမှု၊ (ပုံ-၂)



၃။ တောက်တဲ့မြီး မှိုရောဂါ ၊ (ပုံ-၃)



၄။ ဥပုပ် မှိုရောဂါ၊ (ပုံ-၄)

| | |
|---|---|
| ခူးဆွတ်ခြင်း | အရွက်များ၏ ၃ ပုံ ၂ ပုံ ခန့် မြေပေါ်သို့ လဲကျလာပါက ကြက်သွန်ဥများကို တူးဖော်နိုင်ပြီ ဖြစ်သည်။ ရေဖြတ်လျှင် အခြောက် မြန်စေသည်။ |
| အရည်အသွေး အတွက်လမ်းညွှန်များ | သိုလှောင်ချိန်တွင် ဥများကို ထိခိုက်မှုမရှိစေရန် ဂရုစိုက်ပါ။ ရေရှည် သိုလှောင်ရန် လေလေဝင်လေထွက် ကောင်းသောနေရာတွင် အမိုးမြင့် အဆောက်အဦဆောက်လုပ်ပြီး ဝါးကြမ်းခင်းအကြဲပေါ်၌ ၆ လက်မထက် မထူအောင် ထားသိုပါ။ |

| ဖရဲ (ကွင်းသီးနှံ) စိုက်ပျိုးနည်းစနစ် လမ်းညွှန်ချက်များ | |
|---|---|
| မျိုးရွေးချယ်ခြင်း | ဈေးကွက်ဝင်သောမျိုးကိုစိုက်ပါ။<br>**အဓိကစိုက်ပျိုးသင့်သောမျိုးများ**<br>**(၁) Chia Thai ကုမ္ပဏီမှထုတ်သော Heraနှင့် Heroမျိုး**<br>Hera မျိုး၏အရောင်မှာအစိမ်းကြားဖြစ်ပြီး Hero မျိုးသည် အစိမ်းနက်ပြောင်မျိုး ဖြစ်သည်။ နှစ်မျိုးစလုံးသည် တပင်လျှင် ၂-၃ လုံးထားနိုင်သည်။ အလုံးသေးမျိုးများ ဖြစ်သည်။လုံးရှည်ပုံစံရှိသည်။<br><br>အတွင်းသားအနီရောင်ရှိသည်။ အပင်သန်မာပြီး အသီးမှာ ခရီးဝေးသယ်ယူပို့ဆောင်သည့်ဒဏ် အထူးခံနိုင်ရည်ရှိသည်။<br>**(၂) မျှားနီကုမ္ပဏီမှထုတ်သော Golden Sweet 80 F1 မျိုး**<br>အရောင်မှာ အပြာကြားဖြစ်ပြီး အလုံးလတ်မျိုးဖြစ်သည်။ လုံးရှည်ပုံရှိပြီး တစ်ပင်လျှင် ၂ လုံး ထားနိုင်သည်။ အထားခံပြီး အဝေးတင်ပို့ရန် သင့်တော်သည်။ အတွင်းသားမှာ လိမ္မော်ရောင်ရှိပြီး အချိုဓာတ်မြင့်မားသည်။ လုံးပတ် ၆လက္မခွဲနှင့် အလျား ၁ပေခန့်ရှည်သည်။<br>**(၃) Known You ကုမ္ပဏီထုတ် ၈၅၅မျိုးနှင့် မျှားနီမှထုတ်သော ပတ္တမြားမျိုး**<br>အလုံးကြီးမျိုးများဖြစ်သည်။ တစ်ပင်လျှင် တစ်လုံးသာထားသင့်သည်။ အတွင်းသားအနီရောင်ရှိသည်။ အချိုဓာတ်မြင့်မားသည်။ |
| ကြိုက်နှစ်သက်သော ရာသီဥတု | အကောင်းဆုံးစိုက်ရန် အချိန်မှာ ခြောက်သွေ့သော ရာသီ ဖြစ်သည်။ မိုးရာသီတွင်စိုက်က အရွက်ရောဂါများပိုမိုရရှိသည်။ ရခိုင်ပြည်နယ်အတွက် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့မှာ စိုက်ပျိုးရန်အသင့်တော်ဆုံးဖြစ်သည်။ |
| သီးနှံသက်တမ်း | သက်လျင်မျိုးများအတွက် စိုက်ပြီး ၆၅-၇ဝ ရက်ဖြစ်သည်။ သက်လတ်များအတွက် စိုက်ပြီး ၇၅-၈ဝ ရက်ဖြစ်ပြီး သက်ကြီးမျိုးများမှာ ရွှေ့စိုက်ပြီး ရက် ၉ဝတွင် ခူးဆွတ်နိုင်သည်။ |
| အထွက်နှုန်း (ခန့်မှန်း) | ပျမ်းမျှအထွက်/ဧက<br>(၁) သက်လျင် = ၅၈ဝ၈ လုံး<br>(၂) သက်လတ် = ၄၃၅၆ လုံး<br>(၃) သက်ကြီး = ၂၉ဝ၄ လုံး |
| မျိုးစေ့ နှင့် အပင်ဦးရေ | ၁ ဧကတွင် အပင်ဦးရေ ၂၉ဝ၄ ပင်ခန့် ပင်ရနိုင်ရန် မျိုးစေ့ ၄ဝဝ ပါသော ၂ဝ ဂရမ် အထုပ် ၈ ထုပ်ဝယ်သင့်သည်။ |
| နေရာရွေးချယ်ခြင်း | ရေစီးရေလာအသင့်အတင့်ကောင်း၍ သဘာဝ မြေဆွေးမြင့်မားသောမြေကိုကြိုက်နှစ်သက်သည်။ |
| မြေချဉ်/ငန်ကိန်း | ၆ - ၆.၈ |
| ရေသွင်းခြင်း | စိုက်ခင်းကျယ်တွင်ရေသွင်းမြောင်းဖြင့်သော်လည်းကောင်း၊စိုက်ခင်းငယ်တွင်ရေစက်ချ(သို့မဟုတ်) ရေထမ်းလောင်းခြင်းဖြင့်သော်လည်းကောင်းရေပေးနိုင်သည်။ ရေဖျန်းစနစ်ဖြင့် ရေပေးခြင်းသည်အရွက်ရောဂါဖြစ်စေနိုင်သည်။အပင်ငယ်များသည်အပင်ကြီးများနှင့်စာလျှင်<br>ရေလိုအပ်မှုနည်းပါသည်။အပင်ကြားသို့မဟုတ်မြောင်းကြားတစ်လျှောက်ရေပန်းခရားဖြင့်သော် လည်းကောင်း၊အစက်ချစနစ်ဖြင့်သော်လည်းကောင်းရေပေးခြင်းဖြင့် ရေနှင့်လုပ်အားကို ချွေတာနိုင်ပါသည်။ ရေမြောင်းဖြင့် ရေသွင်းခြင်းသည် ရေလေလွင့်မှုများရှိသာမကဘဲ ပေါင်းပိုမိုပေါက်ရောက်ခြင်းနှင့်အရွက်ရောဂါပိုမိုဖြစ်စေနိုင်ပါသည်။ |

| လုပ်ငန်းဆောင်ရွက်မည့်အချိန်များ | လုပ်ဆောင်ရမည့် လုပ်ငန်းများ<br>(မိမိ၏ ရေမြေဒေသ ကွာဟချက်ပေါ် မူတည်ပြီး ချိန်ဆလုပ်ကိုင်ရန်) | ရေလောင်းခြင်း |
|---|---|---|
| မစိုက်မီ ၁ လ | **ထွန်ယက်ခြင်း နှင့် ထုံးထည့်ခြင်း။**<br>မြေကို ၁၀လက်မ အနက်ထယ်ထိုးပါ။ ထွန်ရေးညက်အောင် ထွန် ၂-၃ စပ်ခန့်မွှေပါ။ ၁ ဧက အတွက်ထုံးကို တစ်နှစ်လျှင် ၂၀၀ ပိသာနှုန်းဖြင့် သုံးနှစ်ဆက်တိုက်ထည့်ပါ။ | ထွန်ယက်ရလွယ်ကူစေရန် မြေတမတွင်းအစိုဓာတ် လုံလောက်ပါစေ၊ |
| မစိုက်မီ ၂-၃ ပတ် | **ဘိုကာရှိမြေဆွေးပြုလုပ်ခြင်း** ကောင်းစွာဆွေးမြေ့စေရန် အပင်မစိုက်မီ ၃ပတ်အလိုတွင် ကြိုတင်ပြုလုပ်ပါ။ တစ်ဧကအတွက် ၄၀၀-၈၀၀ ပိသာရအောင်လုပ်ပါ။ (နောက်ဆက်တွဲတွင် ကြည့်ပါ။)<br>**ပျိုးထောင်ခြင်း**<br>အပေါက် ၆၀ ပါသောပျိုးဗန်းကိုအသုံးပြုပြီး ပျိုးမြေအဖြစ် မြေဆွေး၁ဆ ၊ နွားချေး ၁ဆ၊ ဖွဲပြာ ၁ဆရောစပ်ပြီးအသုံးပြုနိုင်သည်။ သို့မဟုတ် **ပျိုးမြေပြုလုပ်ပုံကို နောက်ဆက်တွဲတွင် ကြည့်ပါ။** တစ်ပေါက်လျှင် တစ်စေ့ထည့် စိုက်ပါ။<br>ပျိုးဗန်းများကိုပျိုးစင်ဖြင့် စနစ်တကျထားပါ။ | ပျိုးပင်ငယ်များကို နေ့စဉ်ရေ၀အောင်လောင်းပါ။ |
| မစိုက်မီ ၁ ပတ် | **မြေခံမြေသြဇာနှင့်မြေဆွေးထည့်ခြင်း ပင်ကြားတန်းကြားသတ်မှတ်ခြင်း။ စိုက်ဘောင်ပြုလုပ်ခြင်း** - ၃ ပေအကျယ် ၁ ပေအမြင့်ရှိ ဘောင်များကိုပြုလုပ်ပါ။ စိုက်တန်းများကြား ၉ ပေရှိအောင်စီစဉ်ပါ။<br>**ဘောင်မြင့်ပြုလုပ်ခြင်း၏အကျိုးကျေးဇူးများမှာ** (၁) ရေသွင်းရေထုတ်ကောင်းမွန်ခြင်း (၂) မြေတွင်း လေဝင်လေထွက်ကောင်းမွန်ခြင်း (၃) အမြစ်များ မြေတွင်းသို့ ထိုးဖောက်မှု ပိုမိုကောင်းမွန်ခြင်း (၄) ဘောင်များကြား ရေသွင်းနိုင်ခြင်း၊ (၅) မြေငွေ့ပျံမှု လျော့ကျစေခြင်း နှင့် (၆) မြေတွင် သြဂဲနစ်ပစ္စည်း မြင့်မားလာခြင်းတို့ဖြစ်သည်။<br>**မြေခံမြေသြဇာထည့်ခြင်း**<br>၁ ဧကအတွက် ဘိုကာရှိ ၄၀၀-၈၀၀ ပိသာနှင့် ၁၅-၁၅-၁၅ မြေသြဇာ ၄၅ ပိသာကို ဘောင်အတွင်းထည့်မွှေပါ။<br>တန်းကြား x ပင်ကြား သတ်မှတ်ခြင်း - တစ်ဘောင်အတွင်း တန်းကြား ၂ပေ × ပင်ကြား ၃ ပေ ထားစိုက်ပါ။ အစွန်နှစ်ဖက်ကို၆လက်မချန်ပြီး စိုက်ပါ။ စိုက်ခင်း၏ အပြင်ဘက်အကျဆုံး ဘောင်များတွင် စိုက်တန်း တစ်တန်းသာထားပါ။<br>စိုက်ဘောင်ပေါ်တွင် စိုက်ကျင်းများကို တစ်ကျင်းနှင့်တစ်ကျင်း ၃ ပေ ခွာပြီး အမှတ်အသာပြုပါ။ စိုက်ကျင်းများကို ဘောင်ပေါ်တွင် ဖိုခနောက်ဆိုင် အနေအထားဖြစ်အောင်တူးပါ။<br>**စိုက်ကျင်းတူးခြင်း -** ၆လက်မပတ်လည်အကျယ် ၆လက်မအနက်ရအောင် ကျင်းတူးပါ။ မစိုက်မီ ၂ ရက်အလိုတွင် ထရိုင်ကိုဒါးမား ၇ ဂရမ်နှင့် ရေ၁၀ လီတာကို ရောစပ်ပြီး တစ်ပင်လျှင် နို့ဆီဘူး၀က်ခန့်လောင်းထည့်ပါ။ ၁ ဧ ကအတွက်ထရိုင်ကိုဒါးမား ၁ ၅၀ ဂ ရမ်အထုပ် ၃ ထုပ် ကုန်ကျမည်။<br>မြေခံမြေသြဇာထည့်ရန် ဘောင်ပေါ်ရှိ စိုက်တန်း ၂တန်းကြားတွင် ၆ လက်မနက်ပြီး၊ ၁၀ လက်မကျယ်သော မြောင်းငယ်တစ်ခုကိုဖော်ပါ။<br>စိုက်ဘောင်များ နေရာချထားပုံကို ပုံ ၁ နှင့် ၂ တွင်ကြည့်ပါ။<br>**ဘောင်များနေရာချပုံကို အောက်တွင်ဖော်ပြထားသည်။** ဘောင်တစ်ခု | မြေခံမြေသြဇာများ ကောင်းစွာအလုပ်လုပ်ရန် မြေတွင်းအစိုဓာတ် လုံလောက်ပါစေ၊ |

| | | |
|---|---|---|
| | စီ၏ စိုက်တန်း၂တန်းကြာတွင် ရေသွင်းရန်နှင့်မြေဩဇာကျွေး လွယ်ကူစေရန် အနက်၆ လက်မ၊ အကျယ် ၁၀ လက်မရှိသော မြောင်းငယ်ကိုဖော်ထားပါ။<br>**မြေဖုံးပေးခြင်း -**<br>ပေါင်း၊ ရောဂါပိုး၊နှံ့မှုနှင့် မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ရန်၊ မြေတွင်းအပူချိန်လျော့ကျစေရန်၊ ပေါင်းကာကွယ်စေရန် ကောက်ရိုးကို ၆ လက်မအထူ(သို့) ပလပ်စတစ်စဖြင့် ဘောင်ပေါ်တွင်ဖုံးပါ။ ပင်စည်ထိခိုက်မှု မရှိစေရန် ကောက်ရိုးများကို အပင်ခြေနှင့်မထိစေရ။ | |
| စိုက်ပျိုးချိန် | **ရွှေ့ပြောင်းစိုက်ပျိုးခြင်း -** ကျန်းမာသန်စွမ်းသောပျိုးပင်များကို စိုက်ကျင်းတစ်ကျင်းတွင်တစ်ပင်နှုန်းဖြင့် စိုက်ပျိုးပါ။ မြေလုံးမကွဲစေရန် ဂရုစိုက်စိုက်ပျိုးပါ။ အပင်ငယ်၏အခြေနှင့် စိုက်ဘောင်မြေမျက်နှာပြင်သည် တစ်ညီတည်းဖြစ်သင့်သည်။ အပင်ခြေရေဝပ်ခြင်းနှင့် ပင်စည်ကိုထိခိုက်ခြင်းမှ ကာကွယ်ရန် အပင်ငယ်၏အခြေသည် စိုက်ဘောင်မြေမျက်နှာပြင်၏အောက်သို့ နိမ့်ကျပြီး စိုက်ပျိုးထားခြင်းမျိုး မဖြစ်စေရ။<br>**တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း -** တိုက်ရိုက်မစိုက်ပျိုးသင့်ပါ။ | စိုက်ပြီးလျှင်အပင်ခြေသိပ်စေရန်ရေလောင်းပေးပါ။<br>တစ်ပင်လျှင်<br>၁လီတာနှုန်းလောင်းပါ။ |
| စိုက်ပြီး ၁-၂ ပတ် | **အပင်မှုန်းခြင်း၊အပင်ဖာခြင်းနှင့်အတက်ဖဲ့ပေး ခြင်း။**<br>တစ်ကျင်းတွင်သန်မာသောအပင်တစ်ပင်သာရှိစေရန် အပင်မှုန်းခြင်းသို့မဟုတ် အပင်ဖာခြင်းပြုလုပ်ပေးပါ။<br>အလုံးသေးနှင့် အလုံးလတ်မျိုးများကို ရွှေ့စိုက်ပြီး ၁၀ ရက်အကြာမှုမှန်ရွက် ၄-၅ ရွက် ထွက်ချိန် ခေါင်ညှန့် ဖြတ်ပေးပါ။ ထွက်လာသောကိုင်း များထဲမှ အသန်ဆုံး ၃ ကိုင်း ချန်ပြီး ကျန်ကိုင်း များအားဖြတ်ပေးပါ။ ရွေးချယ်ထားသော ကိုင်းများ၏ ၁၀ ဆစ်မြောက်အောက်မှ ဘေးတက်များ ကိုဖယ်ပေးပါ။<br>အလုံကြီးမျိုးများတွင် ၁၄ ဆစ်မြောက်၏ အောက်ဘက်ရှိ ဘေးတက်များအားလုံးကိုရှင်းပစ်ပါ။<br>**ပေါင်းရှင်းခြင်း-**<br>အစာအာဟာရလုစားခြင်း၊ပိုးနှင့်ရောဂါများခိုအောင်းခြင်းတို့မှ မှကာကွယ်ရန်ပေါင်းရှင်းပေးပါ။ အပင်ငယ်စဉ် ပေါင်းရှင်းရာတွင် ဖရဲပင်ငယ်ကိုပါ နှုတ်မိသွားနိုင်သဖြင့် သတိထားပါ။<br>**ပိုးနှင့်ရောဂါနှိမ်နင်းခြင်း။** အီးအမ် ၅ နှင့်တမာပိုးသတ်ဆေးကို အပတ်စဉ်ဖျန်းပါ။ မနိုင်ပါက နောက်ဆုံးအနေဖြင့် ဓါတုနည်းကိုသုံးပါ။ | ၂ ရက်ခြား ၁ ကြိမ် ၁ ပင် ရေ၂လီတာရရန်ဆောင်ရွက်ပါ။<br>အစက်ချရေပေးစနစ်သည် လိုအပ်သောရေပမာဏကို အတိအကျ<br>တွက်ချက်ပေးသွင်းနိုင်သဖြင့် အသင့်တော်ဆုံးဖြစ်သည်။ |
| စိုက်ပြီး ၃ ပတ် | **အပင်ပြုစုခြင်းနှင့် ရောဂါပိုးမွှားကာကွယ်ခြင်း**<br>နွယ်များဖြောင့်တန်းစွာဆင်းရန် ဆင်ခြေလျှောလုပ်ပေးပါ။ အညွှန့်ပြေလမ်းတွင် နေလှန်းထားသော အကိုင်းအခက်များ၊ ကောက်ရိုးခြောက်များကို ဖြန့်ခင်းထားပေးပါ။<br>**ရွက်ဖျန်းအားဆေးဖျန်းခြင်း**<br>ရွှေ့စိုက်ပြီး ၁၅ ရက်တွင် ပိုတက်စီယမ်နိုက်ထရိတ်(ယမ်းစိမ်း)ကို ၄ဂါလံဝင်ဆေးဖျန်းပုံးတစ်ပုံးလျှင် ၂၀ ကျပ်သားနှုန်းဖြင့် ဖျော်စပ်ပြီး နံနက်ပိုင်းတွင်အရွက်များပေါ်သို့ ဖျန်းပါ။<br>ပြောင်းရွှေ့စိုက်ပျိုးပြီး ၂၁ ရက်တွင် ၁ ဧကအတွက် ဆားခါး ၁၂ ပိဿာကို စိုက်တန်း၂တန်းကြား အသင့်ဖော်ထားသော မြောင်းတလျှောက် ကျွေးပေးပါ။ | တစ်ပင်လျှင် ၂ ရက်ခြား တစ်ကြိမ် ရေ ၃လီတာ ရအောင်ပေးပါ။ |

| | | |
|---|---|---|
| စိုက်ပြီး ၄-၅ ပတ် | **ပေါင်းရှင်းခြင်းနှင့်ဖြည့်စွက်မြေသြဇာ ကျွေးခြင်း**<br>လိုအပ်လျှင်လက်ပေါင်းလိုက်ခြင်းပြုလုပ်ပါ။<br>၃၀ ရက်သားခန့်တွင် ၉-၂၅-၂၅ ကွန်ပေါင်းမြေသြဇာ ၄၅ ပိဿာကို အသင့်ဖော်ထားသော မြောင်းတလျှောက် ကျွေးပေးပါ။<br>ပလပ်စတစ်အုပ်ထားသောဘောင်များတွင် စိုက်တန်းတလျှောက် အပင် ၂ ပင်ကြားတွင် အပေါက်ဖောက်ပြီးကျွေးပါ။<br>**အာဟာရရည်ကျွေးခြင်း**။-အစက်ချစနစ်သုံးလျှင် စနစ်တကျဖျော်ထားသောဓါတ်မြေသြဇာအရည်ကို အစက်ချပိုက်များမှ တစ်ဆင့်ကျွေးနိုင်သည်။ (နောက်ဆက်တွဲတွင်ကြည့်ပါ။) | တစ်ပင်လျှင် ၂ ရက်ခြား<br>တစ်ကြိမ်ရေ ၃လီတာပေးပါ။<br>မြေသြဇာကျွေးပြီးပါက စိုက်တန်း၂တန်းကြား အသင့်ဖော်ထားသော မြောင်းတလျှောက် ရေသွင်းပေးပါ။ ရေမြောင်းငယ်လျှံကျသွားသည်အထိ မသွင်းပါနှင့်။ စိုက်ဘောင်မြင့်အတွင်း နှံ့စပ်ရုံသာသွင်းပါ။ |
| ရွှေ့စိုက်ပြီး ၆ -၇ ပတ် | **ပေါင်းများကို ပုံမှန်ရှင်းပါ။**<br>**ဖြည့်စွက်မြေသြဇာကျွေးခြင်း** - အသီးဖမ်းပြီးပါက ၁ ဧကအတွက် ကယ်လစီယမ်နိုထရိတ် ၄၅ ပိဿာကို စိုက်မြောင်းတစ်လျှောက်ကျွေးပေးပါ။<br><br>**ရွက်ဖျန်းအားဆေးဖျန်းခြင်း**<br>ပိုတက်စီယမ်နိုက်ထရိတ်(ယမ်းစိမ်း)ကို ၄ ဂါလံဝင် ဆေးဖျန်းပုံးတစ်ပုံးလျှင် ၂၀ကျပ်သားနှုန်းဖြင့် ဖျော်စပ်ပြီး နံနက်ပိုင်းတွင်အရွက်များပေါ် သို့ ရွဲရွဲဖျန်းပါ။ (တစ်ဧကအတွက် ၁ ပိဿာသုံးပါ)<br><br>**အပင်ပြုစုခြင်း**<br>အလုံးသေးမျိုးများအတွက် တပင်လျှင် ၃လုံးအထိထားနိုင်သည်။ အလတ်မျိုးများကို တစ်ပင်လျှင် ၂ လုံးထားပါ။အလုံးသေးများနှင့် အလုံးလတ်မျိုးများကို ၁၃ ဆစ်မှ စပြီးအသီးဖမ်းပါ။ အလုံးကြီးမျိုးများတွင် တစ်ပင်လျှင် ၁ လုံးသာထားပါ။ ၁၄ဆစ်မှ ၁၈ ဆစ်အတွင်း အသီးဖမ်းနိုင်သည်။<br>ကြက်ဥလုံးအရွယ် အသီးတစ်လုံးသာ ထားပြီး ကျန်အသီးကင်းများအား ခြွေပေးပါ။ အသီးငယ်ကို မြေကြီးနှင့် တိုက်ရိုက်မထိစေရန် စီစဉ်ပါ။ နေလောင်ကွက် မဖြစ်ရန် မြက်ခြောက်ဖြင့် အသီးပေါ် တွင် အုပ်ပေးခြင်း။ အသီးကို ပုံမှန်လှည့်ပေးခြင်း များပြု လုပ်ပေးပါ။ | နှစ်ရက်ခြားတစ်ကြိမ်<br>တစ်ပင်ကိုရေ ၃ လီတာနှုန်း ရရှိအောင် ပေးပါ။ အပင်ကြီးလာသည်နှင့်အမျှ ရေလိုအပ်မှုပိုလာ သည်။ **စိုက်ခင်းအတွင်း ရေမဝပ်စေရန်သတိပြုပါ။**<br>မြေသြဇာကျွေးပြီးပါက စိုက်တန်း၂တန်းကြား အသင့်ဖော်ထားသော မြောမာင်းတလျှောက် ရေသွင်းပေးပါ။ ရေမြောင်းငယ်လျှံကျသွားသည်အထိ မသွင်းပါနှင့်။ စိုက်ဘောင်မြင့်အတွင်း နှံ့စပ်ရုံသာသွင်းပါ။ |
| ရွှေ့စိုက်ပြီး ၈ ပတ် | **ပေါင်းရှင်းခြင်း နှင့် ဖြည့်စွက်မြေသြဇာကျွေးခြင်း**<br>ပေါင်းများကိုပုံမှန်ရှင်းပေးပါ။<br>အပင် ၈ ပတ်သားတွင် ၁ ဧကအတွက် ၉း၂၅း၂၅ ကွန်ပေါင်းမြေသြဇာ ၄၅ ပိဿာကို စိုက်မြောင်းတစ်လျှောက်ကျွေပေးပါ။ | ၂ရက်ခြားတစ်ကြိမ်<br>တစ်ပင်လျှင်၄-၆ လီတာနှုန်းရအောင် ရေသွင်းပါပါ။ မြေသြဇာကျွေးပြီးပါက စိုက်တန်း၂တန်းကြား အသင့်ဖော်ထားသော မြောင်းတလျှောက် ရေသွင်းပေးပါ။ ရေမြောင်းငယ်လျှံကျသွားသည်အထိ မသွင်းပါနှင့်။ စိုက်ဘောင်မြင့်အတွင်း နှံ့စပ်ရုံသာသွင်းပါ။ |
| ရွှေ့စိုက်ပြီး ၉ ပတ် | **ရွက်ဖျန်းအားဆေးဖျန်းခြင်း**<br>ပိုတက်စီယမ်နိုက်ထရိတ်(ယမ်းစိမ်း)ကို ၄ဂါလံဝင်ဆေးဖျန်းပုံးတစ်ပုံးလျှင် ၂၀ကျပ်သားနှုန်းဖြင့် ဖျော်စပ်ပြီး | ရေကို ၂ ရက်ခြားတစ်ကြိမ် နှုန်းဖြင့် တစ်ပင်လျှင် ၂ လီတာနှုန်းရအောင်ပေးပါ။ |

နံနက်ပိုင်းတွင်အရွက်များပေါ် သို့ ရွဲရွဲဖျန်းပါ။

ပိုးနှင့်ရောဂါလက္ခဏာများမှန်မှန်စစ်ဆေးပါ။ အရွက်မျက်နှာပြင်၂ ခုလုံး နှင့် ပင်စည်တစ်လျှောက်ကြည့်ပါ။

သဘာဝဆေးများ နှင့် မနိုင်လျှင် အောက်တွင်ဖော်ပြထားသော ဓာတုဆေးများကို အသုံးပြုပါ။

| လက္ခဏာ | ဆောင်ရွက်ရန် |
|---|---|
| • ရုတ်တရက်အပင်များ ညှိုးကျခြင်း၊ (ပုံ-၁) | • ခံနိုင်ရည်ရှိသောမျိုးသုံးရန်၊ သီးလှည့်စိုက်ရန် စိုက်ခင်းသန့်ရှင်းရန် |
| • အရွက်တွင်ပေါင်ဒါမှုန့်များဖြူးထားသကဲ့သို့ ဖြစ်ခြင်း၊ (ပုံ-၂) | • ဆာလဖာပါသောဆေး သို့မဟုတ် Difenoconazole ဖျန်းပါ။ |
| • ပျပိုးများကျရောက်ခြင်း၊ (ပုံ-၃) | • Imidachlorprid 70 WP ဖျန်းပါ။ |
| • ရွက်ခြောက်ရောဂါကျရောက်ခြင်း၊ (ပုံ-၄) | • ဒိုင်မီသိုမေ့ သို့မဟုတ် ဆင်နာဂျီ (မန်ကိုဇက်နှင့် ဆိုင်မောက်စနေး ပါဝင်သောဆေး) ဖျန်းပါ။ |




၁။ ဖျူဆေရီယမ်ပင်ညှိုးရောဂါ



၂။ ဖားဥမှို ရောဂါ



၃။ပျပိုး



၅။ဒေါင်းနီးရွက်ခြောက်ရောဂါ

**ခူးဆွတ်ခြင်း**- ဝတ်မှုန်ကူး (၃၀-၃၅) ရက်သား (အသီး အညှာထိပ်ရှိ နှာမောင်းခြောက်ခြင်း။ လှိုဏ်ခေါင်း သံထွက်ပေါ်လာခြင်း ဖြစ်လာပါက) ခူးဆွတ်နိုင်သည်။




ပင်စည်ခြောက်ခြင်း



အခွံမာလာခြင်း



လှိုဏ်ခေါင်းသံထွက်ပေါ်လာခြင်း

**အရည်အသွေးလမ်းညွှန်- အရိပ်အောက်တွင် ခူး ဆွတ်ပြီး ၂ပါတ်ကြာသည်အထိထားနိုင်သည်။ မြက်ခြောက်များခံ၍ သယ်ယူပို့ဆောင်နိုင်သည်။**


ဖရဲမျိုးများ




(၁) Known You Seed Company မှထုတ်လုပ်သည့် ၈၅၅ F1 (အလုံးကြီး)မျိုး





(၂) မျှားနီကုမ္ပဏီထုတ် Golden Sweet 80 F1 (အလုံးလတ်မျိုး




(၃) Chia Tai Companyထုတ် Hera F1 (အလုံးသေးမျိုး)

**စိုက်ဘောင်များနေရာချထားပုံ**




(၁) စိုက်ဘောင်များနေရာချထားပုံ နမူနာပုံစံ



(၁) ဖရဲစိုက်တောင်သူတစ်ဦး၏ စိုက်ဘောင်များနေရာချထားပုံ နမူနာပုံစံ

## မြေအစိုဓါတ်စမ်းသပ်ခြင်း

၁။  အနည်းဆုံး၆နေရာ (စိုက်မြောင်းအမျိုးမျိုး) မှမြေအစိုဓါတ်စမ်းသပ်ရန် ကျပန်းနမူ နာယူပါ။

၂။  အပင်နှစ်ပင်ကြား၊ အပင်မှ ၈လက်မအကွာ အပင်တန်းမှ ရွေးယူပါ။

၃။  ၄လက်မအနက် ကျင်းတူးပြီး မြေနမူနာကို လက်ချောင်းများဖြင့် ကုပ်ယူပါ။

၄။  မြေနမူနာကို နာနာဆုပ်ညှစ်ပါ။ (မပွတ်ချေပါနှင့်)

၅။  အခြားလက်ပေါ် သို့ ၄လက်မအမြင့်မှ ချပါ။ အကယ်၍နမူနာသည် -

- အမှုန့်ကဲ့သို့ကွဲသွားလျှင် ချက်ခြင်း ရေပေးရန်လိုသည်။
- အတုံးငယ်များကဲ့သို့ကွဲသွားလျှင် ၄နာရီအတွင်း ရေပေးရန်လိုမည်။
- မကွဲဘဲအလုံးလိုက်ကျလျှင် နောက်၂၄နာရီအထိ ရေလုံလောက်သည်။



နောက်ဆက်တွဲ - ၁

## ပျိုးမြေ ပြုလုပ်နည်း

**လိုအပ်သောပစ္စည်းများ**

| | | |
|---|---|---|
| ကောင်းစွာဆွေးနေသောနွားချေး | - | ၁ ဆ |
| စပါးခွံဖွဲပြာ | - | ၁ ဆ |
| အပေါ်ယံမြေသား | - | ၁ ဆ |

**ပြုလုပ်ပုံ**

၁။ ကောင်းစွာဆွေးနေသော နွားချေး၊ စပါးခွံဖွဲပြာ နှင့် အပေါ်ယံမြေသား ဆတူကို ကောင်းစွာသမအောင် ရောပါ။


၂။ ၄င်းမြေအရောကို အမည်းရောင် လေလုံပလပ်စတစ်အိတ်အတွင်းထည့်ပြီး လေလုံအောင်ပိတ်ကာ နေပူထဲတွင် ၃ နာရီ၊ ၄ နာရီခန့်ထားပါ။ အပူကြောင့် မြေဆောင်ရောဂါအချို့ကို သေစေနိုင်သည်။

နောက်ဆက်တွဲ - ၂

## ငါးအမိုင်နီ ရွက်ဖျန်းအားဆေးရည် ပြုလုပ်နည်း

**လိုအပ်သောပစ္စည်းများ**

| | | |
|---|---|---|
| ငါး | - | ၅၀ သား |
| အီးအမ် အပြင်း | - | ၁ လီတာ |
| တင်လဲရည် | - | ၁ လီတာ |




**ပြုလုပ်ပုံ**

ငါး ၅၀ ကျပ်သားခန့်ကို အိုးတစ်လုံးဖြင့် မြုပ်ရုံခန့်ရေထည့်ပြီး ကျေသည်အထိ ကျိုချက်ပါ။ သေးငယ်သောငါး ၊ အဆီမပါသောငါးများ ရနိုင်ပါက ပိုကောင်းသည်။ ငါးများ ကျေညက်သွားလျှင် အအေးခံပြီး ပုံးသန့်သန့်အတွင်းသို့ အရည်နှင့်အဖတ် အားလုံးထည့်ပါ။ အီးအမ်အပြင်း တစ်လီတာနှင့်တင်လဲရည် တစ်လီတာ ထပ်ထည့်ပါ။ လေလုံအောင်ပိတ်ပြီး အေးမှောင်ခြောက်သွေ့သောနေရာတွင် သိမ်းထားပါ။ ပြုလုပ်သည့် အဆင့်တိုင်းတွင် သန့်ရှင်းရန် လိုအပ်သည်။ ၂၁ ရက်ကြာလျှင် စတင်အသုံးပြုနိုင်သည်။

**အသုံးပြုပုံ**

အရွယ်ရောက်ပြီးအပင်များအတွက် ၄ ဂါလံဆေးဖျန်းပုံး တစ်ပုံးလျှင် ၁၀၀ စီစီ (ထမင်းစားဇွန်း ၁၀ ဇွန်း) နှင့် အပင်ငယ်များအတွက် ၅၀ စီစီ (ထမင်းစားဇွန်း ၅ ဇွန်း) ရောစပ်ကာပက်ဖျန်းနိုင်သည်။ စတင်ဖျန်းချိန်တွင် ၃ ရက်ခြား သုံးကြိမ်နှင့် နောက်ပိုင်းတွင် အပင် အခြေအနေကိုကြည့်ကာ တစ်ပတ်ခြားတစ်ကြိမ် ပက်ဖျန်းနိုင်သည်။ လိုအပ်သည် ထက် ပိုဖျန်းပါက အပင်ဟုန်သွားတတ်သည်။

**အကျိုးကျေးဇူးများ**

သီးနှံပင်များအတွက်လိုအပ်သော အမိုင်နိုအက်ဆစ်ဓာတ်ပါရှိခြင်း။ အမြစ်ပွားအား ကောင်းမွန်ခြင်း။ အပင်ကြီးထွားမှု ကောင်းမွန်ခြင်း။ အသီးအပွင့်နှင့် အသီးတင်ရှိမှု ကောင်းမွန်ခြင်း။ သီးနှံပင်မှ အလွယ်တကူ စုပ်ယူစားသုံးနိုင်ခြင်း။ သဘာဝရွက်ဖျန်းအားဆေးဖြစ်သောကြောင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိခြင်း။ အမြစ်မှစုပ်ယူစားသုံးနိုင်ခြင်း။ မြေဆွေးပြုလုပ်ရာတွင်လည်း ထည့်သွင်း အသုံးပြုနိုင်ခြင်း။

နောက်ဆက်တွဲ - ၃

## အီးအမ် (EM) ဘိုကာရှီမြေဆွေး ပြုလုပ်နည်း

၁/၄ဧကအတွက် အီးအမ်(EM) ဘိုကာရှီမြေဆွေး ပြုလုပ်နည်း အဆင့်ဆင့်။

**လိုအပ်သောပစ္စည်းများ**

| | |
|---|---|
| စပါးခွံ | - ၂ အိတ် |
| နွားချေး | - ၂ အိတ် |
| ဖွဲနု | - ၁ အိတ် |
| အသင့်သုံး အီးအမ် ဖျော်ရည် | - ၁ လီတာ |
| တင်လဲရည် | - ၁ လီတာ |
| ရေ | - ၄၀ % အစိုဓါတ် |

**ပြုလုပ်ပုံ**

၁။ မြေဆွေးပုံမည့်နေရာသည် နေရာကျယ်ပြီး ရေမဝပ်ရ၊ အရိပ်ကျသောနေရာဖြစ်ရမည်။

(၃ ကိုက်ပတ်လည်) တစ်ဧကအတွက် မြေဆွေး ၆၀၀ ပိဿာ လိုအပ်မည်။

၂။ မြေဆွေး မပြုလုပ်မီမြေကြီးကို ရေဝအောင်လောင်းထားပါ။ မြေခြောက်ပါက မြေဆွေးမှ အစိုဓာတ်ကိုစုပ်သွားပြီး မအောင်မြင်တတ်ပါ။

၃။ စပါးခွံကိုမြေပေါ်ဖြန့်ပါ။ နွားချေးနှင့်ဖွဲနုကို ရောနယ်ပါ။

၄။ အီးအမ်(EM)နှင့် တင်လဲရည်ရောပြီး အပုံပေါ်လောင်းပါ။ နှံ့စပ်အောင်မွှေပေးပါ။

၅။ ရေကိုအစိုဓာတ် ၄ ၀% ရအောင်ထည့်ပါ။ ၄ င်းအရောကိုလက်ဖြင့် ဆုပ်ကြည့်ပါက လက်ကြားမှ ရေစီးကျသည်အထိ ရေမများရ၊ လက်ဖြန့်လိုက်လျှင် မြေလုံးမကွဲရုံမျှ ရှိရန်သာ ရေထည့်ပါ။

၆။ မြေဆွေးပုံကို ပလပ်စတစ်အမဲ သို့မဟုတ် တာပေါ်လင်ဖြင့် လေလုံအောင်ဖုံးပါ၊ အဏုဇီဝများသည် အလင်းရောင်မကြိုက်ပါ။ ပလပ်စတစ်သည် အာဟာရဓာတ်များ ဆုံးရှုံးမသွားစေရန် ကာကွယ်သည်။

၇။ လေမဝင်အောင်ပလပ်စတစ် သို့မဟုတ် တာပေါ်လင်စအနားများကို သေချာစွာဖုံးပါ။ အဏုဇီဝများသည် လေမဲ့အချိန်တွင် ပိုပွားများသည်။

၈။ ဘိုကာရှီမြေဆွေးပုံသည် အချဉ်ဖောက်စဉ် ပူလာပြီး အဖြူရောင်/မီးခိုးရောင်နှင့် ဘီယာ/အရက်အနံ့မျိုး ထွက်လာမည်။

၉။ ဘိုကာရှီမြေဆွေးသည် ၃ပတ်ပြည့်လျှင် အသုံးပြုရန် အဆင်သင့်ဖြစ်မည်။

၁၀။ ဘိုကာရှီကိုချက်ခြင်း အသုံးမပြုသေးလျှင် ပလပ်စတစ်အိတ်တွင်ထည့်ကာ အေး၍အရိပ်ရပြီး ခြောက်သွေ့သော နေရာတွင်၆လအထိ ထားနိုင်သည်။

**အချိန်ကာလ။** ။မြေဆွေးကို ၃ပတ်ကြာ ဆွေးစေပြီးနောက် စတင်အသုံးပြုနိုင်မည်။

နောက်ဆက်တွဲ - ၄

## အထွေထွေ ပိုးနှင့်ရောဂါ ကာကွယ်ရန်အတွက် အီးအမ်-၅ (EM-5) ပိုးနှင်ဆေး ပြုလုပ်နည်း

**လိုအပ်သောပစ္စည်းများ**

| | |
|---|---|
| အရက်ပြင်း | - ၁၀၀ စီစီ |
| ရှာလကာရည် | - ၁၀၀ စီစီ |
| တင်လဲရည် | - ၁၀၀ စီစီ |
| EM အပြင်း | - ၁၀၀ စီစီ |
| ရေ | - ၆၀၀ စီစီ |

### ပြုလုပ်ပုံ

၁။ အထက်ပါပစ္စည်းများကို အစဉ်လိုက် ၁လီတာပုလင်းတွင်ထည့်ပြီး လေလုံအောင်ပိတ်ထားပါ။

၂။ အေး၍အရိပ်ရပြီး ခြောက်သွေ့သော နေရာတွင်ထားပါ။

၃။ ၂ပတ်ကြာလျှင် အသုံးပြုနိုင်သည်။

၄။ အသုံးပြုရန်နှုန်းမှာ (အီးအမ်-၅ း ရေ ) ၁ း ၅၀၀ - ၁ း ၁၀၀၀

၅။ ပိုးသတ်ဆေးမဟုတ်ပါ။ ပိုးနှင်ဆေးသာဖြစ်သည်။

၆။ ၃ လကြာထိထားပြီး အသုံးပြုနိုင်သည်။

### အသုံးပြုပုံ

ဆေးဖျန်းပုံး သို့မဟုတ် အပေါက်ကျဉ်းသော ရေပန်းခရားဖြင့် အပင်ပေါ် ဖျန်းပေးပါ။


အီးအမ်ဖျော်ရည်ကို အီးအမ်-၅ အဖြစ်ပြုလုပ်၍ အပင်ပေါ် ဖျန်းပေးပါက ပိုးမွှားများကို ဟန့်တားစေ၍ ရောဂါကျရောက်မှုများမှလည်း အထိုက်အလျောက် ကာကွယ်ပေးနိုင်ပါသည်။

နောက်ဆက်တွဲ - ၅

## သဘာဝပိုးသတ်ဆေး ပြုလုပ်နည်း

| ပြုလုပ်နည်း - ၁။ | ။ဥယျာဉ်ခြံစွန့်ပစ်ပစ္စည်းဖြင့် ပိုးနှင်ဆေးပြုလုပ်ခြင်း။ (ကြာချိန် ၂လ) |
|---|---|

- သဘာဝစွန့်ပစ်ပစ္စည်း ၁ဂပေါင် (စားဖိုချောင်စွန့်ပစ်ပစ္စည်းများ၊ နွားချေး၊ အနံ့ပြင်းသော အပင်များ) နှင့် အလေးချိန်စီးသော ကျောက်တုံးတစ်တုံးကို၊ စကာစအိတ်တစ်လုံး အတွင်းထည့်ပြီး အိုးအောက်ခြေ တွင်ထားပါ။
- ရေ၂ဂလီတာ (၅ဂါလံ) ကို အိုးထဲထည့်ပါ။
- အိုးကို ယင်ကောင်များ ဥမအုစေရန်နှင့် အနံ့ ဆိုးမထွက်စေရန် သစ်သားအဖုံးဖြင့်ဖုံးထားပါ။
- အိုးကိုတစ်ရက် နှစ်ကြိမ်နှုန်းဖြင့် ၂လအကြာ (အနံ့ဆိုးများမထွက်တော့သည့်အချိန်)အထိ မွှေပေးပါ။
- ပိုးနှင့်ရောဂါကာကွယ်ဆေးရည်ကို သီးနှံသက်တမ်းတစ်လျှောက်တွင် ၄-၅ရက် တစ်ခါဖျန်းပေးပါ။အပင်ငယ်များအတွက် (ရေ၂ဂဆ၊ ဆေး၁ဆ) ရောဖျန်းပါ။ အပင်ကြီးများအတွက် (ရေ၁ဂဆ၊ ဆေး၁ဆ) ရောဖျန်းပါ။




| ပြုလုပ်နည်း - ၂။ | ။အကျိုးပြုအဏုဇီဝ (EM) အသုံးပြုရန်။ (ကြာချိန် ၂-၃ပတ်) |
|---|---|

၁။ အချဉ်ဖေါက်ခြင်းကို (၂-၃)ပတ်အထိ မြန်စေရန်နှင့် အနံ့ကောင်းစေရန် အကျိုးပြုအဏုဇီဝ (EM) နည်း ကိုသုံးပါ။

၂။ အီးအမ်ဖျော်ရည် (၅ဂဂစီစီ)၊ တင်လဲရည် (၅ဂဂစီစီ) နှင့်လတ်ဆတ်ပြီး နတ်နတ်စင်းထားသော အပင်အပိုင်းအစများကို ရေ ၂ဂ လီတာ (၅ဂါလံ) နှင့်ရောပြီး လေလုံသောပုံးတွင် အချဉ်ဖောက်လျှင် ၃ပတ်အတွင်း သဘာဝမြေသြဇာရည် နှင့် ပိုးသတ်ဆေးကိုရနိုင်သည်။

၃။ ဤ အီးအမ်ဖျော်ရည် ပိုးသတ်ဆေးအရောအနှောကို ၄-၅ ရက်ခြားတစ်ကြိမ်နှုန်းဖြင့် သီးနှံ ရာသီတလျှောက်တွင် ဖျန်းပါ။ အီးအမ် (EM) ဆေးနှင့်ရေကို ၁း၁ဂ ဂ အချိုးဖြင့် ရောစပ်ပြီးအပင်ငယ်များကိုဖျန်းပါ။ အပင်ကြီးအတွက် ဆေး၁ဆ၊ ရေ ၂ဂဆ နှုန်း ဖျော်၍ဖျန်းပါ။

နောက်ဆက်တွဲ - ၆

## စပ်စားပိုးအတွက် သဘာဝပိုးသတ်ဆေး ပြုလုပ်နည်း

**လိုအပ်သောပစ္စည်းများ**

| | |
|---|---|
| ငရုပ်သီးစိမ်း | - ၁၀ ကျပ်သား |
| ကြက်သွန်ဖြူ | - ၁၅ ကျပ်သား |
| ဂျင်း | - ၁၀ ကျပ်သား |
| ရွှေဂါဆပ်ပြာ | - ၁၀ ကျပ်သား |
| ရေနံဆီ | - ၅ ဇွန်း |
| ရေ | - ၅ ဂါလံ |

**ပြုလုပ်ပုံ**

- ကြက်သွန်ဖြူထောင်းပြီး ရေနံဆီတွင် တစ်ညစိမ်ပါ။
- နောက်နေ့ ဂျင်း+ငရုပ်သီး ထောင်း၍ အားလုံးရောပြီးစစ်ပါ။
- ရေထည့်ပြီးမွှေပါ။

**အသုံးပြုပုံ**

ရေမရောမီ အရည်စစ်ပါ။ ကျောပိုးဆေးဖျန်းပုံးနှင့် ဖျန်းပါ။

**အထူးမှတ်ချက်။** **။တစ်ရက်အတွင်းအသုံးပြုရန်။**

နောက်ဆက်တွဲ - ၇

## ဖားဥမှိုနှင့်ဒေါင်းနီးမှိုရောဂါများကို ကာကွယ်ဆေး ပြုလုပ်နည်း

**လိုအပ်သောပစ္စည်းများ**

| | |
|---|---|
| ဒုတ္တာ | - ၂၈ ကျပ်သား |
| ထုံး | - ၂၈ ကျပ်သား |
| ရေ | - ၁၀ ဂါလံ |

**ပြုလုပ်ပုံ**

- ဒုတ္တာ ၂၈ ကျပ်သားကို ရေ ၅ ဂါလံနှင့် ပုံးတစ်ပုံးတွင်ဖျော်ပါ။
- နောက်ထပ် ပုံးတစ်ပုံးတွင် ထုံး ၂၈ ကျပ်သားကို ရေ ၅ ဂါလံတွင် ဖျော်ပါ။
- ထိုသို့ဖျော်စပ်ပြီးနောက် ဖျော်ရည်နှစ်မျိုးကို ပေါင်းစပ်လိုက်လျှင် ဘော်ဒိုဆေးရည်ရရှိမည် ဖြစ်သည်။
- အခဲတုံးများမပါရန် အရောကို ဇကာဖြင့် စစ်ပါ။ မဖျန်းမီအထိ ဆေးကို နှံ့စပ်အောင် မွှေပါ။
- ဆေးရည်ကို ၂၄ နာရီအတွင်း အသုံးပြုရမည်။

**မှတ်ချက်။** ။ဆေးရည်မွှေရာတွင် သစ်သားတုတ်၊ ပလပ်စတစ်ချောင်းတို့ဖြင့်သာ မွှေပေးရန်။ သံ၊ သွပ်ပုံး များတွင် မဖျော်ရပါ။ အဘယ့်ကြောင့်ဆိုသော် ဒုတ္တာ နှင့် ဓာတ်ပြုနိုင်သောကြောင့် ဖြစ်သည်။

နောက်ဆက်တွဲ - ၈



RAKHINE WINTER CROPS PROJECT

NEW ZEALAND
FOREIGN AFFAIRS & TRADE
Aid Programme